www.burmeseclassic.com

အောင်အေး
ရန်ကုန်တက္ကသိုလ်

# ရှေးရှေးတုန်းကဂန္ဓာရီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်- ၅၉၅/၂၀၀၄(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၆၆၆/၂၀၀၄(၇)
ထုတ်ဝေသူ- ဦးစိုးဝင်း
စမ်းရေကြည်စာပေ( မြ-၀၃၉၈၃)
အမှတ်(၃၅)၊ တိုးချဲ့(၃)လမ်း၊
(၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပ၊
ရန်ကုန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်- ဦးမျိုးမြင့်(၀၆၀၈၉)
ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်
အမှတ်(၆၈)၊ ၁၆၅-လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းဖလင်- Perfect
မျက်နှာဖုံးဖလင်- Stars
ကွန်ပျူတာ- Songs
အုပ်ရေ- ၅၀၀
ထုတ်ဝေသည့်အကြိမ်- ပထမအကြိမ်
၂၀၀၄-ခုနှစ် စက်တင်ဘာ
တန်ဖိုး- 1000

ဖြန့်ချိရေး
စမ်းရေကြည်
စာပေဖြန့်ချိရေး
တစ်ဆင့်ဖုန်း-379817,256224


ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
အထူးဂရုစိုက်ကူညီခဲ့သော
**မနီထွေး**
သို့

www.burmeseclassic.com

www.burmeseclassic.com

**အောင်အေး(ရန်ကုန်တက္ကသိုလ်) ပြုစုထုတ်ဝေပြီးစာအုပ်များ**

၁။ စကားပြောအတတ်ပညာ

ပထမအကြိမ် ပုံနှိပ်ခြင်း - ၁၉၉၁ ခုနှစ်၊ မေလ

စာမူခွင့်ပြုချက်အမှတ် ၆၇/၉၁ (၃)

ဒုတိယအကြိမ် ပုံနှိပ်ခြင်း - ၁၉၉၇ ခုနှစ်

စာမူခွင့်ပြုချက်အမှတ် - ၇၈၅/၉၄ (၁၂)

၂။ ပဥ္စလှည့် (ယောနသန်စင်ရော်စာရေးဆရာ ရစ်ချတ်ဘား၏ ဒုတိယလက်ရာ) ဘာသာပြန်

ပထမအကြိမ်ပုံနှိပ်ခြင်း - ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ

စာမူခွင့်ပြုချက်အမှတ် - ၂/၉၁ (၁)

၃။ ကလေးများအဖို့ သုံးဆယ့်တစ်ဘုံအကြောင်း သိကောင်းစရာ

ပထမအကြိမ် ပုံနှိပ်ခြင်း - ၁၉၉၄ ခုနှစ်

စာမူခွင့်ပြုချက်အမှတ် - ၄၅၀/၉၁ (၈)

၄။ ကြီးပွားအောင်မြင်ရေး တန်ခိုးသတ္တိများ

ပထမအကြိမ်ပုံနှိပ်ခြင်း - ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ

စာမူခွင့်ပြုချက်အမှတ် - ၇၀၆/၉၈ (၁၂)

၅။ အသုံးများသော အင်္ဂလိပ်စကားပုံများ

ပထမအကြိမ် ပုံနှိပ်ခြင်း - ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ

စာမူခွင့်ပြုချက်အမှတ် - ၉၂၃/၂၀၀၀ (၁၁)

၆။ တစ် (ယောနသန်စင်ရော် စာရေးဆရာ ရစ်ချတ်ဘား၏လက်ရာ) ဘာသာပြန်

ပထမအကြိမ် ပုံနှိပ်ခြင်း - ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ

စာမူခွင့်ပြုချက်အမှတ် - ၆၈၉/၂၀၀၀ (၉)

၇။ ရေခဲကုထုံးနှင့် ရေခဲဓာတ်၏ တန်ခိုးစွမ်းအား

ပထမအကြိမ် ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ

စာမူခွင့်ပြုချက်အမှတ် - ၅၀၂/၂၀၀၁ (၅)

၈။ ရှေးရှေးတုန်းက ဂန္ဓာရီ (အချစ်နှင့် ဂမ္ဘီရဝတ္ထု)

ပထမအကြိမ် ပုံနှိပ်ခြင်း - ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ

စာမူခွင့်ပြုချက်အမှတ် - ၅၉၅/၂၀၀၄ (၆)

အောင်နိမိတ်ဂျာနယ်စတင်ထွက်ရှိစဉ်ကစ၍ အခန်းဆက်ရေးသားခဲ့သော အချစ်နှင့်ဂမ္ဘီရဝတ္ထုဇာတ်လမ်းကို တစ်စုတစ်စည်းတည်း ဖတ်ရှုလိုသူများအတွက် စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

အောင်အေး(ရန်ကုန်တက္ကသိုလ်)

# ရှေးရှေးတုန်းက ဂန္ဓာရီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

(၁)

ရှေးလွန်လေပြီးသောအခါက. . .။ ဟိမဝန္တာမှ ဆင်းသက်လာသော တောင်စွယ်ကြောတစ်ခုနှင့် ဆက်နွယ်နေသည့်တစ်နေရာ။

ထိုနေရာသည် သစ်အယ်ပင်များချည်း စုဝေးပေါက်ရောက်နေသော သစ်အယ်တောအုပ် ဖြစ်ပေသည်။ ရွက်နုထွက်ချိန်ဖြစ်၍ သစ်အယ်ပင်တို့သဘာဝအတိုင်း စိမ်းစိုနုဖတ်နေ၏။

အချိန်ကား နံနက်ခင်းဖြစ်ပေရာ နေရောင်ခြည်သည် စိမ်းစိုနုဖတ်သောသစ်ရွက်တို့ကို ထိုးဖောက်ကျရောက်လာသဖြင့် တောအုပ်တစ်ခုလုံး ဖက်ဖူးရောင်တောက်နေ၏။

ဤဖက်ဖူးရောင်မြင်ကွင်းထဲသို့ ခရီးသွားလူသားနှစ်ဦးသည် တင့်တယ်စွာ ပေါ်ထွက်လာ၏။ နှစ်ဦးစလုံးပင် နုငယ်သော အသက်အရွယ်များရှိကြပြီး အသားအရေများလည်း ရွှန်းလဲ့ကြည်လင် ရှုချင်စဖွယ်ဖြစ်ကြ၏။ တစ်ဦးက ယောကျာ်းသား။ တစ်ဦးက မိန်းမသား။

ထူးဆန်းသည်မှာ ရှေ့ကလာသော ယောကျာ်းသားလူရွယ်သည် သစ်ခေါက်ဆိုးထားသော အညိုရောင်သင်္ကန်းနှင့်ဖြစ်၏။ ဆံပင်ကို

www.burmeseclassic.com

www.burmeseclassic.com



ချောင်တစ်စောင်းထိုးထားပြီး ရသေ့များဆောင်းလေ့ရှိသောဒေါက်ချာကို ဆောင်းမထားသော်လည်း ရသေ့ပျိုတစ်ဦးဖြစ်သည်မှာ ထင်ရှားပေါ်လွင်နေပေသည်။ သူသည် မျက်လွှာအစုံကိုချပြီး ဣန္ဒြေရရပင် လျှောက်လှမ်းနေ၏။

သူ့နောက်ကမိန်းမပျိုသည် မလှမ်းမကမ်း မနီးမဝေးမှ လိုက်ပါနေ၏။ မိန်းမပျို၏အဝတ်အစားများသည် ဖြူစင်သပ်ရပ်၏။ ရုပ်ရည် ရူပကာလည်း ချောမောလှပ၏။ သူမ၏ဝန်းဝိုင်းသောမျက်လုံးအစုံသည် ဘေးဘီဝဲယာကိုမျှ မကြည့်။ မျက်ခြည်ပြတ်သွားမည်ကို စိုးရိမ်သည့်အလား ရသေ့ပျို၏ကျောကိုသာကြည့်ကာ ထက်ကြပ်လိုက်ပါနေလေသည်။

ထိုစဉ် ရသေ့ပျိုသည်ခြေလှမ်းများကို တုံ့ခနဲရပ်လိုက်၏။ ထိုအခါ မိန်းမပျိုလည်း ရပ်လိုက်၏။

ရသေ့ပျိုသည် ဖြည်းညင်းစွာ နောက်ပြန်လှည့်ပြီး မိန်းမပျိုကို ရင်ဆိုင်၏။ မျက်လွှာချလျက်ပင် မိန်းမပျိုကို စကားပြော၏။

"အသင်-ဘာ့ကြောင့် ကျွန်ုပ်နောက်က လိုက်နေသလဲ"

မိန်းမပျိုသည် ရသေ့ပျို၏မျက်နှာကို စူးစူးရဲရဲကြည့်၏။ ထို့နောက် အပြုံးတစ်ဝက်နှင့် ပြန်ပြော၏။

"အသင်ခေါ်လို့ လိုက်နေတာပဲ"

ရသေ့ပျို၏မျက်နှာတွင် စိတ်ရှုပ်ထွေးသွားသော အမူအရာပေါ်လာ၏။ တွေတွေဝေဝေနှင့် မနက်ကဖြစ်ရပ်များကို ပြန်စဉ်းစားနေမိသည်။ ပြဿနာက မနက်ကမှစခြင်း ဖြစ်သည်။

စင်စစ် သူသည် ခရီးသွားရသေ့တစ်ပါးဖြစ်သည်။ သည်နေ့မနက်စောစော သည်တောအုပ်အဝင်တွင် သည်မိန်းကလေးနှင့် ဆုံတွေ့ရခြင်းဖြစ်သည်။



မိန်းကလေးသည် လမ်းဘေးတွင် ထင်းစည်းကလေးချပြီး အမောဖြေနေသည်။ ရသေ့ပျိုအဖို့ ဤမြင်ကွင်းသည် မထူးဆန်းပေ။ ဤမိန်းကလေးသည် ဤအနီးအနားတစ်ဝိုက်ရှိ ကျေးရွာတစ်ရွာမှ ထင်းလာခွေသောမိန်းကလေး ဖြစ်ပေလိမ့်မည်။

ဆန့်ကျင်ဘက်လိင်ဆိုသည်မှာ မိမိကဲ့သို့သော တပဿီရသေ့များအတွက် အနှောင့်အယှက်အဖျက်အဆီးဖြစ်သဖြင့် ရသေ့ပျိုသည် သေချာစွာမကြည့်တော့။ မျက်နှာလွှဲပြီး ကိုယ့်လမ်းကိုယ်လျှောက်ခဲ့သည်။ သို့သော် ဖျတ်ခနဲအကြည့်မှာပင် ဤမိန်းကလေးသည် ချောမောလှပကြောင်း သတိထားမိသည်။

"ရသေ့လေး----"

စမ်းရေလို ချိုအေးသောအသံက နောက်မှလှမ်းဆွဲလိုက်သဖြင့် ရသေ့ပျိုမှာ တုံ့သွားရသည်။

လှည့်ကြည့်လိုက်တော့ မိန်းမပျိုက သူ့ကို တစ်ရှိုက်မက်မက် ကြည့်နေသည်ကို တွေ့ရသည်။

"ဘာအလိုရှိလို့လဲ အသင်မိန်းကလေး"

"အကျွန့်ကို ဒီထင်းစည်းကလေး ပင့်ပေးပါလား-ရသေ့လေးရယ်"

မိန်းမပျို ကတုန်ကယင်နှင့် ထရပ်၏။ သူမတွင် ပယောဂတစ်ခုခုပူးကပ်နေပြီဟု ရသေ့ပျိုက ယူဆမိသည်။ အဘယ်ကြောင့်ဆိုသော် သူမ၏တစ်ကိုယ်လုံး တုန်ခါနေသောကြောင့် ဖြစ်၏။ စင်စစ် မိန်းမပျိုသည် အချစ်နတ်ဖမ်းစားခြင်းကိုခံလိုက်ရပြီတည်း။ သူမသည် မြင်မြင်ချင်း ရသေ့ပျိုကို စွဲလမ်းတပ်မက်သွားချေ၏။

"မိန်းမသားတွေကို ထင်းစည်းပင့်ပေးတာ ကျွန်ုပ်တို့ရသေ့တွေရဲ့ အရာမဟုတ်ဘူး မိန်းကလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏တုန်ခါခြင်းသည် ရပ်သွား၏။ သူမ၏မျက်နှာတွင် ဒေါသရောင် ပန်းဆီသွေး ထ, သွား၏။

"အတော်အကဲပါတဲ့ ရသေ့ပါလား၊ ကိုယ့်ဟာကိုယ် မာနကြီးတာနဲ့ ရသေ့တို့ရဲ့အရာ မဟုတ်ဘူးလို့ မပြောပါနဲ့၊ တချို့ ရသေ့တွေများ ထင်းစည်းထမ်းပြီး အိမ်အထိတောင် လိုက်ပို့သေးတယ်"

"ဒါက ရသေ့ဘဝကို ခေတ္တခဏခံယူတဲ့ ရသေ့တွေပါ မိန်းကလေးရယ်"

"ဪ-အသင်ကတော့ ရသေ့ဘဝနဲ့ အရိုးထုတ်တော့မယ်ပေါ့"

ရသေ့ပျိုက ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံ၏။

မိန်းမပျိုက အား[illegible] ပွင့်လွင်းနှင့် ရယ်သည်။ သူမ၏ရယ်သံတွင် လှောင်ပြောင်ခြင်း သဘောပါနေ၏။

"အသင်ရသေ့ရဲ့ အသက်က ငယ်ပါသေးတယ်၊ လူထွက်ပြီး မိန်းမ မယူတော့ဘူးလား၊ ဒါမှမဟုတ် ကြိုက်တာ မတွေ့သေးလို့လား"

ဤနေရာမှ ထွက်ခွာသွားရန်သင့်ပြီဟု ရသေ့ပျို ယူဆမိ၏။ ထို့ကြောင့် မိန်းမပျိုကို မျက်နှာလွှဲပြီး ခရီးဆက်ရန် ခြေလှမ်းလိုက်သည်။ သို့သော် မိန်းမပျိုက အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် သူ့ရှေ့ ရောက်လာသည်။ သူသွားမည့်လမ်းပေါ်မှ ဆီးကာထားလေသည်။

မိန်းမပျို၏ရင်အစုံသည် ဖိုလှိုက်နေ၏။ သူမ၏မျက်ဝန်းအစုံသည် မာနဖြင့် ဝင်းဝင်းတောက်နေ၏။ သူမ၏အလှကို ဤသို့ ဥပေက္ခာ ပြုနိုင်သော ယောကျ်ားပျိုတစ်ဦးကိုမှ တွေ့ခဲ့ဖူးပုံမရ။

"မသွားနဲ့ဦး ရသေ့လေး၊ အကျွန်မေးတာကို ဖြေခဲ့ပါဦး"

အမှန်ကိုဝန်ခံရလျှင် ရသေ့ပျိုသည် အလွန်အံ့ဩသွား၏။ ချောမောလှပသော မိန်းမပျိုတစ်ဦးက ဤသို့ ပြဿနာရှာလာလိမ့်မည် ဟူ၍ တစ်ခါဖူးမျှ မတွေးဆခဲ့။



"မိန်းကလေးကို ကျွန်ုပ်တောင်းပန်ပါတယ်၊ ရသေ့တို့မည်သည် ဖြေဖို့မလိုတဲ့၊ ဖြေဆိုရန် မသင့်တော်တဲ့ မေးခွန်းတွေကို ဖြေလေ့မရှိပါဘူး"

ရသေ့ပျိုက ဤသို့ ရသေ့တို့၏ဂုဏ်ပုဒ်ကို ဖော်ထုတ်လေ၊ မိန်းမပျိုက မခံချင်ဖြစ်လေ ဖြစ်နေလေသည်။ သူမသည် နှင်းဆီသွေးနှုတ်ခမ်းနှစ်လွှာကိုတင်းတင်းစေ့ပြီး အံကြိတ်ကာ လက်နှစ်ဖက်ကိုဆန့်တန်းပြီး ကာဆီးလိုက်သည်။

"အသင်မဖြေရင် အသင့်ကို အကျွန် သွားခွင့်မပြုနိုင်ဘူး"

နံနက်ခင်းလေပြေသည် မိန်းမပျို၏အဖြူရောင်ဝတ်စုံကို တဖတ်ဖတ် အသံမြည်အောင် တိုးဝှေ့၏။ မိန်းမပျို၏ငယ်ဂုဏ်နှင့် တင်းရင်းသောအသားဆိုင်များသည် လေတိုးဝှေ့မှုကြောင့် ဝတ်စုံနှင့်တင်းကျပ်စွာ ရစ်ပတ်ကာ ပိုမို ထင်ရှားပေါ်လွင်လာလေသည်။

ရသေ့ပျိုကား မိန်မပျို၏စွဲမက်ဖွယ် အလှအပများအပေါ် စိုးစဉ်းမျှ ညွတ်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် မိန်းမပျိုများနှင့်ပတ်သက်၍ သူ့ခံယူချက်က ခိုင်မာနေ၍ဖြစ်၏။ သူ့ခံယူချက်မှာ မိန်းမများသည် ကာမဂုဏ်ခံစားမှုမှလွဲ၍ ယောကျ်ားများကို ကောင်းကျိုးမပြုဟူ၍ ဖြစ်သည်။ ထို့ကြောင့်လည်း သူ ရသေ့ဖြစ်လာခြင်းပါပေ။ ယခုမူ သူ့ခံယူချက်ကိုစစ်ဆေးတော့မည့်မှတ်ကျောက်က သူ့ရှေ့ရောက်နေလေပြီ။

"မိန်းကလေးကို ကျွန်ုပ်ပြောရဦးမယ်၊ ကျွန်ုပ်ဟာ မနေ့တစ်နေ့ကမှ ရသေ့ဝတ်တဲ့ ရသေ့မဟုတ်ဘူး၊ ကျွန်ုပ်မှာ တန်ခိုးဣဒ္ဓိပါဒ်တချို့ ပေါ်ထွက်နေပြီ၊ ကျွန်ုပ်ရဲ့လမ်းခရီးကို ဘယ်သူမှ တားနိုင်မှာမဟုတ်ဘူး"

မိန်းမပျိုက ပြုံးသည်။ သူ့အပြုံးတွင် လောကကြီးကို စိန်ခေါ်သော [illegible]များ အပြည့်အဝ ပေါ်လွင်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အသင်ရသေ့လေးကို တားလို့မရရင် အသင့်နောက်ကို အကျွန် လိုက်ခဲ့မယ်၊ အခုတော့ တားကိုတားရမယ်၊ ကိုင်း - ဘယ်လိုဖြတ်သွားမှာလဲ၊ မြေလျှိုးမိုးပျံသွားမှာလား၊ အကျွန့်ရင်ခွင်ထဲတော့ ဝင်မလာနဲ့နော်"

မိန်းမပျိုသည် လက်နှစ်ဖက်ကိုဆန့်၊ ကိုယ်ကို ဘယ်ညာယိမ်းနွဲ့၊ ခြေဖျားကလေးများထောက်ကာ မြူးထူးစွာပြောရင်း ကာဆီး၏။

ရသေ့ပျိုသည် မိန်းမပျို၏မခန့်လေးစားပြောလုံးများကြောင့် စိတ်ကွက်စိတ်ဆိုးခြင်းမရှိ။ ထိုသို့ တုံ့ပြန်မှုမရှိခြင်းကြောင့် သူ့စိတ်သည် သမာဓိ၌ တည်လေသည်။

"ကျွန်ုပ်မှာ မြေလျှိုးမိုးပျံနိုင်တဲ့တန်ခိုးတော့ မရှိဘူး၊ ဒါပေမဲ့ ကျွန်ုပ်ဟာ ရသေ့ဝတ်ပြီးကတည်းက ရသေ့တို့စောင့်စည်းအပ်တဲ့ သိက္ခာပုဒ်တွေကို စောင့်စည်းခဲ့တဲ့အတွက် ကျွန်ုပ်ရဲ့သွားရာလမ်းကို ဘယ်သူမှ တားလို့မရတာပဲ၊ ကဲ-မိန်းကလေး၊ ရှောင်ပေးလိုက်ပါ"

ရသေ့ပျိုသည် ပြောပြောဆိုဆိုပင် ရှေ့ကို ဖြည်းညင်းစွာ တစ်လှမ်းတိုးခဲ့သည်။

မိန်းမပျိုကား အချစ်နတ်၏ဖမ်းစားမှုကြောင့် အရှက်အကြောက်ကင်းမဲ့သွားပြီဖြစ်ရာ တော်၏မတော်၏ပင် မစဉ်းစားမိတော့ဘဲ ရသေ့ပျို၏ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဆီးတွန်းလိုက်လေသည်။

သို့သော် သူမ၏လက်နှစ်ဖက်သည် ရသေ့ပျို၏ရင်ဘတ်ကို ထိခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။ ရသေ့ပျို၏ကိုယ်ငွေ့သည် မီးလျှံကဲ့သို့သော အပူနှင့် မိန်းမပျို၏လက်ဖဝါးနှစ်ဖက်ကို ဟပ်မိလေ၏။

မိန်းမပျိုသည် လက်နှစ်ဖက်ကို လျင်မြန်စွာ ရုပ်သိမ်းလိုက်ရသည်သာမက ခြေထောက်များကိုပါ နောက်သို့ နှစ်လှမ်းသုံးလှမ်း ဆုတ်လိုက်ရလေသည်။



အပူဟပ်သွားသော သူမ၏လက်ဝါးနှစ်ဖက်ကို ပါးနှစ်ဖက်မှာ အပ်ထားလိုက်ရင်း အံ့ဩထိတ်လန့်သွား၏။ ထို့ကြောင့် သူမကို အတန်ငယ်ကျော်ကိုက်၍ ဆက်လက်လျှောက်လှမ်းသွားသောရသေ့ပျိုကို နှောင့်ယှက်ဟန့်တားရန်ပင် သတိမရတော့ဘဲ မှင်တက်မိနေလေသည်။

သို့သော် တစ်ခဏအတွင်း သတိပြန်ဝင်လာပြီး အတန်ငယ်လှမ်းသွားသော ရသေ့ပျိုနောက်သို့ ထက်ကြပ်လိုက်လာခဲ့လေသည်။

ရသေ့ပျိုကလည်း မိန်းမပျိုလိုက်လာသည်ကို သိ၏။ သို့သော် ပြန်လှည့်မကြည့်တော့။ သူမဘာသာ စိတ်ပျက်ပြီး ပြန်လှည့်သွားလိမ့်မည်ဟု ထင်ခဲ့၏။

ထင်သလိုကား မဟုတ်။ နေမြင့်လာပြီး ခရီးအတန်ပေါက်လာသည့်တိုင် မိန်းမပျိုကားလိုက်နေမြဲ။ ထိုအခါမှ ရသေ့ပျိုလည်း နောက်ပြန်လှည့်၍ စုံစမ်းမေးမြန်းခဲ့ခြင်းဖြစ်ပါ၏။

"အသင်-ဘာကြောင့် ကျွန်ုပ်နောက်က လိုက်နေရသလဲ"

"အသင်ခေါ်လို့လိုက်နေတာပဲ"

ရသေ့ပျို၏မျက်နှာတွင် စိတ်ရှုပ်ထွေးသွားသောအမူအရာ ပေါ်လာခဲ့၏။ တွေတွေဝေဝေနှင့် မနက်ကဖြစ်ရပ်များကို ပြန်စဉ်းစားမိခဲ့၏။

မရှိ။ မည်သည့်စကားလုံးကိုမှ သုံးစွဲ၍မိန်းကလေးကို သူ့နောက်သို့လိုက်ခဲ့ရန် ပြောဆိုခဲ့ခြင်းမရှိ။

"မိန်းကလေး၊ ကျွန်ုပ်က ခေါ်ခြင်းမရှိပါဘဲ ကျွန်ုပ်ကခေါ်သည်ဟု အဘယ်ကြောင့် လိမ်လည်စွပ်စွဲသနည်း၊ အသင့်မှာ အပြစ်ဖြစ်မည်ကို အသင်မသိသလော"

"မသိပါ၊ အကျွန် ရသေ့လေးကို ပြောပြီးပါပြီ၊ အသင်ရသေ့လေးကို တားမရရင် အကျွန်ုပ် လိုက်ခဲ့မယ်လို့ ပြောထားတာပဲ၊ တားမရဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အသင်က အကျွန်ုပ်ကို လိုက်ခဲ့ဖို့ခေါ်သလို ဖြစ်သွားတာပေါ့"

မိန်းမပျိုသည် မိမိလိုရာ ဆွဲယူပြောဆိုနိုင်သောစကားပရိယာယ်ကို တတ်ပေ၏။ ရသေ့ပျိုသည် မိန်းမပျို၏မျက်နှာကို မျက်လွှာဖွင့်ကြည့်လိုက်သည်။ မိန်းမပျိုသည် ထိုအကြည့်ကို စူးစမ်းရှာဖွေလိုက်၏။ သနားကြင်နာမှုအရိပ်အယောင်ကိုတွေ့လိုက်ရသဖြင့် သူမသည် အားတက်သွား၏။ ရင်လည်းခုန်သွား၏။

စင်စစ် ရသေ့ပျို၏သနားကြင်နာမှုတွင် ကိလေသာအာရုံ ကာမဂုဏ်မပါရှိပေ။ မိန်းမပျို၏အထိန်းအကွပ်မရှိသော စိတ်ကိုလည်းကောင်း၊ စိတ်ကို မထိန်းသိမ်းနိုင်သဖြင့် ဆင်ခြင်တုံကင်းမဲ့စွာ တန်းတန်းစွဲ လိုက်ပါလာပုံကိုလည်းကောင်း သနားသွားခြင်းဖြစ်၏။ မိမိကို အကြောင်းပြု၍ ဖြစ်ပေါ်လာသဖြင့် မိမိမှာ ဆုံးမရန်တာဝန်ရှိလာပြီဟုလည်း ခံယူလိုက်၏။

"မိန်းကလေး၊ ကျွန်ုပ်ရဲ့စကားကို ကောင်းကောင်းနားထောင်၊ ကျွန်ုပ်မေးတာကိုကောင်းကောင်းဖြေ၊ အသင့်မှာ မိဘရှိသလား"

"ရှိပါတယ် ရသေ့လေး"

"အသင် တောထဲကိုထင်းခွေလာတာ အဖော်မပါဘူးလား"

"ပါပါတယ် ရသေ့လေး၊ သူတို့က အရင်ပြန်သွားကြပါပြီ၊ အိမ်နဲ့မဝေးလို့ အကျွန်ုလည်း မကြောက်ရွံ့ပါ"

"ကောင်းပြီ၊ အဖော်များပြန်ရောက်ပြီး အသင်ကပြန်မရောက်ကြာသင့်သည့်ထက်အချိန်ထက် ပိုကြာလာတဲ့အခါ သင့်မိဘများ စိတ်မပူဘဲ နေပါ့မလား"

မိန်းမပျိုသည် ငိုင်ကျသွား၏။

"အသင် မိန်းကလေး ယခုအခါ သင့်မိဘများ စိုးရိမ်သောက ဖြစ်



နေလောက်ပြီ၊ တောထဲသို့ ဝင်ရှာလောက်ပြီ၊ လူမတွေ့ဘဲ ထင်းစည်းချည်း တွေ့တဲ့အခါ သို့လောသို့လောတွေးပြီး ငိုကြွေးတမ်းတနေကြရောပေါ့၊ ဒါကို သင်စဉ်းစားမိရဲ့လား၊ အခုအချိန်မှာ အသင်အလုပ်သင့်ဆုံးအလုပ်က ဒီကနေ လှည့်ပြန်သွားပြီး အသင့်မိဘတွေရဲ့ သောကမီးကို ငြိမ်းသတ်ပေးဖို့ပဲ"

ရသေ့ပျိုက ကောင်းစွာ ဖျောင်းဖျခြင်းဖြစ်၏။ သို့သော် ဤဖျောင်းဖျမိခြင်းကိုပင် နောင်တရ,ရတော့မလို ဖြစ်သွား၏။ အဘယ်ကြောင့်ဆိုသော် မိန်းမပျို၏မျက်လုံးအိမ်မှ ပုလဲသဏ္ဍာန်၊ ရွဲသဏ္ဍာန် မျက်ရည်ပေါက်ကြီးငယ်များကျလာပြီး တရှုက်ရှုက် ငိုချလိုက်သောကြောင့်ပင်တည်း။

အံကြိတ်စိန်ခေါ်နေသောမိန်းမများထက် ငိုတတ်သောမိန်းမများကပို၍ကြောက်စရာကောင်းကြောင်း ရသေ့ပျို သတိရလိုက်သည်။

သည်ကြားထဲ မိန်းမပျိုက ငိုရင်းရှုက်ရင်း ပြောလိုက်သောစကားကိုကြားရသောအခါ ရသေ့ပျို ခေါင်းကြီးသွားရ၏။

"ဟုတ်ပါရဲ့၊ ရသေ့လေးရယ်၊ ဒါကို အကျွန် မစဉ်းစားမိဘူး၊ ခုတော့ဘယ်လိုလုပ်ကြမလဲ၊ အခုတော့ အကျွန် မပြန်ရဲတော့ဘူး၊ အကျွန့်ရဲ့မိဘတွေကို အကျွန် ရင်မဆိုင်ရဲတော့ဘူး၊ ရသေ့လေးပါလိုက်ခဲ့ပြီး ကူပြောပေးပါလား ဟင်"

မိန်းမတို့၏မာယာကား ကြောက်ဖွယ်ကောင်းပါဘိ။ ထို့ပြင် မိန်းမပျို၏ရပ်တည်ချက်ကလည်း ကြံ့ခိုင်ပြတ်သားလှပါဘိ။ သူမ၏လိုအင်ဆန္ဒကို မရောက်ရောက်အောင် လှည့်ပတ်ပြောဆိုနိုင်ခြင်းလည်းရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဖျိုသည် စိတ်ညစ်ညူးစွာ ခေါင်းကို ခါရမ်းမိသည်။ ချာခနဲ ပြန်လှည့်လိုက်၏။ မိန်းမပျိုကိုကျောခိုင်းပြီး ခရီးဆက်လေသည်။ မိန်းမပျိုကလည်း မျက်ရည်သုတ်လျက် ကသုတ်ကရက် ဆက်လက်လိုက်ပါသွား၏။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

သစ်အယ်တောအုပ်အဆုံး၌ ဇရာမညောင်ပင်ကြီးတစ်ပင်ရှိ၏။ ညောင်ပင်ကြီး၏နောက်ဘက်၌ တောင်တက်ခရီးစပေပြီ။

နေလည်းအတော်ရင့်ပြီး အစာစားချိန်ရောက်လာပြီဖြစ်ရာ ရသေ့ပျိုသည် ညောင်ပင်ရိပ်၌ နားခိုလိုက်သည်။

လူဆယ်ယောက်ခန့် ဝိုင်းဖက်မှ ပင်စည်ကိုပတ်မိနိုင်မည့် လုံးပတ်ရှိသော ညောင်ပင်ကြီး၏အမြစ်ကြီးများပေါ်တွင် ရသေ့ပျိုသည် ထိုင်ချလိုက်၏။

မိန်းမပျိုသည် မလှမ်းမကမ်း၌ နေရာယူပြီး မြေကြီးပေါ်မှသစ်ရွက်ကြွေများကိုရှင်းလင်းကာ မြေကြီးပေါ်၌ပင် ထိုင်ချလိုက်သည်။

ထို့နောက် ကြုံ့ရရုံ့အနေအထားနှင့် ရသေ့ပျိုကို ကြာဖူးလက်အုပ်နှင့် အရိုအသေပေးလျက် နေလေသည်။ သူမ ထိုင်နေပုံမှာ ကြွေရုပ်ကလေးနှင့် တူလှသည်။

ရသေ့ပျိုသည် မိန်းမပျိုကို တစ်ချက်မျှလှမ်း၍ အကဲခတ်လိုက်ပြီး ကိုယ်ရုံသင်္ကန်းအောက်ရှိ ဘေးလွယ်အိတ်အတွင်းမှ ရိက္ခာခြောက်အချို့ကို ထုတ်ယူလိုက်သည်။ ရသေ့ပျို၏ရိက္ခာခြောက်များမှာ ပျားရည်၊ ထမင်းခြောက်တို့နှင့် ပြုလုပ်ထားသော မုန့်များဖြစ်၏။



ရသေ့ပျိုသည် မုန့်သုံးလေးယှက်ကို ညာလက်ဖြင့်ဆုပ်ကိုင်၍ မိန်းမပျို ရှိရာဘက်သို့ လှမ်းလိုက်သည်။

"မိန်းကလေး၊ အစာအာဟာရများသုံးဆောင်ရန် အချိန်ရောက်ပြီ၊ ရော့ - ဒီမုန့်တွေကို ယူစားလိုက်"

"အမှန်အတိုင်းပြောရရင် အကျွန် မဆာပါဘူး ရသေ့လေး၊ အကျွန့်ရင်ထဲမှာ ပူနေတာတစ်ခုပဲ သိပါတယ်"

"မဟုတ်ဘူး မိန်းကလေးရဲ့၊ ဆာဆာမဆာဆာ အချိန်ရောက်ရင် စားဖို့ လိုတယ်၊ ပြီးတော့ အသင်က ကျွန်ုပ်နောက်ကို လိုက်လာတာမဟုတ်လား၊ ကျွန်ုပ်က ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ လိုက်လာသူကို ဧည့်ခံကျွေးမွေးဖို့က ကျွန်ုပ်မှာ တာဝန်ရှိတာပေါ့၊ ကျွန်ုပ်က ဧည့်ခံတာကို စားဦးမှပေါ့ မိန်ကလေးရဲ့"

"ရသေ့လေးက စားစေချင်ရင်တော့ စားရမှာပေါ့လေ"

မိန်းမပျိုသည် အသာအယာထလာပြီး မုန့်များကို လက်နှစ်ဖက်နှင့် ခံယူသည်။ သူမ၏အမူအရာသည် နူးညံ့ပျော့ပျောင်းလာ၏။ တွေ့စကလောက် ရိုင်းစိုင်းခြင်းမရှိတော့။

စင်စစ် မိန်းမပျိုသည် ရသေ့ပျိုကို မခန့်လေးစား မပြုရဲတော့။ ရသေ့ပျို မထိစေလိုပါက သူမအနေနှင့် ထိခြင်းငှာပင် မစွမ်းနိုင်ကြောင်း ကိုယ်တွေ့ကြုံလိုက်ရပြီ မဟုတ်ပါလော။

"စားပါမိန်းကလေး၊ စားပြီးရင်တော့ သောက်ရေအတွက် ဖိုနားက စမ်းပေါက်ဝကို တွေ့တယ်မဟုတ်လား"

www.burmeseclassic.com



"တွေ့ပါတယ် ရသေ့လေး၊ အကျွန်ုပ်က ဒီနေရာကို ရောက်ဖူးပါတယ်၊ ဒီနေရာဟာ လမ်းဆုံလမ်းခွနေရာပဲ၊ ဒီကနေ ရွှေမြို့တော်ကိုလည်း သွားလို့ရတယ်၊ ရသေ့လေးက ရွှေမြို့တော်ကိုသွားမှာလား"

ရသေ့ပျိုက ပြုံးသည်။

"ကျွန်ုပ်က ရွှေမြို့တော်ကို ဘာသွားလုပ်ရမှာလဲ၊ ရွှေမြို့တော်ဆိုတဲ့ ဘုရင်တွေနန်းစံတဲ့နေရာ အတော်များများကို ကျွန်ုပ်ရောက်ဖူးပါပြီ၊ ကျွန်ုပ်တို့ရသေ့တွေနဲ့ အပ်စပ်တဲ့နေရာ မဟုတ်ပါဘူး"

"ဒါဆို ရသေ့လေးက ဘယ်ကိုသွားမှာလဲ"

"ကျွန်ုပ်က ဟိမဝန္တာကိုသွားမှာ၊ ဟိမဝန္တာရဲ့ တစ်နေရာမှာ တရားအားထုတ်ဖို့သွားမှာ"

"အသင်ရသေ့လေး တရားအားထုတ်တဲ့နေရာမှာ အကျွန်လိုက်ပြီး ရေပူရေချမ်း ကမ်းလှမ်းလို့မရဘူးလား"

ရသေ့ပျိုက ခေါင်းကို ဖြည်းညင်းစွာ ရမ်းခါလိုက်သည်။

"ဟိမဝန္တာဟာ မိန်းမသားတွေနဲ့ အပ်စပ်တဲ့နေရာ မဟုတ်ဘူး၊ ဟိမဝန္တာကို မပြောပါနဲ့၊ ဒီကနေ ရှေ့ဆက်ရမယ့်ခရီးဆိုရင် မိန်းမသားတွေလိုက်ဖို့ မလွယ်ကူတော့ဘူး၊ မြင့်မားမတ်စောက်တဲ့ တောင်တွေကို တက်ရမယ်၊ သားရဲတိရစ္ဆာန်တွေနဲ့လည်း တိုးတတ်တယ်"

"ဘာပဲဖြစ်ဖြစ် အကျွန်ကတော့ လိုက်မှာပဲ"

မိန်းမပျိုက ခေါင်းမာစွာ ပြန်ပြောလိုက်သဖြင့် ရသေ့ပျိုက စကားလွှဲလိုက်ရသည်။

"ကဲ-မုန့်စားပြီး အနားယူပါဦး၊ ကျွန်ုပ်လဲ မုန့်စားလိုက်ဦးမယ်"

စားသောက်ပြီးစီးသွားသောအခါ မိန်းမပျိုက စမ်းရေပေါက်ရှိရာသို့ သွားပြီး အနီးမှ ဖက်ရွက်တစ်ခုကိုခူးကာ ကတော့သဖွယ်လိပ်၍ ရေကို ခံယူသည်။ ထို့နောက် ရသေ့ပျိုကို ရေကပ်၏။



မိန်းမပျို၏ရေအလှူကို ရသေ့ပျိုက တည်ငြိမ်စွာပင် လက်ခံသောက်သုံးလိုက်သည်။

"ကောင်းလှပေသည်၊ ဤရေအလှူကြောင့် ရေလိုအေးပါစေ"

မိန်းမပျိုက ပြုံးချိုကြည်အေးသောမျက်နှာပေးနှင့် ထပ်တွန့်တက်၏။

"လိုရာဆန္ဒပြည့်ပါဝစေလို့ ဆုမပေးတော့ဘူးလား ရသေ့လေးရဲ့"

မိန်းမပျို ဘာကိုဆိုလိုသည်ကို ရသေ့ပျို ကောင်းစွာသဘောပေါက်ပါသည်။

"သင့်လိုအင်ဆန္ဒဟာ သူတစ်ပါးကိုထိခိုက်မယ်ဆိုရင် အဲဒီ သူတစ်ပါးကလဲ ဘုန်းကံရှိတဲ့သူဆိုရင် ပြည့်မှာမဟုတ်ဘူး မိန်းကလေး"

"ပြည့်၊ မပြည့်လည်း ရသေ့လေးက အဲဒီဆုမျိုး မပေးရဲဘူးလား"

"ပေးရဲပါတယ် မိန်းကလေး၊ ကိုင်း -ကောင်းကျိုးလိုရာဆန္ဒပြည့်စေ"

"ဟင်း - ဒါတောင်'ကောင်းကျိုး'ဆိုတာကြီး ထည့်ဆိုသေးတယ်"

ကလေးဆိုးကြီးတစ်ဦး လေသံနှင့် ရေရွတ်ရင်း မိန်းမပျိုက ရသေ့ပျိုကို မျက်စောင်းထိုးလိုက်သည်။ တော်ရုံယောကျ်ားသားများဆိုလျှင် သူမ၏ ဤမျက်စောင်းနှင့်ပင် ရင်ထဲလှိုက်ဖိုသွားလောက်ပေသည်။

ရသေ့ပျိုအတွက်မူ ဤမျက်စောင်းကြောင့် ရင်ထဲလှိုက်ဖိုမသွားသော်လည်း ဤမျက်စောင်းမျိုး ခဏခဏအထိုးမခံရအောင် ဆင်ခြင်သင့်သည်ဟုတော့ တွေးမိ၏။

"အသင်မိန်းကလေး၊ စားသောက်ပြီး အသင်နေသာသလို အနားယူနေပါဦး၊ ကျွန်ုပ်လဲ အနားယူရင်း အသင်နဲ့ကျွန်ုပ်ရဲ့ ပြဿနာကို စဉ်းစားဦးမယ်"

"ကောင်းပါပြီရသေ့လေး၊ အကျွန် ဝမ်းသာရမယ့်အကြောင်းမျိုး ပေးနိုင်အောင် စဉ်းစားပါနော်၊ အကျွန် မရှက်မကြောက်ဝန်ခံရရင် အကျွန်

www.burmeseclassic.com

www.burmeseclassic.com



အသင့်ကို ချစ်မိနေပါပြီ၊ အသင်ဟာ အကျွန့်ကို စိုးမိုးသွားနိုင်တဲ့ သခင်တစ်ပါးပါ၊ အကျွန် အသင်နဲ့ လုံး၀ မခွဲခွာနိုင်တော့ဘူး”

ရသေ့ပျိုကား သည်းခံ၍ နားထောင်ရှာပါသည်။ ကြုံကြိုက်လာသောပြဿနာကား ရှောင်ရှား၍မရပြီ။ သင့်တော်စွာ ဖြေရှင်းရန်သာ လိုတော့သည်။ သည်အတွက် ခေါင်းအေးအေးနှင့် စဉ်းစားရပါလိမ့်မည်။

“နားပါဦး မိန်းကလေးရယ်၊ ကျွန်ုပ်နဲ့ ခပ်လှမ်းလှမ်းနားနေပါ၊ ကျွန်ုပ်တစ်ယောက်တည်း စဉ်းစားပါရစေဦး”

မိန်းမပျိုသည် ရသေ့ပျို၏ခပ်လှမ်းလှမ်းသို့ လျှောက်သွား၏။ ထိုနေရာတွင် ညောင်ပင်ကြီး၏ကိုင်းထောက်မြစ်တစ်ခုသည် တိုင်ကြီးတစ်လုံးနှယ် တည်နေ၏။ တိုင်ကို ကျောမှီထိုင်လိုက်သောအခါ သူမသည် ရသေ့ပျိုနှင့် မျက်နှာချင်းဆိုင်အနေအထား ဖြစ်သွားသည်။ နေရာကောင်း ရွေးလိုက်ခြင်းပင်တည်း။ သူမသည် ရသေ့ပျိုကို မျက်ခြည်ပြတ်မခံရဲပေ။ တိတ်တဆိတ် ထွက်သွားမည်ကို စိုးရိမ်နေ၏။

သူမသည် စနှောင်ထုံးဖွဲ့ထားသောဆံပင်များကို ဖြလျှော့ကြဲချပစ်လိုက်၏။ ကိုယ်ရုံအဝတ်၏ခါးစည်းကြိုးကိုလည်း ဖြေလျှော့ချလိုက်၏။ ခေါင်းကို တိုင်မှာမှီပြီး ကိုယ်ခန္ဓာအကြောအခြင်များကိုလျှော့ကာ လျော့ရိလျော့ရဲ ထိုင်ပစ်လိုက်၏။ မျက်လုံးများ မှေးစင်းပြီး ရသေ့ပျိုကို စိုက်ကြည့်နေပုံမှာ ညို့ယူဆွဲငင်နေသည့်အလား။

စင်စစ် သူမသည် မိန်းမတို့၏ မွေးရာပါတတ်ကျွမ်းလာသော မာယာလေးဆယ် အသွယ်သွယ်ကို အသုံးချနေခြင်းပင်တည်း။

ရသေ့ပျိုကား မိန်းမပျို၏မာယာများကို လှည့်မကြည့်အားပေ။ သူလည်း အကြောအခြင်များလျှော့ချကာ ယောဂထိုင်နည်းတစ်နည်းနှင့် ထိုင်ရင်း စိတ်ကိုတည်ငြိမ်အောင် ကြိုးစားနေ၏။



ထိုစဉ် သူ့ရှေ့၌ တောက်ပသော အလင်းရောင်အစုအဝေး တစ်ခု ရောက်ရှိလာသည်ကို မျက်စိမှိတ်ထားလျက်ကပင် သိရှိလိုက်၏။ ထို့ကြောင့် မျက်စိဖွင့်ကြည့်လိုက်သောအခါ တကယ်ပင်သူ့ရှေ့၌ အလင်းရောင် အစုအဝေးတစ်ခုတွေ့ရသဖြင့် မျက်စိများ ကျိန်းစပ်သွားသည်။ ရသေ့ပျိုက မျက်လွှာများကိုပုတ်ခတ်ရင်း ‘မည်ကဲ့သို့သော အရာဝတ္ထုနည်း’ဟု စူးစမ်းကြည့်ရှုသည်။ ထိုစဉ် အလင်းရောင် ဖြာထွက်မှုများ အားနည်းလျော့ကျသွားပြီး လူလိုလို အသွင်သဏ္ဌာန်တစ်ခုကို တုန့်ခါနေသည့်အလင်းလှိုင်းများအကြားမှ တွေ့မြင်ရလေသည်။

တဖြည်းဖြည်းနှင့် လူပုံသဏ္ဌာန်သည် ပိုမိုပီပြင်လာ၏။ သို့သော် လူသားတစ်ဦး၏ပုံဒြပ်မျိုးတော့ မဟုတ်။ တိမ်ခိုးတိမ်ငွေ့များဖြင့် ဖွဲ့စည်းထားသည့်အလား ပါးပါးလှပ်လှပ်ရှိလှသည်။ တဖျပ်ဖျပ်လင်းလက်ပြီး ပြိုးပြိုးပြက်ပြက်ဖြစ်နေသည်မှာလည်း အမှန်ပင်။

ရသေ့ပျို၏မျက်လုံးကျိန်းစပ်မှုများ လျော့ပါးသွားသောအခါ ဝတ်ဖြူစင်ကြယ်နှင့်အဖိုးအိုတစ်ဦးရပ်နေသည်ကို တွေ့ရ၏။ သို့မဟုတ် ဝတ်ဖြူစင်ကြယ်နှင့် အဖိုးအိုတစ်ဦးဟု ယူဆရ၏။ သူ့ကို လက်အုပ်ချီ၍ အရိုအသေပေးနေလေသည်။

“အသင် ဘယ်သူလဲ”

“ကျွန်ုပ်ဟာ အရှင်ရသေ့လေး နားခိုနေတဲ့ ညောင်ပင်ကြီးမှာနေတဲ့ ရုက္ခစိုးပါ”

“ဒါဖြင့် အသင်ဟာ နတ်ပေါ့”

“မှန်ပါတယ် အရှင်ရသေ့”

“ကျွန်ုပ်ကို ဘာကြောင့် ကိုယ်ထင်လာပြရတာလဲ အသင်နတ်မင်း၊ ကျွန်ုပ် ဝင်ရောက်နားခိုခြင်းကို မနှစ်သက်ဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"နှစ်သက်ပါတယ် အရှင်ရသေ့၊ အရှင်ရသေ့လေးဟာ အချိန်တန်လို့ ဒီညောင်ပင်အောက်ကို ရောက်ရှိလာခြင်းပါပဲ၊ ကျွန်ုပ်ကလည်း အချိန်တန်လို့ အရှင်ရသေ့လေးကို ပြောပြသင့် ပြောပြထိုက်တာတွေကိုပြောပြဖို့ ကိုယ်ထင်ရှားပြရခြင်းပါ"

ရသေ့ပျို၏မျက်နှာသည် ပီတိဖြစ်ခြင်းဖြင့် ပိုမိုနုပျိုလာ၏။

"ကျွန်ုပ်ရဲ့ တစ်သက်တာမှာ ရုက္ခစိုးနတ်ဆိုတာကို သည်တစ်ခါ ပထမဆုံးအကြိမ် မြင်ဖူးတာပဲ၊ သင်နဲ့တွေ့ရတာ ကျွန်ုပ် အတော်ဝမ်းသာပါတယ်၊ တကယ်တော့ သင်တို့နတ်တွေရဲ့ ကိုယ်ခန္ဓာပုံပန်းသဏ္ဌာန်ဟာ ကျွန်ုပ်တို့လူတွေရဲ့ ကိုယ်ခန္ဓာပုံပန်းသဏ္ဌာန်အတိုင်းပါပဲလား"

အဘိုးအိုက ရယ်မောလိုက်၏။ သို့မဟုတ် ရယ်မောလိုက်သည်ဟု ယူဆရ၏။

"သင့်အာရုံထဲမှာ တူတယ်လို့ထင်ရင် တူတာပေါ့ အရှင်ရသေ့၊ တကယ်တော့ ကျွန်ုပ်တို့ရဲ့ပုံပန်းသဏ္ဌာန်ဟာ သင့်အာရုံပြုမှုအပေါ်မူတည်နေတာပဲ"

"ဘယ်လို၊ ဘယ်လိုလဲနတ်မင်းရဲ့၊ သင့်စကားအဓိပ္ပာယ်ကို ကျွန်ုပ်နားမလည်ဘူး"

"သင့်မှာ ဝိဇ္ဇာဉာဏ်အမြင် ပိုမိုရင့်သန်လာပြီး၊ တန်ခိုးဣဒ္ဓိပါဒ်တွေရော၊ အတွေ့အကြုံတွေပါ ရင့်ကျက်တိုးတက်လာတဲ့အခါမှာ ကျွန်ုပ်ပြောတဲ့စကားကို သဘောပေါက်သွားမှာပါ၊ ဒါတွေ ခဏထားပြီး အသင်နဲ့ မိန်းမပျိုလေးတို့အကြောင်း ကျွန်ုပ်ကရှင်းပြဖို့ တာဝန်ရှိနေတဲ့အတွက် ရှင်းပြရမှာမို့ အသင်နားစိုက်ပါဦး"

"တာဝန်၊ ဟုတ်လား၊ ဘယ်သူက ပေးတဲ့တာဝန်လဲ"



ရသေ့ပျိုက ပြန်လှန်မေးခွန်းထုတ်ရင်း မိန်းမပျိုရှိရာ လှမ်းကြည့်လိုက်သည်။ မိန်းမပျိုသည် ညောင်ပင်ကိုင်းထောက်မြစ်ကိုမှီရင်း အိပ်ပျော်နေပါပြီကော။

"အထက်အထက်နတ်မင်းကြီးတွေပေးတဲ့ တာဝန်ဖြစ်ပါတယ်၊ မိန်းကလေးအတွက် စိတ်မပူပါနဲ့ အရှင်ရသေ့လေး၊ သင်နှင့်ကျွန်ုပ် ပြောဆိုဆွေးနွေးနေတာတွေကို မကြားစေမမြင်စေချင်လို့ ကျွန်ုပ်ရဲ့တန်ခိုးနဲ့ အိပ်ပျော်ခိုင်းထားလိုက်ပါပြီ"

ရသေ့ပျိုက ကျေနပ်အားရစွာ ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

"ကောင်းလှပေသည်၊ ဒါမှ သူအိပ်ပျော်နေတုန်း ကျွန်ုပ် ခရီးဆက်လို့ရသွားမယ်၊ သူလနိုးလာတဲ့အခါ သူ့အိမ်သူပြန်သွားမှာပဲ၊ အခုမှ ပြဿနာ ပြေလည်သွားတော့တယ်၊ ကဲ-ရုက္ခစိုးမင်း၊ ပြောစရာရှိတာ မြန်မြန်ပြောပေတော့၊ ကျွန်ုပ် ခရီးဆက်ထွက်ရလိမ့်မယ်"

"ဒီအတိုင်း ခရီးထွက်သွားလို့မဖြစ်သေးဘူး အရှင်ရသေ့၊ ကျွန်ုပ်ရှင်းပြတာကို အေးအေးဆေးဆေးနားထောင်ပါ၊ အချိန်ရပါသေးတယ်"

"ဒါဖြင့်လဲပြော၊ မြန်မြန်ပြော"

"အရှင်ရသေ့ဟာ အိမ်ထောင်သားမွေးလုပ်နေကြတဲ့ သာမန်လောကသားတွေရဲ့ ဘဝမျိုးကို စွန့်ခွာပြီး ရသေ့ပန် တရားအားထုတ်သွားဖို့ ဆုံးဖြတ်ထားခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်"

"ရှင်ရသေ့က အဲဒီလိုဆုံးဖြတ်ထားပေမဲ့ အရှင်ရသေ့ရဲ့အတိတ်ကံက မျိုးဆက်ထားခဲ့ဖို့အကြောင်း ဖန်လာနေပြီ"

"ဘယ်လို မျိုးဆက်ထားခဲ့ဖို့အကြောင်း ဖန်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ရသေ့က ဒီမိန်းကလေးကို သန္ဓေပေးရလိမ့်မယ်၊ ဒီမိန်းကလေးဟာ ရှင်ရသေ့ရဲ့မျိုးဆက် သားယောကျ်ားကလေးကို ကိုယ်ဝန်ဆောင်ရလိမ့်မယ်"

"မဟာရသေ့ကြီး ကယ်တော်မူပါ"

ရသေ့ပျိုသည် အံ့သြတုန်လှုပ်သွား၏။ ခံစားမှုများကို အတော်အတန် ထိန်းချုပ်နိုင်သူ ဖြစ်လင့်ကစား သည်တစ်ခါတော့ မထိန်းနိုင်။ ရသေ့ပျို၏မျက်နှာသည် ဒေါသဖြင့် နီရဲလာ၏။

"ဒါဆိုရင် ကျွန်ုပ်ရဲ့ အဖြူဟွစရိယာသိက္ခာပုဒ် ကျိုးပေါက်သွားမှာပေါ့၊ ကျွန်ုပ်ဟာ သီလကြောင်ရသေ့ပျက်ဖြစ်သွားပြီပေါ့၊ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်ုပ်ရဲ့ သီလ၊ သမာဓိတွေကို အပျက်မခံနိုင်ဘူး၊ ဘာလဲ အသင်ရက္ခစိုးက မိန်းကလေးဘက်ကနေ ကျွန်ုပ်ကို အောင်သွယ်လာလုပ်နေတာလား၊ ဒါဆိုရင် အသင်သွားတော့၊ အသင်နဲ့ကျွန်ုပ် စကားမပြောနိုင်ဘူး၊ အသင်ဟာ ကျွန်ုပ်အတွက်တော့ နတ်မိစ္ဆာပဲ"

"ဒေါသမကြီးပါနဲ့ အရှင်ရသေ့လေး၊ ဒေါသကြီးတာဟာ အမှားဖြစ်တတ်ပါတယ်၊ ပြီးတော့ ကျွန်ုပ်က ရှင်ရသေ့ရဲ့ကောင်းကျိုးကို လိုလားလို့ လာခဲ့တာပါ၊ ဖျက်ဆီးဖို့ မဟုတ်ပါဘူး"

ရသေ့ပျိုသည် အဘိုးအို၏ သတိပေးစကားကြောင့် သူ့စိတ်ကို ပြန်လည်တည်ဆောက်ရန် သတိရသွား၏။ စိတ်ကို တည်ငြိမ်အောင်ထားပြီး အကျိုးအကြောင်း အစုံအလင်ကို နားလည်ယူသင့်သည်ဟု သူဆုံးဖြတ်လိုက်သည်။

"နားထောင် အရှင်ရသေ့၊ သင်ဟာ ဒီနေ့ဒီအချိန်မှာ မိန်းမဖျက်လို့ သီလပျက်ရမယ့်ကိန်းဆိုက်နေပြီ၊ လူဝတ်လဲပြီး ဘဝပျက်သွားနိုင်တဲ့အထိ အလားအလာရှိနေတယ်၊ ဒီအခြေအနေက ကယ်တင်ရအောင်



နတ်မင်းကြီးတွေက တာဝန်ပေးတဲ့အတွက် ကျွန်ုပ် ရောက်လာရခြင်းဖြစ်တယ်"

"ဒါတော့ ကျွန်ုပ်ကို သင်တို့အထင်သေးတာပဲ၊ ကျွန်ုပ်ကို ဘယ်မိန်းမမှ ပျက်အောင် မဖျက်နိုင်ပါဘူး"

အဘိုးအိုကပြုံးသည်။

"အထင်သေးတာ မဟုတ်ပါဘူး၊ အမှန်ကိုအမှန်အတိုင်း ရှုမြင် သုံးသပ်ထားကြတာ၊ အရှင်ရသေ့လေး ဖြေကြည့်စမ်းပါ၊ အသင့်မှာ ကိလေသာအာရုံ ကာမဂုဏ်စိတ်ဓာတ် လုံးဝကုန်ခန်းသွားပြီလား"

ရသေ့ပျိုက လေးနက်တည်ကြည်စွာ ပြန်ပြောသည်။

"ဒါတော့ ဘယ်ကုန်ခန်းဦးမလဲ၊ လုံးဝကုန်ခန်းသွားပြီဆိုမှတော့ အဖြူဟွစရိယာသိက္ခာပုဒ်ဆိုတဲ့သီလကို ဘယ်ဆောက်တည်နေစရာလိုတော့မှာလဲ၊ မကုန်ခန်းသေးလို့ ချုပ်တည်းနေရတာပေါ့"

"ဒါကြောင့်ပြောတာပေါ့၊ ချုပ်တည်းခြင်းရဲ့ တခြားတစ်ဖက်မှာ မချုပ်တည်းနိုင်ခြင်းဆိုတဲ့ ဘက်တစ်ဖက်ရှိနေတယ် ရှင်ရသေ့ရဲ့၊ လုံးဝကုန်ခန်းသွားသလို စိတ်ချရတာမျိုးမဟုတ်ဘူး"

"ကျွန်ုပ်ကတော့ ကျွန်ုပ်ဟာကျွန်ုပ် စိတ်ချတယ်"

"အဲဒီအပြောမျိုးဟာ သဘာဝမကျဘူး ရှင်ရသေ့ရဲ့၊ ဇွတ်ပြောတာမျိုး ဖြစ်နေတယ်"

"ဒီလိုနဲ့ ချုပ်တည်းသွားနိုင်တဲ့ သူတော်စင်တွေ အများကြီးပါ ရက္ခစိုး"

"အဲဒီသူတော်စင်တွေကို ရှင်ရသေ့ လိုက်မမီသေးပါဘူး၊ ဒါ့အပြင် အရှင်ရသေ့ ရင်ဆိုင်နေရတဲ့အဖျက်က အားကောင်းတယ်"

ရသေ့ပျို၏စိတ်ထဲ မခံချင်စိတ်များ လှိမ်းမိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရက္ခစိုးမင်းက မိန်းကလေးကျတော့ အထင်ကြီးပြီး ကျွန်ုပ်ကိုတော့ အထင်သေးနေတာကိုး"

အဘိုးအိုက ခေါင်းကို ခါရမ်းလိုက်၏။

"အရှင်ရသေ့ ငြင်းခုန်ခြင်းဟာ ပညာရှိတို့ရဲ့ သဘောသဘာဝ မဟုတ်ဘူး၊ ဆင်ခြင်ခြင်းသာ ပညာရှိတို့ရဲ့သဘာဝဖြစ်တယ်၊ ကျွန်ုပ်ရဲ့ ရှင်းပြချက်အပြည့်အစုံကို နားထောင်ပြီး ဆင်ခြင်ဖို့လိုမယ်"

ရသေ့ပျိုက သူ့စိတ်ကိုတည်ငြိမ်အောင် ပြန်လည်တည်ဆောက်ရပြန်သည်။ အဘိုးအိုက ခေတ္တစောင့်ဆိုင်းပြီး ဆက်ပြောသည်။

"နားထောင်ဦး ရှင်ရသေ့၊ အခု ပြိတ္တာဘုံမှာ စုတေခါနီးပြိတ္တာ တစ်ဦးရှိတယ်၊ သူ့ရဲ့အကြောင်းကံတွေအရ သူဟာ ဒီနေ့ဒီရက်မှာ လူ့ဘဝအဖြစ် ပဋိသန္ဓေယူရမယ်၊ သူ့ရဲ့မိခင်လောင်းဟာ ရုပ်ရည်ချော မောလှပပြီး ထီးသုံးနန်းသုံးဖြစ်ရမယ်၊ သူ့ရဲ့ဖခင်လောင်းဟာ တန်ခိုးကဒ္ဓိပါဒ် တစ်စုံတစ်ရာရှိနေတဲ့ သူတော်စင်ဖြစ်ရမယ်၊ ဒါပေမဲ့ သူဟာ ဘဝတစ်ခုတုန်းက ဖခင်ကို ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပြစ်မှားခဲ့ဖူးတဲ့အတွက် ယခုဘဝမှာ အဲဒီအကုသိုလ်အကျိုးဆက် ပေါ်လာတယ်၊ ယခုဘဝမှာ ဖခင်ရဲ့ကျေးဇူးကို ခံစားရမှာမဟုတ်ဘူး၊ ဖခင် ဆီက မျိုးရိုးဗီဇအမွေကိုသာ ရမယ်၊ ဖခင်အရင်းကိုတောင် သူသိမှာ မဟုတ်ဘူး၊ သန္ဓေသား သန္ဓေတည်ပြီးတာနဲ့ ဖခင်ဟာ မိခင်ကိုစွန့်ခွာသွားရမယ်၊ မိခင်ကို မင်းညီမင်းသားတစ်ပါးက လာရောက်ပြီး တော်ကောက်သွားလိမ့်မယ်၊ မိခင်နဲ့အတူ ဘုရင့်နန်းတော်မှာသာ ကြီးပြင်းရလိမ့်မယ်၊ ဒီလိုအချက်အလက်တွေဟာ သင်နဲ့ ဒီမိန်းကလေးတို့အပေါ်မှာ လာရောက်ပြီး ပြည့်စုံနေတယ်၊ ဒါကြောင့်လဲ သင်တို့နှစ်ဦး ဒီလိုဆုံတွေ့ရတာပဲ"



ရသေ့ပျိုသည် စိတ်ဝင်စားစွာ နားထောင်နေရင်း မေးခွန်းထုတ်မလို ဒှင်ပြီးမှ ပြန်ငြိမ်သွားသည်။

"နားထောင်ဦး အရှင်ရသေ့၊ အသင့်မှာ လမ်းနှစ်သွယ်ရှိတယ်၊ ကျွန်ုပ်တို့ရဲ့ စောင့်ရှောက်မှုနဲ့ အသင်ဟာ ဖခင်ဘဝကို ခံယူရင် အသိစိတ်နဲ့ ယှဉ်တွဲပြီး ခံယူတာဖြစ်တဲ့အတွက် ဆိုးဆိုးရွားရွား မဖြစ်တော့ဘူး၊ ယနေ့ပဲ လူဝတ်လဲ၊ ယနေ့ပဲ ရသေ့ပြန်ဝတ်ပြီး လိုရာခရီးကို ဆက်နိုင်လိမ့်မယ်၊ ပြီးတော့ ကျွန်ုပ်တို့ရဲ့ အကူအညီနဲ့မို့ သင်တို့ဟာ လူသာမန်တွေလို ကျူးကျူးလွန်လွန်ဖြစ်ဖို့မလိုဘူး၊ သာမန် ပွေ့ဖက်ထိတွေ့ရုံနဲ့ သန္ဓေတည်ပြီး ဖြစ်သွားမှာမို့ သင်လဲ ဟိရိဩတ္တပ္ပ သိပ်မကင်းမဲ့လှဘူး"

အဘိုးအိုက ခေတ္တဆိုင်းငံ့ပြီး ဆက်ပြောပြန်သည်။

"ကျွန်ုပ်တို့ အကြံပေးတာကို လက်မခံရင် သင်ဟာ ရသေ့ဝတ်နဲ့ပဲ သီလကျိုးပျက်လိမ့်မယ်၊ မိန်းကလေးက သင့်ကို မထိနိုင်မကိုင်နိုင်တာ အမှန်ပဲ၊ ဒါပေမဲ့ သင်ကိုယ်တိုင်ကစပြီး မိန်းကလေးကို ထိဖို့ကိုင်ဖို့ အခွင့်အလမ်းတွေ ပေါ်လာလိမ့်မယ်၊ အဲဒီ 'အတွေ့' မှာ ရှင်ရသေ့ အရည်ပျော်မှာပဲ၊ ဒီလိုဖြစ်သွားရင် သန္ဓေသားရဲ့သဘာဝအရ သန္ဓေ ယူပြီးတာနဲ့ သင့်ကို လက်ခံမှာမဟုတ်တော့လို့ သင်ဟာ ဆိုးဆိုးရွားရွား အဖြစ်အပျက်တွေနဲ့ကြုံပြီး လွင့်ထွက်သွားလိမ့်မယ်၊ သင်မျှော်လင့်ခဲ့တဲ့ ရသေ့ဘဝကို ပြန်လည်ထူထောင်ဖို့ရာမှာ အတော်ကြီးကို ခက်ခဲသွားလိမ့်မယ်"

အဘိုးအို၏စကားဆုံးသောအခါ ရသေ့ပျိုသည် တည်ငြိမ်လေးနက်စွာ စဉ်းစားခန်းဝင်နေသည်။ မိန်းမပျိုကိုလည်း လှမ်းကြည့်ဖြစ်၏။ မိန်းမပျိုကား အိပ်ပျော်နေဆဲ။ သူမ၏အသွင်သဏ္ဌာန်မှာ ယခုအတိုင်း ဆိုလျှင် လုံးဝအပြစ်ကင်းစင်ပြီး ကရုဏာသက်စဖွယ် ဖြစ်နေ၏။ ဤ

www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်စဖွယ် မိန်းကလေးသည် ရသေ့ပျို၏ခရီးလမ်းတွင် ကြီးစွာသော အနှောင့်အယှက်ကြီး ဖြစ်နေ၏။

ရသေ့ပျိုသည် အချိန်မဖြုန်းဘဲ အမြန်ဆုံး အပြန်ပြန်အလှန်လှန် စဉ်းစားနေမိ၏။

ပထမအနေနှင့် စိတ်ကူးထဲတွင် သူသည် အိပ်ပျော်နေသော မိန်းမပျိုကို သည်အတိုင်းထားခဲ့ပြီး ထွက်သွားကြည့်၏။ ဖွဲ့ကောင်းသော မိန်းမပျိုသည် ခြေရာခံ၍လိုက်လာ၏။ သူ့ကိုမိလာပြီးနောက် တကောက်ကောက်ဖြစ်နေတော့၏။ အန္တရာယ်ပြွမ်းတီးနေသော ခရီးကြမ်းကြီးထဲတွင် သူမကို မျက်ခြည်ဖြတ်၍ ထားခဲ့၍လည်းမဖြစ်။ ထိုကဲ့သို့ သံယောဇဉ်အမျှင်တန်းနေသောကာလများကို တွေးကြည့်ပြီး ရသေ့ပျိုသည် သူ၏တောင့်ခံနိုင်မည့်စွမ်းရည်ကို ထောက်ချင့်နေမိ၏။ မလွယ်။ မြစ်ရေသည် အချိန်နှင့်အမျှတိုက်စားပြီး ကမ်းပါးကြီးများကို ဖြိုပစ်နိုင်သည် မဟုတ်လော။

ဒုတိယအနေနှင့် သူနှင့်မိန်းကလေးကိုမှ ဖခင်လောင်း၊ မိခင်လောင်းအဖြစ် ရွေးချယ်မိနေသော သန္ဓေသားလောင်း၏ကံကြမ္မာ ဖြစ်၏။ မိမိက လုံးဝ ရပ်တည်ချက်ပြတ်သားစွာ တင်းခံတောင့်ခံထားခဲ့လျှင် ထိုသန္ဓေသားလောင်းသည် လူ့ဘဝသို့ ရောက်မလာနိုင်တော့။ သို့မဟုတ် လူ့ဘဝရောက်လာရန် အခြားမိဘလောင်းလျာများကို အချိန်အတန်ကြာ ရှာဖွေစောင့်ဆိုင်းနေရဦးမည် ဖြစ်၏။

တတိယအနေနှင့် မိမိသည် ရသေ့ဝတ်နှင့် သီလပျက်ခဲ့လျှင် မိန်းမပျိုသည် သီလရှိသူတစ်ဦးကို သီလပျက်အောင် ဖျက်ဆီးခဲ့သောပြစ်မှု၏ ဝိပါက်ကြမ္မာတင်ခြင်းကို ခံရဦးမည်။



စဉ်းစားတွေးတောရင်းနှင့် ရသေ့ပျိုသည် အဘိုးအိုပြောသည့်လမ်းကြောင်းကို သဘောကျလာ၏။ သူပြောသည့်အတိုင်း လိုက်နာခဲ့လျှင် မိမိလည်း ဝန်တာမကြီး၊ အနာဂတ်မျှော်မှန်းချက်လည်းမပျောက်၊ သန္ဓေသားလောင်းရော၊ မိန်းကလေးပါ အကျိုးရှိချေ၏တကား။

ရသေ့ပျိုသည် အဘိုးအိုကို မော့ကြည့်လိုက်၏။

"ကောင်းပြီ ရက္ခစိုးမင်း၊ ကျွန်ုပ် စဉ်းစားကြည့်တဲ့အခါ သင်တို့ အကြံပေးတာဟာ လျော်ကန်သင့်မြတ်ပါတယ်၊ သင်တို့ရဲ့အကြံပေးချက်ကို လက်ခံပါတယ်"

အဘိုးအိုသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ထိုအခိုက်မှာပင် အဘိုးအို၏လက်အစုံတွင် အဖြူရောင်ဝတ်စုံတစ်စုံ ဖျတ်ခနဲ ပေါ်ပေါက်လာ၏။ အဘိုးအိုက ရသေ့ပျိုထံ ထိုအဖြူရောင်ဝတ်စုံကို ဆက်ကပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၃)

မိန်းမပျိုသည် နိုးနိုးချင်း မျက်လုံး ဖွင့်ကြည့်လိုက်သည်နှင့် ရသေ့ပျိုကို တန်းမြင်ရ၏။ ရသေ့ပျိုသည် မူလထိုင်နေသောနေရာတွင်ပင် ထိုင်နေ၏။ သို့သော် ရသေ့ပျိုသည် ရသေ့ပျိုမဟုတ်တော့ချေ။ ဝတ်စုံအဖြူရောင် ဝတ်ဆင်ထားသော လုလင်ပျိုတစ်ဦး ဖြစ်နေလေပြီ။

သူမသည် မျက်လုံးများကိုပွတ်သပ်၍ ထပ်ကြည့်လိုက်ပြန်၏။ သေချာပါသည်။ ရသေ့ပျိုသည် လူဝတ်နှင့် ဖြစ်နေချေပြီ။ သူသည် သူမကို လှမ်းကြည့်နေ၏။

"နိုးလာပြီလား မိန်းကလေး၊ ကျွန်ုပ် သင့်ကို ပြောပြစရာတွေ အများကြီးရှိတယ်၊ ဒီနားမှာ လာထိုင်ပါဦး"

စင်စစ် မိန်းမပျိုသည် အံ့ဩနေ၏။ သူမ အိပ်ပျော်သွားသည့်အခိုက်အတန့်ကလေးမှာပင် ဘာကြောင့် လူဝတ်လဲလိုက်သနည်း။ သူသည် သူမကိုယ်သူမ စစ်ဆေးလိုက်၏။ ဘာမှ ထူးခြားမှုမရှိ။ အိပ်ပျော်နေစဉ် စော်ကားခံရခြင်းမဟုတ်သည်ကား သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုသည် ရှေးဦးစွာ စမ်းပေါက်ဝသို့သွား၏။ မျက်နှာသစ်၍ လန်းဆန်းစေပြီးမှ လုလင်ပျိုထံ ချဉ်းကပ်၏။ လုလင်ပျိုရှေ့တွင်ရပ်ပြီး အကဲခပ်ရင်း စ,မေးလိုက်၏။

"အခု အကျွန်က သင့်ကို ဘယ်လိုခေါ်ရမလဲ၊ အသင်က ရသေ့မှုတ်တော့ ရသေ့လေးလို့ခေါ်လို့မရတော့ဘူး"

"သင်ခေါ်ချင်သလို ခေါ်နိုင်တယ်"

"သင့်မှာ အမည်နာမ မရှိဘူးလား"

"အမည်နာမဆိုတာ အရေးမကြီးပါဘူး၊ အမည်နာမဆိုတာ သတ်မှတ်ချက်ပဲ၊ သင်ခေါ်ချင်သလို ခေါ်လို့ရပါတယ်"

"ကောင်းပြီလေ၊ သင်ဟာ အကျွန့်ထက်တော့ အသက်ကြီးမှာပဲ၊ မောင်ကြီးလို့ပဲ ခေါ်တာပေါ့၊ အကျွန့်ကို ပြောပြမယ်ဆိုတာတွေ ပြောပြပါဦး"

မိန်းမပျိုက လုလင်ပျိုနှင့် မလှမ်းမကမ်း ညောင်မြစ်တစ်ခုတွင် ဝင်ထိုင်လိုက်၏။

"ဒီလို မိန်းကလေးရဲ့၊ အသင် အိပ်ပျော်နေတုန်း ဒီညောင်ပင်က ရုက္ခစိုးကြီး ဆင်းလာပြီး ကိုယ်ထင်ပြတယ်"

ထို့နောက် လုလင်ပျိုသည် ဖြစ်ကြောင်းကုန်စင်ကို တစ်လုံးတစ်ပါဒမှ မချန်ဘဲ အစုံအလင် ပြောပြလိုက်လေသည်။ မိန်းမပျိုသည် ပါးစပ်ကလေးအဟောင်းသားနှင့် နားထောင်နေရှာ၏။

"အဲဒါပဲ မိန်းကလေး၊ ဒီလိုနဲ့ ကျွန်ုပ်လည်း လူဝတ်လဲလိုက်ရတာပဲ"

လုလင်ပျိုက ဤသို့ စကားစသတ်လိုက်သောအခါ မိန်းမပျိုက ကောက်ခါငင်ခါ ရယ်လိုက်လေ၏။

"ဒီလိုဆို မောင်ကြီးက အကျွန့်ကို ပွေ့ဖက်တော့မယ်ပေါ့"



မိန်းမပျို၏စကားကြောင့် လုလင်ပျိုသည် တွန့်သွား၏။ မျက်စိမျက်နှာလည်း ပျက်သွား၏။

လုလင်ပျို၏အမူအရာကို မြင်သောအခါ မိန်းမပျို၏ရယ်သံသည် ပိုမိုကျယ်လောင်လာ၏။ ဟက်ဟက်ပက်ပက်နှင့် အူလှိုက်သည်းလှိုက်ဖြစ်သွား၏။

သူမသည် ချက်ချင်းထ,ရပ်၏။ လုလင်ပျိုအနားသို့ တိုးကပ်သွား၏။ သူမ၏ဖွံ့ဖြိုးသောရင်အစုံသည် ထိုင်နေသောလုလင်ပျို၏မျက်နှာနားတွင် ရစ်ဝဲသွားသည်။

"ဖက်ပါ မောင်ကြီးရဲ့၊ မောင်ကြီးရဲ့ရုက္ခစိုးနတ်မင်း ပြောထားသလို သိတွေ့ပွေ့ဖက်ရုံလောက်နဲ့ သန္ဓေပေးလိုက်ပေါ့၊ အကျွန်ကတော့ မောင်ကြီးကို ချစ်ခင်စွဲလမ်းနေသူမဟုတ်လား၊ မောင်ကြီးပြုသမျှ နုရမှာပါ။ မောင်ကြီးနဲ့အတူမနေရတောင် မောင်ကြီးရဲ့ရင်သွေးလေးကို ပြုစုပျိုးထောင်ပေးရရင် အလွမ်းပြေမယ်ထင်ပါရဲ့"

လုလင်ပျိုသည် မတုန်မလှုပ် ကျောက်ရုပ်ဖြစ်သွား၏။ သူ၏လက်များကို ကြွရန်မဆိုထားနှင့်၊ လှုပ်ရှားဖို့ရန်ပင် မစွမ်းနိုင်တော့။ မိန်းမပျို၏စကားများသည် ပွင့်လင်းလွန်းလှသဖြင့် ပွင့်ပွင့်လင်းလင်း ရှင်းပြခဲ့သော သူကိုယ်၌ပင်လျှင် နားထောင်ရသည်မှာ စိမ်းနေ၏။ တစ်ခုခုတော့ ချွတ်ချော်တိမ်းပါးနေပေပြီ။

"ဘာငြိမ်နေတာလဲ မောင်ကြီးရဲ့၊ မောင်ကြီးမှာ ဆုံးဖြတ်ချက်ချပြီးသားမဟုတ်လား၊ ရေရှည်မှာ ရသေ့ဘဝကို ပြန်ပြီးထူထောင်နိုင်ဖို့ ဒီနည်းပဲရှိတယ်မဟုတ်လား၊ မောင်ကြီးအဖို့ လူဝတ်တောင် လဲပြီးမှပဲ၊ ခုမှ ဘာကို ပြန်စဉ်းစားနေရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘာကို ပြန်စဉ်းစားနေသလဲ၊ အမှန်ပင် လုလင်ပျိုသည်ပြန်စဉ်းစားနေခြင်းဖြစ်၏။ အဘိုးအိုအသွင်ရှိသော ရက္ခစိုးနတ်ကြီး၏အကြံပေးချက်ကို လက်ခံစဉ်က မိန်းကလေးများကို မိမိ မထိဖူးမကိုင်ဖူးသဖြင့် မထိရဲမကိုင်ရဲကြောင်းကို ထည့်သွင်းမတွက်ဆမိခဲ့တကား။ ရှိစေတော့၊ သတ္တိမွေး၍ အားတင်းပြီး ထိရန်ကိုင်ရန်မှာလည်း မည်သည့်အခြေခံ စေ့ဆော်မှုဖြင့် ထိရကိုင်ရပါမည်နည်း။

လုလင်ပျိုသည် မိန်းကလေး၏မျက်နှာကို မော့ကြည့်လျက်ပင် ကြက်သေသေနေ၏။

မိန်းမပျိုကမူ လုလင်ပျို၏မျက်လုံးအစုံကို စေ့စေ့ကြည့်ရင်း ထပ်မေးလိုက်ပြန်၏။

"ဘယ်လိုလဲမောင်ကြီး၊ မဖက်ရဲဘူးလား၊ မထိရဲမကိုင်ရဲဘူးလား"

မထိရဲမကိုင်ရဲပါဘူး မိန်းကလေးရယ်။ လုလင်ပျိုက စိတ်ထဲက ဖြေသည်။ လုလင်ပျို၏စိတ်ထဲကအဖြေကို သိသလိုလိုနှင့် မိန်းမပျိုက ဆက်ပြောသည်။

"အဲဒါဘာဖြစ်လို့လဲ သိလား မောင်ကြီး၊ မောင်ကြီးက အကျွန့်ကို ချစ်မှမချစ်ဘဲ၊ မောင်ကြီးရဲ့ရင်ထဲမှာ 'အချစ်'မှ မရှိဘဲ"

လုလင်ပျိုသည် တုန်လှုပ်သွား၏။ မိန်းမပျိုပြောသည်မှာ မှန်လှချေ၏။ လူဝတ်လဲမည်ဟူသောဆုံးဖြတ်ချက်သည် အချစ်နှင့် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်။

"ပြီးတော့ မောင်ကြီးဟာ ရိုးရိုးယောကျ်ားတွေလို မိန်းမမြင်ရင် အခွင့်အရေးယူချင်တဲ့လူမှ မဟုတ်တာ၊ ဒါကိုဆန့်ကျင်ပြီး ရသေ့ဘဝတစ်လျှောက်လုံး ထိန်းသိမ်းခဲ့တာမဟုတ်လား"



လုလင်ပျို၏မျက်နှာတွင် ချွေးသီးချွေးပေါက်များ စို့လာ၏။ ရက္ခစိုးနတ်ကြီးကို ခါးခါးသီးသီး ဆန့်ကျင်ပြီး မိမိဘာသာ ဟိမဝန္တာသို့ ထွက်သွားခဲ့ရအကောင်းသား၊ မိန်းကလေးက တကောက်ကောက် လိုက်လာမည့်အခက်အခဲသည် ယခုအခက်အခဲလောက် ဆိုးချင်မှဆိုးပေလိမ့်မည်။

မိန်းမပျိုက ဆက်ပြောပြန်သည်။ သည်တစ်ခါတော့ သူမ၏အသံတွင် ရယ်သံမပါတော့။ လေးနက်တည်ကြည်ပြီး လှိုက်လှဲတုန်ခါနေ၏။

"ဒါပေမဲ့ မောင်ကြီးရယ်၊ ထိလိုက်ပါ၊ အကျွန့်ကို ထိလိုက်စမ်းပါ၊ ဒါမှ မောင်ကြီးဘဝရှေ့ရေးဟာ မောင်ကြီး မျှော်မှန်းသလို ဖြစ်သွားမှာပေါ့"

မိန်းမပျို၏အားပေးစကားသည် လုလင်ပျို၏ကိုယ်ခန္ဓာအစိတ်အပိုင်းနှစ်ခုလုံးကို တိုက်ရိုက်ထိမှန်လေသည်။ တစ်ခုက ဦးနှောက်၊ တစ်ခုက နှလုံးသား။

လုလင်ပျို၏ဦးနှောက်သည် ပုံမှန်လည်ပတ်လာပြီး ရှေ့ရေးကို မျှော်တွေးလာ၏။ ဟုတ်တယ်၊ မိန်းကလေးကို ထိလိုက်ရမယ်၊ ဒါမှ ငါရသေ့ပြန်ဖြစ်မှာ။

လုလင်ပျို၏နှလုံးသားကမူ စစ်ခန်း နာကျင်သွား၏။ မိန်းကလေးက သူမ၏အချစ်ကို စွန့်လွှတ်ခြင်းနှင့် သက်သေထူပေတော့မည်။

မိန်းကလေးသည် သူမ၏လက်ဖဝါးနှစ်ဖက်ကို ဖြန့်ပေးထား၏။ လုလင်ပျိုသည် သူ၏လက်များကို အားတင်း၍ မ,ယူလိုက်ပြီး မိန်းကလေး၏လက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေသည်။

နှစ်ဦးစလုံးပင်တုန်ခါသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် မိန်းမပျိုသည် လုလင်ပျိုပြန်ပြောပြသောရက္ခစိုးကြီး၏စကားကို အကြွင်းမဲ့ ယုံကြည်ခဲ့သည်မဟုတ်၊ သာမန်ထိတွေ့ရုံနှင့် သန္ဓေတည်မည်၊ တည်နိုင်လိမ့်မည်ဟု မထင်ခဲ့။ ယခု ကိုယ်တွေ့ခံစားမှုအရ သန္ဓေတည်နိုင်လောက်သည်ဟု သူမဘာသာ ခန့်မှန်းမိလေသည်။

သူမ၏တစ်ကိုယ်လုံးရှိ ခံစားမှုအာရုံကြောများ အစွမ်းကုန် တုန်ခါပြီးသွားသောအခါ အားအင်များ ကုန်ခန်းသွားသလို ဖြစ်၏။ သူမသည် ဒူးများ ခွေယိုင်ညွှတ်ကျပြီး လုလင်ပျို၏ရင်ခွင်ထဲ ရောက်သွားလေသည်။ လုလင်ပျိုက ထိုင်လျက်အနေအထားနှင့်ပင် ဆီးပွေ့ထားလိုက်ရ၏။

မိန်းမပျိုသည် လုလင်ပျို၏ရင်ခွင်တွင် မျက်နှာအပ်ကာ အကြီးအကျယ် ငိုချလိုက်၏။ သူမ၏မျက်ရည်ပေါက်များသည် အထူးထူးသော အဓိပ္ပာယ်များကို ဆောင်ပေလိမ့်မည်။

လုလင်ပျိုသည် မိန်းမပျို၏နဖူးမှ ဆံနွယ်စများကို လက်ဖြင့် ပွတ်သပ်ပေးရင်း နူးညံ့သောအသံဖြင့် ချော့မော့၏။

"မငိုပါနဲ့ မိန်းကလေးရယ်၊ မိန်းကလေးကို မောင်ကြီး နားလည်သွားပါပြီ၊ မောင်ကြီးကို ရင်ထဲအသည်းထဲက ချစ်ခဲ့၊ စွဲလမ်းခဲ့တယ်ဆိုတာ မောင်ကြီး သဘောပေါက်သွားပါပြီ"

သည်တစ်ခါ စကားမပြောနိုင်သူက မိန်းမပျိုဖြစ်၏။ သူမသည် အားရအောင် ငိုကြွေးလျက်ရှိပေသည်။

"မိန်းကလေးဟာ မောင်ကြီးရဲ့ရင်ထဲကို ရောက်သွားပါပြီ၊ မိန်းကလေးကို မောင်ကြီး ဘယ်တော့မှ မေ့တော့မှာမဟုတ်ပါဘူး"

မိန်းမပျိုကား ရှိုက်၍ရှိုက်၍ ငိုဆဲ။



"နားထောင်ပါဦး မိန်းကလေးရယ်၊ မိန်းကလေးကို မောင်ကြီး ပြောပြချင်သေးတယ်၊ မိန်းကလေးကို မောင်ကြီး ရင်ထဲအသည်းထဲကနေ ချစ်မိသွားပြီ သိရဲ့လား"

မိန်းမပျိုက ခေါင်းညိတ်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၄)

အားရအောင် ငိုပြီးသောအခါ မိန်းမပျို အငိုတိတ်၏။

သူမသည် လုလင်ပျို၏ ရင်ခွင်မှ လူးလဲထလိုက်၏။

မွန်းလွဲနေသည် အတော်စောင်းသွားပြီ။

"မောင်ကြီး၊ နေတောင် အတော်စောင်းသွားပြီ၊ ခရီးဆက်ထွက်မယ်ဆို"

"သင်က တားဦးမလို့လား"

"မောင်ကြီးကရော တားလို့ရမလား"

"တားလို့ရရင်တော့ တားမှာပေါ့၊ ဟုတ်လား"

"တားလို့ရရင်တော့ တားမှာပေါ့ မောင်ကြီးရယ်"

"တားမရရင်ရော၊ ရေပူရေချမ်း ကမ်းလှမ်းပါ့မယ်ဆိုပြီး အတင်းမလိုက်ချင်တော့ဘူးလား"

"မောင်ကြီး ခေါ်ရင်တော့ လိုက်ချင်ပါတယ်။ ဒါပေမဲ့ ဖွတ်ကြီးတော့ အတင်းမလိုက်ချင်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ကြီးရဲ့ ရိုးသားမှုနဲ့ မောင်ကြီးရဲ့ မျှော်မှန်းချက်တွေကို အကျွန်နားလည်သဘော ပေါက်သွားလို့ပါပဲ၊ မောင်ကြီးလမ်းကိုသာ မောင်ကြီး ဆက်လျှောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဆက်လျှောက်တဲ့အခါ ရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင်သာ ဆက်လျှောက်ပါ၊ အကျွန်ုပ်လို အနှောင့်အယှက် အဖျက်အဆီးပေါ်လို့ နောက်တစ်ခါ လူဝတ်မလဲပါနဲ့တော့"

လုလင်ပျိုသည် မိန်းမပျို၏စကားကြောင့် ပြုံးမိ၏။ သူမ ပြောမည်ဆိုလျှင် ပြောစရာ။ ယနေ့အဖြစ်အပျက်သည် အလွန့်အလွန် ထူးခြားချက်၊ ခြွင်းချက်ဖြစ်ကြောင်း သဘောမပေါက်နိုင်လျှင် မိမိတို့ တပဿရသေ့များသည် မိန်းမမြင် လူဝတ်လဲသူများဟု အထင်အမြင် လွဲမှားစရာ အကြောင်းရှိပေသည်။ ထို့ပြင် အချို့သော သီလကြောင်၊ သီလပျက် ရသေ့များကြောင့်လည်း မိမိတို့ တပဿရသေ့များအပေါ် အထင်အမြင်သေးနေကြသူများလည်း အများအပြားရှိပေသည်။

"စိတ်ချပါမိန်းကလေး၊ မောင်ကြီးဟာ ကျင့်ဝတ်သိက္ခာပုဒ်အားလုံးကို အစကပြန်ပြီး ဆောက်တည်ရတော့မှာပါ။ သည်တစ်ခါတော့ မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ထိန်းပြီး ရည်မှန်းချက် ပေါက်မြောက်အောင်မြင်သည်အထိ ကျင့်ကြံအားထုတ်သွားပါ့မယ်"

"ကောင်းပါလေ့မောင်ကြီးရယ်၊ မောင်ကြီးရဲ့သတင်းကောင်းကို စောင့်နားထောင်နေပါ့မယ်၊ မောင်ကြီးရဲ့အမည်နာမလေးတော့ ပြောခဲ့ဦးနော်"

"လူနာမည်တော့ မလိုတော့ပါဘူးကွယ်၊ မောင်ကြီးရဲ့ ရသေ့အမည်က ကဏ္ဍိပါဒတဲ့၊ အဲဒါ မောင်ကြီးရဲ့ ရည်မှန်းချက်လည်းဖြစ်တယ်၊ တန်ခိုးကဏ္ဍိပါဒ်တွေ ကြီးမားထက်မြက်အောင် လေ့ကျင့်ပြီးနောက် လောကရဲ့ အနှစ်သာရကို ရှာဖွေချင်တာပါပဲ"

"အကျွန်ုပ်နာမည်ကိုလဲ မှတ်ထားဦးနော်၊ နောင်မှာ လိုအပ်ရင် ရှာဖို့ပေါ့၊ အကျွန်တို့သားအမိကို ဆုံးမစရာရှိရင် ဆုံးမဖို့၊ ကူညီသင့်ရင် ကူညီဖို့လဲ မေ့မထားပါနဲ့နော်၊ အကျွန်ုပ်နာမည်က ဟေမာသီရိ တဲ့"



"ဟေမာသီရိ... ဟေမာသီရိ၊ ကောင်းပြီလေ၊ မောင်ကြီး မှတ်ထားပါ့မယ်၊ ဟေမာ ခဏစောင့်လိုက်ဦးနော်"

လုလင်ပျိုသည် ညောင်ပင်ရင်းတွင်တင်ထားသော ရသေ့ဝတ်သင်္ကန်းကို တရိုတသေလှမ်းယူပြီး သေသပ်စွာ လဲလှယ်ဝတ်လိုက်သည်။ ထို့နောက် အဖြူရောင်ဝတ်စုံကို သပ်ရပ်စွာခေါက်ကာ ဟေမာသီရိလက်ထဲသို့ လှမ်းပေးလိုက်၏။

"ဟေမာ - အဲဒီဝတ်စုံကို သိမ်းထားလိုက်၊ သားလေး အရွယ်ရောက်လာရင် ဝတ်ခိုင်းလိုက်၊ နတ်ဆက်တဲ့ ဝတ်စုံဆိုတော့ ထူးခြားမှာ အမှန်ပေါ့ကွယ်"

ဟေမာသီရိသည် မျက်ရည်ဝဲလျက်နှင့် ဝတ်စုံဖြူကို လှမ်းယူပြီး မိမိဝတ်ရုံအတွင်းသို့ ရင်ဘတ်ကြားမှ ထိုးထည့်လိုက်၏။

"ဟေမာ အသင်ပြန်နှင့်တော့၊ အချိန်လင့်နေမယ်၊ သင့်ရွာအဝင် မိုးချုပ်နေရင် မကောင်းဘူး"

"မောင်ကြီး၊ အင်းလေ၊ အသင်ရသေ့လေးသာ သွားနှင့်ပါ၊ အသင် ကျောခိုင်းသွားတာကိုသာ အကျွန် ကြည့်ပါရစေ၊ အကျွန်က အလျင် ကျောမခိုင်းပါရစေနဲ့"

ဟေမာသီရိသည် ကဏ္ဍိပါဒရသေ့ပျိုအား ထိုင်ကန်တော့သည်။ ကဏ္ဍိပါဒရသေ့ပျိုသည် အထူးအထွေစကား ဆိုမနေတော့ဘဲ ဟေမာသီရိကို ကျောခိုင်းပြီး ဟိမဝန္တာသို့သွားရာလမ်းအတိုင်း ထွက်ခွာခဲ့လေသည်။

ထိုမြင်ကွင်းသည် ဟေမာသီရိ၏ မျက်စိထဲတွင် စွဲထင်ကျန်ရစ်ခဲ့၏။ ထိုမြင်ကွင်းနှင့်အတူ ယှဉ်တွဲပေါ် ပေါက်လာသော ကြေကွဲဝမ်းနည်းစိတ်ကိုမျိုသိပ်လျက် ဟေမာသီရိသည် နောက်ကြောင်းပြန်လှည့်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်မည်ကိုစိုးရိမ်သဖြင့် ဟေမာသီရိသည် သစ်အယ်တောအုပ်ကို ခပ်သုတ်သုတ် ဖြတ်ခဲ့သည်။ သူမ ချန်ထားခဲ့သော ထင်းစည်းကိုလည်း ဝင်၍ ရွက်ဆောင်သွားမည်ဟု စဉ်းစားထားသည်။

ထင်းခုတ်ရာမှ ပြန်မလာခြင်းကို မိဘများ၊ ရွာကလူများ သိချင်မှ သိဦးမည်ဟု ဟေမာသီရိ တွက်ဆကြည့်သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့သည် မိမိတို့ရွာတွင် ရွာလုံးကျွတ် 'မီးနတ်ပူဇော်ပွဲကြီး' ကျင်းပနေသောကြောင့် ဖြစ်၏။ ရွာထိပ်ကွင်းပြင်တွင် မီးပုံကြီးဖိုပြီး ရွာလုံးကျွတ် မီးနတ်ပူဇော်ပွဲကြီး ကျင်းပနေကြသည်ဖြစ်ရာ ရုတ်ရုတ်သဲသဲနှင့်မို့ မိမိပျောက်ဆုံးနေသည်ကို သိချင်မှသိပေလိမ့်မည်။ နွားသတ်၍ စုပေါင်းချက်ပြုတ် စားသောက်ကြခြင်း၊ ဝိုင်းများဖွဲ့၍ ခေါင်ရည်သောက်နေကြခြင်း၊ သီချင်းဆိုကခုန်နေကြခြင်းဖြင့်သာ အလုပ်ရှုပ်နေကြပေလိမ့်မည်။

အမှန်လည်း ဟေမာသီရိ ပျောက်ဆုံးနေခြင်းကို မိဘများသော်မှ သတိမထားမိကြ။ မီးနတ်ပူဇော်ပွဲကြီး၏တစ်ထောင့်တစ်နေရာတွင် ပျော်ရွှင်ကခုန်နေလိမ့်မည်။ သို့မဟုတ် သောက်စားမူးယစ်နေလိမ့်မည် သို့မဟုတ် အချက်အပြုတ်လုပ်ငန်းများတွင် အလုပ်ရှုပ်နေလိမ့်မည်ဟု ထင်နေကြသည်။ ရှာလည်းမရှာ၊ ရှာဖို့လည်းမလို၊ သည်အချိန်သည် အပျိုလူပျိုများအတွက် အလွတ်လပ်ဆုံးအချိန်ဖြစ်၏။ အချို့လည်း သည်ပွဲတွင် ချစ်သူရှာကြ၏။ အချို့လည်း သည်ပွဲတွင် အိမ်ထောင်ကျသွားကြလေသည်။

ဟေမာသီရိ ထင်းစည်းနားရောက်တော့ နေဝင်ဖျိုးဖျ ဖြစ်နေပြီ။ ရွာဘက်ဆီမှ အုတ်အုတ်ကျက်ကျက် အသံများကိုလည်း ကြားနေရ၏။ 'မီးနတ်ပူဇော်ပွဲကြီး'ကား အရှိန်အဟုန် မြင့်တက်နေပေပြီ။ စင်စစ် ည



ရောက်လေ ပို၍ပျော်ဖို့ကောင်းလေဖြစ်၏။ ညသန်းခေါင်အချိန်ရောက်လျှင် ရွာသူရွာသားများအားလုံး အပျော်အပါးများရပ်ကာ မီးပုံကြီးကို ဝိုင်းပတ်၍ စုဝေးပြီးဆုတောင်းကြမည် ဖြစ်သည်။ နတ်ဆရာကြီးက ဦးစီး၍ အားလုံးသံပြိုင်ဆိုကာ သီးနှံအထွက်ကောင်းရေး၊ ရပ်ရွာငြိမ်းချမ်းသာယာရေး၊ ရွှေမြို့တော်တွင်နန်းစံနေသော မဟာရာဇာဘုရင်ကြီး ကျန်းမာစေရေးတို့အတွက် ဆုတောင်းတိုင်တည်ကြမည် ဖြစ်၏။ ထို့ပြင် ပုဂ္ဂိုလ်အသီးသီးတို့ကလည်း မိမိတို့လိုရာဆုကို တောင်းနိုင်ကြ၏။

ထိုဆုတောင်းပွဲကိုကား ဟေမာသီရိ ပါဝင်လိုပေသည်။ သူမသည် ယခု မိခင်လောင်းတစ်ဦးဖြစ်နေပြီ ထင်သည်။ မိခင်လောင်းတစ်ဦး ဖြစ်နေပါက သားအလှရတနာ ချောမောစွာဖွားမြင်နိုင်ရေးနှင့် သားအမိနှစ်ဦး၏ဘဝရေရှည်ရေးကို ဆုတောင်းဆန္ဒပြုလိုပေသည်။

ဟေမာသီရိသည် ထင်းစည်းကို မ,ချီ၍ သူမဘာသာပင့်ရန် ကြိုးစားစဉ် မနက်က အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်မိသည်။ လောကသည် ဆန်းကြယ်စွတကား။ မနက်ကပင် ဤထင်းစည်းနားမှနေ၍ သေ့ပျိုတစ်ဦး၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့၏။ ယခု ညနေစောင်းတွင်ကား ဤထင်းစည်းရှိရာသို့ပင် ပြန်ရောက်ခဲ့၏။

ဟေမာသီရိသည် ထင်းစည်းကို ခေါင်းနှင့်ရွက်၍ မီးနတ်ပူဇော်ပွဲကြီး ကျင်းပရာနေရာသို့ တန်းသွားသည်။ အိမ်ပြန်၍လည်း အဓိပ္ပာယ်မရှိ။ အိမ်သူအိမ်သားများလည်း ပွဲထဲမှာပင် ရှိကြမည်ဖြစ်၏။

ဟေမာသီရိသည်ပွဲတော်ကျင်းပရာနေရာရှိ ထင်းများထားရာနေရာတွင် ထင်းစည်းကို ပစ်ချလိုက်၏။ မလှမ်းမကမ်းမှ သူမ၏သူငယ်ချင်း အပျိုမတစ်ဦးက မြင်သွားရာ သူမကို လှမ်းအော်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟေမာသီရိ၊ အဲဒါ မနက်က ထင်းလား၊ အခုညနေမှ သွားခုတ်တဲ့ ထင်းလား"

ဟေမာသီရိက သူမ မေးသည်ကို မဖြေ။ သူမ ပြောလိုသည်ကိုသာ ပြန်ပြောလိုက်သည်။

"ကောင်မ၊ ငါ့ကို ခေါင်ရည်တစ်ကျည်တောက် သွားယူပေးစမ်းအေ၊ ငါမောလာတယ်"



www.burmeseclassic.com

www.burmeseclassic.com

# (၅)

မီးနတ်ကို ပူဇော်ထားသောမီးပုံကြီးသည် တဲအိမ်တစ်လုံးစာလောက်မျှရှိရာ ပတ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းနေ၏။

ရှာသူရှာသားများကား သူ့အသက်အရွယ်၊ သူ့ဝါသနာအလိုက် တစ်စုစီတစ်စုစီ ကခုန်ကြ၊ သီချင်းဆိုကြ၊ စကားပြောကြနှင့် ပွဲတော်တွင် ပါဝင်နေကြ၏။

ဟေမာသီရိနှင့် သူ့သူငယ်ချင်းမလည်း တစ်နေရာတွင်ထိုင်ကာ ခေါင်ရည်ကျည်တောက် တစ်ယောက်တစ်လုံးစီကိုင်၍ ဝါးပိုက် ကလေးများနှင့် စုတ်သောက်နေကြသည်။

သို့သော် နှစ်ယောက်တည်း ကြာကြာမထိုင်လိုက်ရ။

နတ်ဆရာကြီး၏သား သတ္တိဗလ ရောက်လာ၏။

“အမယ်၊ ဟေမာသီရိက ဒီမှာ ရောက်နေတာကိုး၊ ငါ တစ်နေ့လုံး နင့်ကို ရှာမတွေ့ဘူး၊ ဘယ်ချောင်ထဲ ရောက်နေတာလဲ”

“နင်တွေ့မှာစိုးလို့ ငါ့ကို နတ် က ဝှက်ထားတာ”



သတ္တိဗလသည် ဟေမာသီရိကို ပိုးပန်းနေသူဖြစ်၏။ ထို့ကြောင့်လည်း ဟေမာသီရိက သူ့ကို မလိုလားသည့်လေသံနှင့် ခွန်းတုံ့ပြန်လိုက်သည်။

“တော်စမ်းပါဟာ၊ နတ်က နင့်ကို ဘယ်လိုဝှက်ထားမှာလဲ၊ ကိုယ်လုံးကြီးနဲ့ ကွယ်ထားမှာလား”

“ကြည့်စမ်း၊ နင် နတ်ဆရာသားလုပ်နေပြီး နတ်ကိုမယုံဘူးလား၊ ငါ နင့်အဖေနဲ့ တိုင်ပြောမယ်”

“ရှီး-တိုးတိုးလုပ်ပါ ဟေမာသီရိရဲ့၊ ငါ့အဖေ တကယ်ကြားသွားဦးမယ်၊ ဒါပေမဲ့ဟာ ငါ နတ်မယုံဘူးဆိုတာ အဖေလည်း ရိပ်မိပါတယ်”

“နင်က ဘာလို့မယုံတာလဲ”

“နေဦးဟာ၊ ငါ ခေါင်ရည်ကျည်တောက်တွေ သွားယူဦးမယ်၊ ငါလည်း သည်မှာလာဝိုင်းမယ်”

ခဏအတွင်းမှာပင် သတ္တိဗလသည် ခေါင်ရည်ကျည်တောက် ငါးလုံးကိုပွေ့ပြီး ပြန်လာသည်။ လက်တစ်ဖက်ကလည်း အမဲသားကင် ငါးတွဲခန့် ဆုပ်ကိုင်လာသေးသည်။

“စားကြဟေ့၊ နွားသတ်တာ အကောင်နှစ်ဆယ်မြောက် ရှိသွားပြီ၊ ငါဆို ထမင်းတောင်မစားဘူး၊ တစ်နေ့လုံး ခေါင်ရည်နဲ့ အမဲသားနဲ့ပဲ မြည်းနေတာ၊ အခုမှ ဟေမာသီရိနဲ့တွေ့လို့ ပြန်ဆာလာတာ”

သတ္တိဗလက နည်းနည်းလေးတော့ ထိလိုက် ရိလိုက်ရသေးသည်။

“ဆာတာများ နင့်ဟာနင် အစားပုပ်လို့ဆာတာ၊ ငါနဲ့တွေ့တာ မတွေ့တာနဲ့ ဘာမှမဆိုင်ဘူး၊ ကဲ- ပြောစမ်းပါဦး၊ နင်က ဘာဖြစ်လို့ နတ်ကို မယုံတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



“အေး - ပြောပါ့မယ်၊ ငါက နတ်ဆရာသားဆိုတော့ အကြောသိနေလို့ မယုံတာပေါ့၊ နတ်ဆိုတာ လူက လုပ်ထားတာလို့ပဲထင်နေတယ်”

“အင်း-ပြောစမ်းပါဦး”

အများနှင့်ဆန့်ကျင်ဘက်အမြင်တစ်ခုမို့ ဟေမာသီရိ စိတ်ဝင်စားသည်။ ပြီးတော့ သတ္တိဗလ၏ရိုးသားပွင့်လင်းမှု၊ ရှင်းရှင်းပြတ်ပြတ် ပြောတတ်မှုများကိုလည်း သူမသဘောကျသည်။ မိမိလက်ခံသည်၊ မခံသည်ထား နားထောင်ပြီး စဉ်းစားရန်လိုသည်ဟုလည်း မြင်သည်။

“ဒီလိုဟ၊ ငါ့အဖေက နတ်ဆရာလုပ်တဲ့အပြင် ဆေးလည်းကုတာ နင်တို့အသိသားပဲ၊ တစ်ခါက ဝမ်းကိုက်တဲ့ လူနာတစ်ယောက် အဖေ့ဆီ ဆေးလာကုတယ်၊အဖေက အဲဒီလူနာကို ရိုးရိုးဆေးနဲ့ မရတော့ဘူး နတ်ပေးတဲ့ဆေးနဲ့မှ ရမယ်ဆိုပြီး နတ်ကို ရှိခိုးခိုင်းတယ်။ သူတို့နဲ့ဆိုင်တဲ့ ရိုးရာနတ်ပေါ့ဟာ၊ နတ်နာမည်တွေကများလွန်းတော့ ငါလည်း မမှတ်မိတော့ဘူး”

“အေးပါ၊ ထားလိုက်ပါတော့၊ ပြောပါဦး”

ဟေမာသီရိ စိတ်ဝင်စားသည်ဆိုတော့ သတ္တိဗလကလည်း အားရပါးရ ပြောပြသည်။ သူက တစ်ဖက်သတ်ကြိုက်နေရသူကိုး။

“ပြီးတော့ အဖေကလည်း အဲဒီနတ်ကို တိုင်တည်ပြီးတော့ လေထဲမှာ လက်ဝှေ့ရမ်းလိုက်တယ်၊ အဖေ့လက်ထဲမှာ ဝါးဘူးကလေးတစ်ဘူး ပါလာတယ်၊ ဝါးဘူးကလေးကိုဖွင့်ပြတော့ အထဲမှာ ဆေးမှုန့်တွေပါတယ်လေ၊ အဲဒါနတ်ပေးတဲ့ဆေးပဲ၊ ယူလိုက်တော့ဆိုပြီး လူနာကိုပေးလိုက်တယ်၊ ပြီးတော့ အဖေက မျက်စိမှိတ်ပြီး နတ်နဲ့စကားပြောသလို ပါးစပ်ကလည်း ပွစိပွစိလုပ်တယ်၊ ပြီးတော့မှ အဲဒီဆေးကို တစ်နေ့ ဘယ်နှခွက်သောက်၊ ဘယ်လောက်သောက်၊ ဘာမစားနဲ့၊ ညာမစားနဲ့ဆိုပြီး လူနာကို



ညွှန်ကြားလိုက်တယ်၊ လူနာလည်း အဲဒီဆေးကို နှစ်ရက်လောက်သောက်လိုက်တာ ပျောက်သွားရော”

သတ္တိဗလက ပြောရင်းတဲတွေးမြိုလိုက်သဖြင့် စကားပြတ်သွားသည်။ ဟေမာသီရိက စိတ်အားထက်သန်နေသဖြင့် အတင်းလိုက်မေးသည်။

“ဟဲ့ - အဲဒါ တကယ်နတ်က ပေးတာမဟုတ်ဘူးလား”

“ဘယ်ကဟုတ်ရမှာလဲ၊ အဲဒီ ဝါးဘူးလေးက ငါကိုယ်တိုင် အဖေ့ကိုလုပ်ပေးထားတာ၊ ဆေးတွေက အဖေကိုယ်တိုင် တောထဲကရှာထားတဲ့ ဆေးမြစ်တွေကို ထုထောင်းထားတာ၊ အဖေက အဲဒီဆေးဘူးလေးကို လေထဲကဆွဲယူလိုက်တာက ပဥ္စလက်နည်းပေါ့ဟာ၊ လက်လှည့်လို့လည်း ခေါ်တယ်”

“ဟင် - ဟုတ်လား”

ဟေမာသီရိသည် အထိတ်တလန့် သူ့ရင်ဘတ်ကို ဖိလိုက်သည်။ သတ္တိဗလနှင့် သူငယ်ချင်းမတို့၏ အမြင်မှာတော့ ရင်သပ်ရှုမော တအံ့တသြဖြစ်သွားသည့် ဟန်ပန်။ သို့သော် ဟေမာသီရိ၏ရင်တွင်းခံစားမှုကမူ အမှန်တကယ် ထိတ်လန့်သွားဖြင်းဖြစ်၏။ သူမ၏ရင်ဘတ်ကို ဖိလိုက်ခြင်းမှာ ဝတ်ရုံအင်္ကျီအောက် ရင်ဘတ်ကြားတွင် ထည့်ထားခဲ့သော ဣန္ဒိပါဒရသေ့ပေးလိုက်သည့် ဝတ်စုံဖြူကို စမ်းသပ်ကြည့်မိခြင်းပင်တည်း။ ဤအဖြူရောင်ဝတ်စုံသည်လည်း နတ်ဆက်သော ဝတ်စုံ ဖြစ်သည်ဟု ဣန္ဒိပါဒရသေ့ပျိုက ပြောကြားခဲ့သည် မဟုတ်လော။ ဤစကားသည်လည်း မုသားစကားမဟုတ်ပါဟု မိမိကို မည်သူအာမခံပါမည်နည်း။

“နင့် အဖေကလည်းဟယ်၊ ဘာဖြစ်လို့ လိမ်ရတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟောမာသီရိက စိတ်မကောင်းသည့်မျက်နှာနှင့် မေးလိုက်ပြန်သည်။

"အေး ငါလည်း အဲဒီလိုပဲ အဖေ့ကို မေးကြည့်တယ်ဟ၊ အဖေက ပြောတယ်၊ လိမ်တော့မလိမ်ဘူး' ပရိယာယ်သုံးတာတဲ့၊ လူနာက နတ်ကို ယုံကြည်တဲ့လူဆိုတော့ နတ်ပေးတဲ့ဆေးဆိုရင် မုချ ရောဂါပျောက်မှာ ပဲလို့ ယုံကြည်သွားတာပေါ့၊ အဲဒီယုံကြည်မှုရဲ့ အစွမ်းကတစ်ဝက်၊ ဆေး ရဲ့အစွမ်းက တစ်ဝက်ဖြစ်သွားပြီး လူနာကို ရောဂါမြန်မြန်ပျောက် အောင်လို့တဲ့"

သတ္တိဗလ မရိပ်မိသော်လည်း ဟောမာသီရိ သိသိသာသာ မျက် နှာပျက်သွား၏။ သည်အတိုင်းဆိုလျှင် ဣဒ္ဓိပါဒရသေ့ပျိုသည် ရက္ခစိုး ကြီးနှင့်တွေ့ရသည့်ဇာတ်လမ်းကို ဖန်တီးပြီး မိမိ သူ့ကို ဆက်လက် မနှောင့်ယှက်နိုင်အောင် ပရိယာယ်ဆင်၍ ပြန်လွှတ်ခြင်းပေလော။ သူမ ၏အတွေးထဲတွင် သို့လော၊ သို့လော သံသယပွားမှုများ ဆက်တိုက် ပေါ်ပေါက်လာလေသည်။ ရက္ခစိုးကြီးကို မိမိကိုယ်တိုင် မတွေ့ခဲ့ရလေ တော့ ဒွိဟမမှ ယုံကြည်ရန် ခက်ခဲနေပေသည်။

"တချို့လူနာတွေကျတော့ အဖေက တစ်မျိုးလုပ်တယ်ဟ၊ ဘယ် နတ်က ဘယ်လိုအိပ်မက်ပေးတယ်။ ဘယ်သစ်ပင်အောက်မှာ သွားတူး ကြည့်၊ ဘာဆေးမြစ်တွေ့မယ်ဆိုပြီး အဲဒီဆေးမြစ်ကို အဖေကိုယ်တိုင် သွားတူးပြီး မြှုပ်ထားတာဟ၊ အဲဒီအကြောင်းတွေ နင်တို့ သိထားရင်မြ ရောနော်၊ လျှောက်မပြောနဲ့၊ အဖေပြန်ကြားရင် ငါ့ကို အိမ်ပေါ်က နှင်ချမှာ"

ဟောမာသီရိ၏ရင်သည် ပူလာ၏။ ဣဒ္ဓိပါဒရသေ့ပျိုသည် ရက္ခစိုး ဇာတ်လမ်းဆင်ပြီး သူ့ကို ပြန်ခိုင်းလိုက်ခြင်းဖြစ်သည်ဟု ယူဆရမည် ဖြစ်နေသည်။ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းမရှိဘဲ မိမိတွင် သ



တည်နိုင်သည်ဟု သူက ယုံလောက်အောင်ပြော၍ မိမိက ယုံခဲ့သည်။ မိမိမှာ မိခင်လောင်း ဖြစ်မဖြစ် သေချာဖို့ဆိုလျှင် နောက်ထပ် တစ်လခန့် စောင့်ကြည့်ရဦးမည် မဟုတ်ပါလော။ စင်စစ် ဤတစ်လသည်ပင် သိပ် မသေချာသေး။ ရောဂါထွေပြား၍လည်း မိမိမှာ ဓမ္မတာလာချိန် မလာ ခြင်း ဖြစ်နိုင်သေးသည်။ သုံးလေးလစောင့်ကြည့်ပြီး ကိုယ်ဝန်အရင့် အမာပေါ်လာမှ သေချာပေတော့မည်။

"အဲဒီတော့ နင်တို့ စဉ်းစားကြည့်ပေါ့ဟာ၊ နတ်ဆရာသားလုပ်ပြီး နတ်မယုံကြည်တာ ဘာဆန်းသလဲ"

ဟောမာသီရိက သတ္တိဗလစဉ်းစားခိုင်းသည်ကို စဉ်းစားသယောင်နှင့် ခေါင်ရည်ဘူးထဲမှဝါးပိုက်ကို မျှင်း၍ စုပ်နေလိုက်သည်။ ဟောမာသီရိ ငြိမ်နေသောအခါ သတ္တိဗလရော သူငယ်ချင်းမပါ ငြိမ်ပြီး ခေါင်ရည် များစုပ်နေကြသည်။

ဟောမာသီရိသည် ဣဒ္ဓိပါဒရသေ့ပျိုနှင့်ပြောခဲ့ကြသောစကားများ၊ အဖြစ်အပျက်များကို ပြန်လည်သုံးသပ်မိနေခြင်း ဖြစ်သည်။ မိမိသည် ဣဒ္ဓိပါဒရသေ့ပျိုပြန်ပြောပြသော ရက္ခစိုးကြီးနှင့်တွေ့ဆုံခန်းကို ယုံစား မိခဲ့သည်ဖြစ်၍ အပြန်လမ်းတစ်လျှောက် စိတ်တည်ငြိမ်စွာ ပြန်လာ နိုင်ခဲ့သည်။ မိမိကိုယ်မိမိလည်း မိခင်လောင်းတစ်ဦးဖြစ်ပြီဟု ယူဆခဲ့ သည်။ မကြာမီ အချိန်အတောအတွင်း၊ ရက်ပိုင်း၊ လပိုင်းအတွင်းမှာပင် မိမိကို မင်းညီမင်းသားတစ်ပါးက လာရောက်တော်ကောက်ပြီး ရွှေမြို့ တော်သို့ လိုက်ပါရကာ ရွှေနန်းတော်သို့ရောက်သွားလိမ့်မည်ဟု လည်း တစ်ထစ်ချခဲ့သည်။ ယခုတော့ ထိုဟောကိန်းများသည် မှန်ချင်မှမှန်ပေ လိမ့်မည်ဟု သံသယဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ဣန္ဒီပါဒရသေ့ပျိုသည် မိမိကိုပရိယာယ်သုံး၍ ဇာတ်လမ်းဆင်လမ်းစဖြတ်ခဲ့သည်ဆိုလျှင် မိမိမှာ ရုပ်ခန္ဓာအရ အပျိုရည်ပျက်ရခြင်းပင်မရှိ၍ အရှုံးတော့မရှိ။သို့သော် နှလုံးသားဝေဒနာအရမူ ကြေကွဲစွာ ခံစားခဲ့ရသည်ဖြစ်၍လည်းကောင်း၊ မိမိက စွန့်လွှတ်ခြင်းဖြင့် မိမိအချစ်ကို ပြသခဲ့ခြင်းဖြစ်၍လည်းကောင်း၊ အလိမ်ခံရခြင်းသာ ဖြစ်ပါမူ မိမိ၏နှလုံးသားနှင့်စိတ်ဓာတ်ကို အစော်ကားခံရခြင်းပင်တည်း။ မိမိသည် အလိမ်ခံရသည်ဖြစ်ပါမူ ဣန္ဒီပါဒရသေ့ပျိုကို တစ်သက်ကြေဖွယ်ရာမရှိ။ သူပေးလိုက်သောအဖြူရောင်ဝတ်စုံကိုလည်း အပိုင်းပိုင်းဆုတ်ဖြဲပစ်ရုံသာရှိသည်။ သူ့ကိုလည်း တွေ့သည့်နေရာတွင် ရန်တွေ့အရှက်ခွဲပစ်မည်။

"နေနှင့်ဦးပေါ့ ဣန္ဒီပါဒရယ်"

ဟေမာသီရိက စဉ်းစားရင်း စဉ်းစားရင်း ဒေါသဖြစ်လာ၍ လွှတ်ခနဲရေရွတ်မိသည်ကို သတ္တိဗလက သူ့ကို ကြိမ်းမောင်းရေရွတ်သည်ဟု ထင်သည်။

"ဟင်-ငါ့ကို ဘာလို့ ကြိမ်းနေရတာလဲဟ"

"ငါက ဘာကြိမ်းလို့လဲ"

"နင်ပဲ ခုန နေနှင့်ဦးပေါ့ သတ္တိဗလရယ်ဆို"

စိတ်ညစ်ရသည့်အထဲ ဟေမာသီရိရယ်ဖြစ်သည်။ သူမက အားရအောင်ရယ်ပြီး စကားကို ဖာထေးလိုက်၏။

"ဒါကတော့ဟာ အခု နင်ပြောတာတွေ သိထားရတော့ နင့်ကို နိုင်ပေါက်ရထားလိုက်တာကိုး၊ နောက်များ ငါ့ကို နှောင့်ယှက်တာတွေ ဘာတွေလုပ်လာရင် ငါက နင့်အဖေဆီသွားပြီး နင် အဲဒါတွေ လျှောက်ပြောနေတယ်လို့ တိုင်ပြောမှာ"



သတ္တိဗလကတော့ တကယ်လန့်သည်။

"မလုပ်ပါနဲ့ ဟေမာသီရိရယ်၊ အဖေက ကြိမ်နဲ့ဆော်ပြီး အိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းခိုင်းမှာ၊ ငါ့ကိုချစ်ရင် အင်းလေ၊ မချစ်တောင်မှ သနားရင် သွားတော့မတိုင်လိုက်ပါနဲ့ဟာ"

"မတိုင်စေချင်ရင် ငါ့ကိုမနှောင့်ယှက်နဲ့၊ အခုလိုပဲ သူငယ်ချင်းလို ရိုးရိုးခင်၊ ဒါပဲ"

သတ္တိဗလက ခေါင်းကုတ်သည်။

ထိုအခိုက် လူအများ၏ ဟေးခနဲ၊ ဟေးခနဲ သံပြိုင်အော်ဟစ်သံများ ကြားရသဖြင့် သူတို့သုံးဦးသား လှည့်ကြည့်ဖြစ်ကြသည်။

မီးပုံကြီးသည် အစိမ်းရောင်၊ အပြာရောင်၊ အနီရောင် ရောင်စုံမီးတောက်များနှင့် ဟုန်းခနဲ၊ ဟုန်းခနဲ ထတောက်သည်။ မီးပုံကြီးထဲသို့ နတ်ဆရာကြီးက မာန်ပါပါ လက်ဖြင့်မြှောက်ကာ တစ်စုံတစ်ခုကို ပစ်သွင်းနေခြင်းဖြစ်သည်။ သူပစ်သွင်းလိုက်တိုင်း မီးပုံကြီးက အရောင်တစ်မျိုးဖြင့် ဟုန်းခနဲ၊ ဟဲခနဲ ထတောက်သည်။

"အဲဒါ ဆေးမှုန့်တွေပစ်ထည့်တာဟ၊ ငါ့အဖေ ထုထောင်းပြီး စုထားတာ"

သတ္တိဗလက မိတ်ဆက်သည်။

နှစ်စဉ် မီးနတ်ပူဇော်ပွဲ ကျင်းပတိုင်း ဤအချိန်ရောက်လျှင် မီးပုံကြီးကို ရောင်စုံမီးတောက်များဖြစ်ပေါ်အောင် နတ်ဆရာကြီးက ပြုလုပ်မြဲဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းသည် ညဉ့်နက်လာပြီဖြစ်ကြောင်း၊ အပျော်လွန်နေသော ပရိသတ်ကို သတိပေးခြင်းဖြစ်၏။ သန်းခေါင် စုပေါင်းဆုတောင်းပွဲ အစီအစဉ်စမည်ဖြစ်ရာ တာဝန်ခံလူကြီးများက ပြင်ဆင်သင့်သည်များကို ပြင်ဆင်ထားနိုင်ကြရန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဗလက ဟေမာသီရိနှင့် သူမ၏အဖော်ကို နှုတ်ဆက်သည်။

“ငါ သွားတော့မယ်နော်၊ မီးပုံကြီးမှာ ရောင်စုံမီးတောက်တွေ ပေါ်ပြီးရင် ငါ့ကိုသူ့အနားလာနေဖို့ အဖေကမှာထားတယ်”

သတ္တိဗလ ထွက်သွားသောအခါ သူငယ်ချင်းမက ဟေမာသီရိကို မေးသည်။

“တို့ ဘာလုပ်မလဲ၊ ကနေတဲ့အဖွဲ့တွေနဲ့ သွားရောမလား”

“နင်သွားရောချင်ရောလေ၊ ငါတော့ မပါချင်ဘူးဟာ၊ ဒီည ငါမပျော်ဘူး”

ဟေမာသီရိက ရင်ထဲရှိသည့်အတိုင်း ဖွင့်ပြောလိုက်သည်။ သူငယ်ချင်းမက ပျော်ချင်သေးဟန်တူသည်။ နှုတ်ဆက်ပြီး ပြေးထွက်သွား၏။ ဟေမာသီရိသည် လူငယ်ဝိုင်းများကိုရှောင်ပြီး လူကြီးဝိုင်းများကို ဝိုင်းတိုင်းဝိုင်းတိုင်း လိုက်ကြည့်သည်။ မိခင်ကိုတွေ့လို၍ ဖြစ်သည်။ နေရာအနှံ့ရောက်ပြီး ပွဲတော်ကြီးကို တစ်ပတ်ပတ်မိလုနီးခါမှ အဘွားအိုဝိုင်းတစ်ဝိုင်းတွင် အမေ့ကို သွားတွေ့သည်။ အမေမျက်လုံးတို့ ခေါင်ရည်တန်ခိုးနှင့် ရီဝေနေပြီ။ သူမကိုမြင်သောအခါ အမေက အော်ကြီးဟစ်ကျယ်ပြောသည်။

“ဟဲ့-ဟေမာသီရိ အခုမှပေါ်လာတော့တယ်၊ တစ်နေ့လုံး ယောကျ်ားကလေးတွေ၊ မိန်းကလေးတွေ နင့်ကို လာမေးနေလိုက်ကြတာ အများကြီး၊ ငါကပြောလိုက်တယ်၊ ရည်စားနဲ့ ချိန်းတွေ့နေတာဖြစ်မှာပေါ့လို့”

ဟေမာသီရိ ပြုံးမိသည်။ နှစ်စဉ် မီးနတ်ပူဇော်ပွဲကြီးရောက်တိုင်း မည်သူမဆို လင်မေ့၊ မယားမေ့၊ သားမေ့၊ သမီးမေ့ ပျော်တတ်ကြ၏။ ယနေ့အဖို့ မိမိသည် ဣန္ဒြိယပါဒရသေ့ပျိုနောက် ကောက်ကောက်ပါ



အောင် လိုက်သွားခဲ့လျှင်လည်း အမေတို့ သိမည်မဟုတ်။ နောက်တစ်နေ့မနက် အိမ်ပြန်မရောက်မှ သိပေလိမ့်မည်။

“ဘာလုပ်မလို့လဲ ဟေမာသီရိ၊ နင့်ဟာနင် သွားက,နေပါလား၊ ဒါမှမဟုတ် သီချင်းသွားဆိုနေပါလား၊ လူကြီးဝိုင်းထဲ ဘာလာရှုပ်တာလဲ”

“အမေ့ကို မေးစရာရှိလို့”

“ဘာမေးမလို့လဲ၊ မေးလေ”

“အမေနဲ့ နှစ်ယောက်ချင်း မေးချင်တာ၊ အမေကလဲ အမေရယ်၊ အပြင်ခဏ ထွက်လိုက်ခဲ့ပါလား”

ဘေးနားကအဘွားကြီးက အမေ့ကို တွန်းလွှတ်ရင်း နောက်ပြောင်လိုက်သေးသည်။

“ဟေမာသီရိက သူ့သူငယ်ချင်းကိစ္စ တိုင်ပင်မလို့ဖြစ်မှာပေါ့ အမေကြီးရဲ့၊ လိုက်သွားလိုက်လေ”

ခပ်လှမ်းလှမ်းရောက်တော့ ဟေမာသီရိက မိခင်ကို တိုးတိုးမေးသည်။

“အမေ၊ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ရဲ့လက်ကိုကိုင်ရုံနဲ့ ကိုယ်ဝန်ရှိနိုင်သလားဟင်”

“ကြံကြီးစည်ရာအေ၊ တောက်တီးတောက်တဲ့၊ ညည်း ဘာတွေလာမေးနေတာလဲ”

“မဟုတ်ပါဘူးအမေရဲ့၊ သိချင်လို့ပါ”

“ဘယ်ရှိနိုင်ပါ့မလဲဟဲ့၊ ဘာမှမဖြစ်ဘူး”

“တကယ်လို့ နတ်တွေကူညီရင်ကော”

“နတ်တွေကူညီရင်၊ ဟဲ့-အဲဒါတော့ ငါလည်း ဘယ်သိပါ့မလဲ၊ နတ်ဆရာကြီး သွားမေးကြည့်မှ သိမှာပေါ့၊ ဒါပေမဲ့ ငါ့တစ်သက်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုး တစ်ခါမှမကြားဖူးပါဘူး၊ ကဲ-မိဟေမာ၊ ငါ့ကိုပြောစမ်း၊ ညည်း အဲဒါတွေ ငါ့ကို ဘာလို့လာမေးနေတာလဲ၊ ညည်းမှာ ပြဿနာတွေ ဘာတွေဖြစ်ရင် ငါ့ကိုပြောနော်၊ မြုံမထားနဲ့"

"ဘာမှမဖြစ်ပါဘူးအမေ၊ သမီးတို့သူငယ်ချင်းတွေ ငြင်းခုန်နေကြလို့ပါ၊ သူတို့ကလေ နတ်ကကူညီရင် ဟို-ဟို-ဖြစ်တယ်တဲ့"

"ပေါက်တတ်ကရတွေဟယ်၊ နင်တို့မို့ ဒါမျိုးငြင်းကြတယ်၊ နောက်မငြင်းနဲ့၊ သိချင်ရင် နတ်ဆရာကြီး သွားမေးကြည့်ကြ၊ အခုတော့ သွားမမေးကြနဲ့၊ သူက အလုပ်ရှုပ်နေတာ၊ ရိုက်လွှတ်လိမ့်မယ်"

"ကြံကြံဖန်ဖန်အမေရယ်၊နတ်ဆရာကြီးတော့ ဘယ်သူမှ သွားမမေးရဲပါဘူး၊ရှက်စရာကြီး၊ အမေ့မို့ လာမေးတာ"

"တော်-တော် မဟုတ်တာတွေ လာမေးမနေနဲ့၊ သွားတော့"

"မသွားတော့ဘူးအမေ၊ သမီး အိပ်ချင်တယ်၊ အမေတို့ စကားဝိုင်းနားမှာပဲ လှဲအိပ်နေတော့မယ်"

"အေး - ဒါဆိုလည်း လာ၊ ဆုတောင်းပွဲအချိန်ကျရင် ပြန်ထရမှာနော်"

ဟေမာသီရိသည် အမေတို့စကားဝိုင်းတွင် အမေ့ပေါင်ပေါ်နားကပ်၍ မြေပြင်တွင်ပင် ခွေလှဲအိပ်လိုက်သည်။ အမေက သူခြုံထားသောခြုံစောင်ကလေးနှင့် လွှမ်းပေးလိုက်သောကြောင့် နွေးထွေးသွားသည်။ အမေတို့စကားဝိုင်းကတော့ ရောက်တတ်ရာရာ၊ ဟေမာသီရိ၏ စိတ်ကူးကတော့ ဣန္ဒြိယဗေဒရသေ့ပျို့နှင့် သူမတို့၏ပြဿနာ။ စင်စစ် မျက်စိမှိတ်ထားသော်လည်း အိပ်၍မပျော်ပေ။



www.burmeseclassic.com

www.burmeseclassic.com

## (၆)

“ဟေမာသီရိ၊ ထ-ထ- ဆုတောင်းပွဲအချိန်ရောက်ပြီ”

အမေ့ခေါ်သံနှင့်အတူ ဟေမာသီရိလည်း ထရပ်လိုက်သည်။

လူအားလုံး တရှန်းရှန်းနှင့် မီးပုံကြီးရှိရာသို့ ဦးတည်သွားနေကြ၏။ မီးပုံကြီးကား ထင်းများ အဆက်မပြတ်ဖြည့်ထား၍ အရှိန်အဟုန်ပြင်းစွာ တောက်လောင်နေသည်။

မီးပုံကြီးကိုကျောခိုင်း၍ ရွာသူကြီးနှင့်နတ်ဆရာကြီးတို့ ရပ်နေကြသည်။ လှံတစ်ချောင်းကို တောင်ဝှေးနှယ်ထောက်၍ရပ်နေသည့် ရွာသူကြီးက ဘယ်ဘက်တွင်ရပ်ကာ မြွေတစ်ကောင်နှယ် တွန့်လိမ်ကွေ့ကောက်နေသောတောင်ဝှေးကိုထောက်၍ရပ်နေသော နတ်ဆရာကြီးက ညာဘက်မှာနေသည်။

ရွာသူကြီး၏ညာဘက်တွင် ကျေးရွာလူကြီးဆယ်ဦးက မြေပြင်တွင် တင်ပလ္လင်ခွေ၍ စီတန်းထိုင်နေကြသည်။ နတ်ဆရာကြီး၏ဘယ်ဘက်တွင်လည်း နတ်ဆရာကြီး ၁၀ဦးသည် မြေပြင်တွင် တင်ပလ္လင်ခွေ၍ စီတန်း ထိုင်နေကြသည်။ ထိုနတ်ဆရာ ၁၀ဦးတွင် နတ်ဆရာကြီး၏သား



သတ္တိဗလလည်း ပါသည်။ သူက သူ့အဖေနှင့် အနီးဆုံးနေရာတွင် ထိုင်နေသည်။

နတ်ကိုမယုံကြည်သူက နတ်ဆရာအဖြစ် ခပ်တည်တည် ထိုင်နေရခြင်းသည် ကသိကအောက် ဖြစ်နေပေလိမ့်မည်ဟု ဟေမာသီရိ မှတ်ချက်ချမိသည်။

လူပရိသတ်ကြီးက သူတို့ကို မျက်နှာမူ၍ နေရာယူရသည်။ ဘယ်ညာနှစ်ပိုင်းခွဲထား၏။ အလယ်ကောင်တွင် မင်းလမ်းထားပေးရသည်။ ဘယ်ဘက်သည် မိန်းမပိုင်းဖြစ်၍ ညာဘက်သည် ယောကျ်ားပိုင်းဖြစ်သည်။ မိန်းမပိုင်းဖြစ်စေ၊ ယောကျ်ားပိုင်းဖြစ်စေ ဆယ်ကျော်သက်များက ရှေ့ဆုံးကနေရာယူရ၏။ သူတို့နောက်က ပျိုရွယ်သူများ၊ သူတို့နောက်က အိမ်ထောင်သည်များနှင့် သက်ကြီးရွယ်အိုများ။ ငယ်ရွယ်လွန်းသောကလေးများကမူ မိဘအိုးဘွားများနှင့်အတူ နေရသည်။

ပရိသတ်ကြီး စုဝေးမိသွားသောအခါ နတ်ဆရာကြီးက တောင်ဝှေးကိုင်မ,ထားသော ဘယ်လက်ကိုမြှောက်၍ ပြထားသည်။ အားလုံးငြိမ်သက်ရမည့်သဘော။ တစ်ခဏအတွင်း စကားပြောသံများ တိုးတိတ်ပြီး ငြိမ်သက်သွား၏။

နတ်ဆရာကြီးက လက်ကိုပြန်ချလိုက်၏။ ရွာသူကြီးက စကားစပြောသည်။

“ဒီနေ့ မီးနတ် ပူဇော်ပွဲကြီးရဲ့ ဆုတောင်းပွဲကတော့ ခါတိုင်းနှစ်တွေလို အစီအစဉ်တွေကို နတ်ဆရာကြီးဦးဆောင်ပြီး ပြုလုပ်သွားပါမယ်။ ဒါပေမဲ့ ဒီနေ့ ထူးခြားတဲ့အစီအစဉ်တစ်ခု ပါလာတယ်၊ အဲဒီအစီအစဉ်ကို ဆုတောင်းပွဲအပြီးမှာ ကြေညာပါမယ်၊ ကျွန်ုပ်အနေနဲ့ ထွေခြားပြောစရာမရှိတော့ပါဘူး၊ ဆုတောင်းပွဲကို နတ်ဆရာကြီးဦးစီးပြီး ဆက်လုပ်ပါလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီးက သူ့စကားကို တိုတိုတုတ်တုတ်ပင် နိဂုံးချုပ်လိုက်သည်။ 'ထူးခြားတဲ့အစီအစဉ်'ဆိုသော စကားတစ်ခွန်းကြောင့် ပရိသတ်ကြီး လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ဘယ်လိုထူးခြားတဲ့ အစီအစဉ်လဲ၊ ဘေးဘီကို တံတောင်နှင့်တွက်၍၊ ပခုံးချင်းတိုက်၍ တီးတိုးမေးမြန်းကြသည်။ တစ်ယောက်ချင်းအဖို့ တီးတိုးသံဖြစ်သော်လည်း လူဦးရေငါးရာကျော်သော လူအုပ်ကြီးအတွင်း တီးတိုးသံများ စုပေါင်းလိုက်သောအခါ အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေသည်။

နတ်ဆရာကြီးက လက်မြှောက်၍ အချက်ပေးရပြန်သည်။

ထို့နောက် နတ်ဆရာကြီးက ဆုတောင်းပွဲအစီအစဉ်ကို ကြေညာသည်။

"ဆုတောင်းပွဲအစီအစဉ်ကတော့ နှစ်စဉ်ကျင်းပခဲ့တဲ့ ဓလေ့ထုံးစံ အစဉ်အလာအတိုင်းပါပဲ၊ ရှေးဦးစွာ မီးနတ်မင်းကြီးရဲ့ ဂုဏ်ပုဒ်တွေကို ချီးကျူးဂုဏ်ပြုခြင်း၊ မီးနတ်မင်းကြီးထံမှ ကရုဏာတော်များကို တောင်းခံခြင်းတို့ကို ကျွန်ုပ်တစ်ဦးတည်းက ရွာသူရွာသားများကို ကိုယ်စားပြု လုပ်ပါ့မယ်၊ ဒုတိယအနေနဲ့ ကျွန်ုပ်က တိုင်ပေးတဲ့ဆုတောင်းတွေကို ရွာသူရွာသားအားလုံးလိုက်ဆိုပြီး ဆုတောင်းပါ့မယ်။ တတိယအနေနဲ့ ကျွန်ုပ်တို့အားလုံး ငြိမ်သက်စွာနဲ့ ကိုယ်လိုချင်တဲ့ဆုအသီးသီးကို စိတ်ထဲကနေ တောင်းကြရပါ့မယ်၊ စိတ်ထဲက ဆုမတောင်းတတ်သူများ ပါးစပ်က တိုးတိုးရွတ်ပါ၊ ဘေးလူကို အနှောင့်အယှက် မဖြစ်ပါစေနဲ့၊ စတုတ္ထအနေနဲ့ မီးနတ်မင်းကြီးကိုပူဇော်ထားတဲ့ မီးပုံကြီးထဲကို အမွှေးနံ့သာခဲများပစ်သွင်းပြီး အမွှေးရနံ့ဖြင့် ပူဇော်ခြင်းဖြစ်ပါတယ်၊ ပဉ္စမအနေနဲ့ကတော့ ကျွန်ုပ်နှင့်တကွ ရွာသူကြီးများ၊ ရွာလူကြီးအဖွဲ့ဝင်များ၊ နတ်ဆရာများဦးစီးတဲ့ ရွာသူရွာသားအားလုံးဟာ မီးပုံကြီးကို လက်ယာ



ရစ်လှည့် ရှိခိုးအရိုအသေပြုပြီး မိမိအိမ်မိမိ ပြန်ကြဖို့ဖြစ်ပါတယ်၊ ဒါပေမယ့် ဒီနေ့မှာ 'ထူးခြားတဲ့အစီအစဉ်တစ်ခု' ဝင်လာတဲ့အတွက် အဲဒီအစီအစဉ်ကို ပဉ္စမနေရာမှာ ထိုးထည့်ရပါမယ်၊ မီးနတ်မင်းကြီးကို ပူဇော်ထားတဲ့မီးပုံကြီးရှေ့မှာ၊ ဒါမှမဟုတ် မီးနတ်မင်းကြီးရဲ့ရှေ့မှာလို့ တင်စားပြောလို့ရပါတယ်။ အဲဒီလို မီးနတ်မင်းကြီးရဲ့ရှေ့တော်မှောက်မှာ 'ထူးခြားတဲ့အစီအစဉ်'ကို ကျင်းပပါ့မယ်၊ ဒါကြောင့် မီးပုံကြီးကို လက်ယာရစ်လှည့်ရှိခိုးအရိုအသေပြုပြီး မိမိအိမ်မိမိပြန်ကြမယ့် အစီအစဉ်ကို ဆဋ္ဌမနေရာမှာ ထားပါမယ်"

ဆုတောင်းပွဲအစီအစဉ်တွင် သီချင်းဆိုခြင်း၊ ကခုန်ခြင်းတို့ မပါတော့ပေ။ သီချင်းဆိုခြင်း၊ ကခုန်ခြင်းတို့ကား တစ်နေကုန်အောင် စိတ်ကြိုက်ကခုန် ပြီးစီးကြပေပြီ။

စင်စစ် မီးနတ်ပူဇော်ပွဲကြီးတွင် ဖိုထားသောမီးပုံကြီးသည်သာ မီးနတ်ကို အဓိကပူဇော်ထားခြင်းဖြစ်၏။ နွားသတ်၍ထမင်းစုချက်စားကြခြင်း၊ ခေါင်ရည်သောက်ခြင်းတို့သည် လူတို့သက်သက်ပျော်ပွဲဖွဲ့ကြခြင်း ဖြစ်လေသည်။

အစီအစဉ် ကြေညာပြီးသောအခါ နတ်ဆရာကြီးသည် ဆုတောင်းပွဲကို စတင်အကောင်အဖော်ရန် လှုံ့ဆော်လိုက်လေသည်။

"ကိုင်း...အခုအချိန်ကစပြီး မီးနတ်ပူဇော်ပွဲရဲ့ နိဂုံးချုပ်ဖြစ်တဲ့ ဆုတောင်းပွဲကြီးကို စတော့မှာမို့ အားလုံး မီးပုံကြီးရှိရာဘက်သို့ လှည့်ပြီး မျက်နှာမူကြပါ၊ ရင်ဝမှာ လက်အုပ်ချီထားကြပါ"

ပရိသတ်ကြီးကား မီးပုံကြီးကိုမျက်နှာမူထားပြီးဖြစ်၍ လက်အုပ်သာ ချီကြရသည်။ ရှေ့ဆုံးတွင်ရှိသော ရွာသူကြီးနှင့်ရွာခေါင်းဆောင်အဖွဲ့ဝင်များ၊ နတ်ဆရာကြီးနှင့်နတ်ဆရာများသာ ကိုယ်ကိုတစ်ပတ်လှည့်

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ ထိုင်နေသူများ ထရပ်လိုက်ကြရသည်။ ပြီးတော့ လက်အုပ်ချီကြရသည်။

နတ်ဆရာကြီးသည် ကျယ်လောင်ပြတ်သားသောအသံဝါကြီးနှင့် မီးနတ်မင်းကြီး၏ဂုဏ်ပုဒ်များကို ဖော်ထုတ်ချီးကျူးတော့သည်။

လူအားလုံးပင် နတ်ဆရာကြီး၏ရွတ်ဆိုသံကို အာရုံစိုက်၍ နားထောင်နေကြသည်။

နတ်ဆရာကြီး ရွတ်ဆိုသော မီးနတ်၏ဂုဏ်ပုဒ်များမှာ စင်စစ် မီး၏ဂုဏ်ပုဒ်များပင်ဖြစ်ပေသည်။ မီးကြောင့် လူကိုအပူဓာတ်၊ အနွေးဓာတ်ရရှိခြင်း၊ မီးဖြင့် ထမင်းဟင်း ချက်ပြုတ်စားသောက်နိုင်ခြင်း၊ မီးဖြင့် တောင်ယာများကို မြေဩဇာပြုလုပ်ပေးနိုင်ခြင်း၊ မီးဖြင့် ဆေးဝါးကုသပေးနိုင်ခြင်း စသည့်အချက်များကို အကျယ်ချဲ့ကာ သံနေသံထားနှင့် ရွတ်ဆိုခြင်းဖြစ်ပေသည်။ တစ်ဖန် မီးကိုမရိုသေမှုကြောင့် လူနေအိမ်ခြေများ၊ သစ်တောများကို မီးလောင်ကျွမ်းခံရသည့် ဖြစ်ရပ်များကိုလည်း မီးနတ်ကိုမရိုသေမှုကြောင့် မီးနတ်ကဒဏ်ခတ်သည့်အဖြစ် ရောက်အောင် ရွတ်ဆိုလေသည်။

စင်စစ် မီးနတ်ကိုကိုးကွယ်မှု၊ မီးနတ်ကိုပူဇော်မှုသည် ဟောမာသီရိတို့တစ်ရွာတည်းမဟုတ်။ မဟာသူရိယရွှေမြို့တော်၏အာဏာစက်အတွင်းရှိ ကျေးရွာအားလုံးလိုလို ကိုးကွယ်ကြသည်။

ထို့ပြင် မီးနတ်တစ်ခုတည်းကိုသာ ကိုးကွယ်ပူဇော်သည်မဟုတ်၊ နေနတ်၊ လနတ်၊ ကမ္ဘာစောင့်နတ်၊ သိကြားနတ် အစရှိသည့်နတ်အမျိုးမျိုး၊ ရိုးရာနတ်အမျိုးမျိုးကို ကိုးကွယ်ပူဇော်ကြသည်။ ခြုံပြောရလျှင် ဟောမာသီရိတို့ရွာ၊ ဟောမာသီရိတို့နိုင်ငံသည် 'နတ်ကိုးကွယ်သောနိုင်ငံ' ဟု ပြော၍ရသည်။ ဟောမာသီရိတို့တိုင်းပြည်အတွင်း တပဿရသေ့



ကျောင်းများရှိသော်လည်း ထိုတပဿရသေ့တို့သည် လူအများကိုးကွယ်စရာ ဘာသာအယူဝါဒတစ်ခုကို သတ်သတ်မှတ်မှတ် ထူထောင်ထားခြင်း မရှိသေးပေ။ ရသေ့ဂိုဏ်းများလည်း အမျိုးမျိုးကွဲပြားနေသဖြင့် လူထုက သူတို့ကို အလှူခံပုဂ္ဂိုလ်များ၊ ရှိသေလေးစားထိုက်သောသူတော်စင်များ၊ မိမိတို့မကျင့်နိုင်သောအကျင့်များကို ကျင့်ကြံနေကြသူများအဖြစ်သာ အသိအမှတ်ပြုထားပြီး ကိုးကွယ်ရာအဖြစ် အသိအမှတ်မပြုကြပေ။

တပဿရသေ့များကိုယ်တိုင်ပင်လျှင် နတ်နှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မဖြစ်နိုင်ကြချေ။ အချို့တပဿရသေ့များဆိုလျှင် နတ်ဆရာကြီးများနှင့်မခြား နတ်တို့ကို တိုင်တည်ပသနေကြလေသည်။

ဤကဲ့သို့သောလူ့အဖွဲ့အစည်းအတွင်း ကြီးပြင်းလာခဲ့သော ဟောမာသီရိအဖို့ 'နတ်'ဆိုသည့် အသံကြားလျှင် အသွေးအသားထဲမှ ယုံကြည်နေပေသည်။ ယနေ့ညမှသာ သတ္တိဗလပြောသွားသောစကားများကြောင့် နတ်နှင့်ပတ်သက်၍ မည်သို့ခံယူရမည်နည်းဆိုသည့်အတွေးမျိုး ဝင်လာသည်။

သတ္တိဗလကတော့ နတ်ဆိုတာ လူကလုပ်တာပါဟု ပြောသွားသည်။ သည်အတိုင်းဆိုလျှင် မူလသဘာဝက ရှိနှင့်ပြီးသော နေ၊ လ၊ ကမ္ဘာ၊ မီး၊ ရေတို့တွင် နတ်များရှိသည်ဟု လူတို့က စိတ်ကူးဖြင့် သတ်မှတ်ပြီး ကိုးကွယ်နေကြခြင်းလော၊ တကယ်ပင်ရှိသလော။

စင်စစ် ထိုပြဿနာကို ဟောမာသီရိ ဉာဏ်မမီပေ။ သတ္တိဗလကဲ့သို့လည်း မပြတ်သားပေ။ ထို့ကြောင့် နတ်ဆရာကြီးရွတ်ဆိုနေသော မီးနတ်၏ဂုဏ်ပုဒ်များကို နားထောင်နေရင်း မီးနတ်အပေါ် အနည်းငယ်လေးစားလာသည်။ နတ်ဆိုတာ တကယ်ရှိမှာပါ။ သတ္တိဗလကသာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ ပရိယာယ်ဆင်တာလေးတစ်ခုနှစ်ခုကိုကြည့်ပြီး ဦးနှောက်သေး
သေးလေးနဲ့ ဆုံးဖြတ်ချက်ချလိုက်တာပဲ ဟုဟေမာသီရိ ကောက်ချက်
ဆွဲယူပြန်သည်။

ထိုအခါ ဟေမာသီရိ၏အတွေးထဲ ကဋ္ဌိပါဒရသေ့ပျိုကို သတိရပြန်
သည်။ သူမကို ကဋ္ဌိပါဒရသေ့ပျိုသည် သတ္တိဗလ၏အဖေ နတ်ဆရာ
ကြီးက လူနာများအပေါ် ပရိယာယ်ဆင်သည့်နည်းမျိုးနှင့် ပရိယာယ်
ဆင်ခြင်း မဖြစ်ပါစေနှင့်ဟု ဆုတောင်းမိပြန်သည်။ ခဏအကြာ ပြုလုပ်
မည့် မီးနတ်မင်းထံ ဆုတောင်းရမည့်အချိန်တွင်လည်း သူမသည် ဤဆု
ကိုပင် တောင်းမည်ဟု စဉ်းစားထားလိုက်သည်။

နတ်ဆရာကြီးက ရွတ်ဆိုဆဲ။

မဟာသုရိယရွှေမြို့တော်ကြီးက အုပ်ချုပ်နေသော တိုင်းနိုင်ငံအဝန်း
လုံးတွင် သီးနှံထွက်တိုးရန်၊ ရောဂါဘယ မထူပြောရန်၊ အေးချမ်းသာ
ယာရန်အကြောင်းအချက်များကို မီးနတ်မင်းသည် အခြားနေနတ်၊ ထ
နတ်များနည်းတူ စောင့်ရှောက်ပါရန် ပန်ကြားနေလေသည်။

နတ်ဆရာကြီးတစ်ဦးတည်း ရွတ်ဆိုမှုပြီးသွားသောအခါ သူက ဦး
ဆောင်ပြီး ဆုတောင်းများကို ရွတ်ဆိုသည်။ နောက်မှ ပရိသတ်များက
လိုက်ဆိုရသည်။

"မီးနတ်မင်းကြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ"

"မီးနတ်မင်းကြီး ကမ္ဘာကြီးကို စောင့်ရှောက်ပါစေ"

"မီးနတ်မင်းကြီး မဟာသုရိယရွှေမြို့တော်နှင့် တိုင်းနိုင်ငံကို စော
ရှောက်ပါစေ"

"မီးနတ်မင်းကြီး မဟာသုရိယရွှေမြို့တော်၏အရှင် မဟာရာဇာ
စောင့်ရှောက်ပါစေ"



"မီးနတ်မင်းကြီး ကျွန်ုပ်တို့ကို စောင့်ရှောက်ပါစေ"

ဆုတောင်းသံများသည် ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းထွက်သွား၏။
ဟေမာသီရိလည်း စိတ်ပါလက်ပါ လိုက်ဆိုသည်။ စိတ်ပါသည်ဖြစ်စေ၊
ပါသည်ဖြစ်စေ နတ်ဆရာနေရာဝင်ယူနေရသော သတ္တိဗလလည်း
သွဲ့သာဘဲ လိုက်ဆိုနေရလိမ့်မည်ဟု ဟေမာသီရိ တွေးကြည့်သည်။

"အခုအချိန်ကစပြီး လူတိုင်းလူတိုင်း မီးနတ်မင်းကြီးဆီမှာ လိုရာဆု
တောင်းကြမယ်၊ အေးဆေးငြိမ်သက်စွာ လိုရာဆုတောင်းကြပါ"

ဟေမာသီရိသည် နှုတ်မှအသံမထွက်ဘဲ စိတ်ထဲကပင် သူမ,တောင်း
မည်ဟု ရည်စူးထားသော ဆုကို တောင်းလေသည်။ ဤဆုကို တောင်းမိ
သည်နှင့် သူမ၏ရင်ထဲတွင် လှိုက်ခနဲ ဖြစ်သွားသည်။ ကဋ္ဌိပါဒရသေ့
ပျိုကို သူမသည် မြင်မြင်ချင်း စွဲလမ်းချစ်ခင်ခဲ့သည်။ လက်ချင်းထိရုံနှင့်
ပင် သည်းလှိုက်အူတုံ ခံစားခဲ့ရသည်။ လူဝတ်လဲထားသော ရသေ့ပျိုထံမှ
သူမကိုချစ်ပါသည် ဟူသော စကား ပွင့်အန်ကျလာသည်။ အချစ်သည်
အလိမ်မခံရစကောင်းသောအရာ။ အလိမ်ခံရခြင်း မဖြစ်ပါစေနှင့်။
ဟေမာသီရိ မျက်ရည်ဝဲလေ၏။

သည်လိုနှင့် မီးနတ်မင်းကြီးကို အမွှေးနံ့သာခဲများ မီးရှို့ပူဇော်ခြင်းပင်
ပြီးသွားပြီ။

'ထူးခြားသည့်အစီအစဉ်'ကို ကြေညာရန် ရွာသူကြီးနှင့်တကွသော
ရွာလူကြီးများ၊ နတ်ဆရာကြီးနှင့် နတ်ဆရာများ ပရိသတ်ဘက် ပြန်
လှည့်ကြသည်။ ရွာသူကြီးက ကြေညာသည်။

"ထူးခြားတဲ့ အစီအစဉ်ဆိုတာ တခြားမဟုတ်ပါဘူး၊ မဟာသုရိယ
ရွှေမြို့တော်ကြီးရဲ့အရှင် ဘုရင်ကြီးမဟာရာဇာရဲ့ ဆယ်ယောက်မြောက်
သားတော်ပဒ္မရာဇာအတွက် ကြင်ရာတော်လောင်းဆယ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ 'သစ်အယ်ချောင်'ရွာကနေ ဒီည ရွေးထုတ်ပေးရမယ့် အ
အစဉ်ပါပဲ"

ပရိသတ်ကြီးက ဟေးခနဲ အော်ကြသည်။ ပရိသတ်ကြီး၏အော်သံ
နှင့်အတူ ဟေမာသီရိ၏နှလုံးသားသည် တုန်လှုပ်သွားလေသည်။

"လုပ်ပါဦး၊ လုပ်ပါဦး၊ ဟေမာသီရိ မူးလဲသွားလို့"

အနီးက မိန်းမပျိုတစ်ယောက်က ဖမ်းဆွဲထားလိုက်၍ ဟေမာသီ
အကျမနာပေ။ မိန်းမပျိုသုံးလေးဦး သူမကို ဝိုင်းပြုစု၍ ဟေမာသီ
ပြန်သတိရလာသည်။

ပရိသတ်ကြီးကား ဟေမာသီရိတို့ကို ဂရုမစိုက်မိ။ ဝမ်းသာပျော်
စွာ အော်ဟစ်ဆူညံနေကြသည်။ နတ်ဆရာကြီးက လက်မြှောက်ပြ
သည့်တိုင် တော်တော်နှင့်ငြိမ်မသွား။ မင်းညီမင်းသားတစ်ပါးက မိမိ
ကျေးရွာမှ လှပျိုဖြူတစ်ယောက်ကို တော်ကောက်မည်ဆို၍ အားလုံး
ဝမ်းသာဂုဏ်ယူကြလေသည်။

ဟေမာသီရိလည်း လူးလဲထရပ်သည်။

"ရတယ်၊ ရတယ်၊ ကျွန်မ ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပျို့ချင်အ
ချင်သလိုဖြစ်ပြီး မူးသွားတာပါ"

မိန်းမပျိုများက ဝိုင်းဖေးမထားကြဆဲ။

"ဖြစ်မှဖြစ်ရလေ ဟေမာသီရိရယ်၊ ဘယ်လိုဖြစ်သွားရတာလဲ"

ဘယ်လိုဖြစ်သွားရသနည်းဆိုသည်ကို ဟေမာသီရိတစ်ဦးတည်းသ
သိပေသည်။ ဘုရင့်သားတော်ဝဇ္ဇိရာဇာအတွက် ကြင်ရာတော်လော
တစ်ယောက်ရွေးထုတ်မည်ဟူသောသတင်းက သူမ၏နှလုံးသွေး
ရိုက်သွားခြင်းကြောင့်ပေတည်း။



ပရိသတ်ပြန်ငြိမ်သွားသဖြင့် နတ်ဆရာကြီး လက်ပြန်ချသည်။ ရွာသူကြီးက စကားဆက်ပြောသည်။

"လွန်ခဲ့တဲ့ ရက်သတ္တတစ်ပတ်လောက်က ကျွန်ုပ်ကို ရွှေမြို့တော်က ဆင့်ခေါ်လို့ သွားခဲ့ရတယ်၊ ရွှေနန်းရှင် ဘုရင်မဟာရာဇာက ကျွန်ုပ်ကို ဧည့်သည်တော်တစ်ဦးလို ကြိုဆိုခဲ့တယ်၊ ကျွန်ုပ်လဲ အတော်အံ့ဩသွားတယ်၊ ကျွန်ုပ်လို အညတြသူကြီးတစ်ယောက်ကို ဘုရင်မင်းမြတ် ဘာလို့ အရေးတယူလုပ်ရသလဲဆိုပြီး တွေးမရဖြစ်ခဲ့ရတယ်၊ နောက်မှ သိရတာက ကျွန်ုပ်ဟာ ဘုရင့်ချေးမလောင်းပေါ်ထွန်းမယ့်ရွာရဲ့သူကြီး ဖြစ်နေတာကိုး၊ မဟာရာဇာရဲ့ဒုသာမမြောက်သားတော်ဝဇ္ဇိရာဇာကို ကြင်ရာတော်ရွေးဖို့ ရွှေနန်းတော်က ပေဒင်ဆရာကြီးတွေကို တွက်ချက်ခိုင်းတဲ့ အခါ အရှင့်သားဟာ ကျေးတောသူတစ်ဦးနဲ့ လက်ဆက်ရလိမ့်မယ်လို့ ဟောခဲ့သတဲ့၊ ဒါနဲ့ ရွှေမြို့တော်ကနတ်ဆရာကြီးတွေကို ဟောခိုင်းတဲ့ အခါ သစ်အယ်ချောင်ကျေးရွာသူဖြစ်မယ်လို့ ဟောသတဲ့၊ ပြီးတော့ အဲဒီမိန်းကလေးနဲ့လက်ဆက်ရတဲ့အတွက် တိုင်းပြည်ကို အများကြီး အကျိုးဖြစ်ထွန်းစေမယ်လို့လည်း ဟောကိန်းထုတ်သတဲ့၊ ဒါကြောင့် ကျွန်ုပ်ကို ဆင့်ခေါ်လိုက်တာကိုး၊ ကျွန်ုပ်တို့ကျေးရွာမှာ အချောအလှတွေ ရှိမရှိ သင့်တော်တဲ့မိန်းကလေး ရှိမရှိ မေးတော်မူတယ်၊ ကျွန်ုပ်ကလည်း အချောအလှတွေရှိပါတယ်၊ သင့်တော်ရာရွေးဖို့တော့ ခက်ခဲပါတယ်လို့ ပြန်လျှောက်လိုက်တယ်"

ပရိသတ်ကြီးက ငြိမ်ပြီးနားထောင်နေ၏။ ရွာသူကြီးက ဆက်ပြောသည်။

"ဟုတ်တယ်လေ၊ ကျွန်ုပ်တို့က သင့်တော်ရာရွေးပေးလို့ မသင့်တော်ရင် ကျွန်ုပ်တို့ခေါင်းပေါ် တာဝန်ကြီးဖြစ်နေတော့မှာပေါ့၊ ဒီတော့ မဟာ

www.burmeseclassic.com

www.burmeseclassic.com



ရာဇာက ရွေးထုံးစံအတိုင်း ပန်းကုံးစွပ်ပြီးရွေးဖို့ ခွင့်ပြုတော်မူတယ်၊ အဲဒီလိုရွေးပြီး ရလာတဲ့ မိန်းမပျိုကို သားတော် ဗန္ဓုရာဇာဟာ စုံမက်သည်ဖြစ်စေ၊ မစုံမက်သည်ဖြစ်စေ လက်ထပ်ရလိမ့်မယ်။ ဒါဟာ ရွှေမြို့တော်ရဲ့အစဉ်အလာပဲ၊ ဗေဒင်ဆရာကြီးတွေ၊ နတ်ဆရာကြီးတွေရဲ့ အစီအမံတွေမို့ လွဲခဲပါတယ်၊ ဒီတော့ ကျွန်ုပ်ဟာ မဟာရာဇာပေးအပ်လိုက်တဲ့ ပန်းကုံးကိုယူပြီး ပြန်ခဲ့ရတယ်၊ ကြင်ရာတော်လောင်းကို ပန်းကုံးက ရွေးချယ်သွားလိမ့်မယ်၊ ကျွန်ုပ်တို့ ခေါင်းခဲစရာမလိုတော့ဘူး"

ရွာသူကြီး၏စကားမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပေသည်။ ပန်းကုံးမှာ မျက်စိမှမပါဘဲ ဘယ်လိုရွေးမှာလဲ။

"ပန်းကုံးဟာ အထူးစီမံထားတဲ့ ပန်းကုံးဖြစ်လို့ တန်ခိုးသိဒ္ဓိတွေပြီးမြောက်နေတယ်၊ ရွှေမြို့တော်ကဗေဒင်ဆရာကြီးတွေ၊ နတ်ဆရာကြီးတွေက အထူးစီမံပေးလိုက်တာဖြစ်တယ်၊ ပန်းကုံးမှာ ခြေထောက်တွေ၊ မျက်စိတွေမပါဘူး၊ ဒါကြောင့် သူ့ဟာသူတော့ လမ်းလျှောက်ပြီး မရွေးနိုင်ဘူး၊ ပန်းကုံးမှာအတောင်ပံလည်းမပါလို့ သူ့ဟာသူတော့ ပျံပြီး မရွေးနိုင်ဘူး၊ ကျွန်ုပ်တို့ခေါင်းဆောင်တွေ၊ နတ်ဆရာတွေထဲက တစ်ယောက်ယောက်ကကိုင်ပြီး စွပ်ပေးရမှာပဲ၊ အဲဒီကိုင်ပြီးစွပ်ပေးတဲ့လူမှာ သူ့ဆန္ဒစွဲတွေမပါအောင် မျက်စိကို အဝတ်နဲ့စည်းထားရလိမ့်မယ်၊ သူဟာ ပန်းကုံးကိုကိုင်ပြီး မြှောက်ထားရလိမ့်မယ်၊ ပန်းကုံးအောက်ကနေ အပျိုမတွေက ဖြတ်သွားရမယ်၊ သင့်တော်တဲ့ အပျိုမဆိုရင် ပန်းကုံးဟာ အလိုလိုနဲ့ ပန်းကုံးကိုင်ထားတဲ့လူရဲ့လက်ကို ဆွဲချသလိုဖြစ်ပြီး နိမ့်ကျပြီး စွပ်မိသွားလိမ့်မယ်၊ ပန်းကုံးမှာက ဓာတ်သဘောတွေ၊ နတ်သဘောတွေ ပါနေတာကိုး"



ရွာသူကြီးကရှင်းပြသောအခါ အားလုံးပင် အံ့သြကြသည်။ သဘောလည်းကျသည်။ သည်အထဲတွင် ဟေမာသီရိလည်း ပါသည်။ သူမကတော့ ရင်တဖိုဖိုဖြစ်နေသည်။ ရင်ဘတ်ကြားထဲရှိ နတ်ဆက်သည်ဆိုသော ဝတ်စုံဖြူကိုလည်း မကြာခဏ စမ်းဖြစ်သည်။

"ကျွန်ုပ်ဟာ အဲဒီထူးဆန်းတဲ့ပန်းကုံးကိုယူပြီး ပြန်ခဲ့ရတယ်၊ မီးနတ်ပူဇော်ပွဲလုပ်တဲ့ ဒီနေ့ညမှာ အဲဒီကြင်ရာတော်လောင်းရွေးပွဲလုပ်ဖို့ အမိန့်တော်လည်းရခဲ့တယ်၊ ဒါကို လျှို့ဝှက်ထားပြီး ယနေ့ညမှ ထုတ်ဖော်ကြေညာခြင်း ဖြစ်တယ်၊ လျှို့ဝှက်ထားတယ်ဆိုပေမယ့် ကျွန်ုပ်တို့ အစီအစဉ်လုပ်မယ့်လူကြီးတွေတော့ သိကြတာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့လူကြီးတွေ ဆွေးနွေးပြီးတော့ စီစဉ်ပြီးပါပြီ၊ ပန်းကုံးကိုင်မယ့်လူလည်း ရွေးပြီးပါပြီ၊ ပန်းကုံးကိုင်မယ့်လူကတော့ နတ်ဆရာကြီးရဲ့သား နတ်ဆရာသတ္တိဗလပါပဲ"

ပရိသတ်ကြီးက ဟေးခနဲ ဆူညံစွာအော်ပြီး သြဘာပေးသည်။

ဟေမာသီရိဘေးက အပျိုမတစ်ဦးက ဟေမာသီရိကို တီးတိုးတီးတိုးနှင့် ရယ်သွမ်းသွေးသည်။

"သတ္တိဗလဆိုရင် ဟေမာသီရိကို စွပ်မှာမဟုတ်တော့ဘူး၊ သူက ဟေမာသီရိကို ပိုးနေတာကိုး၊ သူ ကျန်ရစ်ဖြစ်သွားမှာပေါ့၊ သူ့အစ်မကြီးကိုပဲ စွပ်ပေးမယ်ထင်တယ်၊ ဒါမှ သူ မင်းသားရဲ့ယောက်ဖ ဖြစ်မှာ"

သတ္တိဗလတွင် ပုလဲနန္ဒာအမည်ရှိသော အစ်မတစ်ယောက် ရှိသည်။ သစ်အယ်ချောင်၏အပျိုချောစာရင်းတွင် အပါအဝင်ဖြစ်သည်။

ရွာသူကြီးက စကားဆက်ပြန်သည်။

"ဒီတော့ ရွာကအပျိုတွေအားလုံး ပန်းကုံးစွပ်ပွဲမှာ ပါဝင်ကြပါ၊ ကျွန်ုပ်တို့ရွာက အပျိုမတွေအားလုံး အပျိုချောစာရင်းဝင်တွေချည်းပါပဲ၊ ဟုတ်တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကြီးက "ဟုတ်တယ်၊ ဟုတ်တယ်"ဟု အော်ကြသည်။ ရွာ
သူကြီးက ရယ်သည်။

"ဒါကြောင့် အားလုံးပါဝင်ကြပါ။ အရွေးခံရမှာတော့ တစ်ယောက်
တည်းပဲ၊ အဲဒီတစ်ယောက်ဟာ အားလုံးထက်ပိုချောတာ ဖြစ်ချင်မှဖြစ်
မယ်၊ မင်းသားနဲ့ဖူးစာပါလို့ လို့သဘောထားရမယ်၊ ဘယ်သူမှလဲ မနာလို
မဖြစ်ကြနဲ့၊ ရည်းစားရှိလို့ ဝင်မပြိုင်ဘူး မဖြစ်စေရဘူး၊ ရည်းစားကလည်း
သဘောထားကြီးရမယ်၊ သဘောထားမကြီးရင်လည်း 'ဒါအမိန့်'ပဲလို့
နားလည်ရမယ်၊ အမိန့်ကိုဖီဆန်ရင်တော့ အပြစ်ဒဏ်ခံရမှာပဲ၊ ကဲ-ပြော
နေကြာတယ်၊ နတ်ဆရာကြီး ပန်းကုံးစွပ်ပွဲကို စ,ပေတော့"

နတ်ဆရာကြီးက ပန်းကုံးကို ယူလာစေသည်။ ပန်းကုံးကိုအနီရောင်
ကတ္တီပါအိတ်ရှုံ့နှင့် ထည့်ယူလာခြင်း ဖြစ်ပေသည်။ နတ်ဆရာကြီးက
အိတ်ကိုဖွင့်၍ ပန်းကုံးကိုဆွဲထုတ်ပြီး သတ္တိဗလလက်သို့ အပ်သည်။
ပန်းကုံးသည် ကျောက်ခက်ပန်းနွယ်များဖြင့် ပြုလုပ်ထား၍ စိမ်းမြ
အရောင်ရှိသည်။ မီးပုံမှ မီးအရောင်ဟပ်သဖြင့် ကျောက်စိမ်းရောင်
တောက်နေလေသည်။

ပန်းကုံးကိုင်ထားသောသတ္တိဗလကို သူဖခင်ဖြစ်သူ နတ်ဆရာကြီးက
နောက်ဘက်မှနေ၍ မျက်လုံးနှစ်လုံးနေရာကို အဝတ်နက်ဖြင့် စည်း
နှောင်ပေးသည်။ သတ္တိဗလ၏လက်တွေ တုန်နေသည်ဟု ဟေမာသီရိ
ထင်သည်။

နတ်ဆရာကြီးများက သတ္တိဗလကို သစ်တုံးတစ်တုံးပေါ် တက်ရပ်
စေသည်။ ရွာလူကြီးများက အပျိုမများကို ဆွဲထုတ်၍ တန်းစီစေသည်။
အပျိုချောများသည် လက်ယာဘက်မှနေ၍ လက်ဝဲဘက်သို့ သတ္တိ
ဗလရှေ့တွင် ဖြတ်လျှောက်ရသည်။ ဟေမာသီရိက အလယ်လောက်
မှာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ယောက်ကျော်သွားသည်။ ပန်းကုံးကား နိမ့်ဆင်းမလာ။ ဒုတိယ၊ တတိယ၊ စတုတ္ထ... ပန်းကုံးသည် မိန်းမပျိုများ၏ ဦးခေါင်းပေါ်တွင် ဝဲနေ၏။ နိမ့်ဆင်းမလာ။ ဟေမာသီရိသည် တဖြည်းဖြည်းနီးလာ၏။ သူမ၏ရင်တွင်း၌ ဆူဝေနေသည်။ မျက်နှာတို့ နီရဲလာ၏။ သူမသည် သတ္တိဗလ၏ခြေအစုံကို မြင်ရ၏။ မော့၍ကား မကြည့်။ သူမ၏လည်ပင်းသည် အေးခနဲ ဖြစ်သွား၏။ သူမ၏နောက်ဘက်မှ 'ဟင်'ခနဲ အာမေဍိတ်သံတစ်ခု ပေါ်လာသည်ကို ကြားလိုက်ရ၍ လှည့်ကြည့်လိုက်သည်။ အသံရှင်သည် သတ္တိဗလ၏အစ်မ ပုလဲနန္ဒာ။ သူမသည် အံ့ဩဟန်နှင့် ဟေမာသီရိကို ကြည့်နေလေသည်။

"ဟေမာသီရိ"

တစ်ကွင်းလုံး ဆူညံသွားသည်။ အသံမျိုးစုံတို့ ကျွက်ကျွက်ညံသွား၏။ အားပေးသံတို့ များပြားလွန်း၍ ဘယ်သူတွေက ဘာတွေအော်ဟစ်နေကြသည်ကို ဟေမာသီရိမသိတော့။ စကားလုံးများကို သဲသဲကွဲကွဲ မကြားတော့။

သူမ၏မျက်လုံးများ ပြာဝေသွားပြီး မျက်နှာမှာလည်း ထူအမ်းအမ်းဖြစ်လာသည်။

စင်စစ် သူမ မျှော်လင့်ထားသည့်အတိုင်းပင် ဖြစ်ပျက်လာခြင်းဖြစ်ပေသည်။ သူမ ပန်းကုံးအစွပ်ခံလိုက်ရပြီ။ သူမသည် မင်းညီမင်းသားတစ်ပါး၏ကြင်ရာတော်လောင်း ဖြစ်သွားလေပြီ။ သူမသည် အမှန်ပင်တော်ကောက်ခံလိုက်ရခြင်းပါတကား။

(၇)

ဟေမာသီရိကို သစ်အယ်ချောင်ရွာက အထူးအခမ်းအနားဖြင့်လိုက်ပို့သကဲ့သို့ ရွှေမြို့တော်ကလည်း စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြ၏။

ဗန္ဓုရာဇာမင်းသားလေးသည် အုန်းခွံရောင်မြင်းကြီးကိုစီး၍ တံခါးဝမှ ဆီးကြိုသည်။ ဟေမာသီရိကိုလည်း မြင်းနီညိုတစ်ကောင်ပေါ်တင်၍ လိုက်ပို့ကြသည်ဖြစ်ရာ သူတို့နှစ်ဦးတွေ့ဆုံခန်းသည် ဒဏ္ဍာရီဆန်စွာခမ်းနားနေသည်။

မင်းသားသည် လည်ပင်းတွင်ပန်းကုံးစွပ်လျက် မြင်းပေါ်ပါလာသောဟေမာသီရိကို မြင်မြင်ချင်းသဘောကျသွား၏။ ဝတ်စားဆင်ယင်ပုံက နန်းမဆန်သော်လည်း ဟေမာသီရိ၏သဘာဝအလှသည် ရိုးစင်းသော ဝတ်စားဆင်ယင်မှုကိုကျော်လွှားကာ ပေါ်လွင်ထင်ရှားနေသည်။ ပြုပြုပြင်ပြင်လုပ်လိုက်လျှင် တော်ဝင်သည့်အလှဖြစ်ကြောင်း ဗန္ဓုရာဇာသဘောပေါက်သည်။

ဗန္ဓုရာဇာက ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟေမာသီရိက မပြုံး။ သူမ၏ဖူးစာရှင်ဖြစ်သူကို မမိုတ်မသုန် ကြည့်ရှုစူးစမ်းရင်း လက်အုပ်ချီအရိုအသေပြုသည်။

ဟေမာသီရိသည် မင်းသား၏မျက်လုံးများမှတစ်ဆင့် နှလုံးသားကို မြင်သည်။ သူမ၏ဖူးစာရှင်ကား ရိုးသားပွင့်လင်းပြီး ပြတ်သားမည့်သူဟု အကဲဖြတ်လိုက်သည်။ မင်းသား၏ ကြွခိုင်သောမေးရိုးများက ထိုအချက်ကို ထောက်ခံနေလေသည်။

ဗန္ဓုရာဇာနှင့်ဟေမာသီရိသည် မြင်းနှစ်စီးယှဉ်စီးကာ မဟာရာဇာ၏နန်းတော်သို့ သွားကြသည်။ နန်းတော်ရှေ့သို့ရောက်သောအခါ ဗန္ဓုရာဇာက လွှားခနဲ မြင်းပေါ်မှခုန်ဆင်းသည်။ ဟေမာသီရိကို သူ မြင်းပေါ်မှ ချပေးသည်။

ဗန္ဓုရာဇာသည် ဟေမာသီရိ၏လက်ကိုဆွဲ၍ နန်းထဲဝင်သည်။ ဗန္ဓုရာဇာက ရဲတင်းရင်းနှီးစွာ ဆက်ဆံခြင်းကို ဟေမာသီရိက တွန့်ဆုတ်ခြင်း မဖြစ်။ သူမသည် လက်တွေ့ဘဝတွင် တကယ်ဖြစ်နေသော အိပ်မက်ကိုခံစားနေသူတည်း။ အိပ်မက်သည်တွန့်ဆုတ်နေ၍မရ။ မမက်ချင်၍လည်း မရ။ မက်ပြီဆိုမှတော့ ရင်တဖိုဖိုနှင့် ခံစားရုံသာရှိ၏။

ဟေမာသီရိကိုလိုက်ပို့ကြသော မိဘနှစ်ပါး၊ ရွာသူကြီး၊ နက်ဆရာကြီးနှင့် လူကြီးအချို့၊ နက်ဆရာအချို့သည် သူတို့နှစ်ဦးနောက်မှ နန်းတော်ထဲ လိုက်ဝင်ကြသည်။ သူတို့ကို မင်းသား၏အခြွေအရံများက ဝန်းရံ၍ လမ်းညွှန်သည်။

လိုက်ပို့သူအုပ်စုတွင် သတ္တိဗလမပါပေ။ သတ္တိဗလ လိုက်မပို့ခြင်းကို ဟေမာသီရိက သူမဘာသာ ကောက်ချက်ချထား၏။ မိမိပိုးပန်းနေသူတစ်ဦးကို ပန်းကုံးစွပ်ပေးမိသည့်အတွက် စိတ်မကောင်းများ ဖြစ်သွားမလား။ မည်သို့ဆိုစေ အနည်းဆုံး မျက်နှာပူ၍ လိုက်မပို့ခြင်း ဖြစ်ပေလိမ့်မည်။



နန်းတော်အတွင်းရှိ ခန်းမဆောင်ကြီးတွင် ဘုရင်မဟာရာဇာသည် ပုဏ္ဏားများ၊ မှူးမတ်များ၊ သားတော်များ၊ ဗေဒင်ဆရာကြီးများ၊ နက္ခတ်ဆရာကြီးများ ဝန်းရံလျက် စံနေတော်မူ၏။

ရှေ့တော်မှောက်ရောက်သောအခါ ဗန္ဓုရာဇာက ဟေမာသီရိကို အလျှင်ဒူးထောက်စေ၏။

"ဖခမည်းတော်ကို အရိုအသေပြုပြီး နှုတ်ဆက်လိုက်ပါနှမတော်"

ဟေမာသီရိက လက်အုပ်ချီလိုက်သည်။ ဗန္ဓုရာဇာလည်း ဟေမာသီရိနည်းတူ ဒူးထောက်ပြီးအရိုအသေပြု၏။

ဗန္ဓုရာဇာ၏အခြွေအရံများ၊ ဟေမာသီရိကို လိုက်ပို့ကြသူများလည်း နောက်နားမှနေ၍ ဒူးထောက် အရိုအသေပြုကြ၏။

မဟာရာဇာသည် ချွေးမတော်လောင်းကို စိုက်ကြည့်ရင်း ခေါင်းဆတ်ဆတ်ညိတ်သည်။ ထို့နောက် သာယာညင်းပျောင်းသောအသံဖြင့် မြွက်ကြားတော်မူသည်။

"အားလုံးသက်သာသလို ထိုင်ကြ"

အားလုံး ကျို့ရယို့ ထိုင်ကြသည်။

မဟာရာဇာသည် ဗန္ဓုရာဇာကိုကြည့်ကာ မေးလိုက်သည်။

"သားတော်ရဲ့ ကြင်ရာတော်လောင်းကို သားတော် စုံမက်ရဲ့လား"

"မှန်လှပါ၊ မြင်မြင်ချင်း စုံမက်ပါသည်ဘုရား"

မဟာရာဇာသည် မှူးမတ်များဘက်လှည့်၍ မြွက်ကြားပြန်သည်။

"မင်းကြီးများရဲ့ ဗန္ဓုရာဇာဟာ တကယ်ပဲ ကုသိုလ်ထူးပါတယ်၊ ဘုရင်တော်ကြီးများဟာ သူ့လိုဖူးစာရှင်ရွေးပွဲမျိုး မလုပ်ခဲ့ရဘူး၊ ကျွန်ုပ်လည်း မလုပ်ခဲ့ရဘူး၊ သူ့ကျမှ ဒီလိုလုပ်ခွင့်ကြုံရတာ အံ့သြစရာမကောင်းလား၊ ပြီးတော့ လူသားတွေက ရွေးတာမဟုတ်ဘဲ 'ပန်းကုံး'က ရွေး

www.burmeseclassic.com

www.burmeseclassic.com





ဘာ ဖြစ်ပြန်တယ်၊ ပန်းကုံးက ရွေးလိုက်ပြန်တော့လည်း တကယ့်နန်းသုံးတော်ဝင်အလှရှင် ဖြစ်နေပြန်တယ်၊ ကျွန်ုပ်မှာတော့ စိတ်ပူလိုက်တော၊ အရုပ်ဆိုးဆိုး၊ အကျည်းတန်တန်တွေကို မစွပ်မိပါစေနဲ့လို့”

အားလုံး ပြုံးရယ်ကြသည်။ ပေဒင်ဆရာကြီးများနှင့် နတ်ဆရာကြီးများကား မျက်နှာများဝင်းထိန်လျက် တကယ့်ကို ရွှင်လန်းအားရစွာ ပြုံးရယ်နေကြ၏။ ကြင်ရာတော်လောင်းရွေးပွဲသည် သူတို့အစီအမံဖြစ်ပြီး သူတို့အစီအမံ၏ရလဒ်ကို ဘုရင်နှင့်မင်းသားက သဘောကျသည်ဆိုမှတော့ ရွှင်လန်းဝမ်းမြောက်မှုဖြစ်ခြင်းမှာ မလွန်ပါချေ။ ဘုရင်ကြီးကဆက်၍မိန့်တော်မူပြန်သည်။

“ကိုင်း-အမိန့်တော်မှတ်မယ်၊ အမိန့်တော်နာခံကြ၊ ဝန္ဒုရာဇာရဲ့ မင်္ဂလာပွဲကို ဒီနေ့ကနေ စရေတွက်လို့ ခုနစ်ရက်မြောက်တဲ့နေ့မှာ ကျင်းပမယ်၊ ဒီခုနစ်ရက်လုံးလုံး ရွှေမြို့တော်မှာ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပရမယ်၊ ဒီကိစ္စတွေအားလုံးကို အိမ်ရှေ့စံနောင်တော်ကြီး သက္ကရာဇာက တာဝန်ယူ စီမံခန့်ခွဲရမယ်၊ သတို့သမီးဘက်က မိဘများ၊ လူကြီးများကိုတော့ ဝန္ဒုရာဇာကိုယ်တိုင် နေရာချထားပြီး ဧည့်ခံကျွေးမွေးထားရမယ်၊ ကြားကြရဲ့လား”

“အမိန့်တော်မြတ်အတိုင်းပါ ဘုရား”

အားလုံးက သံပြိုင်ဆိုကြသည်။

“ဟဲ့-သားတော်ငယ် ဝန္ဒုရာဇာ”

“မှန်လှပါ”

“ချွေးမတော်ဟေမာသီရိကို အပျိုဆောင်မှာ လိုက်ပို့၊ ရံရွေတော်များနဲ့တကွ တခမ်းတနားထား၊ လွတ်လပ်ပျော်ရွှင်စွာ နေပါစေ၊ ကြားသားဟဲ့”

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါဘုရား"

"ကိုင်း-ဟေမာသီရိရော၊ သစ်အယ်ချောင်က လူကြီးမိဘတွေပါ ပ
ပန်းလာကြတယ်၊ အနားယူကြပေတော့"

ဟေမာသီရိတို့ ခန်းမဆောင်မှ ထွက်ခဲ့ကြသည်။ ဗန္ဓုရာဇာနှ
အခွေအရံများက ဟေမာသီရိနှင့်လူကြီးမိဘများကို ဟေမာသီရိ နေ
မည့်အပျိုဆောင်ကို လိုက်ပြသည်။ ပြရုံသာ ပြခြင်းဖြစ်၏။ ဟေမ
သီရိကို အနားမယူစေသေး။ လူကြီးမိဘများတည်းခိုရမည့်နေရာ
ဟေမာသီရိကိုပါ ဗန္ဓုရာဇာကခေါ်ပြီး လိုက်ပို့သည်။

ဗန္ဓုရာဇာသည် မင်းသားဖြစ်သော်လည်း လုံးဝဂုဏ်မမောက်ချေ
သူ့ဟန်ပန်က လွတ်လပ်ပျော်ရွှင်နေ၏။ ဟေမာသီရိ၏မိဘများ
လည်း တလေးတစားဆက်ဆံသည်။

လူကြီးမိဘများကို နေရာထိုင်ခင်းများ ချထားပေးပြီးသောအ
ဗန္ဓုရာဇာက ဟေမာသီရိကို အပျိုဆောင်သို့ လိုက်ပို့ပြန်သည်။

ဟေမာသီရိသည် မမောနိုင်မပန်းနိုင် လှုပ်ရှားနေသော ဗန္ဓုရာ
ကိုကြည့်၍ ကျေနပ်ကြည်နူးရသည်ကားအမှန်။ သို့သော် သူမရင်
တွင် ရှင်းရှင်းလင်းလင်း မကြည်နူးနိုင်၊ အပူလုံးကြီးတစ်ခု ရှိနေသည်

"နှမတော်"

ဗန္ဓုရာဇာကခေါ်သည်။ ဟေမာသီရိသည် သူမ, နေရမည့်အခန်း
တွင်ရပ်ကာ အခန်းထဲရှိ အသုံးအဆောင်ပစ္စည်းများကို ငေးကြည့်ရ
မိန်းမောနေရာမှ သတိပြန်ဝင်လာသည်။

"နှမတော် ဘာတွေစဉ်းစားနေတာလဲ၊ အခန်းထဲဝင်လေ၊ မော
တော့်ကိုလည်း ခဏတော့ဝင်ခိုင်းပါဦး"

ဟေမာသီရိက ခပ်ယဲ့ယဲ့ ပြုံးပြလိုက်သည်။



"အကျွန့်အဖို့ အရာရာ အိပ်မက်လိုဖြစ်နေလို့ပါ မောင်တော်"

"အို-နှမတော်လို့ ပြောစမ်းပါ နှမတော်ရဲ့၊ အကျွန်ဆိုတာကြီးက
နှိမ့်ချလွန်းအားကြီးပါတယ်"

"ထီးသုံးနန်းသုံးစကားတွေ မပြောတတ်လို့ အမှားအယွင်းရှိရင်
လည်း ခွင့်လွှတ်ပါမောင်တော်"

"ထီးသုံးနန်းသုံး စကားဆိုတာ သိပ်ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး
နှမတော်ရယ်၊ လွတ်လွတ်လပ်လပ်သာပြောပါ၊ ပြောရင်းပြောရင်း နား
ယဉ်သွားမှာပါ၊ ကဲ- အခန်းထဲဝင် နှမတော်၊ မောင်တော်လည်းခဏ
ဝင်လိုက်ခဲ့မယ်"

အခန်းနံရံများတွင် ပြောင်လက်သောကန့်လန့်ကာများဖြင့် ချိတ်
ဆွဲထား၏။ ညေ့သည်ထိုင်စရာ သလွန်များတွင် နူးညံ့သောအဝတ်များ
ဖုံးလွှမ်းထားလေသည်။

ဗန္ဓုရာဇာက ခန်းဆီးတစ်ခုကို လက်ညှိုးထိုးပြသည်။

"အဲဒီခန်းဆီးနောက်မှာ နှမတော်အတွက် အိပ်ခန်းရှိတယ်၊ နှမတော်
ရဲ့ စီးတော်မြင်းနဲ့အတူပါလာတဲ့ အဝတ်အစားတွေကို အဲဒီအခန်းထဲမှာ
ထည့်ခိုင်းထားတယ်၊ ဒီရက်တွေအတွင်းမှာ နှမတော်အတွက် အဝတ်
အစားတွေအများကြီး ထပ်ချုပ်ရဦးမယ်၊ ရွှေမြို့တော်က အကောင်းဆုံး
အပ်ချုပ်သည်တွေရောက်လာပြီး ချုပ်ပေးကြမှာပါ နှမတော်"

ပြောရင်းနှင့် ဗန္ဓုရာဇာက သလွန်တစ်ခုတွင် ဝင်ထိုင်သည်။ ဟေမာ
သီရိလည်း သလွန်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"တကယ်တော့ ဒီအပျိုဆောင်ကို ယောက်ျားတွေမလာရဘူး နှမ
တော်ရဲ့၊ အခုဟာက နှမတော်နဲ့မောင်တော်က မင်္ဂလာပွဲလုပ်တော့မှာ
မို့၊ ပြီးတော့ မောင်တော်ကလည်း ဘုရင့်သားမို့၊ ဒါကြောင့် ဒီအရင်က

www.burmeseclassic.com

www.burmeseclassic.com



ဒီအဆောင်ထဲကို ဘုရင့်သားတွေတောင် ဝင်ရတာမဟုတ်ဘူး"

ဟေမာသီရိက ရှက်စနိုးဖြင့် ခေါင်းငုံ့နေလိုက်သည်။ ရှက်နေ၍ မပြီးသေး။ အခွင့်အရေးတစ်ရပ်ကိုဖြင့် တောင်းဆိုဦးမှ ဖြစ်မည်။

"မောင်တော်"

"ပြောပါ၊ နှမတော်သီရိ"

"နှမတော်လေ မင်္ဂလာပွဲမလုပ်ခင်မှာ မောင်တော်နဲ့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောချင်တယ်၊ အဲဒါ နှမတော်ကို ခွင့်ပြုပေးပါလားဟင်"

ဗန္ဓုရာဇာ ကြည်နူးသွားသည်။ ဟေမာသီရိသည် ကျေးတောသူဖြစ်သော်လည်း ပြောရဲဆိုရဲရှိပေသည်။

"အခုလည်း လွတ်လပ်တာပဲ၊ ပြောပေါ့"

"အခုဟာက အခန်းထဲမှာဆိုတော့ လွတ်လပ်တယ်လို့ ပြောလို့မရပါဘူးမောင်တော်၊ နံရံမှာ နားတွေ ရှိတတ်ပါတယ်"

ဗန္ဓုရာဇာ ခေါင်းတဆတ်ဆတ်ညိတ်မိ၏။ ဟေမာသီရိကိုလည်း စုံမက်စွာ ကြည့်မိသည်။

"အရေးကြီးတဲ့စကားပေါ့ ဟုတ်လား"

ဟေမာသီရိက ခေါင်းညိတ်ပြသည်။

"အခုချက်ချင်း နားထောင်ဖို့ လိုမလား"

"ဒီလိုတော့ မဟုတ်ပါဘူး မောင်တော်၊ မင်္ဂလာပွဲရက်မရောက်ခင် တစ်ရက်ရက်မှာပေါ့"

"ဒီလိုဆို နားပါဦးနှမတော်၊ အနားယူပါဦး၊ ဒီအတွက် မောင်တော် စီစဉ်ပေးပါ့မယ်၊ ကဲ-နားလိုက်ဦး၊ မောင်တော်လည်း ပြန်လိုက်ဦးမယ်"



ဗန္ဓုရာဇာ ထရပ်သောအခါ ဟေမာသီရိလည်းထရပ်ပြီး လက်အုပ်ချီလိုက်သည်။

"နှမတော် လိုက်ပို့ရဦးမလား မောင်တော်"

ဟေမာသီရိ၏အမေးကို ဗန္ဓုရာဇာက သဘောကျပြီးရယ်သည်။

"မလိုဘူး နှမတော်၊ မလိုဘူး၊ ဒီလိုသာ တစ်ယောက်ကိုတစ်ယောက် လိုက်ပို့နေရင် ပြီးမှာမဟုတ်တော့ဘူး၊ အခန်းမှာပဲနေရစ်ပါ၊ ရံရွေတော်တွေ ရောက်လာလိမ့်မယ်၊ နှမတော် လိုအပ်တာမှန်သမျှ သူတို့ကို ခိုင်းစေလို့ရတယ်၊ အားမနာနဲ့"

ဗန္ဓုရာဇာပြန်ထွက်သွားသောအခါ အပျိုတော်ဆယ်ဦးခန့် ဟေမာသီရိအနားသို့ ဝိုင်းအုံရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၈)

"အိမ်ရှေ့စံကိုယ်တော်ကြီး ကြွချီလာကြောင်းပါဘုရား"

လျှောက်တင်သံကြားသည်နှင့် ရွှေမြို့တော်၊ မြို့စောင့်တပ် တပ်မှူး သီရိပုံချီဘွဲ့ရ သူရစက္ကသည် ရှတ်ခနဲ ထရပ်လိုက်၏။ အိမ်ရှေ့စံ ကိုယ်တော်ကြီးကိုခရီးဦးကြိုဆိုရန် အခန်းပြင်ထွက်လိုက်သောအခါ ကိုယ်တော်ကြီးသည် အခန်းရှေ့သို့ပင် ရောက်နေလေပြီ။

သူရစက္ကသည် မုဆိုးဒူးထောက်ထိုင်ချလိုက်ပြီး လွယ်ထားသော လက်သုံးတော်ဓားကိုဖြုတ်ကာ လက်နှစ်ဖက်နှင့်ဆုပ်ကိုင် မြေပေါ်တွင် ထောက်၍ ဦးညွှတ်အရိုအသေပေးလိုက်သည်။

"ထပါ သူရစက္က၊ အခန်းထဲပြန်ဝင်ရအောင်၊ မောင်မင်းကို တာဝန်တွေ အပ်နှင်းစရာရှိတယ်"

သူရစက္ကသည် သွက်လက်စွာထရပ်ပြီး ဓားလွယ်ကို စနစ်တကျ ပြန်လွယ်သည်။

"ကြွပါကိုယ်တော်ကြီး၊ ကျွန်တော်မျိုးလည်း မျှော်လင့်စောင့်စား နေပါတယ်"



အိမ်ရှေ့စံကိုယ်တော်ကြီးသည် အခန်းဆီ မလှမ်းသေးဘဲ သူ့ကိုယ်ရံတော်နှင့်မြင်းထိန်းထံလှည့်၍ အမိန့်ပေးလိုက်သည်။

"မင်းတို့ ငါ့စီးတော်မြင်းကို ကုန်းမချဘဲ တပ်ဝင်းထဲမှာ လှန်ထားလိုက်၊ လည်ပတ်ကြိုးတော့ လျှော့ထားလိုက်နော်၊ သူ့ဟာသူ မြက်တွေ လျှောက်စားနေပါစေ၊ ပြီးတော့မှ ငါ့နားလာနေကြ"

ကိုယ်တော်ကြီးသည် အခန်းထဲသို့ရောက်သောအခါ ထိုင်ခုံတစ်ခုပေါ် ထိုင်ချလိုက်ပြီး သက်ပြင်းမှုတ်ထုတ်လိုက်သည်။

"နေလေး နည်းနည်း ထွက်လာတာနဲ့ ပူလာတာပဲ သူရစက္ကရဲ့၊ ငါ့ကို ရေကြည်တော် အရင်ဆက်စမ်းပါ"

သူရစက္ကသည် အခန်းထောင့်ရေအိုးမှ ရေတစ်ခွက်ခပ်ယူပြီး ကိုယ်တော်ကြီးကို ရိုသေလေးစားစွာ ဆက်သလိုက်သည်။

ကိုယ်တော်ကြီးသည် ရေကို အားရပါးရသောက်၏။ ရေခွက်ကိုပြန်ပေးရင်း သူရစက္ကကိုအမိန့်ချသည်။

"ထိုင်ခုံမှာဝင်ထိုင် သူရစက္က၊ မောင်မင်းကို တာဝန်ပေးတာအပြင် အလ္လာပသလ္လာပ ပြောဆိုမေးမြန်းစရာတွေလဲရှိတယ်"

"မှန်ပါဘုရား"

သူရစက္ကသည် ရေခွက်ကို အရင်ပြန်ထား၏။ ထို့နောက် အခန်းထောင့်တွင် ဦးညွှတ်အရိုအသေပြုလျက်အနေအထားနှင့် မုဆိုးဒူးထောက်ထိုင်နေသော သူ့ကိုယ်ရံတော်ထံသွားကာ ကိုယ်တော်ကြီးအား ညီဝတ်ပြုရန် တီးတိုးမှာကြား၏။ ပြီးမှ ကိုယ်တော်ကြီး ရှေ့တည့်တည့် ထိုင်ခုံတွင် ဝင်ထိုင်သည်။

"မောင်မင်းကို ပေးအပ်မယ့်တာဝန်က ညီတော်အငယ်ဆုံး ဗန္ဓုလအဖ ရဲ့ မင်္ဂလာအခမ်းအနားကို လုံခြုံမှုရှိရှိနဲ့ ခမ်းခမ်းနားနားကျင်းပဖို့ တာဝန်ပဲကွဲ့"

www.burmeseclassic.com

www.burmeseclassic.com





"အမိန့်ရှိပါ ကိုယ်တော်ကြီး"

"ခုနစ်ရက်တိုင်တိုင် ညစဉ်ညတိုင်း ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပေးရလိမ့်မယ်၊ ဒါကိုလည်း မောင်မင်းပဲ လုံ့ဆော်စည်းရုံးပေးရလိမ့်မယ်၊ ဒီပျော်ပွဲရွှင်ပွဲတွေကို အဝေးကြီးကနေ လာကြည့်ကြမယ့်လူတွေရှိလိမ့်မယ်၊ အဲဒီလူတွေကို မြို့ပြင်မှာ နေရာချထားပေးရမှာပဲ၊ အဲဒီတာဝန်လည်း မောင်မင်းပဲယူရလိမ့်မယ်"

"မှန်လှပါကိုယ်တော်ကြီး"

"တာဝန်ကတော့ ကြီးလေးတာအမှန်ပဲ၊ ဒါပေမဲ့ လက်အောက်ခံဗိုလ်တွေ၊ အကြပ်တွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး လုပ်ဆောင်သွားရင် သိပ်ခက်ခဲမှာမဟုတ်ဘူး၊ အခက်အခဲတွေ့ရင် ကိုယ်တော်ကြီးကို ချက်ချင်းလာလျှောက်၊ ကိုယ်တော်ကြီးဖြေရှင်းပေးမယ်"

"မှန်ပါ"

"တာဝန်ကတော့ ဒါပါပဲ၊ တာဝန်နဲ့ပတ်သက်ပြီး ဘာများမေးစရာ၊ လျှောက်တင်စရာရှိသလဲ"

"ရှင်းပါတယ် ကိုယ်တော်ကြီး၊ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သွားပါ့မယ်"

ထိုအခိုက် ကိုယ်တော်ကြီး၏ကိုယ်ရံတော်နှင့်မြင်းထိန်းသည် အပြင်မှ ဝင်လာကြ၏။ ကိုယ်တော်ကြီးနှင့်တပ်မှူးကို မုဆိုးဖိုထောက် ဦးညွတ်အရိုအသေပေးပြီးမှ ကိုယ်တော်ကြီး၏နောက်ပါးတွင် သွားရောက်နေရာယူကြသည်။

ကိုယ်တော်ကြီးသည် ခါးကို အနည်းငယ်ဆန့်လိုက်ပြီး ဆက်၍အမိန့်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းရဲ့ လုပ်ကိုင်ဆောင်ရွက်မှုကို ငါ ယုံကြည်စိတ်ချပါတယ်၊ ခဏနေလို့ ငါပြန်တာနဲ့ မောင်မင်းစပြီး လှုပ်ရှားနိုင်ပြီ"

"မှန်ပါ၊ အချိန်ရပါသေးတယ် ကိုယ်တော်ကြီး၊ ခဏတော့နေပါဦး၊ ကိုယ်တော်ကြီးကို ဧည့်ခံဖို့ စားသောက်ဖွယ်ရာတချို့စီစဉ်နေပါတယ်၊ ကျွန်တော်မျိုးတို့ ဧည့်ခံတာကိုတော့ ချီးမြှင့်သွားပါဦးဘုရား"

သူရစက္ကက ထိုင်လျက်နှင့်ပင် လက်အုပ်ချီပြီး တောင်းပန်သည်။ ကိုယ်တော်ကြီးက ချက်ချင်းပြန်မေးသည်။

"အချိန်ရတယ် လုပ်မနေနဲ့၊ ဒီညကစ,ရမှာနော်၊ ဖခမည်းတော် အမိန့်ချပြီးနောက် နတ်ဆရာကြီးတွေနဲ့ ညှိနှိုင်းပြီး အချိန်မဆိုင်းဘဲ မောင်မင်းဆီ ထွက်ခဲ့တာကွယ့်၊ သိပ်အချိန်ဖြုန်းနေလို့မဖြစ်ဘူး"

"မှန်ပါ၊ အချိန်ဖြုန်းသလို မဖြစ်စေရပါဘူး၊ ကိုယ်တော်ကြီးပဲ အလ္လာပသလ္လာပစကားများ ပြောချင်သေးတယ်လို့ အမိန့်ရှိခဲ့တာပဲ၊ စားရင်းသောက်ရင်း ပြောလို့ရပါတယ်ဘုရား၊ ကျွန်တော်မျိုးလည်း လျှောက်တင်စရာတစ်ခုရှိပါတယ်၊ အချိန်တစ်မောင်းတောင် မကြာနိုင်ပါဘူးဘုရား"

"ဒါဖြင့်လည်းဧည့်ခံစရာရှိတာ ဧည့်ခံတော့လေ၊ မောင်မင်းလျှောက်တင်စရာရှိတာ အရင်လျှောက်တင်"

ကိုယ်တော်ကြီးက ပြောရင်းရယ်သည်။ သူရစက္ကက လက်ခုပ်တီးလိုက်သည်။

သူရစက္က၏ကိုယ်ရံတော်ကဦးဆောင်ပြီး တပ်သားငါးယောက်သည် စားသောက်ဖွယ်ရာများကို ကိုင်ထွက်လာ၏။ ကိုယ်တော်ကြီးနှင့် သူရစက္ကအကြား စားပွဲပေါ်တွင် တည်ခင်းလေသည်။ သစ်သီးဝလံများ၊ ကြက်အမဲဟင်းလျာများနှင့် ခေါင်ရည်ကျည်တောက်များ...။



ကိုယ်တော်ကြီးက သူ့ကိုတည်ခင်းဧည့်ခံသော ခေါင်ရည်ကျည်တောက်ကိုမ,ပြီး နောက်တော်ပါးမှ ကိုယ်ရံတော်ကို ပြလိုက်သည်။ ကိုယ်ရံတော်က ရှေ့တက်လာပြီး ခေါင်ရည်ကျည်တောက်ကို ယူမော့သည်။ ထို့နောက်စားသောက်ဖွယ်ရာများကို တစ်မျိုး နည်းနည်းစီယူပြီးစား၏။

ဤသည်မှာ ရွှေမြို့တော်၌ နန်းစံနေသော မဟာရာဇာဘုရင်ကြီးနှင့် အိမ်ရှေ့စံကိုယ်တော်ကြီးသက္ကရာဇာတို့အတွက် ထုံးစံဖြစ်သည်။ မည်သည့်နေရာရှိ စားသောက်ဖွယ်ရာကိုမဆို ကိုယ်ရံတော်က အလျင်စားသုံးပြီးမှ စားသုံးရ၏။ မကောင်းကြံသူများနှင့် ရန်သူများ၏အဆိပ်ခတ်မည့်အန္တရာယ်မှ ကာကွယ်ထားသော ထုံးတမ်းစဉ်လာ ဖြစ်ပေသည်။ စားသောက်ဖွယ်အားလုံးကို မြည်းစမ်းပြီးသောအခါ ကိုယ်ရံတော်သည် နောက်သို့ပြန်ဆုတ်သွားပြီး မြင်းထိန်းနှင့်အတူ ပြန်ရပ်သည်။ ကိုယ်တော်ကြီး စားသောက်နေစဉ်လည်း သူတို့တွင် လုံခြုံရေးတာဝန် ရှိလေသည်။ ကိုယ်တော်ကြီးသည် ခေါင်ရည်ကို သွက်သွက်မော့သည်။ ကြက်ပေါင်ကိုအလျင်နှိုက်၍ အားရပါးရကိုက်စားသည်။ ကိုယ်တော်ကြီး စားသုံးပုံသည် စစ်သားတစ်ယောက် ပီသသည်။ ဟန်ဆောင်မှုမရှိ။

"ကျွန်တော်မျိုး လျှောက်တင်ပါမည်ဘုရား"

သူရစက္ကက ခွင့်တောင်း၏။

"တင်ဟဲ့၊ တင်လည်းတင်၊ သောက်လည်းသောက်၊ စားလည်းစား၊ ဧည့်ခံတဲ့အခါ အိမ်ရှင်ပါစားမှ ဧည့်သည်က အားမနာရတာ"

"မှန်ပါဘုရား၊ ကျွန်တော်မျိုး လျှောက်တင်လိုတာက ကိုယ်တော်ကြီးနဲ့ ညီတော်ငယ် ဗန္ဓုရာဇာရဲ့ မင်္ဂလာပျော်ပွဲရွှင်ပွဲ လုံခြုံရေး အစီအမံနဲ့ သက်ဆိုင်ပါတယ်ဘုရား၊ ပျော်ပွဲရွှင်ပွဲမှာ မူးယစ်ရမ်းကားသူများကို

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးထိန်းသိမ်းရတာလည်း လုံခြုံရေးအစီအမံနဲ့ သက်ဆိုင်နေပါတယ်၊ အဲဒီလို ဖမ်းဆီးထိန်းသိမ်းတဲ့အခါမှာ ကျောသားရင်သား မခွဲခြားဘဲ ဆောင်ရွက်ခွင့်ပြုပါဘုရား"

"ဒါများ အထူးအဆန်းလုပ်ပြီး လျှောက်တင်နေရသလား သူရစက္ကရဲ့၊ ခါတိုင်းလည်းသည်လိုပဲ လုပ်ခွင့်ပြုထားတာပဲ"

"မှန်လှပါ၊ အရင့်အရင် သင်ခန်းစာတွေအရ မူးယစ်ရမ်းကားမှု လုပ်တတ်သူတွေဟာ မှူးကြီးမတ်ရာတွေရဲ့ သားတော်ငယ်တွေ၊ နတ်ဆရာကြီးတွေရဲ့ ခြွေရံသင်းပင်းတွေ၊ တစ်ခါတစ်ရံ နတ်ဆရာတွေ ကိုယ်တိုင်ပင် ပါဝင်တတ်ပါတယ်၊ ခြုံပြောရရင် အာဏာပိုင် အဝန်းအဝိုင်းထဲက ပါလာခဲ့ရင် ကျွန်တော်မျိုးတို့ လုပ်ရကိုင်ရခက်ခဲပါတယ်၊ မင်းစိုးရာဇာတွေရဲ့ ငြိုငြင်မှုကိုလည်း ခံရပါတယ်၊ တချို့ဆို ချက်ချင်းလိုက်လာပြီး ဆူပူကြိမ်းမောင်းပါတယ်၊ အဲဒီသင်ခန်းစာတွေအရ လျှောက်တင်ရတာပါ ကိုယ်တော်ကြီး"

"မစိုးရိမ်နဲ့ သူရစက္က၊ တာဝန်အရသာဆောင်ရွက်ပါ၊ တာဝန်အရဆောင်ရွက်တဲ့အခါ မလိုမုန်းထားစိတ်မပါဖို့၊ အလွန်အကျွံမဖြစ်ဖို့ဘဲလိုတယ်၊ တစ်ခါတစ်ရံမှာ အဖမ်းခံရသူမှာချည်း အပြစ်ရှိတာမဟုတ်၊ ဖမ်းသူကလည်း နည်းလမ်းမကျရင် အပြစ်ဖြစ်တာပဲ၊ ဒါကိုတော့ အထူးသတိပြု၊ အဂတိမပါဘဲ စည်းကမ်းနည်းလမ်းကျကျ အရေးယူဆောင်ရွက်တာမှန်သမျှ ကိုယ်တော်ကြီး တာဝန်ယူတယ်၊ မူးယစ်ရမ်းကားပြီး ပျော်ပွဲရွှင်ပွဲကို အနှောင့်အယှက် ဖြစ်လာရင် စကားကုန်ပြောလိုက်မယ်၊ ဘုရင့်သားတော်မရှောင်နဲ့၊ ဖမ်းပြီးထိန်းသိမ်းထားလိုက်၊ ခုခံရင် ခုခံတဲ့အတိုင်းအတာအလိုက် နှိပ်ကွပ်ပြီးဖမ်း၊ ကိုယ်တော်ကြီး တာဝန်ယူတယ်"



"သင့်မြတ်လှကြောင်းပါဘုရား"

"ဒီနေ့ ရွှေမြို့တော်ကြီးမှာ မဟာရာဇာမင်းဆက် နန်းသက်ရှည်နေဘာဟာ စည်းကမ်းဥပဒေကို ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်နေလို့ပေါ့၊ ဒါကြောင့်လည်း ပြည်သူက ကြည်ဖြူနေကြတာ၊ ဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားဖို့ ကိုယ်တော်ကြီးတို့မှာ တာဝန်ရှိဘယ်"

"မှန်ပါဘုရား"

"မောင်မင်း လျှောက်တင်ချင်တယ်ဆိုတာ ဒါပဲလား"

"တခြားမရှိပါဘုရား"

"ဒါဆို မောင်မင်းကိုမေးရဦးမယ်၊ ကိုယ်တော်ကြီးပြောချင်တဲ့ အလ္လာပသလ္လာပဆိုတာ အခုမေးမယ့်စကားပါပဲ၊ ညီတော်ဝန္နုရာဇာရဲ့ မင်္ဂလာပွဲနဲ့ပတ်သက်လို့ မြို့စောင့်တပ်တွေထဲမှာ ဘယ်လိုစကားတွေများ ဖြစ်ပေါ်နေကြသလဲကွဲ့"

သူရစက္ကသည် သစ်သီးဝလံများကို စားသုံးရင်း ခေတ္တတုံ့ဆိုင်းနေ၏။ ပြောသင့်မပြောသင့် ချိန်နေခြင်းလည်းဖြစ်၏။

"ရဲရဲသာလျှောက်ပါ သူရစက္က၊ တပ်တွင်းကထင်မြင်ယူဆချက်တွေဟာလည်း ပြည်သူလူထုရဲ့ထင်မြင်ယူဆချက်ထဲမှာ ပါဝင်နေတာပဲ၊ ကိုယ်တော်ကြီးတို့ သိထားသင့်တယ်"

သူရစက္ကသည် သက်ပြင်းတစ်ချက်ချပြီးမှ ပြော၏။

"တချို့က ကိုယ်တော်လေးဝန္နုရာဇာကို သနားကြတယ်"

ကိုယ်တော်ကြီးသည် မျက်မှောင်ချီပြီး ကြည့်လိုက်၏။ အထူးစိတ်ဝင်စားသွားပုံပေါ်လွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



“လုပ်ပါဦး၊ ဘယ်ကိစ္စ ဘယ်လိုအကြောင်းအရာမှာ သနားစရာ ဖြစ်
နေတာလဲ”

“သူတို့အမြင်မှာ ကိုယ်တော်လေးပန္နရာဇာကို ဗေဒင်ဆရာကြီးတွေ
နဲ့နတ်ဆရာကြီးတွေက ‘အမြင်ကတ်ကတ်နဲ့ အကွက်ဆင်ပြီး ချောက်
ထဲကျအောင် လုပ်လိုက်တယ်လို့ မြင်ကြတယ်၊ ကျေးတောသူနဲ့ညား
အောင် ဖန်တီးလိုက်တာဟာ ချောက်ချတာပဲလို့ ထင်ကြတယ်၊ ကျေး
တောသူနဲ့လက်ဆက်ရတယ်ဆိုတာ မျက်နှာငယ်ရတဲ့သဘောပေါ့”

ကိုယ်တော်ကြီးက ရယ်သည်။

“ကျေးတောသူသာဆိုတာပါ၊ အချောအလှမှာတော့ အိမ်ရှေ့မင်းရဲ့
မိဖုရားထက်တောင် သာတာကိုတော့ သူတို့မပြောကြဘူးလား”

“မှန်လှပါ၊ သူတို့အမြင်မှာတော့ အချောအလှဆိုတာ ပြုတ်စားလို့
မရဘူးဆိုတဲ့သဘောမျိုး မြင်ကြပါတယ်။ လူရည်လည်ဖို့၊ လူရာဝင်ဖို့
မင်းစိုးရာဇာအဝန်းအဝိုင်းထဲမှာ နေတတ်ထိုင်တတ်ဖို့က ပိုအရေးကြီး
တယ်၊ ချောတာလှတာက အရေးမကြီးဘူးလို့ ပြောကြပါတယ်။ ကိုယ်
တော်လေးရဲ့ကြင်ရာတော်ဟာ နန်းတော်ထဲမှာ အပြောမတတ်၊ အနေ
မတတ်နဲ့ အရှက်တကွဲ အကျိုးနည်းတွေဖြစ်ခဲ့ရင် ကိုယ်တော်လေး
သိက္ခာကျမယ်၊ မျက်နှာငယ်ရမယ်လို့ ပြောကြပါတယ်”

ကိုယ်တော်ကြီး မျက်နှာမှာတည်သွားပြီး ပြန်ပြောသည်။

“ဒီလိုပြောတဲ့လူတွေမှာ တစ်ဖက်စောင်းနင်း ဖြစ်နေတယ်၊ အချော
အလှဆိုတာ ပြုတ်စားလို့မရဘူးလို့ ပြောတာကိုက တစ်ဖက်စောင်းနင်း
ဖြစ်နေတာပဲ၊ အချောအလှဆိုတာ ဂုဏ်ရည်တစ်ပါးဖြစ်တယ်၊ ရှေးပညာ
ရှိတိုင်း ဒါကို အသိအမှတ်ပြုခဲ့ကြတယ်၊ အဲဒီဂုဏ်ရည်ကြောင့် ဂုဏ်
မောက်ပြီး စိတ်ဓာတ်ပျက်စီးတာက တစ်ပိုင်းပေါ့၊ တကယ်တော့ အဲ



ဂုဏ်ရည်က တန်ဖိုးထားရမယ့် ဂုဏ်ရည်ထဲမှာပါတယ်၊ လူဖြစ်လာတိုင်း
ချောကြတာမှ မဟုတ်ဘဲ၊ ဒါကို သူတို့ နားမလည်ဘူး”

“မှန်ပါ၊ အဲဒီလူတွေလည်း ပြောသာပြောတာပါဘုရား၊ သူတို့ကျ
တော့ အချောအလှမှ လိုချင်ကြတာပါ၊ မရရင်သာ ရတာယူကြတာပါ
ပဲ”

“မှန်တာပေါ့ သူရစက္ကုရယ်၊ နောက်တစ်ခု သူတို့မေ့သွားတာက ရွှေ
မြို့တော်ဆိုတာ ကျေးလက်ကနေ ဖြစ်သွားတာဆိုတာပဲ၊ နေထိုင်မှုဘဝ
မြင့်လာလို့ ထုံး တမ်းစဉ်လာတွေ မြင့်လာရတာပါ၊ ဒါပေမဲ့ အလွန်အမင်း
ကွာဟနေတာမျိုး မဟုတ်ပါဘူး။ ပြောတဲ့လူတွေထဲမှာတောင် ကျေး
လက်ကလာခဲ့ကြသူတွေ ပါနေဦးမယ်လို့ထင်တယ်။ သူတို့လည်း ရောက်
ခါစကတော့ ရွှေမြို့တော်မှာ လူအ, တွေလိုဖြစ်နေမှာပဲ။ အနေကြာ
တော့လည်း လူရည်လည်သွားတာပဲ မဟုတ်လား။ ဘာများခက်တာ
မှတ်လို့”

“မှန်လှပါ၊ သူတို့ ဘဝမေ့သွားတာလဲ ပါပါတယ်”

“သူတို့ပြောတဲ့အထဲမှာ အဓိကအချက်ကတော့ ညီတော်ပန္နရာ
ဇာကို သနားတယ်ဆိုတာထက် ဗေဒင်ဆရာကြီးတွေနဲ့ နတ်ဆရာကြီး
တွေကို မယုံကြည်ဘူးဆိုတာကို ဖော်ပြနေတာ သူရစက္ကုရဲ့”

“မှန်လှပါ၊ ဗေဒင်ဆရာကြီးတွေနဲ့ နတ်ဆရာကြီးတွေဟာ တိုင်းရေး
ပြည်ရေးတွေမှာ စွက်ဖက်လွန်းတယ်၊ နောက်ဆုံး မင်းသားတွေရဲ့ ကိုယ်
ရေးကိုယ်တာကိစ္စတွေမှာပါ ဝင်ရောက်စွက်ဖက်နေတယ်ဆိုပြီး မကျေ
နပ်တဲ့အမြင်ကနေ ပြောထွက်လာတဲ့စကားတွေ ဖြစ်ကြောင်းပါဘုရား”

“စွက်ဖက်တယ်ဆိုတာ စွက်ဖက်ခံတဲ့လူရှိမှ စွက်ဖက်လို့ရတာပဲ
သူရစက္ကုရဲ့၊ ဖခမည်းတော်နဲ့ ကိုယ်တော်ကြီးတို့က ကျေကျေနပ်နပ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



အစွက်ဖက်ခံပါတယ်၊ အတော်များများကိစ္စတွေမှာ သူတို့ကို အားကိုးပါတယ်၊ ဒါပေမဲ့ တိုင်းပြည်အုပ်ချုပ်ခွင့်အာဏာကိုတော့ သူတို့ကို ပေးမထားပါဘူး၊ ဒါကို သူရစက္ကတို့ သဘောပေါက်ဖို့လိုမယ်"

"မှန်ပါ၊ ကျွန်တော်မျိုးကတော့ သဘောပေါက်ပါတယ်၊ အခုဟာက တချို့လူတွေပြောတာပါ"

ကိုယ်တော်ကြီး ရယ်ရယ်မောမော ပြန်ဖြစ်သွားသည်။ ခေါင်းရည်တစ်ကျိုက်မော့ပြီး ဆက်ပြောပြန်သည်။

"သူရစက္ကကို မစွပ်စွဲပါဘူး၊ မောင်မင်းရဲ့တပ်ထဲက ထွက်လာတဲ့အမြင်မို့ မောင်မင်းကို ခေါင်းတပ်လိုက်တာပါ၊ ဗေဒင်ဆရာကြီးတွေနဲ့ နတ်ဆရာကြီးတွေကို မယုံကြည်၊ မကျေနပ်တဲ့အမြင်ကတော့ အရင်ကလည်းရှိခဲ့တာပဲ၊ နောင်လည်း ဆက်ရှိနေဦးမှာပဲ၊ ဒါ သဘာဝကျပါတယ်၊ ဒါကို အတင်းအကျပ်ကိုင်ပြီး လုံးဝယုံကြည်ရမယ်လို့လည်း ကိုယ်တော်ကြီးတို့ မလုပ်ပါဘူး၊ လုပ်လို့လည်း မရပါဘူး၊ ဒါပေမဲ့ ဒီအမြင်အစွဲပေါ်ကနေ ပေါက်ကရတွေ လျှောက်ပြောတာမျိုးကိုတော့ ချေပရလိမ့်မယ်၊ ညီတော်ဗန္ဓုရာဇာကို သနားတယ်လို့ ပြောတာမျိုးပေါ့၊ ဒါတော့ ကြုံကြိုက်တဲ့အခါ ညီတော်ကိုယ်တိုင် တပ်ကို ရှင်းပြပါလိမ့်မယ်၊ မဟာရာဇာမျိုးဆက်တွေဟာ ဒီလိုပဲ နာခံရေးအစဉ်အလာကြီးတယ်ဆိုတာ ရှင်းပြရမှာပေါ့၊ ကိုယ်ရေးကိုယ်တာဆိုတာ ဒုတိယ၊ နာခံရေးဟာ ပထမ၊ ရွှေမြို့တော်ရဲ့ အစဉ်အလာနဲ့ စည်းမျဉ်းဥပဒေတွေကို မဟာရာဇာနဲ့ မဟာရာဇာမျိုးဆက်ကမှ မနာခံရင် တိုင်းသူပြည်သားတွေကရော နာခံပါဦးမလား၊ ဒါကြောင့် ညီတော်က အစဉ်အလာကို နာခံပြီး ကြင်ရာတော်ရွေးခဲ့တာဟာသနားစရာမဟုတ်ဘဲ ဂုဏ်ယူစရာတောင် ကောင်းပါသေးတယ်"



"မှန်လှပါ၊ ကျွန်တော်မျိုးလည်း ကြိုတင်ပြီး ရှင်းပြထားပါ့မယ်ဘုရား"

"အစဉ်အလာကို နာခံတာနော်၊ ဗေဒင်ဆရာကြီးတွေနဲ့ နတ်ဆရာကြီးတွေကိုနာခံတာမဟုတ်ဘူး"

"ရှင်းကြောင်းပါ ဘုရား"

"ကိုယ်တော်ကြီးလည်း ဒီလိုပါပဲ၊ သူတို့တွက်ချက်ပေးတဲ့ ကြင်ရာတော်နဲ့ပဲ လက်ဆက်ခဲ့ရတာပါပဲ၊ ကိုယ်ကြိုက် မရွေးခဲ့ရပါဘူး"

"မှန်ပါ၊ ကိုယ်ကြိုက်တာများရော ရှိပါသလားဘုရား"

သူရစက္ကက ခေါင်းရည်တန်ခိုးဖြင့် ကိုယ်တော်ကြီးကို တရင်းတနှီး မေးလိုက်သည်။ ကိုယ်တော်ကြီးကလည်း ပြုံးရယ်တော်မူသည်။

"ရှိတာပေါ့ သူရစက္ကရယ်၊ ဒါပေမဲ့ မောင်မင်းသိတဲ့အတိုင်းပဲ၊ ကိုယ်ကြိုက်ကို မိဖုရားအဖြစ်သာ မရွေးခဲ့ရတာပါ၊ အိမ်ရှေ့စံဆိုတော့ ကိုယ်လုပ်တော် မောင်းမမိဿံ စာရင်းထဲဝင်အောင်တော့ သိမ်းသွင်းနိုင်ခဲ့တာပ"

"မှန်ပါ၊ ကျွန်တော်မျိုးလည်း ဝါသနာပါလို့ မေးမိတာပါဘုရား၊ ခွင့်လွှတ်တော်မူပါ"

နှစ်ဦးသား ရယ်မောဖြစ်ကြသည်။ ကိုယ်တော်ကြီး၏ကိုယ်ရံတော်နှင့် မြင်းထိန်းပါ ပြုံးစိစိဖြစ်ကုန်ကြသည်။ ကိုယ်တော်ကြီးသည် ရယ်မောရာမှ အရှိန်သတ်ပြီး သူရစက္ကကိုမေး၏။

"ဒါနဲ့ မောင်မင်းရဲ့သဘောထားကိုလည်း မေးရဦးမယ်၊ မောင်မင်းကော ဗေဒင်ဆရာကြီးတွေနဲ့ နတ်ဆရာကြီးတွေကို ယုံကြည်ရဲ့လား ကျေနပ်ရဲ့လား၊ ပွင့်ပွင့်လင်းလင်း လျှောက်တင်စမ်းပါ"

"မှန်ပါ၊ ကျွန်တော်မျိုး အပွင့်လင်းဆုံးလျှောက်တင်ရရင် ဗေဒင်ဆရာကြီးတွေနဲ့ နတ်ဆရာကြီးတွေကို မယုံကြည်ပါဘူးဘုရား၊ ဗေဒင်

www.burmeseclassic.com

www.burmeseclassic.com



ပညာနဲ့ နတ်တွေ၊ နတ်မင်းကြီးတွေကိုတော့ ယုံပါတယ်"

"ဟုတ်ပေ့သူရစက္ကရယ်၊ မောင်မင်းဟာ အတော်လိမ္မာပါးနပ်တဲ့ တစ်မှူးပေပဲ၊ ဖြေတာလည်းကောင်းပါတယ်"

ကိုယ်တော်ကြီးသည် တပြုံးပြုံးဖြစ်သွား၏။ ထို့နောက် သူ့နောက်ပါးမှ ကိုယ်ရံတော်နှင့်မြင်းထိန်းဘက်လှည့်ကာ အမိန့်ပေးလိုက်၏။

"မြင်းပြင်ကြတော့၊ ဒီဝိုင်းကလေး လက်စသတ်ပြီးရင် ပြန်ချီကြစို့"

ကိုယ်တော်ကြီး၏ ကိုယ်ရံတော်နှင့် မြင်းထိန်း အခန်းပြင်ထွက်သွားသောအခါ သူရစက္ကက ကိုယ်တော်ကြီးကို စကားပြန်ဆက်သည်။

"ကျွန်တော်မျိုးရဲ့အဖြေစကားကိုကြားရတာနဲ့ ကိုယ်တော်ကြီးက ထ ပြန်တော့မှာလား ဘုရား"

"မောင်မင်းရဲ့ အဖြေစကားနဲ့မဆိုင်ပါဘူး၊ ကိုယ်တော်ကြီး သိပ်ကြာ သွားရင် မောင်မင်းရဲ့တာဝန်လည်း ထိခိုက်မယ်လေ၊ မောင်မင်း ဖြေ တာ ကောင်းပါတယ်၊ ပညာနဲ့လူ နှစ်မျိုးရှိတဲ့အနက် ပညာက မဖောက် ပြန်တတ်ဘူး၊ လူကသာ ဖောက်ပြန်တတ်တာကိုး၊ နတ်နဲ့နတ်ဆရာ လည်း ထိုနည်းလည်းကောင်းပေါ့၊ နတ်က တကယ်ပြောမှန်း မပြော မှန်းမသိရဘဲ နတ်ဆရာပြောတာပဲ ကြားနေရတာကိုး၊ လှည့်စားလို့ နိုင်တာပေါ့၊ ဒါကို ကိုယ်တော်ကြီးရော ဖခမည်းတော်ပါ သဘောပေါက် ပါတယ်၊ ဒါပေမဲ့ သူရစက္ကရေ၊ ငါတို့က ဗေဒင်ပညာလည်း မတတ် နတ်တွေနဲ့လည်း စကားမပြောတတ်တော့ သူတို့ကို အားကိုးရတာပေ ဗေဒင်ပညာနဲ့ဗေဒင်ဆရာ၊ နတ်နဲ့နတ်ဆရာဆိုတဲ့ တွဲလည်းတွဲ၊ ကွဲလည်း ကွဲနေတဲ့အချက်ကို သတိမမေ့၊ မပေါ့ဆဘဲ အားကိုးရတာပေါ့ကွယ်"

"သင့်မြတ်ကြောင်းပါဘုရား"



ထိုအခိုက် အခန်းတွင်းသို့ သူရစက္က၏ကိုယ်ရံတော် ဝင်လာ၏။ မုဆိုးဒူးထောက် အရိုအသေပြုပြီးနောက် အလျင်အမြန် လျှောက်တင်လေသည်။

"မှန်လှပါ၊ တပ်ဝင်းတံခါးဝမှာ ကျေးတောသားတစ်ယောက် ရောက်နေပါတယ်ဘုရား၊ တပ်မှူးနဲ့တွေ့ချင်တယ်လို့ တောင်းဆိုပါတယ်၊ တံခါးမှူးနဲ့အစောင့်များက ကိုယ်တော်ကြီးလည်းရောက်နေချိန်မို့ တားပါတယ်၊ နောက်မှ ပြန်လာဖို့ပြောတာလည်းမရဘဲ အတင်းဝင်ဖို့ ကြိုးစားပါတယ်၊ ဒါနဲ့ မတတ်သာဘဲ ဝိုင်းချုပ်ပြီး ကြိုးနဲ့တုပ်လိုက်ရပါတယ်၊ စစ်မေးကြည့်တော့ သစ်အယ်ချောင်ရွာကလို့ ပြောပါတယ်ဘုရား"

"သစ်အယ်ချောင်က ဟုတ်လား"

ကိုယ်တော်ကြီးနှင့် တပ်မှူးသူရစက္ကတို့နှုတ်မှ အာမေဋိတ်သံသည် ပြိုင်တူထွက်သွား၏။

"မှန်လှပါဘုရား"

သူရစက္ကက ကိုယ်တော်ကြီးကို မော့ကြည့်လိုက်သည်။ ကိုယ်တော်ကြီးက အမိန့်ချ၏။

"ရှေ့တော်သွင်းခဲ့...ဟဲ့"

အမိန့်တော်အတိုင်း မကြာမီပင် ကိုယ်တော်ကြီးရှေ့မှောက်သို့ အဆိုပါကျေးတောသားသည် ကြိုးတုပ်ခံလျက်နှင့် ရောက်လာလေသည်။

"မော်ဖူးစေ"

ကိုယ်တော်ကြီးအမိန့်သံကြားမှ ကျေးတောသားသည် မော်ဖူး၏။ သူ့မျက်နှာတွင် အနည်းငယ် အညိုအမည်းစွဲနေ၏။ နှုတ်ခမ်းမှ သွေးစအချို့ ထွက်နေသည်။ ဝင်းတံခါးမှအစောင့်များဖမ်းဆီးစဉ်ခုခံ၍ ရုန်းရင်းဆန်ခတ် ဖြစ်ခဲ့ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းဟာ သစ်အယ်ချောင်သားဆိုတာ ဟုတ်သလား"

"မှန်ပါဘုရား"

"မောင်မင်းနာမည် ဘယ်လို ခေါ်သလဲ"

"သတ္တိဗလပါဘုရား"

"မောင်မင်းရဲ့ဖခင်နာမည်ရော"

"နေဝဗလပါဘုရား၊ သစ်အယ်ချောင်ရွာရဲ့ နတ်ဆရာကြီး ဖြစ်ကြောင်းပါ"

ကိုယ်တော်ကြီး မျက်လုံးပြူးသွား၏။ ညီတော်ပန္နရာဇာ၏ဧည့်သည်တော်များအဖွဲ့မှ ရောက်လာသူများ ဖြစ်နေမည်လောဟု စဉ်းစားမိလေသည်။

"သုရစက္ကရေ၊ မှားကုန်ပြီထင်တယ်၊ မောင်မင်းလူတွေလည်း နည်းနည်းတော့ လက်လွန်ကုန်ကြတယ်၊ မောင်မင်းနဲ့တွေ့ဖို့လာတာ ဘာကိစ္စလည်းဆိုတာ မေးစမ်းပါဦး"

ကိုယ်တော်ကြီး၏အမိန့်အရ သုရစက္ကလည်း မေးခွန်းထုတ်သည်။

"ကိုင်း-သတ္တိဗလ၊ မြို့စောင့်တပ်တပ်မှူး သုရစက္ကဆိုတာ ကျုပ်ပဲ ဘာအကြောင်းထူးရှိလို့ တွေ့ချင်ရတာလဲ"

"ဘာအကြောင်းထူးမှ မရှိကြောင်းပါ၊ ကျွန်တော်မျိုး တပ်ထဲဝင်ချင်လို့ လာခဲ့တာပါဘုရား"

သုရစက္ကသည် ကိုယ်တော်ကြီးဘက်လှည့်၍ ကြည့်လိုက်သည်။ ကိုယ်တော်ကြီးသည် အံ့ဩဟန်နှင့် ဆက်မေးရန် အရိပ်အကဲပြ၏။

"ဒီအချိန် တပ်သားသစ် သိမ်းသွင်းချိန်မဟုတ်တာ မောင်မင်း မသိဘူးလား၊ ပြီးတော့ မြို့စောင့်တပ်ထဲကို ဒီလို ကိုယ့်သဘောနဲ့ကိုယ် လာဝင်လို့မရဘူးဆိုတာရော မသိဘူးလား"



"သိပါတယ်ဘုရား၊ ကျွန်တော်မျိုးက ကိုယ့်အကြောင်းနဲ့ကိုယ်မို့ တပ်ထဲဝင်ခွင့်မရရင် အသက်နဲ့မပြန်တော့ဘူးဆိုပြီး လာခဲ့တာပါဘုရား"

သူ၏အဖြေများက ထူးထူးဆန်းဆန်းရှိလှသဖြင့် ကိုယ်တော်ကြီးသည် မျက်မှောင်ကုပ်လျက် စဉ်းစားနေလေသည်။ သုရစက္ကလည်း အံ့ဩစိတ်ကိုမျိုသိပ်လျက် မေးသင့်မေးထိုက်သည်များကို ဆက်မေးလေသည်။

"သင့်အဖေဟာ နေဝဗလဆိုတာ သေချာရဲ့လား၊ အခု သူဘယ်မှာရှိနေသလဲ"

"သေချာပါတယ်ဘုရား၊ အခု သူရွှေမြို့တော်မှာပဲ ရှိနေပါလိမ့်မယ်၊ ကိုယ်တော်လေးပန္နရာဇာရဲ့ကြင်ရာတော်လောင်းကို လာပို့ရင်း ရောက်နေတာပါဘုရား"

သုရစက္ကသည်ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆက်မေးသည်။

"မောင်မင်းဟာ အဲဒီအဖွဲ့နဲ့ အတူတူလာခဲ့တာလား"

"မဟုတ်ပါဘုရား၊ အဖေတို့အဖွဲ့က သတ်သတ်ပါ၊ ကျွန်တော်မျိုးက ကိုယ့်ဘာသာလာတာပါဘုရား"

ဧည့်သည်တော်အဖွဲ့က မဟုတ်ဆို၍ ကိုယ်တော်ကြီး အတန်ငယ်စိတ်ပေါ့သွားသည်။ သုရစက္ကက ဆက်မေးပြန်၏။

"မောင်မင်းမလိမ်နဲ့နော်၊ လိမ်လို့ကတော့ မသက်သာဘူးမှတ်"

"မလိမ်ပါဘူးဘုရား၊ သစ်အယ်ချောင်က ဘယ်သူ့ကိုခေါ်ပြပြ ကျွန်တော်မျိုးဟာ နတ်ဆရာကြီး နေဝဗလရဲ့သား သတ္တိဗလဖြစ်ကြောင်း အာမခံပါလိမ့်မယ်"

"မောင်မင်းရဲ့အဖေကို ခေါ်ပြရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"အဖေကတော့ ကျွန်တော်မျိုးကို ရိုက်သတ်မှာပဲဘုရား၊ အဖေခွင့်မလွှတ်နိုင်တဲ့အပြစ်တစ်ခုကို ကျူးလွန်မိလို့ အခုလို တပ်ထဲဝင်ဖို့ ဆုံးဖြတ်ခဲ့ခြင်းပါဘုရား"

"ရာဇဝတ်မှုလား"

"မဟုတ်ပါ၊ မိသားစုအတွင်း ပြဿနာပါဘုရား"

"ဘာပြဿနာလဲ"

"လျှို့ဝှက်အပ်တဲ့ပြဿနာမို့ လျှောက်တင်ရန် မဖြစ်ပါဘုရား"

သူရစက္ကက ကိုယ်တော်ကြီးကို လှည့်ကြည့်လိုက်၏။ ကိုယ်တော်ကြီးက လက်ကာပြသည်။ ထို့နောက် ကိုယ်တိုင်ပင် မေးခွန်းထုတ်လေသည်။

"မောင်မင်း ငါ့ကို သိသလား"

"အိမ်ရှေ့စံ ကိုယ်တော်ကြီးဖြစ်ကြောင်း၊ တိုင်းခန်းလှည့်လည်စဉ် မြင်ထား၊ သိထားကြောင်းပါဘုရား"

"ကောင်းပြီ၊ ဒါဆိုရင် မောင်မင်း အမှန်အတိုင်းဖြေ၊ အမှန်အတိုင်းဖြေရင် မောင်မင်းတပ်ထဲဝင်ချင်တဲ့ဆန္ဒ ပြည့်ဝစေရမယ်၊ မဟုတ်မမှန် လုပ်ကြံဖြေရင် ရာဇဒဏ်သင့်မယ် ကြားလား"

"မှန်ပါဘုရား"

"မောင်မင်းရဲ့ မိသားစုအတွင်းပြဿနာက လျှို့ဝှက်အပ်တဲ့ပြဿနာလို့ပြောတယ်၊ ဘယ်အတိုင်းအတာအထိ လျှို့ဝှက်အပ်နေလို့လဲ"

"မှန်ပါ၊ ကိုယ်တော်ကြီးကိုယ်တော်လေးတို့ အတိုင်းအတာထိအောင် လျှို့ဝှက်အပ်ပါတယ်ဘုရား၊ ကိုယ်တော်ကြီးအမေးရှိလို့ ဖြေရရင်တောင် အဲဒီအဖြေကြောင့် ဒဏ်သင့်ခံနိုင်ဖွယ် ရှိပါတယ်ဘုရား၊ ကျွန်တော်မျိုးသာမက ကျွန်တော်မျိုးရဲ့ဖခင်တောင် ဒဏ်သင့်ခံရဖွယ် ရှိပါတယ်၊ ဒါကြောင့် သင့်တော်တဲ့ကတိကဝတ်မရှိဘဲ ကျွန်တော်မျိုး မဖြေသင့်



ကြောင်းပါ၊ အသေခံသွားတာကမှ မိသားစုအတွက် မျက်နှာလှဖွယ်ရှိပါတယ်ဘုရား"

ကိုယ်တော်ကြီးသည် တစ်ခဏမျှ စဉ်းစားပြီး ထရပ်လေသည်။ ထို့နောက် သူရစက္ကဘက်လှည့်ပြီး အမိန့်ရှိ၏။

"ငါပြန်မယ် သူရစက္က၊ မပြန်ခင် အမိန့်တော်မှတ်မယ်၊ အမိန့်တော်နာခံ"

"မှန်ပါဘုရား"

"ဒီသတ္တိဗလဟာ သစ်အယ်ချောင်ရွာက နတ်ဆရာကြီး နေဝဗလရဲ့သားဆိုတာ ဟုတ်မဟုတ်၊ မှန်မမှန် အတည်ပြုချက်ရအောင် အမြန်ဆောင်ရွက်၊ သူ့အဖေကိုတော့ ခေါ်မပြနဲ့၊ တခြားသင့်တော်သူတစ်ဦးဦးကို ခေါ်ပြလို့ရတယ်၊ လိမ်တာဆိုရင် ထောင်သွင်းအကျဉ်းချထားလိုက်၊ ဟုတ်မှန်ရင် ကြိုးဖြေပေးလိုက်၊ ရေမိုးချိုး အဝတ်အစားသစ်များလဲပြီး ငါကိုယ်တော်ကြီးထံပို့ပေး၊ ရှင်းလား"

"မှန်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

# (၉)

“သခင်မလေး ဟေမာသီရိဘုရား၊ စီးတော်မြင်း အသင့်ဖြစ်ပါပြီ”

အပျိုတော်တစ်ဦး၏လျှောက်တင်သံကြောင့် ပန်းနုရောင်ဝတ်စုံ ဝတ်ဆင်ထားသော ဟေမာသီရိသည် ရံရွေတော်များခြံရံလျက် အဆောင်ပေါ်မှ ဆင်းသက်ခဲ့၏။ ဝတ်စုံအဝတ်အစားဆန်းပြားပြီး ဆင်ယင်ထုံးဖွဲ့မှု နန်းဆန်နေသဖြင့် ဟေမာသီရိသည် တစ်သွေးတစ်မွေးဖြစ်ကာ နတ်သမီးကလေးသဖွယ် ဝင်းလက်လှပနေပေသည်။

အဆောင်ရှေ့တွင် မင်းသားဗန္ဓုရာဇာသည် အခြွေအရံများနှင့်အတူ ဟေမာသီရိကို စောင့်ဆိုင်းနေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးနိုင်သော ဟေမာသီရိ၏အလှကြောင့် ဗန္ဓုရာဇာမှအပ အခြွေအရံများသည် သူမကို ရဲရဲမကြည့်ရဲကြချေ။ အမှန်လည်း လှလွန်းသူများ၏အဆင်းကို ယောကျ်ားသားတိုင်း အပြည့်အဝ ခံစားရဲသည်မဟုတ်ပေ။ ဗန္ဓုရာဇာမှုကား မိမိအတွက် ကံကြမ္မာက ပေးအပ်ရောက်ရှိလာသော မိန်းမချောလေး၏အလှကို တစိမ့်စိမ့်ကြည့်ရှုခံစားလေသည်။



စီးတော်မြင်းနှစ်ကောင်သည် ယှဉ်တွဲရပ်နေကြသည်။ ဟေမာသီရိ၏စီးတော်မြင်းကို အပျိုတော်တစ်ဦးကဆွဲထားပြီး ဗန္ဓုရာဇာ၏စီးတော်မြင်းကို သူ့မြင်းထိန်းက ဆွဲထားသည်။

ဗန္ဓုရာဇာက အနီးသို့ရောက်လာသော ဟေမာသီရိကို စီးတော်မြင်းပေါ် ကူညီတင်ပေးရန် လက်ကမ်းသည်။

ဟေမာသီရိက လက်အုပ်ချီလိုက်ပြီးမှ လက်လှမ်းပေးသည်။ ဗန္ဓုရာဇာ၏ကူညီမှုနှင့် ဟေမာသီရိလည်း မြင်းပေါ်ရောက်သွား၏။

ဗန္ဓုရာဇာ မြင်းပေါ်တက်ပြီးသည့်အခါ မြင်းကိုဆွဲထားသူများ လက်လွှတ်ပေးလိုက်ကြသည်။ မြင်းနှစ်စီးယှဉ်တွဲ၍ ထွက်ခဲ့ကြ၏။ ရံရွေတော်များနှင့်အခြွေအရံများ ကုန်းကြောင်းပင် လိုက်ကြ၏။ သူတို့နှစ်ဦးလည်း မြင်းကို အနှေးအလှသာ စီးကြသည်။

“ဘယ်ကိုသွားမှာလဲ မောင်တော်”

ဟေမာသီရိသည် ဗန္ဓုရာဇာအကြိုရောက်၍သာ ထွက်လိုက်ခဲ့ရသည်။ ဘယ်ကို ဦးတည်မည်မသိ။ ယခု မြင်းချင်းယှဉ်၍စီးနှင်မိမှ မေးမြစ်တော့သည်။

“ဖခမည်းတော်ရဲ့ဥယျာဉ်တော်ဆီ သွားကြမယ် နှမတော်၊ အဲဒီဥယျာဉ်တော်က ဖခမည်းတော်နဲ့ မိဖုရားတွေ၊ သားတော်တွေနဲ့ မိဖုရားတွေသာ ပျော်ပါးခွင့်ရှိတယ် နှမတော်၊ လွတ်လပ်တယ်၊ ပန်းမျိုးစုံဖူးပွင့်နေလို့ လေမှာတောင် ပန်းရနံ့တွေထုံမွှနေတယ်၊ မျက်စိလည်းအေးပြီး ပျော်စရာကောင်းတယ်၊ နှမတော်ပြောချင်တဲ့စကားကို နှစ်ကိုယ်ကြား လွတ်လွတ်လပ်လပ် ပြောလို့ရတယ်၊ အဲဒါအတွက် မောင်တော် လာခေါ်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဝန္ဒရာဇာ၏အဖြေကြောင့် ဟေမာသီရိ ဘဝင်ကျသွားသည်။ ပျော်ပွဲရွှင်ပွဲစသည်မှာ သုံးရက်ရှိသွားပြီ။ ထိုသုံးရက်အတွင်း ဟေမာသီရိသည် ပျော်ပွဲရွှင်ပွဲများကို လှည့်လည်ကြည့်ရှုနေခဲ့သည့်တိုင် မပျော်နိုင်ခဲ့။ မိမိမှာထားသောစကားကို ဝန္ဒရာဇာမေ့သွားမှာ စိုးရိမ်နေခဲ့သည်။ မိမိဘက်မှ ထပ်ခါထပ်ခါ သတိပေးနေရလျှင်လည်း မကောင်းတော့။

ယခုမူ ဝန္ဒရာဇာသည် မိမိစကားကို အလေးအနက်ထားပေသည်။ ဟေမာသီရိသည် ဝန္ဒရာဇာအပေါ် သံယောဇဉ်ထပ်ငြိသွားလေ၏။

"ဥယျာဉ်တော်ဆိုတော့ ပန်းရုံတွေ၊ ပန်းချုံတွေ၊ သစ်ပင်တွေ များမှာပေါ့နော်။ ပြောရတာ လွတ်လပ်ပါ့မလား မောင်တော်ရယ်။ နှမတော်ပြောမယ့်စကားက မောင်တော်ကလွဲရင် ဘယ်သူမှ ကြားလို့မဖြစ်ဘူး။ သိပ်အရေးကြီးတယ်။ မောင်တော်နားထောင်ပြီးရင် နှမတော်ပြောတာ မလွန်ဘူးဆိုတာ သိသွားမှာပါ"

"စိတ်ချပါနှမတော်ရယ်၊ မောင်တော်သိပါတယ်။ ရှေးစကားတွေ မောင်တော် မှတ်သားထားတာ ရှိပါတယ်။ လျှို့ဝှက်စကားတွေကို မတိုင်ပင် မနှီးနှောအပ်တဲ့အရပ်ရှစ်ပါး ဆိုတာလေ။ မှတ်ရလွယ်အောင် မောင်တော် စာချိုးထားတယ်၊ နားထောင်။ 'မညီမြေပြင်၊ သဘင်အရပ်၊ မပြတ်လေထွန်း၊ ကွယ်နေဖုံးလွှမ်း၊ နတ်နန်းနေရာ၊ ခရီးမှာရှင့်၊ စစ်မြေနှင့်ရေဆိပ်၊ သိုသိပ်စကား၊ မပြောကြားအပ်၊ အရပ်ရှစ်နေရာ'တဲ့။ အဲဒီလို အပြစ်ရှိတဲ့နေရာတွေကို မောင်တော်ပယ်တတ်ပါတယ်"

ဟေမာသီရိ ကျေနပ်ရပြန်သည်။ မင်းညီမင်းသားပီသသော မင်းညီမင်းသားတစ်ဦးနှင့်မှ မိမိဆုံတွေ့ရသည်တကား။

မြေပြင်သည် အပြေအပြစ်ဖြစ်သဖြင့် မြင်းစီးရသည်မှာ ညက်ညောသည်။ လမ်းလျှောက်လိုက်လာနေသော ရံရွေတော်များနှင့်အခြွေအရံများလည်း အလှမ်းမကွာချေ။



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီးမတ်ကြီးများ၏အိမ်ဝင်းများရှေ့က ဖြတ်သွားရရာ အချို့အိမ်များက လေသာပြတင်းဖွင့်၍ သူတို့ကို နှုတ်ဆက်ကြသည်။ ဗန္ဓုရာဇာက ဂုဏ်ယူဝင့်ကြွားစွာ ပြန်နှုတ်ဆက်လက်ပြ၏။ ဟေမာသီရိကတော့ အပြုံးနှင့်သာ တုံ့ပြန်သည်။ နုနယ်ပျိုမျစ်သော ထိုအပြုံးသည် မြင်ရသူတိုင်းကို အထိတ်အလန့်ဖြစ်လောက်အောင် လှပပေသည်။

ဥယျာဉ်တော်အဝင်ဝသို့ရောက်သောအခါ ဥယျာဉ်တော်စောင့် ရဲမက်များက မုဆိုးဒူးထောက်ထိုင် ဦးညွှတ်အရိုအသေပေးကြသည်။ ဗန္ဓုရာဇာနှင့်ဟေမာသီရိသည် ဥယျာဉ်တော်တွင်းသို့ မြင်းစီး၍ဝင်ခဲ့ကြသည်။ ဥယျာဉ်တော်ကား ဗန္ဓုရာဇာညွှန်းဆိုသကဲ့သို့ ရောင်စုံပန်းခင်းကြီးတစ်ခင်းနှယ် လှပနေ၏။ ဥယျာဉ်တော်အတွင်းမှ ရေကန်ငယ်များကလည်း မြင်ရသူတိုင်းကို နှလုံးစိတ်ဝမ်း ချမ်းမြေ့စေလေသည်။

ဗန္ဓုရာဇာသည် စကားတစ်ခွန်းမဆိုတော့ဘဲ သူရွေးချယ်ထားသော နေရာအထိ မြင်းကိုနှင်သည်။ ဟေမာသီရိလည်း သူ့အတွေးနှင့်သူ ငြိမ်ငြိမ်သက်သက် လိုက်ပါခဲ့သည်။

ညီညာပြန့်ပြူးသော မြက်ခင်းပြင်တစ်ခုရှေ့သို့ ရောက်သောအခါ ဗန္ဓုရာဇာက မြင်းကို စုပ်သပ်၍ရပ်စေပြီး မြင်းပေါ်မှ လွှားခနဲဆင်းသည်။

ဟေမာသီရိ လွယ်လင့်တကူဆင်းနိုင်ရန် သူက မြင်းပါးချပ်ကြိုးကို လာကိုင်ပေး၏။

"ဆင်း-နှမတော်၊ မောင်တော်ပြောတာ ဒီနေရာပဲ၊ ဘယ့်နှယ်ရှိစ လွတ်လပ်တယ်လို့ထင်ရဲ့လား"

ဟေမာသီရိ သဘောကျသောနေရာပင် ဖြစ်ပါသည်။ ညီညာပြန့်ပြူးသော မြက်ခင်းပြင်ဖြစ်၍ ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်းကြီး



မြင်နိုင်သည်။ မည်သူမျှ လာနားထောင်၍မရတော့။ လေယူလေသိမ်းကို ထိန်းပြီးပြောနိုင်လျှင် မိမိတို့နှစ်ဦးမှလွဲ၍ မည်သူမျှမကြားနိုင်တော့။

"သိပ်ကောင်းတာပဲ မောင်တော်ရယ်၊ နှမတော် ဒီနေရာကို သိပ်သဘောကျတာပဲ"

နောက်က ရံရွေတော်များနှင့်အခြွေအရံများလည်း မီလိုက်လာသည်။ ဗန္ဓုရာဇာက သူတို့ကို မြက်ခင်းပြင်တစ်ဝိုက် ဝိုင်းပတ်ပြီး စောင့်ကြပ်ရန်နှင့် မည်သူ့ကိုမှ အဝင်မခံရန် ညွှန်ကြားလိုက်သည်။ စီးတော်မြင်းနှစ်ကောင်ကိုလည်း ကုန်းချပြီး လွှတ်ထားလိုက်ရန် ညွှန်ကြားလိုက်၏။

ဗန္ဓုရာဇာသည် စီးကုန်းနှစ်ခုအပေါ်က လွှမ်းထားသော နူးညံ့ပျော့ပျောင်းသည့် အခင်းနှစ်ခုကိုယူပြီး ကိုယ်တိုင်ပွေ့လိုက်သည်။

"ဒီအခင်းတွေ ယူသွားမယ်နှမတော်၊ မြက်ခင်းပေါ်မှာ ကြာကြာထိုင်ရင် မကောင်းဘူး၊ စိုလာတယ်။ ဒီအခင်းတွေခင်းပြီး ထိုင်ကြမယ်"

"နှမတော်ကိုပေးလေ မောင်တော်၊ နှမတော် ယူခဲ့ပါ့မယ်"

"ရပါတယ် နှမတော်ရယ်၊ နှမတော် အလှပျက်သွားပါဦးမယ်"

မြက်ခင်းပြင်၏ အလယ်တည့်တည့်တွင် သူတို့ထိုင်မိသောအခါ တကယ့်နေရာကောင်းတစ်ခုဖြစ်ကြောင်း ခံစားမိကြသည်။ လေလည်း မပြင်းထန်ပေ၊ တစ်ချက်တစ်ချက်သာ လေပြည်ဝှေ့သည်။

"အေးအေးဆေးဆေးနဲ့ ပြောချင်တာတွေအကုန်ပြောပေတော့ နှမတော်၊ မောင်တော် နားထောင်မယ်၊ ပြီးတော့ နှမတော်ရဲ့အလှကို တဝကြီး ကြည့်မယ်"

ဗန္ဓုရာဇာသည် အပြောသာမက တကယ်လည်း စိမ့်စိမ့်စိုက် ကြည့်နေသောကြောင့် ဟေမာသီရိ မျက်လွှာချလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းရင်ဖွင့်ရမည်ဆိုတော့လည်း ဟေမာသီရိ အစခက်နေပြန်သည်။

သို့သော် မပြော၍လည်းမဖြစ်။ မိမိရင်ထဲမှာ မရှင်းမလင်းဖြစ်နေသော အရာကိစ္စတစ်ခုကို သံသယရှင်းသွားစေရန် မင်းသားဝန္တရာဇာ၏အကူအညီရမှ ဖြစ်ပေလိမ့်မည်။

"မောင်တော်"

"အမိန့်ရှိပါ နှမတော်"

"မောင်တော် သိပ်ကြည့်တော်မမူပါနဲ့ဘုရား၊ နှမတော်ပြောတဲ့ အကြောင်းအရာတွေကိုသာ အာရုံစိုက်နားထောင်ပါ၊ တကယ် အရေးကြီးလို့ပါမောင်တော်ရယ်"

"ပြောသာပြောပါ နှမတော်ရယ်၊ မောင်တော် ဂရုတစိုက်နားထောင်ပါ့မယ်"

"မောင်တော် အစအဆုံးနားထောင်ပြီးရင် မောင်တော်ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်။ နှမတော်ကို လက်မဆက်ဘဲနေလို့လည်း ရပါတယ်"

"ဟာ- ဒါတော့မရဘူးနှမတော်ရဲ့"

ဝန္တရာဇာက လက်ကာပြီး ဆက်ပြောသည်။

"မဟာရာဇာ မင်းမျိုးမင်းနွယ်တွေရဲ့ အစဉ်အလာအရ ရွေးချယ်ပြီးသားကြင်ရာတော်ကို လက်မဆက်လို့မရဘူး၊ မနှစ်သက်ရင်လည်း ယူရတာပဲ။ တစ်ခုလပ်၊ မုဆိုးမတွေဖြစ်ပစေ ယူရတာပဲ။ ကုန်ကုန်ပြောရရင် အဲဒီမိန်းကလေးရဲ့ နှလုံးသားကိုမရဘဲ ကိုယ်ခန္ဓာကိုပဲရသည့်တိုင် ယူထားရတာပဲနှမတော်။ အဲဒါ အစဉ်အလာပဲ။ မဟာရာဇာမျိုးဆက်တွေဟာ အဲဒီလို ပေဒင်ကိန်းခန်းတွေနဲ့ ကြင်ရာဘက်ရွေးပြီးလက်ဆက်မှ



မျိုးရိုးအစဉ်အဆက်အတွက်ရော၊ တိုင်းနိုင်ငံအတွက်ပါ အကျိုးရှိတယ်လို့ ယူဆထားကြတာကိုး"

"ထားပါတော့ မောင်တော်ရယ်၊ ဒီလို မယူမဖြစ်လို့ ယူပြီးတဲ့နောက် မောင်တော့်အနေနဲ့ နှမတော်ကို မစုံမက်မနှစ်သက်တော့ရင်လည်း နှမတော် နားလည်နိုင်ပါတယ်လို့ ပြောမလို့ပါ"

"ကောင်းပါပြီလေ၊ နှမတော်ပြောမယ့်အကြောင်းအရာဆိုတာကိုသာ ပြောပါဦး၊ မောင်တော် ဝေဖန်သုံးသပ်ရအောင်"

ဟေမာသီရိသည် နောက်ကြောင်းပြန်လေသည်။

"သစ်အယ်ချောင်ရွာသူရွာသားတွေကို မေးကြည့်ရင်ရပါတယ် မောင်တော်၊ နှမတော်မှာ ရည်းစားလည်းမရှိ၊ အချစ်ကိစ္စတွေ စဉ်းစားလည်း မစဉ်းစားသေးဘူးဆိုတာ အားလုံးသိကြပါတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ မောင်တော်ရယ်၊ မီးနတ်ပူဇော်ပွဲလုပ်မယ့်နေ့ မနက်စောစော ထင်းခွေသွားရင်း. . ."

နောက်ကြောင်းပြန်ပြောနေသော ဟေမာသီရိသည် ထိုအဖြစ်အပျက်များကို တစ်ကွက်ချင်းမြင်ယောင်ကာ ရင်မှာလည်း တစ်သိမ့်သိမ့် တုန် ခံစားရလေသည်။

အဝေးမှ ခိုးကြောင်းခိုးဝှက် လှမ်းကြည့်နေကြသော ရံရွေတော်များနှင့် အခြွေအရံများ၏စိတ်တွင်ကား သခင်မလေးဟေမာသီရိ စကားတွေဖောင်လောက်အောင် ဘာတွေများပြောနေပါလိမ့်ဟု သိချင်နေကြသည်။

ဝန္တရာဇာကား ကြားနေရသောအကြောင်းအရာများအပေါ် အံ့သြမှင်တက်နေပေသည်။ အံ့ဖွယ်ဒဏ္ဍာရီထဲက ဇာတ်ကောင်မှာ သူ့ရှေ့ရောက်နေသည်။ သူ့ကြင်ရာတော်လောင်း ဖြစ်နေသည်။ သူ့ကြင်ရာ

www.burmeseclassic.com

www.burmeseclassic.com



တော်လောင်းဖြစ်နေသော ဤချောမောလှပသည့်မိန်းကလေးတွင် အပျို ရည်မပျက်ဘဲ ပဋိသန္ဓေတည်နေပြီဆိုပါလား။ ထို့ပြင် တည်နေသည် ဟုတ်မဟုတ်ကို ဤမိန်းကလေးက သိချင်နေပြန်သည်။

ဟေမာသီရိသည် သူမ၏ဇာတ်ကြောင်းဆုံးသည်နှင့် ကုဗ္ဗိပါဒရသေ ပျို့ပေးခဲ့သော နတ်ဆက်သည့်ဝတ်စုံကို သူမ၏ရင်ကြားက ထုတ်ယူ ပြသလိုက်သည်။

ဗန္ဓုရာဇာသည် ထိုဝတ်စုံကို ကိုင်တွယ်ပွတ်သပ်ကြည့်၏။ အလွန် နူးညံ့ပြီး အလွန်ပါးလှပ်သော်လည်း ခိုင်ခန့်သောပိတ်သားတစ်မျိုးနှင့် ချုပ်လုပ်ထား၏။ ဤမျှကောင်းသောပိတ်သားကို ဗန္ဓုရာဇာ မမြင်ဖူး ခဲ့ပေ။

ဗန္ဓုရာဇာသည် သက်ပြင်းချလိုက်သည်။ ဝတ်စုံကို ဟေမာသီရိ လက်ထဲ ပြန်ထည့်ပေးလိုက်သည်။

"ပြန်သိမ်းထားလိုက်ပါ နှမတော်"

ထို့နောက် ဗန္ဓုရာဇာသည် မြင်ခင်းပြင်ကို စိုက်ကြည့်ပြီး စဉ်းစားခန်း ဝင်နေမိသည်။ လူသာမန်တို့ ယုံကြည်ရန်ခက်ခဲသော ဒဏ္ဍာရီတစ်ပုဒ် ကို သူ နားထောင်ပြီးသွားပြီ။ သို့သော် ဗန္ဓုရာဇာသည် လူသာမန်မ ဟုတ်။ စဉ်းစားဝေဖန်သုံးသပ်ပိုင်းခြားတတ်သော မင်းသားတစ်ပါး ဖြစ် ၏။

တစ်ခဏအတွင်းမှာပင် သူ စဉ်းစားဆုံးဖြတ်ပြီးသွားပေပြီ။ သူသည် ဦးခေါင်းကိုမော့လိုက်ပြီး ဟေမာသီရိကိုမကြည့်ဘဲ ပြောလိုက်သည်။

"နှမတော် ဆိုလိုတာက နှမတော်မှာ ပဋိသန္ဓေရှိမရှိ တိတိကျကျ သိရအောင် စောင့်ကြည့်ချင်သေးတယ်ဆိုတဲ့သဘောပေါ့။ မောင်တော် တို့ ထိမ်းမြားလက်ထပ်ပြီးသော်လည်း အဲဒီပြဿနာ မရှင်းမချင်း စည်



စောင့်နေကြစေချင်တာ မဟုတ်လား၊ ဖြစ်တယ်နှမတော်၊ မောင်တော် သဘောတူပါတယ်"

ခဏရပ်နားပြီး သူပင် ဆက်ပြောပြန်သည်။

"အဲဒီပြဿနာ ရှင်းတဲ့နေ့မှ မောင်တော်နဲ့နှမတော်ကြားမှာ တကယ် လက်ထပ်ဖြစ်မှာ မဟုတ်လား၊ အဲဒီနေ့ကို မောင်တော် စိတ်ရှည်ရှည်နဲ့ စောင့်နေပါ့မယ်၊ တကယ်လို့ နှမတော်မှာ ရင်သွေးကလေး ဖြစ်တည် နေရင်တောင် မောင်တော့်ရင်သွေးလို သဘောထားနိုင်တယ်ဆိုတာလဲ ကြိုပြောထားပါရစေ နှမတော်"

ဟေမာသီရိ၏ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရလေသည်။ ထိုခံစားမှု သည် အချစ်ဖြစ်ပါသလော။ မိန်းမသားတစ်ဦးသည် တစ်ဘဝတည်း တွင် အချစ်ကို နှစ်ခါခံစားနိုင်ပါသလော။ ဟေမာသီရိ မစဉ်းစားတတ် တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"ကံကောင်းတယ် သတ္တိဗလ၊ မောင်မင်းဟာ သိပ်ကံကောင်းတယ်"

ရွှေရောင်တောက်နေသောသလွန်တစ်ခုပေါ် ထိုင်နေသည့် အိမ်ရှေ့စံကိုယ်တော်ကြီး သက္ကရာဇာ၏ရေရွတ်ပြောဆိုခြင်းကို သတ္တိဗလသည် ဒူးတုပ်ခစားရင်းမှ နားထောင်နေလေသည်။

သတ္တိဗလအား မြို့စောင့်တပ် တပ်မှူးသူရစက္ကက ကြိုးဖြေပေးပြီး အိမ်ရှေ့မင်းနန်းတော်သို့ အစောင့်အကြပ်များနှင့် ပို့ပေးလိုက်သဖြင့် ကိုယ်တော်ကြီးက လက်ခံတွေ့ဆုံခဲ့လေသည်။ တပ်မှူးသူရစက္ကကား သတ္တိဗလသည် နေဝဗလ၏သားဖြစ်ကြောင်း အတည်ပြုချက်ရယူပြီး ပေပြီ။

"မြို့စောင့်တပ်မှာ မောင်မင်း တားမရဆီးမရ လုပ်ခဲ့ပုံမျိုးဟာ တခြားလူဆိုရင် အနည်းဆုံးတစ်ပတ်တော့ အကျဉ်းကျမှာပဲ၊ အခု မောင်မင်းဟာဖြစ်လို့ ကံကောင်းသလဲသိလား။ သစ်အယ်ချောင်ရွာသူတစ်ဦး တော်ကောက်ခံထားရချိန်ဆိုတော့ သစ်အယ်ချောင်ကဆိုရင် အရေးပေါ နေတဲ့အချိန်မို့ပေါ့"



သတ္တိဗလက ငြိမ်သက်စွာပင် နားထောင်နေသည်။

"နောက်တစ်ခု မောင်မင်းကံကောင်းတာက ငါကိုယ်တော်ရောက်နေတဲ့အချိန်နဲ့ သွားတိုးလို့၊ မောင်မင်းလုပ်ပုံက တောသားရဲ့ဆွဲထုတ်ဆိုဘာမျိုး ဖြစ်နေတယ်။ နောက်ကို အဲဒါမျိုး ဘယ်တော့မှ မလုပ်လေနဲ့ သတ္တိဗလ၊ မြို့စောင့်တပ်ဟာ ရွှေမြို့တော်မှာ စည်းကမ်းအကြီးဆုံးနေရာပဲ၊ မှတ်ထား"

သတ္တိဗလကား ဆက်ငြိမ်နေ၏။


"ပြီးတော့ မောင်မင်းကို ငါကိုယ်တော်ကြီးဆီ အပို့ခိုင်းရတာကလဲ သစ်အယ်ချောင်နတ်ဆရာကြီးရဲ့ သားတစ်ဦးဖြစ်နေလို့ပဲ။ ကျေးရွာနတ်ဆရာကြီးဆိုတာ ရွာသူကြီးလောက်နီးနီး ဩဇာအာဏာရှိတယ်ဆိုတော့ ဒီလိုနတ်ဆရာကြီးတစ်ယောက်ရဲ့ သားနဲ့ပတ်သက်တဲ့ပြဿနာကို မျက်နှာလွှဲလို့ မဖြစ်ဘူးလေ။ ဒီကြားထဲ မောင်မင်းက အဖေနဲ့ပြဿနာဖြစ်လာပြီး တပ်ထဲဝင်ချင်တာဆိုတော့ ပိုခက်သွားတာပေါ့၊ ကိုယ်တော်ကြီးတို့တပ်က မိဘသဘောမတူရင် သိမ်းသွင်းတာမှ မဟုတ်ဘဲ၊ ပြီးတော့ ဒီအချိန်ကလည်း တပ်သားသိမ်းသွင်းတဲ့အချိန်မဟုတ်"

သတ္တိဗလက ငြိမ်နေဆဲ။ ကိုယ်တော်ကြီးသာ အာပေါင်အာရင်းသန်သန် ဆက်လက်အမိန့်ရှိနေ၏။ စင်စစ် ကိုယ်တော်ကြီးသည် သတ္တိဗလကို ကျုံးသွင်းနေခြင်းဖြစ်၏။ ဖခင်ကို အာခံရဲသည်ဆိုကတည်းက ခေါင်းမာသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ရိုင်းသည်ဟု သုံးသပ်ရပေမည်။

"ဒါ့အပြင် မောင်မင်းက အဖေခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုတစ်ခုကျူးလွန်ခဲ့တယ်လို့ ဆိုပြန်တယ်၊ ဒီလို ပြစ်မှုကျူးလွန်ခဲ့သူကို တပ်ထဲသွင်းထားလိုက်ရကောင်းလားလို့ ကိုယ်တော်ကြီးကို မောင်မင်းရဲ့အဖေက အပြစ်တင်နိုင်တယ်၊ ဟုတ်တယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com





သည်တစ်ခါတော့ သတ္တိဗလ၏နှုတ်ခမ်းများ လှုပ်လာသည်။

"မှန်ပါ၊ ကျွန်တော်မျိုးကို လျှောက်တင်ခွင့်ပြုပါဘုရား"

"တင်ဟဲ့"

"ကျွန်တော်မျိုးကျူးလွန်တဲ့ပြစ်မှုဆိုတာ အဖေ့ဘက်က ကြည့်ရင်သာ ပြစ်မှု၊ ကျွန်တော်မျိုးဘက်ကကြည့်ရင်တော့ ပြစ်မှုမဟုတ်ပါဘုရား"

ကိုယ်တော်ကြီးက ရယ်သည်။

"ဒါကတော့ ဒီလိုချည်းပေါ့ပဲဟယ်၊ သူခိုးတွေကလည်း ခိုးတာ တရားတယ်လို့ အကြောင်းပြချင်ကြတာပဲ၊ မောင်မင်းက ဘယ်လိုပြစ်မှုမျိုး ကျူးလွန်လိုက်လို့လဲ"

"မှန်ပါ၊ ကိုယ်တော်ကြီးဆီက သင့်တော်တဲ့ ကတိကဝတ်တစ်ခုရရင် ကျွန်တော်မျိုးတို့ ဖြစ်ပျက်ပုံကို အစုံအလင် လျှောက်တင်ပါ့မယ်ဘုရား"

"အင်း- ဒါတော့ မောင်မင်းပြောဖူးထားလို့ ကိုယ်တော်ကြီးလည်း စဉ်းစားထားပြီးသားပါ။ မင်းဒဏ်သင့်ခံရလောက်တဲ့ပြဿနာမို့ လျှို့ဝှက်အပ်ပါတယ်လို့လည်း လျှောက်ထားဖူးတော့ ကိုယ်တော်ကြီးလည်း စဉ်းစားထားရတာပေါ့။ ဒါပေမယ့် တစ်ခါတစ်လေမှာ ဖြစ်တတ်တာက မောင်မင်းတို့က မင်းပေါက်စိုးပေါက်မဟုတ်တော့ အရာရာတိုင်းကို မင်းဒဏ်သင့်တော့မှာပဲလို့ အစိုးရိမ်ကြီးတာလဲ ပါတတ်တာပေါ့။ တရားဥပဒေကိုလည်း နားမလည်တော့ မင်းဒဏ်သင့်မသင့် မခွဲခြားတတ်တာလည်း ရှိမှာပဲ။ ဒါကြောင့် ပြဿနာကို အရင်နားထောင်ကြည့်ရမှာပဲ သတ္တိဗလရဲ့"

"မှန်လှပါ၊ ပြဿနာကတော့ ကြီးပါတယ်ဘုရား၊ ချဲ့ရင်ချဲ့သလို ကြီးသွားနိုင်ပါတယ်၊ ကျွန်တော်မျိုးအတွက်တော့ အရေးမကြီးပါ၊ ကျွန်တော်မျိုးရဲ့အဖေကိုတော့ ကြီးတော်ကြီးမားမှ ထောင်ဒဏ်ခံရမှာကို မမြင်လို၊ မကြားလိုပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း သတ္တိဗလကို အကဲခတ်နေလေသည်။ ဖခင်ကို ဆန့်ကျင်သူဖြစ်ခဲ့သော်လည်း ဖခင် ဒုက္ခရောက်မှာတော့ စိုးရိမ်သောစိတ် ရှိနေပေသေးသည်။ သတ္တိဗလ သည် လူရိုင်း၊ လူမိုက်တော့ လုံးလုံးလျားလျား မဖြစ်သေး။

"ဒါဆိုရင် သင့်ဖခင်အား ထောင်ဒဏ်၊ သေဒဏ်မှ ကင်းလွတ်ခွင့်ပေး မယ်ဆိုရင် လျှောက်တင်နိုင်မယ်ပေါ့၊ မောင်မင်းအတွက် မပါဘူးနော်"

"ကျွန်တော်မျိုးအတွက် မလိုအပ်ပါဘုရား၊ ဖခင်အတွက်သာ လိုအပ် ပါတယ်"

"ကောင်းပြီ၊ ယခု မောင်မင်းလျှောက်တင်မယ့်ကိစ္စအတွက် မောင် မင်းရဲ့ဖခင်သည် မင်းဒဏ်နှင့်ငြိစွန်းပါက ထောင်ဒဏ်၊ သေဒဏ်မှ ကင်းလွတ်ပြီး အခြားဒဏ်ကိုသာ ခံစားစေရမယ်လို့ ကိုယ်တော်ကြီး ကတိပြုပါတယ်၊ လျှောက်တင်ပေတော့"

"မှန်လှပါ၊ ပြဿနာက 'ပန်းကုံးစွပ်ပွဲ'နဲ့ သက်ဆိုင်နေပါတယ်ဘုရား"

"ဟေ-ဘယ် ပန်းကုံးစွပ်ပွဲလဲ"

ကိုယ်တော်ကြီး မျက်လုံးပြူးသွားသည်။

"မှန်လှပါ၊ ကိုယ်တော်လေးဗန္ဓုရာဇာအတွက် ကြင်ရာတော်လောင်း ရွေးချယ်ရန် ပန်းကုံးစွပ်ပွဲပါ ဘုရား"

"ဆက်တင်စမ်းဟဲ့"

"ပန်းကုံးစွပ်ပွဲမကျင်းပမီ တစ်ရက်အလိုမှာ အဖေဟာ ကျွန်တော် မျိုးကိုခေါ်ပြီး ပန်းကုံးစွပ်ပွဲအကြောင်းကို ရှင်းပြတယ်၊ ပြီးတော့ ပန်းကုံး စွပ်ပွဲမှာ ပန်းကုံးကိုကိုင်ထားရမယ့်နတ်ဆရာအဖြစ် ကျွန်တော်မျိုးကို ရွေးချယ်ထားကြောင်း ပြောပါတယ်၊ ဒါ့ကြောင့် ကျွန်တော်မျိုးရဲ့ အစ်မ ပုလဲနန္ဒာကို စွပ်ပေးလိုက်ရမယ်လို့ ပြောပါတယ်"



"အင်း"

"အဲဒီမှာ အဖေနဲ့ကျွန်တော်မျိုး အကြီးအကျယ် ငြင်းခုံကြပါတယ်၊ အဖေက သူ့သမီးတော်ကောက်ခံရပြီး ကောင်းစားစေချင်တာပါ၊ သူ က ဒီတစ်ခုပဲတွေးတာ၊ ကျွန်တော်မျိုးက ဒီကိစ္စဟာ ပြောင်ကျလွန်းပြီး လူတွေ အယုံအကြည်ကင်းမဲ့သွားမှာ စိုးတယ်၊ အဖေက လူတွေဟာ နတ်ဆိုရင် အကြီးအကျယ်ယုံနေတာ၊ ကျွန်တော်မျိုးတွေးသလို ဘယ်သူ မှမတွေးဘူးလို့ ပြောတယ်၊ ကျွန်တော်မျိုးကတော့ အဲဒီလိုလုပ်ရမှာ စိတ် မသန့်ဘူး၊ နောက်ဆုံး အဖေက မင်း ငါခိုင်းတဲ့အတိုင်းမလုပ်ရင် အိမ်ကို ပြန်မလာနဲ့တော့၊ ငါနဲ့လည်း မျက်နှာချင်းမဆိုင်နဲ့တော့၊ ဆိုင်မိတာနဲ့ မင်းကို ငါရိုက်သတ်မိလိမ့်မယ်လို့ ပြောပါတယ်"

ကိုယ်တော်ကြီးသည် သလွန်ပေါ် ထိုင်နေရာမှ ထရပ်သည်။ သူ အ လွန်တရာ စိတ်လှုပ်ရှားသွားကြောင်း ပေါ်လွင်နေသည်။

"ဆက်တင်ဟဲ့"

"မှန်ပါ၊ အဖေဟာ အစ်မကိုလဲ ပြောထားပြီးသား ဖြစ်ပုံရပါတယ်၊ အစ်မကတော့ ဝမ်းသာနေပါတယ်၊ ပန်းကုံးစွပ်ပွဲလုပ်မယ့် မနက်မှာ အစ်မက ကျွန်တော်မျိုးကို တို့မောင်နှမတွေ ကောင်းစားတော့မယ်လို့ ပြောပါတယ်၊ ကျွန်တော်မျိုးတော့ အရမ်းရှက်မိတာပဲဘုရား၊ အဲဒီအချိန် မှာပဲ ကျွန်တော်မျိုးဟာ အရှက်ကိုအသက်နဲ့လဲဖို့ ဆုံးဖြတ်မိပါတယ်၊ အဖေစိတ်ဆိုးပြီး မတော်တဆ ရိုက်သတ်မိသည်ဖြစ်စေ၊ အစ်မကိုတော့ ပန်းကုံးမစွပ်ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်၊ အိမ်ပေါ်လဲ ပြန်မတက်တော့ ဘူး၊ ရွှေမြို့တော်ကိုသွားပြီး တပ်ထဲဝင်မယ်လို့လဲ တစ်ဆက်တည်း စဉ်း စားထားပါတယ်"

"အခုလို အစစ်အဆေး၊ အမေးအမြန်းခံရမယ့် ကိစ္စတွေကိုရော စဉ်းစားမထားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားထားပါတယ် ဘုရား၊ အစစ်ခံရရင် အခုလို သင့်တော်တဲ့
ကတိကဝတ်ရပြီးနောက် အဖေဖြစ်သူရဲ့ မသင့်မလျော်စဉ်းစားမှု၊ စိတ်
မှုတွေကို ဖွင့်ချဖို့ပါ စဉ်းစားပြီးသားပါ။ ဒီလို လိမ်ညာလှည့်စားမှုတွေကို
ကျွန်တော်မျိုး အင်မတန်ရွံမုန်းပါတယ်"

"ဒါနဲ့ ပန်းကုံးစွပ်ပွဲကျတော့ အစ်မကို မစွပ်ဘဲ တခြားတစ်ယောက်ကို
စွပ်ပေးလိုက်တာလား"

"ဟေမာသီရိကို တမင်စွပ်ပေးလိုက်တာပါ၊ ဟေမာသီရိဟာ သမီး
အယ်ချောင်မှာ အလှဆုံးပါ၊ ရည်းစားသနာလည်းမရှိ၊ အကျင့်စာရိတ္တ
ပျက်ပြားခြင်းလည်းမရှိ၊ တကယ့်အပျိုစင်ဖြစ်ပါတယ် ကိုယ်တော်ကြီး
ပြီးတော့ လိမ္မာယဉ်ကျေးခြင်းလည်းရှိလို့ တော်ဝင်နန်းထိုက်တယ်
ယုံကြည်ပြီး စွပ်ပေးလိုက်တာပါ။ ဟေမာသီရိ ပန်းကုံးအစွပ်ခံလိုက်
တော့ တစ်ရွာလုံးက ထိုက်ထိုက်တန်တန် အရွေးချယ်ခံရခြင်းပဲဆို
ဝမ်းသာနေကြပါတယ်။ အစ်မကိုသာ စွပ်ပေးလိုက်ရင်တော့ နတ်ဆ
သားအဖ ကိုယ့်ဘက်ကိုယ်ယက်တာလို့ အနည်းနဲ့အများ ပြောကြမှာပါ

သတ္တိဗလသည် ဟေမာသီရိကို မိမိတစ်ဖက်သတ် ပိုးပန်းနေ
ကြောင်း၊ ကိုယ့်ချစ်သူကောင်းစားသည်ကို ကြည့်မြင်လို၍ စွပ်ပေးလိုက်
ကြောင်းကိုကား ထုတ်မပြောပေ။ ဟေမာသီရိ ဂုဏ်ငယ်သွားမည်စိုး၍
သူ ထိန်ချန်ခဲ့ပေသည်။

ကိုယ်တော်ကြီးသည် ဒူးတုပ်ထိုင်နေသော သတ္တိဗလရှေ့တွင် ခေါက်
တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သတ္တိဗလလည်း လျှောက်တင်
စရာကုန်သွားပြီမို့ ခေါင်းငုံ့ပြီး ငြိမ်နေလိုက်၏။

တစ်ဒင်္ဂလှုပ်ရှားသွားသောစိတ်ကို ပြန်လည်ထိန်းချုပ်နိုင်သောအခါ
ကိုယ်တော်ကြီးသည် သတ္တိဗလရှေ့တွင် ရပ်လိုက်၏။ ထို့နောက်
ဖြည်းဖြည်းချင်း အမိန့်ရှိတော်မူသည်။



"သတ္တိဗလ၊ မောင်မင်းလျှောက်တင်တဲ့စကားတွေဟာ အမှန်အတိုင်း ရိုးသားစွာ လျှောက်တင်ခြင်းဖြစ်တယ်လို့ ငါကိုယ်တော် ယုံကြည်တော်မူတယ်။ မရိုးသားတဲ့လူတစ်ယောက်ဟာ ဒီလိုအကြောင်းအရာမျိုးကို ဒီလိုရှင်းရှင်းလင်းလင်း လျှောက်တင်နိုင်စွမ်းမရှိပေဘူး၊ ဒီတော့ သတ္တိဗလ၊ ကိုယ်တော်ကြီး အမိန့်တော်မှတ်မယ်၊ အမိန့်တော်နာခံဟဲ့"

"မှန်လှပါဘုရား"

"မောင်မင်းဟာ ကိုယ်တော်ကြီးကို လျှောက်တင်ခဲ့တဲ့ ဒီပန်းကုံးစွပ်ပွဲနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို မေ့ပစ်ရမယ်၊ ဘယ်သူ့ကိုမှ ထပ်ဆင့်ပြောပြခြင်းမရှိစေရ၊ ပြောခဲ့သော် သေဒဏ်၊ ကြားလားဟဲ့"

"အမိန့်တော်အတိုင်းပါဘုရား"

"ဒီကိစ္စနဲ့ပတ်သက်လို့ မောင်မင်းရဲ့အဖေကိုလည်း အပြစ်ယူခြင်းမရှိတော့ပါဘူး၊ သူ့အကြံ မအောင်လို့ စိတ်ဆင်းရဲတဲ့ဒဏ် သူ့ဘာသာခံရတာနဲ့ကို လုံလောက်နေပါပြီ။ အဖေနဲ့ပတ်သက်လို့ စိတ်မပူနဲ့တော့၊ ကြားလား"

"မှန်ပါဘုရား"

"မောင်မင်းကိုတော့ ရိုးသားမှုရဲ့ ဆုလာဘ်အဖြစ် တပ်ထဲဝင်ခွင့်ပြုလိုက်မယ်၊ တပ်သားဘဝနဲ့ ရိုးရိုးသားသား နှိမ့်နှိမ့်ချချ ကြိုးစားသွား၊ အချိန်တန်ရင် မောင်မင်းကို ငါပစ်မထားဘူး"

"ကျေးဇူးကြီးလှကြောင်းပါဘုရား"

ကိုယ်တော်ကြီးသည် လက်ခုပ်သုံးလေးချက် တီးလိုက်၏။ ကိုယ်တော်ကြီး၏ကိုယ်ရံတော်သည် အခန်းတွင်းဝင်လာလေသည်။

"ရဲမက်နှစ်ယောက်ကိုခေါ်ပြီး သတ္တိဗလကို မြို့စောင့်တပ် တပ်မှူး သူရစက္ကထံ လိုက်ပို့ခိုင်းလိုက်၊ ပြီးတော့ သတ္တိဗလကို ကိုယ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



စစ်မေးပြီးပြီ၊ ဘာအပြစ်မှမရှိ တပ်သားအဖြစ်နဲ့ တပ်ထဲမှာ လက်ခံထားဖို့ အမိန့်ချလိုက်တယ်လို့ လျှောက်ခိုင်းလိုက်”

“အမိန့်တော်မြတ်အတိုင်းပါဘုရား”

ကိုယ်ရံတော်သည် သတ္တိဗလကို လိုက်ခဲ့ရန်အရိပ်အကဲပြ၏။ သတ္တိဗလသည် ကိုယ်တော်ကြီးအား ဦးညွှတ်ရှိခိုးလိုက်သည်။ ထို့နောက် နှစ်ဦးသား ရိုကျိုးစွာ နောက်ဆုတ်ထွက်ခွာခဲ့လေသည်။

သူတို့နှစ်ဦးထွက်သွားသောအခါ ကိုယ်တော်ကြီးသည် သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေးပင်ပင် ချလိုက်လေသည်။

“ဩော်-ပန်းကုံး၊ ပန်းကုံး၊ အထူးစီမံထားတယ်ဆိုတဲ့ပန်းကုံး၊ တန်ခိုးသိဒ္ဓိတွေ ပြီးမြောက်နေတယ်ဆိုတဲ့ ပန်းကုံး၊ သတ္တိဗလနဲ့တွေ့မှ ပြီးပါလေရော၊ တကယ်က ပန်းကုံးကစွပ်တာမှ မဟုတ်ဘဲ သတ္တိဗလကသာ သူစွပ်ချင်တဲ့လူ စွပ်ချလိုက်တာကိုး၊ မှတ်ရောဟ၊ ဘာပဲဖြစ်ဖြစ်လေ၊ ခယ်မတော်ဟေမာသီရိလို နန်းထိုက်တော်ဝင်အလှရှင်ကလေးကို ရွှေမိတညီတော်အဖို့ ကံကောင်းတယ်လို့ဆိုရမှာပဲ”

ဤကားနှုတ်မှ ထုတ်ဟမပြောသော်လည်း ကိုယ်တော်ကြီးခေါင်းထဲ အစီအရီပေါ်လာသော အတွေးအစဉ်တန်းများဖြစ်သတည်း။

## (၁၁)

မဟာသုရိယ ရွှေမြို့တော်ကြီးတွင် ဘုရင်မင်းကြီးနှင့် အိမ်ရှေ့မင်းတို့အကြား လျှို့ဝှက်ထားခြင်းတည်းဟူသောအမှုကိစ္စ လုံးဝ မရှိပေ။ ဤသို့မရှိရန်လည်း မင်းကြီးမဟာရာဇာက အိမ်ရှေ့မင်းဖြစ်သူ သားတော်ကြီးသက္ကရာဇာကို တင်းတင်းကြပ်ကြပ် တောင်းဆိုထားခဲ့ပေသည်။

“သားတော်ကြီးသက္ကရာဇာ၊ သားတော်ကို အိမ်ရှေ့မင်းအဖြစ် ငါတင်မြှောက်လိုက်တာဟာ မင်းကို တစ်စင်ထောင်ခိုင်းတာမဟုတ်ဘူး၊ နိုင်ငံတစ်ဝက် ခွဲဝေပေးလိုက်တာမဟုတ်ဘူး၊ တိုင်းပြည်ကို ငါနဲ့အတူ အုပ်ချုပ်ဖို့၊ နှစ်ကိုယ့်တစ်စိတ်အုပ်ချုပ်ဖို့၊ မဟာရာဇာမျိုးဆက် မွေးမြူဖို့ တင်မြှောက်လိုက်တာဖြစ်တယ်၊ ဒါကြောင့် မင်းနဲ့ငါ့အကြား လျှို့ဝှက်ရေးဆိုတာ မရှိစေရ၊ အဓိကဆိုရင် အရာရာကို ငါ သိနေစေရမယ်၊ ငါ မသိဘဲ ထိန်ချန်ထားတာရှိရင် အသေးအဖွဲ့ဖြစ်ပါစေ၊ ဒါဟာ ပုန်ကန်ချင်တာရဲ့အစပဲလို့ မှတ်ယူရလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စံတင်မြှောက်ပွဲတွင် ခမည်းတော်မဟာရာဇာ မိန့်မှာခဲ့သော အဆိုပါစကားများကို သက္ကရာဇာ မမေ့ပေ။

ထို့ကြောင့် ယခု သတ္တိဗလကို တပ်ထဲသိမ်းသွင်းလိုက်သောကိစ္စနှင့် ပန်းကုံးစွပ်ပွဲ၏အတွင်းရေးများကို ခမည်းတော်မဟာရာဇာထံ နေ့မကူးဘဲ ဝင်ရောက်လျှောက်တင်ခဲ့လေသည်။

လျှို့ဝှက်အပ်သောအကြောင်းအရာဖြစ်သဖြင့် ခမည်းတော်ကို 'လျှို့ဝှက်ဆောင်'သို့ပင့်ပြီး လျှောက်တင်ခဲ့ခြင်းဖြစ်ပေသည်။

ကိုယ်တော်ကြီး သက္ကရာဇာသည် သတ္တိဗလထံမှ ကြားသိခဲ့ရသော ပန်းကုံးစွပ်ပွဲအတွင်းရေးများကို ဖခမည်းတော်ကြားလိုက်လျှင် မိမိတုန်လှုပ်သလို တုန်လှုပ်သွားလိမ့်မည်ဟု ယူဆခဲ့၏။ သို့သော် သူတွေးထင်ထားသလို မဟုတ်ခဲ့ချေ။

မဟာရာဇာသည် ဣန္ဒြေမပျက်ပင် တည်တည်ငြိမ်ငြိမ် နားထောင်တော်မူပေသည်။ ပန်းကုံးစွပ်ပွဲအတွင်းရေးများကိုလည်းကောင်း၊ သက္ကရာဇာဆုံးဖြတ်စီရင်ပုံများကိုလည်းကောင်း အေးဆေးစွာ နားထောင်ခဲ့ပေသည်။ ထို့နောက် သက္ကရာဇာ၏ဆုံးဖြတ်စီစဉ်ပုံများ မှန်ကန်ကြောင်း သဘောတူကြောင်း အမိန့်ရှိတော်မူသည်။

"တခြားကော ဘာများလျှောက်တင်စရာရှိသေးလဲ သားတော်ကြီး"

"မှန်ပါ၊ အထူးအထွေတော့ လျှောက်တင်ရန်မရှိတော့ကြောင်းပါဘုရား၊ ဆွေးနွေးရန်သာ ရှိပါတယ်ဘုရား"

"ဆွေးနွေးစေ သားတော်ကြီးဗျား"

"မှန်ပါ၊ သားတော်ကြီးအနေနဲ့ သစ်အယ်ချောင်နတ်ဆရာကြီး နေဝဗလကို တစ်စုံတစ်ရာမှ အရေးယူခြင်းမပြုလုပ်ခဲ့တာဟာ အရာရာထိုထောက်ထားလို့ပါဘုရား၊ သူ့ကို အရေးယူလိုက်ခြင်းဖြင့် ဘာ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးယူရသလဲဆိုပြီး အများသူငါစိတ်ဝင်စားလာရင် နေဝဗလ မရှိမသားနဲ့ လုပ်ချင်တာလုပ်တာ လူတွေသိကုန်မှာပါဘုရား၊ အဲဒီကနေ တစ်ဆင့် ပန်းကုံးမှာ ဘာတန်ခိုးသိဒ္ဓိမှရှိတာမဟုတ်ပါလားဆိုပြီး ပန်းကုံးစွပ်ပွဲကို ပြက်ရယ်ပြုကြပါလိမ့်မယ်ဘုရား၊ အဲဒီအခါ ပန်းကုံးစီရင်သူ နတ်ဆရာကြီးများနဲ့တကွ ပန်းကုံးစွပ်ပွဲလုပ်ခိုင်းသူ ဖခမည်းတော်ကိုပါ ထိခိုက်နိုင်ပါတယ်ဘုရား၊ အဲသလိုဖြစ်မှာစိုးလို့ နေဝဗလကို အရေးမယူတော့ဘူးလို့ ဆုံးဖြတ်ခြင်းပါဘုရား"

"မှန်တယ်၊ ကောင်းတယ်လို့ ခမည်းတော်ပြောပြီးပြီပဲ"

"မှန်ပါ၊ ဒါပေမဲ့ သားတော်ကြီးစိတ်ထဲတော့ နေဝဗလကို မကျေနပ်ကြောင်းပါဘုရား၊ ပန်းကုံးကိုလည်း မကျေနပ်ပါဘုရား၊ ပန်းကုံးကိုစီရင်သူ နန်းတွင်းပေဒင်ဆရာကြီးများ၊ နတ်ဆရာကြီးများကိုလည်း မကျေနပ်ကြောင်းပါဘုရား"

ဘုရင်မဟာရာဇာသည် သွားများပေါ်အောင် ပြုံးတော်မူရင်း မေးတော်မူ၏။

"မကျေနပ်တာတွေ များလှချည်လားဟဲ့၊ နေဝဗလကို မကျေနပ်တာကတော့ မရိုးသားလို့ဆိုပြီးထား၊ သက်မဲ့ဖြစ်တဲ့ပန်းကုံးကို မကျေနပ်တာက ဘာဖြစ်လို့လဲ"

"မှန်ပါ၊ သက်မဲ့ဆိုသော်လည်း ဒီပန်းကုံးက သိဒ္ဓိတင်ထားတဲ့ပန်းကုံး မဟုတ်ပါလားဘုရား၊ သားတော်ကြီးဖြစ်စေချင်တာက သတ္တိဗလက သူ ဘယ်သူ့ကို မစွပ်ဘူး၊ ဘယ်သူ့ကို စွပ်မယ်လို့ ဘယ်လိုစဉ်းစားထားသည်ဖြစ်စေ၊ ပန်းကုံးကြီးဟာ သူ့ဟာသူ ဓာတ်သဘော၊ နတ်သဘောတွေနဲ့ တုန်တုန်ခါခါဖြစ်လာပြီး ကိုင်ထားသူသတ္တိဗလရဲ့လက်ကို ဆွဲရမ်းစေချင်တာပါဘုရား၊ သတ္တိဗလက ထိန်းချုပ်လို့မရဘဲ သူစွပ်ချင်တဲ့လူကိုလည်း မစွပ်မိ၊ သူမစွပ်ချင်တဲ့လူကို စွပ်မိတာမျိုးဖြစ်သွားတယ်လို့ ကြားချင်တာပါဘုရား၊ ခုတော့ သတ္တိဗလက သူ ရွေးချယ်ထားတဲ့လူကို စွပ်ချလိုက်တယ်ဆိုတော့ ပန်းကုံးမှာဘာတန်ခိုးမှမရှိတာ ပေါ်သွားပါတယ်ဘုရား"



သက္ကရာဇာခဏာရပ်ပြီး ခမည်းတော်ကို အကဲခတ်ကာ ဆက်လျှောက်တင်လေသည်။

"ဒီတော့ ပန်းကုံးကိုက ဘာတန်ခိုးမှ မရှိရကောင်းလားဆိုပြီး မကျေနပ်တာပါဘုရား၊ တစ်ဆက်တည်းမှာပဲ ဒီလို တန်ခိုးမရှိတဲ့ပန်းကုံးကြီးကိုစီရင်ပေးလိုက်တဲ့ နန်းတွင်းကဆရာကြီးများကို မကျေနပ်တာပါဘုရား"

"ဒါပဲလားဟဲ့"

"မှန်ပါဘုရား"

မဟာရာဇာသည် ရာဇပ္လင်ခြေဆည်တော်မူပြီး သက္ကရာဇာကို မေးခွန်းထုတ်လေသည်။

"ဒါဆိုရင် သားတော်ကြီးကို တစ်ခုလောက် ထောက်မေးရဦးမယ်၊ ပန်းကုံးမှာ တန်ခိုးမရှိဘူးလို့ သားတော်ကြီးက သေချာပေါက်ပြောနိုင်လို့လား"

"မှန်ပါ၊ သတ္တိဗလက ဟေမာသိရီကို စွပ်မယ်ဆိုပြီး စွပ်ချလိုက်တာဝင်သွားကတည်းက ပန်းကုံးမှာ ဘယ်အစွမ်းသတ္တိရှိတော့လို့လဲဘုရား"

"သားတော်ကြီး စဉ်းစားပါဦးလေ၊ သတ္တိဗလက ဟေမာသိရီကိုစွပ်ဖို့ စဉ်းစားရွေးချယ်ထားတယ်၊ ပန်းကုံးကလည်း ဟေမာသိရီကိုရွေးပြီး စွပ်ဖို့ ပြင်ဆင်နေတယ်၊ ဒီလိုတစ်ထပ်တည်းကျသွားတာရော မဖြစ်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ဤအချက်ကို သူ မစဉ်းစားမိပေ။

သူ့အမူအရာကိုကြည့်ပြီး မဟာရာဇာ သဘောတော်ကျသွား၏။

"တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေတဲ့လူတစ်ယောက်ဆိုတာ ဘက်ပေါင်းစုံအောင် ထောက်ချင့်စဉ်းစားနိုင်မှ တော်ကာကျမှာသားတော်ကြီးရဲ့ ဟိုက တစ်စွန်းတစ်စကြားရုံ၊ ဒီက တစ်စွန်းတစ်စကြားရုံနဲ့ သုံးသပ်ချက်စောလို့မဖြစ်ပေဘူး၊ အခုကိစ္စမှာလည်း သတ္တိဗလနဲ့ ပန်းကုံးရွေးချယ်မှုတစ်ထပ်တည်းကျသွားတာ ဖြစ်နိုင်သလို၊ ဟေမာသီရိကို ရွေးချင်လာအောင် ပန်းကုံးစောင့်နတ်တွေကနေ သတ္တိဗလရဲ့ကိုယ်စောင့်နတ်ကတစ်ဆင့် သတ္တိဗလရဲ့စိတ်ကို လှုံ့ဆော်ပေးသွားတာမျိုးလည်း ဖြစ်နိုင်တာပဲ၊ ဒီလိုဘက်တွေကလည်း စဉ်းစားကြည့်ဦးမှပေါ့"

မဟာရာဇာ၏စကားဆုံးသောအခါ သက္ကရာဇာသည် မတတ်သာသဖြင့် ဝန်ခံရလေသည်။

"မှန်ပါ၊ သားတော်ကြီး လိုသွားပါတယ်ဘုရား၊ ဒါပေမယ့် . . "

သက္ကရာဇာက လျှောက်တင်ရင်း ရပ်ပြီးတွေဝေသွားသဖြင့် မဟာရာဇာက ထောက်ပေးတော်မူလေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ သားတော်ကြီးရဲ့၊ ရဲရဲလျှောက်တင်ပါ"

"မှန်ပါ၊ ခမည်းတော်စဉ်းစားတာလဲ နန်းတွင်းနတ်ဆရာကြီးတွေဘက်ကချည်း ရပ်တည်နေသလို ဖြစ်မှာစိုးလို့ပါဘုရား၊ သားတော်ကြီးစဉ်းစားတဲ့ဘက်ကလဲ စဉ်းစားစေချင်ပါတယ်၊ မဟုတ်ရင် မဟာရာဇာမျိုးဆက်ဟာ ဗေဒင်ဆရာတွေနဲ့ နတ်ဆရာတွေခြယ်လှယ်တာ ခံခဲ့ရတယ်လို့ ရာဇဝင်မှာ နာမည်ပျက်နေပါဦးမယ်"



"မှန်ပေတယ် သားတော်၊ အရာရာမှာ ဘက်ပေါင်းစုံစဉ်းစားရမယ်လို့ ခမည်းတော်ပြောပြီးသားပဲ၊ ဒီကိစ္စကို သားတော်အချိန်ယူပြီး စုံစမ်းထောက်လှမ်းပါဦး၊ နေဝဗလက သူ့သမီးကို တော်ကောက်ခံရအောင် ကြိုးစားတာဟာ သူတစ်ဦးတည်းရဲ့အကြံအစည်လား၊ နန်းတွင်းက နတ်ဆရာကြီးတွေနဲ့ ဆက်စပ်နေသလား၊ ပြီတော့ နေဝဗလရဲ့အကြံအစည်ဟာ မိဘက သားသမီးကောင်းစားစေချင်တဲ့ သာမန်အကြံအစည်ပဲလား၊ တခြား ဘယ်လိုမရိုးသားမှုတွေပါသေးသလဲ၊ စုံအောင်တော့ လေ့လာဦးပေါ့ကွယ်"

"မှန်ပါဘုရား"

"နေဝဗလကို ဘာတစ်ခုမှ မထိပါးသေးဘဲ ကြိုးရှည်ရှည်နဲ့ လှန်ထားလိုက်ဦး၊ ပြီးတော့ ဒီကိစ္စကို ညီလာခံနဲ့ မှူးမတ်တွေကြား၊ သားတော်ငယ်တွေကြားမှာ ချမပြသေးဘဲ ထားကြဦးစို့၊ သတ္တိဗလကိုလည်း ဒီကိစ္စ မပေါက်ကြားအောင် ထိန်းခိုင်းထားတယ် မဟုတ်လား"

"မှန်ပါ၊ အထူးသတိပေးထားပါတယ် ဘုရား"

"အေး၊ သတ္တိဗလကိုတော့ သားတော်ကြီးပဲ တာဝန်ယူပြီးမွေးမြူပါကွယ်၊ ဒီလိုရိုးသားတဲ့လူတစ်ယောက်ဟာ အချည်းအနှီးတော့ မဖြစ်ကောင်းဘူးကွဲ့"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

တိုင်ပင်ခြင်းကိစ္စ ပြီးဆုံးပြီဖြစ်၍ သားအဖနှစ်ဦး 'လျှို့ဝှက်ဆောင်' မှ ထွက်ခဲ့ကြသည်။ ဘုရင်ကြီးမဟာရာဇာက အနားယူရာ စံနန်းဆောင်သို့ ဝင်သည်။ သက္ကရာဇာလည်း ခမည်းတော်ကို လက်အုပ်ချီ၍ အရိုအသေပြုပြီးနောက် အိမ်ရှေ့မင်းနန်းဆောင်သို့ ပြန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သတ္တိဗလကတော့ အရှင်မွေးနေ့ချင်းကြီးမည့်ကိန်း ဆိုက်နေပေသည်။ အိမ်ရှေ့စံကိုယ်တော်ကြီး သက္ကရာဇာကိုယ်တိုင် သိမ်းသွင်းသော တပ်သားသစ်ဖြစ်၍ မြို့စောင့်တပ်မှူးသူရစက္ကက သူ့အနားမှာပင် ထား လိုက်သည်။ အောက်ခြေတပ်ထဲ ချမပေးတော့။

သူရစက္က၏ကိုယ်ရံတော်တပ်စိတ်ထဲ ရောက်သွားခြင်းဖြစ်၏။ ဂုဏ်ရှိသောနေရာ၊ တက်လမ်းရှိသောနေရာဖြစ်သည်။ ကိုယ်ရံတော်တပ်စိတ်ထဲတွင်အနေကြာပြီး အောက်ခြေတပ်ထဲပြန်ဆင်းရလျှင် အကြပ်တန်း ဖြစ်သည်။ တပ်သား မဟုတ်တော့။

သတ္တိဗလကတော့ အဆိုပါအချက်အလက်တွေကို မသိ။ တပ်သဘောသဘာဝတွေကို နားမလည်။ ရောက်ရောက်ချင်း ထားရာနေသည်။ ကျွေးတာစားသည်။ ခိုင်းတာလုပ်သည်။

ရောက်သည့်ညက သူ့ကို အိပ်ရန်ခုတင်တစ်လုံး ပေးသည်။ စစ်သည်တော်ဝတ်စုံနှစ်စုံ ထုတ်ပေးသည်။ ဓားတစ်လက် ထုတ်ပေးသည်။ သူသည် စစ်သည်တော်ဝတ်စုံကို ဝတ်ကြည့်သည်။ ဓားကို ဓားအိမ်မှ ဆွဲထုတ်၍ ဆ,ကြည့်ရင်း ဟေမာသီရိကို သတိရသည်။ ဟေမာသီရိ



ဘဝပြောင်းသွားသကဲ့သို့ မိမိလည်းဘဝပြောင်းသွားချေပြီ။ ဟေမာသီရိကမူ ချောမွေ့သောဘဝခရီးလမ်းပေါ် ရောက်သွားခြင်းဖြစ်၏။ မိမိဘဝကား မည်သို့လာဦးမည် မသိသေး။

မည်သို့ပင်ဖြစ်စေ သတ္တိဗလ မစိုးရိမ်။ မိမိ မယုံကြည်၊ မလုပ်ချင်သောနတ်ဆရာဘဝက ကျွတ်လွတ်သွားခြင်းကိုပင် စိတ်ချမ်းသာလှပြီ။ အစ်မဖြစ်သူ ပုလဲနန္ဒာဖြင့် ငိုကြွေးပူဆွေးနေလေပြီလား မသိ။ မိမိကိုလည်း ကျိန်ဆဲကောင်း ကျိန်ဆဲနေပေလိမ့်မည်။ ရှိစေတော့၊ မိမိကား သိမ်ညာလှည့်ဖြားမှုကို မလုပ်လို။ အများသူငါက မေးငေါ့မည်ကိုမခံလို။ င်းသား၏ယောက်ဖဘဝကို ဤကဲ့သို့သောနည်းမျိုးဖြင့် မခံယူလို။

ထိုညက သတ္တိဗလ တော်တော်နှင့်အိပ်မပျော်ပေ။ တပ်ထဲဝင်ခွင့်ရ ဆိုက်၍ စိတ်အေးရသော်လည်း သူနားမလည်နိုင်သော အခြင်းအရာ များကို ခံစားခဲ့ရသည်။

မိမိက မိမိဖခင်၏မရိုးမသားစီမံမှုကို အိမ်ရှေ့စံကိုယ်တော်ကြီး၏ သောင်ဒဏ်၊ သေဒဏ် ကင်းလွတ်ခွင့်ကတိအရ ကိုယ်တော်ကြီးကို ပွင့်လင်းဆုံး ဖော်ထုတ်ခဲ့သည်။ နောက်ဆုံး ပန်းကုံးတွင်မည်သည့် ဇန်ခိုးသိဒ္ဓိမှ မရှိကြောင်း ပေါ်လွင်အောင်တင်ပြခဲ့၏။ ရည်ရွယ်ချက် ာ ဤကဲ့ပေါ်လွင်အောင် တင်ပြလိုက်ခြင်းဖြင့် နတ်ကိုးကွယ်နေသော သတ္တိဗလတို့နိုင်ငံတော်၏ ဒုတိယရေမြေရှင်ကြီး မည်ကဲ့သို့ သဘောထားမည်ကို သိလို၍ဖြစ်သည်။ သို့သော် မိမိမျှော်လင့်သလို ဖြစ်မလာ။

အိမ်ရှေ့စံကိုယ်တော်ကြီးနှုတ်မှ ဤကိစ္စနှင့်ပတ်သက်၍ အရိပ်အငွေ့က်မှ ထွက်မလာ။ တုန်လှုပ်သွားသောအမူအရာကိုမူ သတိထားမိလိုက်၏။ သို့သော် အဘယ့်ကြောင့်တုန်လှုပ်သွားရသည်ဆိုသည့်အကြောင်း င်းကို ဖွင့်ပြောမလာ။

www.burmeseclassic.com

www.burmeseclassic.com





သတ္တိဗလသည် ပန်းကုံးစွပ်ပွဲအကြောင်းကို လူတကာအား လိုက်၍ ပြောပြချင်နေ၏။ နတ်ယုံကြည်နေကြသူများ၏အဓိပ္ပာယ်မရှိမှုကို ဖွင့်ပြလို၏။

ပန်းကုံးစွပ်ပွဲညက အတွေ့အကြုံသည် သတ္တိဗလအတွက် နတ်ကိုယုံကြည်မှုအား ပိုမိုမယုံကြည်ဖြစ်စေ၏။ ပန်းကုံးကို ကိုင်ထားသော သတ္တဗလ၏လက်အစုံသည် တုန်တုန်ယင်ယင် ဖြစ်နေသည်ကတော့ အမှန်။ သို့သော် ဤသို့တုန်ယင်ရခြင်းမှာ လက်ကိုဆန့်တန်းထားရသော ကြောင့်ဖြစ်သည်ကို သတ္တိဗလသိသည်။ ပန်းကုံးကို ဝဲ၍ဝဲ၍ထားသည်မှာလည်း မိမိဘာသာလုပ်ခြင်းဖြစ်၏။ မိမိ ဟေမာသီရိကို စွပ်သည့်အခါ ချိန်သားကိုက်အောင် မိမိကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်၏။

ဟေမာသီရိကို မိမိက ရွေးလိုက်ခြင်းဖြစ်သည်။ ပန်းကုံးကရွေးသည် မဟုတ်။

မိမိသည် မြင်းတစ်ကောင်ကိုလည်းကောင်း၊ နွားတစ်ကောင်ကိုလည်းကောင်း ကြိုးနှင့်ဆွဲဖူးပါသည်။ မိမိဆွဲရာ ပါမပါ၊ သူတို့က ရုန်းမနေ၊ မိမိလက်မှာ ခံစားတတ်ပါသည်။

ပန်းကုံးကား မိမိကသာ ထိန်းချုပ်ထားခြင်းဖြစ်၏။ ပန်းကုံးက မိမိလက်ကို မည်သို့မျှမထိန်းချုပ်။

ဤကိုယ်တွေ့ကြုံခဲ့ရသော အကြောင်းအရာကို လူတကာအား ပြောပြခြင်းဖြင့် လူတို့၏စဉ်းစားဉာဏ်ကို ဖွံ့ဖြိုးလာစေချင်သည်။

သို့သော် ကိုယ်တော်ကြီးက ပိတ်လိုက်သည်။ ပိတ်သည်မှ တစ်ခါတွင်အမိန့်နှင့် ပိတ်ခြင်းဖြစ်၏။ ဘယ်သူ့ကိုမှ ထပ်ဆင့်ပြောမပြရ။ ပြောခဲ့သော် သေဒဏ်ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်းလေ။ အများက နတ်ကို ယုံကြည်ကိုးကွယ်နေကြသည်။ နတ်ကို ပူဇော်ပသမှ စပါးသီးနှံဖွံ့ဖြိုးအောင်မြင်မည်။ နတ်ကိုပူဇော်ပသမှ အမဲ သားကောင် ပစ်ခတ်ဖမ်းဆီး၍ရမည်။ နတ်ကိုပူဇော်ပသမှ ခေါင်ရည် ဖောက်လျှင် ခေါင်ရည်မပျက်မစီးဖြစ်မည်။ အများက တစ်နတ်တည်း နတ်နေသည့်အပြင် မဟာရာဇာဘုရင်မင်းကြီးနှင့် သားတော်များက နတ်ကိုးကွယ်မှုကိုအားပေးနေကြသည်။ သည်တော့ သတ္တိဗလ အတား အတားခံရသည်မှာ မထူးဆန်းဟု ဆိုရပေမည်။

မထူးဆန်းသော၍ကိစ္စကိုပင် သတ္တိဗလက အထူးအဆန်းလုပ်၍ အိပ်မပျော်ဖြစ်နေ၏။ တလူးလူးတလွန့်လွန့် ဖြစ်နေ၏။ နောက်ဆုံး မိမိလျှောက်တင်ချက်ကိုနားထောင်ရသော အိမ်ရှေ့စံကိုယ်တော်ကြီး တုန်လှုပ်စွာ ထရပ်လိုက်သောမြင်ကွင်း၊ မိမိရှေ့တွင် လူးလာခေါက်တုံ့ လမ်းလျှောက်နေခဲ့သောမြင်ကွင်းတို့ကို ပြန်လည်မြင်ယောင်လာ၍ အနည်းငယ် စိတ်သက်သာရာရသည်။

မိမိ၏တင်ပြချက်သည် စိုးစဉ်းတော့ထိရောက်၏။ ဘာပဲဖြစ်ဖြစ် ကိုယ်တော်ကြီး စဉ်းစားသွားမည့်သဘောရှိမည်။

သတ္တိဗလသည် တစ်ဆင့်တိုး၍ စဉ်းစားကြည့်ပြန်၏။ မိမိ၏တင်ပြ ချက်သည် စိုးစဉ်းမက အတော်ကြီးထိရောက်၍သာ ထပ်ဆင့်မဖြန့် ဖြုန်းဖို့ အပိတ်ခံရခြင်း မဟုတ်ပါလော။ မထိရောက်သောအကြောင်း အရာများကို မည်သူပိတ်ပင်ပါမည်နည်း။

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုသို့တွေးတောလိုက်သော အခါမှ သတ္တိဗလ အိပ်ပျော်သွားလေသတည်း။

ဤသို့ တစ်ရေးမျှ သို့မဟုတ် တစ်မှေးမျှ အိပ်လိုက်ရသည့်အတွက် အတော်ဖြစ်သွား၏။ အကြောင်းမှာ မနက်အစောကြီး အနှိုးခံလိုက်ရ သောကြောင့် ဖြစ်၏။



"ထဟေ့-သတ္တိဗလ၊ ကင်းစောင့်ရမယ်"

ရဲမက်တစ်ဦးက လာနှိုးခြင်းဖြစ်၏။ သတ္တိဗလသည် အင်းအဲလုပ်နေ တတ်သည့် အကျင့်မရှိ။ ဆတ်ခနဲ ထထိုင်သည်။ ကင်းစောင့်ရမည်ဆိုသ ဖြင့် ဓားလွယ်လွယ်ပြီး ခုတင်ပေါ်က ဆင်းလိုက်သည်။

လာနှိုးသောရဲမက်က လှံရှည်နှင့် ဝတ်ရုံခြုံလွှာတစ်ထည်ကိုပေး၏။

"အဲဒီခြုံထည်ကိုခြုံ၊ အပြင်မှာအရမ်းအေးတယ်၊ လာလိုက်ခဲ့၊ မင်း စောင့်ရမယ့်နေရာကို ပြမယ်"

စောင့်ရမည့်နေရာမှာ တပ်မှူးသူရစက္က၏စံအိမ်တော်တံခါးဝတွင် ဖြစ်၏။

"ရပ်စောင့်လို့လည်း ရတယ်၊ ထိုင်စောင့်လို့လည်းရတယ်၊ ဒါပေမယ့် ဘယ်မှမသွားရဘူး၊ တပ်ဝင်းတံခါးဆီလည်း မသွားရဘူး၊ ဝင်းခြံထဲလည်း မသွားရဘူး၊ အဲဒီမှာ တခြားလှည့်ကင်းတွေ၊ ထိုင်ကင်းတွေရှိတယ်၊ လူများမယ်၊ ဒီနေရာမှာပဲစောင့်၊ ရန်သူလာရင် တတ်သလောက်မှတ်သ လောက်နဲ့ချ"

သူပြော၍သာ နားထောင်နေရသော်လည်း တပ်ကြီးတစ်တပ်လုံး ဝိုင်းပတ်နေသည်ကိုကျော်၍ တပ်မှူး၏အိမ်ဂေဟာထဲ ရန်သူမလာနိုင် ဟု သတ္တိဗလတွေးနေမိသည်။ ပြီးတော့ ဘယ်ကရန်သူလာမည်နည်း။ မဟာသူရိယရွှေမြို့တော်တွင် ရန်သူနှင့်စစ်တိုက်ရသည်ဟု သတ္တိဗလ လူမှန်းသိတတ်ခါစမှစ၍ တစ်ရံတစ်ဆစ်မျှမကြားမဖူး။ ရှိစေတော့။ လုပ်ကြံရေးသမား၊ လူဆိုး၊ သူခိုးများတော့ ရှိနိုင်ပေသည်။

"လူတစ်ယောက်ယောက် မသင်္ကာတာတွေ့ရင် ရပ်-ဘယ်သူလဲလို့ မေး၊ အိုးမည်းလို့ ပြန်ဖြေရင် အဲဒါကိုယ့်လူ၊ အိုးမည်းဆိုတာ စကားဝှက် ပဲ၊ မဖြေနိုင်ရင် ရန်သူပဲ၊ ကဲ-ဘာမေးစရာရှိသေးသလဲ၊ ငါပြန်အိပ်တော့ မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အပေါ်သွားချင်ရင် ဘယ်မှာသွားရမလဲ"

သတ္တိဗလ၏မေးခွန်းကြောင့် အဆိုပါရဲမက် စိတ်ပျက်၊ စိတ်ညစ်သွားပုံရသည်။

"ဘာများမေးမလဲလို့၊ တော်တော်ရှုပ်တဲ့ကောင်၊ အဲဟိုက ပန်းရုံဘေးမှာ သွားလို့ရတယ်"

"အခင်းကြီးသွားချင်ရင်ရော"

"ကင်းသမား အခင်းကြီးသွားလို့ ဖြစ်မလားကွ၊ အောင့်ထား"

သည်တစ်ခါတော့ သတ္တိဗလမျက်နှာရှုံ့သွား၏။

"ဘယ်အချိန်အထိ စောင့်ရမှာလဲ"

"မိုးလင်းအထိစောင့်ရမယ်။ မင်းရဲ့ကင်းချိန်ပြည့်ရင် တို့အကြပ်က လာခေါ်လိမ့်မယ်၊ ကဲ-ငါသွားပြီ"

ရဲမက်က အိပ်ဆောင်သို့ ပြန်သွားသည်။ သတ္တိဗလ၏ပထမဆုံးတာဝန်ယူမှုကား စပြီ။ သတ္တိဗလက ဟေမာသီရိကို သတိရမိပြန်သည်။ နင်ကတော့ အိပ်ကောင်းတုန်းနေမှာပေါ့ဟာ၊ ငါ့မှာတော့ စစ်သားဘဝ တကယ်စနေပြီ။ ဤသို့ စိတ်ထဲက ရေရွတ်မိလေ၏။

ကင်းချိန်ပြည့်၍ အကြပ်လာခေါ်ချိန်၌ မိုးလင်းနေပြီ။ လှံရှည်နှင့်ဝတ်ရုံကို အကြပ်လက်အပ်လိုက်ရသည်။ အိပ်ဆောင်ကိုပြန်သွားတော့ ရဲမက်အားလုံး နိုးနေကြပြီ။ တစ်ဦးက သတ္တိဗလကို ဆီးကြိုပြောသည်။

"ဟေ့ကောင်၊ ဓားကြီးခဏချထားပြီး မီးဖိုထဲမှာ ထမင်းသွားစားလိုက်ဦး၊ ခဏကြာရင် အပြင်ထွက်ရမယ်လို့ ပြောတယ်၊ ငါတို့တောင် စားပြီးပြီ"

မီးဖိုက အိပ်ဆောင်နှင့်ကပ်လျက်။ သတ္တိဗလဖို့ ထမင်းချန်ထားသည်။ ဟင်းကို ဝါးဆစ်ဗူးနှင့် ထည့်ပေးထား၏။ သစ်သီးစုံဟင်းရည်. . ။



မိမိက နောက်ကျသူမို့ ကသုတ်ကရက်စားလိုက်သည်။ သတ္တိဗလ စားပြီးသောအခါ ကိုယ်ရံတော်တပ်စိတ်သည် တပ်မှူး၏စံအိမ်တော်ရှေ့တွင် တန်းစီနေကြပြီ။ သတ္တိဗလကလည်း ကပျာကယာဝင်၍ တန်းစီလိုက်သည်။

တပ်ဝင်းကြီးတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်နေသည်ကို သတ္တိဗလလှမ်းမြင်ရသည်။ စစ်တန်းလျားများရှေ့တွင် စစ်သားများ အစုလိုက်အသုတ်လိုက် တန်းစီနေကြသည်။ ဓားအိမ်မပါဘဲ ဓားလွတ်ချည်းကိုင်ထားသောတပ်ဖွဲ့များရှိသလို ဓားလွတ်နှင့်ဒိုင်းကို လက်တစ်ဖက်စီစွဲကိုင်ထားသော တပ်ဖွဲ့များကိုလည်း တွေ့ရ၏။ လှံရှည်ကိုင်တပ်ဖွဲ့၊ လှံတိုကိုင်တပ်ဖွဲ့များကိုလည်း တွေ့ရ၏။

နံနက်ခင်း၏လတ်ဆတ်သော အလင်းရောင်အောက်တွင် တပ်ဖွဲ့များကို ဓားရောင်၊ လှံရောင်တဖွေးဖွေးနှင့်တွေ့ရသည်မှာ ကြည့်ကောင်းနေသည်။

သူတို့လည်း ထွက်ခွာဖို့ ပြင်ဆင်နေကြခြင်းဖြစ်မည်။ ဘယ်ကိုထွက်မည်မသိ။

သတ္တိဗလက ဘယ်ဘက်ဘေးကရဲမက်ကိုကပ်၍ တီးတိုးမေးကြည့်လိုက်သည်။

"ဘယ်ကိုထွက်မှာလဲ"

"ရွှေမြို့တော် တံခါးဝအထိပါပဲ၊ ကိုယ်တော်လေး ဗန္ဓုရာဇာရဲ့ မင်္ဂလာပွဲကို တက်ရောက်လာကြတဲ့ နယ်စားကြီးရှစ်ယောက်ကို သွားကြိုရမှာ၊ မဟာရာဇာဘုရင်ကြီးရဲ့သားတော်တွေချည်းပဲလေ၊ ကိုယ်တော်လေးနဲ့ကြင်ရာတော်လောင်းက မြို့တံခါးဝကနေ ဆီးကြိုရမယ်တဲ့၊ မြို့စောင့်တပ် တပ်မှူးနဲ့ ခြေလျင်တပ်ခွဲနှစ်ခွဲက ကိုယ်တော်လေးကို ခြံရံပေးရမှာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဗလ၏ရင်ထဲ ရှိန်းမြသွားသည်။ ဟေမာသီရိကို တွေ့ရတော့မည်။ နန်းဝတ်နန်းစားဝတ်ဆင်ထားသော ဟေမာသီရိကို တွေ့ရတော့မည်။

"သတ္တိဗလ"

ခေါ်သံကြား၍လှည့်ကြည့်လိုက်သောအခါ တပ်မှူးသူရစက္ကဖြစ်နေသည်။ သူရစက္ကသည် သူတို့အနီးသို့ လျှောက်လာနေသည်။ အားလုံးရင်ဝတွင်လက်အုပ်ချီပြီး အရိုအသေပြုကြသဖြင့် သတ္တိဗလကလည်း အများနည်းတူလိုက်လုပ်သည်။

"သတ္တိဗလက ငါတို့ထွက်တဲ့အခါ ငါ့စီးတော်မြင်းရဲ့ ညာဘက်ကနေ မြင်းပါးချပ်ကြိုးကို ဆွဲပြီးလိုက်ရမယ်၊ မြင်းထိန်းရဲမက်က ဘယ်ဘက်က ဆွဲလိမ့်မယ်၊ လမ်းမှာ ဘယ်သူနဲ့တွေ့တွေ့ နှုတ်မဆက်ရဘူးနော်။ မောင်မင်းအဖေ၊ မောင်မင်းအမေနဲ့တွေ့ရင်လည်း နှုတ်မဆက်ရဘူး။ ဒါ တာဝန်ထမ်းဆောင်နေတဲ့အချိန်ဆိုတာ သဘောပေါက်ထား။ မြင်းလန့်ပြီး ထွက်မပြေးအောင် မောင်မင်းနဲ့ မြင်းထိန်းရဲမက်မှာ တာဝန်ရှိတယ်"

"မှန်ပါဘုရား"

ထွက်ကြသောအခါ ဓားလွတ်ကိုင်တပ်ဖွဲ့၊ ဓားလွတ်နှင့် ဒိုင်းကိုင်တပ်ဖွဲ့နှစ်ဖွဲ့ ပေါင်းထားသောတပ်ခွဲတစ်ခွဲက ရှေ့ကထွက်သည်။ ထို့နောက် ကိုယ်ရံတော်တပ်စိတ်ခြံရံထားသော မြင်းစီးထားသည့်တပ်မှူး၊ နောက်ကနေ၍ လှံရှည်ကိုင်တပ်ဖွဲ့၊ လှံတိုကိုင်တပ်ဖွဲ့ပေါင်းထားသော တပ်ခွဲတစ်ခွဲက ပိတ်၍လိုက်သည်။

မြို့စောင့်တပ်အင်အားတစ်ခုလုံး မဟုတ်ဘဲ တပ်ခွဲနှစ်ခွဲသာ ထွက်လာခြင်းဖြစ်သည့်တိုင် လူနှစ်ရာခန့်အင်အားရှိ၍ ကြည့်ကောင်းသည်။ မြို့တော်သူ၊ မြို့တော်သားများသည် လမ်းဘေးဝဲယာမှ ထွက်ကြည့်ကြသည်။ တပ်မှူးသူရစက္ကကို လက်အုပ်ချီဂါရဝပြုကြသည်။



သတ္တိဗလသည် ရင်ကော့ပြီး မျက်နှာထားတင်းတင်းထားလိုက်သည်။ ဒါမှ စစ်သည်တော်နှင့်တူမည်ဟု သူယူဆသည်။ ဘယ်လက်ကတော့ စီးတော်မြင်း၏ ပါးချပ်ကြိုးကို မြဲမြံစွာ ကိုင်ထားသည်။ ဒါက တာဝန်။

လမ်းဘေးတွင် မြို့တော်သူအပျိုချောကလေးများ တွေ့လျှင်တော့ မျက်ဝန်းထောင့်ကနေ မသိမသာကြည့်မိ၏။ မြို့ပန်းကလေးများလည်း လှပါသည်။ သို့သော် နေလောင်ထားသည့် ပန်းပွင့်များနှယ် လျော့တိလျော့ရဲရှိသည်။ တောပန်းများနှယ် လန်းဆန်းစွာ ငွားစွင့်ခြင်းမရှိဟု သတ္တိဗလယူဆသည်။

သူတို့သည် နန်းတော်ကြီးရှိရာသို့ အလျင်ဆုံး ချီတက်သွားကြခြင်းဖြစ်၏။ နန်းတော်ရှေ့ မြက်ခင်းပြင်ကွက်လပ်ကြီးထဲတွင် ဗန္ဓုရာဇာ၊ ဟေမာသီရိနှင့် ရံရွေတော်များ၊ အခြွေအရံများအသင့်စောင့်နေသည်ကို လှမ်းမြင်လိုက်ကြရသည်။

နံနက်ခင်း မြူနှင်းမှုန်တို့သည် ဝေနေဆဲ။ ဗန္ဓုရာဇာနှင့် ဟေမာသီရိတို့နှစ်ဦးသည် စီးတော်မြင်းကိုယ်စီ စီးနင်းထားလျက် စောင့်နေကြခြင်းဖြစ်၏။ နှစ်ဦးစလုံး ကြက်သွေးရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားသဖြင့် အဝေးကပင် ထင်ရှားနေသည်။

နီးကပ်လာသည်နှင့်အမျှ သတ္တိဗလ၏ရင်တို့ ခုန်လာသည်။ မျှော်လင့်ထားသည့်အတိုင်းပင် ဟေမာသီရိသည် နန်းဝတ်နန်းစားနှင့် လိုက်ဖက်လှသည်။ ယခင်က မြင်ခဲ့ဖူးသောအလှထက် အဆတစ်ရာ ပိုလှနေသည်။

သတ္တိဗလ ကျေနပ်ပါသည်။ မိမိတစ်ဖက်သတ်စွဲလမ်းသော ချစ်သူကို ကောင်းကင်ဘုံသို့ သူ ပို့ဆောင်လိုက်နိုင်ပြီ။ မိမိကြောင့် မင်းသား

www.burmeseclassic.com

www.burmeseclassic.com



လေး၏ကြင်ရာတော်ဖြစ်လာရသည်ကို ဟေမာသီရိကိုယ်တိုင်ပင် သိမည်မဟုတ်။

တစ်ယောက်တော့ ရှိသည်။ မိမိဖွင့်ပြောပြ၍ အိမ်ရှေ့စံကိုယ်တော်ကြီးတော့ သိထားသည်။ သို့တိုင်အောင် မိမိက တစ်ဖက်သတ်ချစ်ခဲ့ရသူဟု ကိုယ်တော်ကြီးသိသည်မဟုတ်။ ဖခင်ကို ဆန့်ကျင်ရင်း မင်းသားလေးအတွက် စေတနာထားကာ ရွေးသင့်ရွေးထိုက်သော အလှပိုင်ရှင်ကို ရွေးလိုက်ခြင်းဖြစ်သည်ဟုသာသိထားပေသည်။

ကိစ္စမရှိ။ မိမိ၏ချစ်မေတ္တာနှင့်စေတနာကို မည်သူသိသိ၊ မသိသိ အရေးမကြီးဟု သတ္တိဗလခံယူသည်။

စင်စစ် မိမိသည် မိမိ၏အစ်မကိုလည်းကောင်း၊ ဟေမာသီရိကိုလည်းကောင်း လွဲဖယ်၍ရပါသည်။ အခြားမိန်းမပျိုတစ်ယောက်ကို မကောင်းသူထိပ်၊ ကောင်းသူထိပ်ဟူ၍ စွပ်ချလိုက်လျှင်လည်း ရပါသည်။ သို့သော်ဤသို့မလုပ်ချင်ခဲ့။

မိမိလက်ထဲ အခွင့်အရေးတစ်ခုရလာတုန်း မိမိအသုံးချလိုက်ချင်သည်။

မူလကနဦး မိမိ ဟေမာသီရိကို ချစ်ခင်စွဲလမ်းခါစကပင် ချစ်သောနှလုံးသားရှိ၍ ချစ်ရသော်လည်း မိမိနှင့် မထိုက်တန်ဟု ယူဆထားခဲ့သူ ဖြစ်သည်။ မိမိထက် အဆင့်မြင့်သူများနှင့်သာ ထိုက်တန်သောမိန်းကလေးဖြစ်သည်ဟု သဘောထားခဲ့သည်။

ထို့ကြောင့်လည်း ဟေမာသီရိက သူငယ်ချင်းလိုသာခင်ရန်ပြောသောအခါ ဟေမာသီရိအပေါ် စိတ်မနာ၊ စိတ်မဆိုးခဲ့။

ဟေမာသီရိလို မိန်းကလေးမျိုးသည် မိမိထက်သာသူကိုသာ ချစ်သူအဖြစ် ရွေးချယ်ချင်ပေလိမ့်မည်ဟု နားလည်ခွင့်လွှတ်ထားပြီးသား။



"ကျွတ်-ကျွတ်-ကျွတ်"

တပ်မှူးသူရစက္ကက စုတ်သပ်လိုက်သဖြင့် မြင်းလည်းရပ်၊ သတ္တိဗလလည်း ရပ်လိုက်ရသည်။ အတွေးများလည်း ရပ်ဆိုင်းသွား၏။

သူတို့သည် မင်းသားဝန္ဓုရာဇာနှင့် ကြင်ရာတော်လောင်း ဟေမာသီရိတို့အနီး မလှမ်းမကမ်းတွင် ရပ်မိကြခြင်းဖြစ်သည်။

တပ်မှူးက မြင်းပေါ်ကပင် လက်အုပ်ချီအရိုအသေပြုသည်။ သတ္တိဗလကလည်း လိုက်၍လက်အုပ်ချီသည်။ ယခုအခါ ဟေမာသီရိသည် ဘုရားထူးခံအဆင့်အတန်းသို့ ရောက်ရှိသွားပေပြီ။ နောင်အခါ မိမိနှင့်ကြုံကြိုက်လျှင် မိမိက သူမကို ဒူးထောက်ဦးညွှတ်အရိုအသေပြုသည့်အခါ ပြုရမည်။ တာဝန်ဆောင်ရွက်ဆဲ ဒူးထောက်ဦးညွှတ်ချိန်မရလျှင် ရင်ဝတွင်လက်အုပ်ချီ၍ ဂါရဝပြုတန်ပြုရမည်။

ဝန္ဓုရာဇာနှင့်ဟေမာသီရိသည် သူတို့ကိုလက်အုပ်ချီ၍ တုံ့ပြန်နှုတ်ဆက်သည်။ ထို့နောက် သူရစက္ကတို့ကြားတွင် တစ်ဖွဲ့လုံးဝင်၍နေရာယူသည်။

ထိုသို့ နေရာယူစဉ် ဟေမာသီရိသည် သတ္တိဗလနှင့် အလွန်နီးကပ်သောနေရာမှ ဖြတ်သွား၏။ သတ္တိဗလကို ကြည့်မသွား။ ကြည့်လျှင်လည်း ရုတ်တရက်မှတ်မိရန် မလွယ်။ သတ္တိဗလက စစ်ဝတ်စုံ၊ စစ်ဦးထုပ်နှင့် ဖြစ်နေချေသည်။

နေရာယူပြီးသောအခါ ဝန္ဓုရာဇာက တပ်မှူးသူရစက္ကကို လက်ပြသည်။ သူရစက္ကက သူ့ကို အသင့်စောင့်ကြည့်နေသောရှေ့ဆုံးတပ်ခွဲ၏တပ်ခွဲမှူးကို လက်ပြလိုက်ခြင်းဖြင့် ဆက်ချီလေသည်။

ဝန္ဓုရာဇာနှင့် ဟေမာသီရိတို့၏စီးတော်မြင်းများတွင်လည်း ပါးချပ်ကြိုးကိုင် လူနှစ်ယောက်စီပါသည်ကို သတ္တိဗလ သတိပြုမိသည်။ စည်း

www.burmeseclassic.com

www.burmeseclassic.com



[illegible] မင်းခမ်းမင်းနားအဖြစ် ချီတက်ခြင်းဖြစ်၍သာ ဂရုတစိုက် [illegible]ထားခြင်း ဖြစ်လိမ့်မည်ဟု သတ္တိဗလမှတ်ချက်ချ၏။

[illegible]ကွေ့တစ်ခုရောက်၍ နောက်သို့အတန်ငယ်လှည့်ကြည့်မိသော သတ္တိဗလသည် စစ်ကြောင်းနောက်မှ မြို့တော်သူမြို့တော်သားများ တစ်အုပ်ကြီးလိုက်ပါလာသည်ကို မြင်ရလေသည်။ အရပ်သားလူထုများလည်း လိုက်ပါကြိုဆိုကြသကိုး။

မြို့တံခါးဝသို့ ရောက်သောအခါ ရှေ့ဆုံးတပ်ခွဲက တံခါး၏ဘယ်ဘက်ခြမ်းတွင် တန်းစီနေရာယူသည်။ မင်းသားနှင့်တပ်မှူးတို့အဖွဲ့က တံခါးဝနှင့် မျက်နှာချင်းဆိုင်၍ နေရာယူသည်။ မြင်းစီးလာသော ခေါင်းဆောင်သုံးဦးစလုံး မြင်းပေါ်ကမဆင်းကြ။ နောက်ကပါလာသော တပ်ခွဲသည် ခေါင်းဆောင်မှုအဖွဲ့ကိုကျော်တက်ပြီး တံခါး၏ညာဘက်ခြမ်းတွင် နေရာယူသည်။ အရပ်သားများက တပ်ခွဲများနောက်မှ ရပ်ကြည့်နေကြလေသည်။

မင်းသားဗန္ဓုရာဇာက ဟေမာသီရိကို ဘယ်ဘက်တွင်ထားပြီး တပ်မှူးကို ညာဘက်တွင်နေရန် ညွှန်ကြားသည်။ ထိုအစီအစဉ်ကြောင့် တပ်မှူး၏စီးတော်မြင်း၌ ညာဘက်ပါးချပ်ကြိုးကိုင်တာဝန်ယူထားသော သတ္တိဗလသည် ဟေမာသီရိကို သဲကွဲစွာမြင်ခွင့်မရတော့ပေ။

ထို့ကြောင့် သတ္တိဗလသည် မဖွင့်ရသေးသောမြို့ရိုးတံခါးကြီးကိုသာ လှမ်းကြည့်ပြီး ဖွင့်လျှင်ဝင်လာမည့် နယ်စားကြီးများကို စောင့်စားနေရလေတော့၏။

တံခါးစောင်တာဝန်ကျရဲမက်အချို့ မြို့ရိုးပေါ်မှ အုတ်လှေကားထစ်များအတိုင်း ပြေးဆင်းလာကြသည်။ တံခါးဖွင့်တော့မည်။ ရဲမက်များသည် မင်းတုန်းကြီးကို ဝိုင်းမ, ပြီး ဖွင့်ကြ၏။ ထို့နောက် တံခါးရွက်နှစ်ခုကို ဘယ်ညာတွန်းဖွင့်ကြခြင်းဖြင့် တံခါးမကြီးပွင့်သွားလေတော့သည်။



တံခါးကြီးပွင့်သည်နှင့် ဘုရင့်သားတော်များဖြစ်ကြသော နယ်စားကြီးရှစ်ဦးသည် စီးတော်မြင်းကိုယ်စီနှင့် ဝင်လာကြ၏။ သူတို့နောက်မှ ခြေလျင်စစ်သည်များ၊ ဝန်တင်မြင်းများ၊ လားများသည် တစ်အုပ်တစ်သင်းကြီး တပျော်တပါးဝင်လိုက်လာကြသည်။

"နယ်စားကြီးများ ကျန်းမာပါစေ၊ ချမ်းသာပါစေ"

"သားတော်ကြီးများ ကျန်းမာပါစေ၊ ချမ်းသာပါစေ"

"မဟာရာဇာမင်းဆက် အစွန့်ရှည်ပါစေ၊ အစွန့်ရှည်ပါစေ"

လူထုကြီးထံမှ ကြွေးကြော်နှုတ်ဆက်သံများ ဆူညံသွားကြလေသည်။

ဗန္ဓုရာဇာ၊ ဟေမာသီရိနှင့် သူရစက္ကတို့က လက်အုပ်ချီဂါရဝပြုနှုတ်ဆက်ကြသဖြင့် သတ္တိဗလတို့လည်း လိုက်လုပ်ကြသည်။

နယ်စားကြီးရှစ်ဦးသည် မြင်းများစီးထားလျက်နှင့်ပင် ဗန္ဓုရာဇာတို့ကို မျက်နှာချင်းဆိုင် ဂငယ်ပုံ ဝိုင်းပတ်ရပ်လိုက်ကြ၏။ သူတို့အားလုံး ခရီးပန်းလာသည့်ပုံပေါ်သော်လည်း ပြုံးရွှင်ရယ်မောနေကြ၏။

"ဗန္ဓုရာဇာ၊ ဒါ မင်းရဲ့ကြင်ရာတော်လောင်းလျာလား၊ ဟုတ်သဟေ့ ခင့်မရီးတော်တွေထက် အပုံကြီးသာသကွ"

"ပန်းကုန်းစွပ်ပွဲနဲ့ ရွေးရတာဆို၊ မင်းကတော့ တို့ညီနောင်တွေထဲမှာ အထူးခြားဆုံးကောင်ပါပဲ"

"ခယ်မတော်ဖို့ လက်ဆောင်ပဏ္ဏာတွေ အများကြီးပါတယ်ဟေ့။ ဗန္ဓုရာဇာ မင်းဖို့တော့မပါဘူးကွ"

"ငါကတော့ ဗန္ဓုရာဇာအတွက် ဆေးမြစ်တွေ တူးလာတယ်ဟေ့"

တစ်ယောက်က စလိုက်သည်နှင့် ညီနောင်များတစ်ယောက်တစ်ပေါက် ဆူညံစွာနှုတ်ဆက်ကြသည်။

သူတို့တစ်တွေ ပွင့်လင်းရိုးစင်းစွာ ပြောဆိုနှုတ်ဆက်နေကြသည့် ရွှင်

www.burmeseclassic.com

www.burmeseclassic.com



လန်းပျော်ရွှင်နေသောအမူအရာများသည် ပတ်ဝန်းကျင်ရှိ တပ်နှင့်ပြည်သူများကို ကူးစက်ကာ အားလုံးဝမ်းပန်းတသာ ဖြစ်နေကြသည်။

"နှမတော်ကို နောင်တော်တွေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒီဘက်က စ ကြည့်၊ အဲဒါက ဒုတိယမြောက်နောင်တော် သူရရာဇာ၊ ပြီတော့ ဗျဂ္ဃရာဇာ၊ ယက္ခရာဇာ၊ ဒေဝရာဇာ၊ ဆန္ဒရာဇာ၊ နန္ဒရာဇာ၊ ဉာဏရာဇာ ဟိုဘက်အစွန်ဆုံးကတော့ မောင်တော်ရဲ့အထက်က ပံသုရာဇာ"

ဟေမာသီရိက ဗန္ဓုရာဇာ ညွှန်ပြသမျှ တတ်နိုင်သမျှလိုက်ကြည့်ပြီး ကြိုးစားမှတ်ရာ၏။ နှုတ်ခမ်းအစုံကိုလည်း ပြုံးပြထားရလေသည်။

"နှမတော်ရဲ့နာမည်က ဟေမာသီရိပါတဲ့ နောင်တော်များဘုရား"

"ကောင်းသဟေ့ နာမည်ကလည်း ကျက်သရေရှိပါတယ်"

သူရရာဇာက ခွန်းတုံ့ပြန်သည်။ ဗန္ဓုရာဇာက ဆက်ပြော၏။

"မှန်ပါ၊ ဖခမည်းတော်နဲ့ နောင်တော်ကြီးတို့ အမှာတော်ရှိလိုက်တာက ရောက်တာနဲ့ အခစားဝင်ရောက်ကြဖို့ပါပဲဘုရား။ ပြီးမှ အနားယူကြပါလို့ မိန့်မှာကြပါတယ်ဘုရား"

"ဝင်ရမှာပေါ့ကွယ်၊ ခမည်းတော်နဲ့ နောင်တော်ကြီးတို့လည်း ကျန်းမာကြတယ်မဟုတ်လား"

"ကျန်းမာကြကြောင်းပါ နောင်တော်"

"ကိုင်း-ဒါဆိုလည်း အချိန်မဆိုင်းပဲ ဆက်သွားကြတာပေါ့၊ သွားကြစို့ဟေ့"

တပ်မှူးသူရစက္ကက စနစ်တကျနှင့် ပြန်လည်ချီတက်ကြရန် အမိန့်ကို သူ့တပ်အား လက်ဟန်ခြေဟန်နှင့် ညွှန်ကြားလိုက်လေသည်။

ထိုစဉ် သတ္တိဗလသည် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်း လူအုပ်ကြီးထဲမှ မိန်းမပျိုတစ်ဦးကို အမှတ်မထင် လှမ်းမြင်လိုက်ရလေသည်။

"ဟင်-အစ်မ ပုလဲနန္ဒာပါလား"

(၁၃)

စင်စစ် ပုလဲနန္ဒာ ရွှေမြို့တော်သို့ ရောက်နေသည်မှာ သတ္တိဗလနှင့် သိပ်မကွာ။ ပျော်ပွဲရွှင်ပွဲများကို လာရောက်ကြည့်ရှုကြသော သစ်အယ်ချောင်အဖွဲ့နှင့်အတူ လိုက်ပါလာခြင်းဖြစ်သည်။ ပုလဲနန္ဒာသည် ပျော်ရွှင်ပွဲများကို လာရောက်ကြည့်ရှုသက်သက်မဟုတ်။ ဖခင်ဖြစ်သူ၏မှာထားချက်အရ လိုက်ပါလာခြင်းဖြစ်၏။

သို့သော် သူမသည် ဖခင်ဖြစ်သူနှင့်အတူ ဧည့်သည်တော်ဆောင်၌ တည်းခိုခွင့်မရ။ သစ်အယ်ချောင်ရွာသူရွာသားများအဖွဲ့နှင့်အတူ မြို့ပြင်မှာသာ စခန်းချနေထိုင်ရသည်။ မြို့ပြင်ဆိုသော်လည်း အနယ်နယ်အရပ်ရပ်မှလာရောက်ကြသောအဖွဲ့များ အများအပြားရှိသဖြင့် ကျေးရွာကြီးတစ်ရွာနှယ် စည်ကားသိုက်မြိုက်လှသည်။ ရွှေမြို့တော်၏နန်းမြို့ရိုးအတွင်းဘက်ထက်ပင် ပို၍လွတ်လပ် ပို၍ပျော်စရာကောင်းပေသည်။

သစ်အယ်ချောင်ရွာသည် ရွှေမြို့တော်နှင့် တစ်ရက်ခရီးသာရှိသဖြင့် သစ်အယ်ချောင်ရွာသူရွာသားများသည် တက်တက်ဆင်ဆင်လုပ်ကြ၏။ အလှည့်ကျလာ၍ ပွဲကြည့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုလဲနန္ဒာကား ရောက်ကတည်းက မပြန်တော့။ ဖခင်ဖြစ်သူ၏အမိန့်ကို စောင့်နေခဲ့၏။

ဖခင်ဖြစ်သူကလည်း ပန်းကုံးစွပ်ပွဲညကပင် သူမကို သေသေချာချာ မှာထားခဲ့သည်။

"သမီးပုလဲနန္ဒာ၊ အဖေတော့ မင်းသားလေးရဲ့ကြင်ရာတော်လောင်း ဖြစ်သွားတဲ့ဟေမာသီရိကို လိုက်ပို့ရမယ်၊ သမီးကို အဖေနဲ့တစ်ပါတည်း ခေါ်သွားလို့မဖြစ်သေးဘူး၊ ဒါပေမယ့် သမီး ရွှေမြို့တော်ကို လာကိုလာရမယ်၊ ပွဲလာကြည့်တဲ့သစ်အယ်ချောင်အဖွဲ့နဲ့ လိုက်လာ၊ ဒီည အဖေ့အစီအစဉ်တော့ ပျက်သွားပြီပေါ့ကွယ်၊ အဲဒါသမီးရဲ့မောင် သတ္တိဗလ အရှုံးထတာလား၊ ဘာကြောင့်မှန်းတော့ မသိသေးဘူး၊ ဒါပေမယ့် သမီးအားမငယ်နဲ့၊ အဖေ သမီးကို ရွှေမြို့တော်ကြီးမှာနေခွင့်ရအောင် ကြံဖန်ဦးမှာပါ။ သမီးဟာ တောသူမဘဝနဲ့ပဲ တစ်သက်လုံး အရိုးမထုတ်စေရပါဘူး"

ပုလဲနန္ဒာသည် သတ္တိဗလ ထင်ထားသကဲ့သို့ ပန်းကုံးအစွပ်မခံရ၍ ငိုကြွေးမနေ။ သတ္တိဗလအပေါ်လည်း မကျိန်ဆဲ။ သေချာပေါက်စီစဉ်ထားလျက်က လွဲချော်သွားခြင်းအပေါ် အံ့ဩခြင်းသာရှိသည်။ သတ္တိဗလ တမင်လုပ်လိုက်သည်ဟုလည်း သံသယမဝင်။ ပန်းကုံးသည် ရွှေမြို့တော်မှနတ်ဆရာကြီးများ စီစဉ်ပေးလိုက်သကဲ့သို့ သိဒ္ဓိတွေဝင်ပြီး ရွေးချယ်သင့်သူကိုသာ ရွေးချယ်သွားသည်ဟု မှန်းဆတွေးထင်နေခဲ့သည်။

ဟေမာသီရိကို သတ္တိဗလ ပိုးပန်းနေကြောင်းသိထားသဖြင့် သူ ပိုးပန်းနေသူကို သူနှင့်လွဲအောင် ပန်းကုံးစွပ်ချလိုက်လိမ့်မည်ဟု သူမ မထင်ပေ။ ပန်းကုံးကြီး သိဒ္ဓိဝင်ပြီး လှုပ်ရမ်းဆွဲချသွားသည်ကို သတ္တိဗလ မထိန်းနိုင် မသိမ်းနိုင်ဖြစ်ခဲ့သည်ဟုသာ ထင်၏။



ဖခင်ကြီး အစီအစဉ်လုပ်စဉ်ကပင် သူမသိပ်မယုံရဲခဲ့။ သို့သော် ဖခင်ကြီးက အတည်ပေါက်လုပ်နေသဖြင့် ဖခင်ကြီးမှာလည်း နတ်နှင့်ဆက်သွယ်ပြီး လက်ဝါးရိုက်ထားမှု ရှိကောင်းရှိလိမ့်မည်ဟုတွေးကာ ကြင်ရာတော်လောင်းဘဝကို စိတ်ကူးယဉ်ခဲ့ခြင်းဖြစ်သည်။

ယခုတော့ လွဲချော်မှုတွေ ဖြစ်သွား၏။ ထိုအခါ မောင်ဖြစ်သူ သတ္တိဗလသည် ဖအေလုပ်သူကိုကြောက်ပြီး ဘယ်ရှောင်သွားသည်မသိ။ ကြက်ပျောက်ငှက်ပျောက် ပျောက်နေသည်။ သတ္တိဗလသည် ဤသို့ ရှောင်မနေသင့်။ အကျိုးအကြောင်းကတော့ လာပြောပြသင့်သည်ဟု သူမယူဆသည်။

ကိစ္စမရှိ။ တစ်နေ့နေ့တော့ သတ္တိဗလနှင့် ပြန်တွေ့ပြီး အကျိုးအကြောင်းကို သိရပေလိမ့်မည်။ ထိုအခါ မိမိ၏မောင်ကို မိမိကပြန်အားပေးရမည်။ ဟေမာသီရိကို မရနိုင်တော့သော်လည်း ယူကျုံးမရဖြစ်မနေသင့်ကြောင်း၊ လောကကြီးတွင် မိန်းမမရှားကြောင်း ကောင်းကောင်းကြီးဆွေးနွေးရမည်။

ပုလဲနန္ဒာသည် ဖခင်ထံမှ ဆက်သွယ်မှုကို နယ်စားကြီးများရောက်လာသည့်နေ့ကမှရသည်။ ထိုနေ့က သူမသည် မြို့တွင်းသို့ဝင်ခါနီး မြို့ပြင်မှ စောင့်ဆိုင်းနေကြသည့် နယ်စားကြီးတို့အဖွဲ့အား သွားရောက်ဖူးမြော်ကြည့်ရှုခဲ့သည်။ ထို့နောက် နယ်စားကြီးတို့အဖွဲ့နောက်မှနေ၍ မြို့ထဲသို့ ဝင်လိုက်သွားခဲ့သည်။

ကြိုဆိုပွဲပြီးသွားသောအခါ ပုလဲနန္ဒာသည် သူမ၏အဖော်တချို့နှင့်အတူ ရွှေမြို့တော်၏ဈေးတန်းဘက်အလည်ထွက်ခဲ့သည်။ ဈေးထဲတွင် ဖခင်ဖြစ်သူနှင့် သွားဆုံသည်။ ဖခင်ဖြစ်သူလည်း ဟေမာသီရိ၏မိဘများ ဆွေလူကြီးများပါဝင်သော ဧည့်သည်တော်အဖွဲ့နှင့်အတူ ဈေးလာလည်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com





ဖခင်က ပုလဲနန္ဒာ၏လက်ကို လှမ်းဆွဲကာ သစ်အယ်ချောင်ရွာသူကြီးကို ပြ၏။

"ဒီမှာ ရွာသူကြီး၊ ကျုပ်သမီးနဲ့ တန်းတိုးနေပါရောလားဗျ၊ အခေါ်လွှတ်ဖို့မလိုတော့ဘူး၊ တစ်ခါတည်းခေါ်ထားလိုက်မလား"

ရွာသူကြီးကလည်း ဝမ်းသာအယ်လဲ အမူအရာကိုပြ၏။

"တစ်ခါတည်းခေါ်ထားလိုက်ရုံပေါ့ဗျာ၊ ကျုပ်တို့ခေါ်ထားလိုက်တဲ့အကြောင်း သူ့အဖော်တွေက မြို့ပြင်ကအဖွဲ့ကို အကြောင်းကြားပါစေ"

ပုလဲနန္ဒာသည် ဖခင်တို့အဖွဲ့နှင့်အတူ ဧည့်သည်တော်ဆောင်သို့ ပါသွား၏။ ဧည့်သည်တော်ဆောင်သို့ရောက်သောအခါ ဟေမာသီရီ၏မိဘနှစ်ပါးနှင့် အခြားလူကြီးများက ပုလဲနန္ဒာကို နှုတ်ဆက်ပြီး နားနေခန်းအသီးသီးသို့ ဝင်သည်။ ရွာသူကြီးနှင့် ဖခင်ဖြစ်သူတို့က သူမကို ဧည့်ခန်းသို့ ခေါ်ခဲ့ကြ၏။ ဧည့်ခန်းတွင် ထိုင်မိကြသည်နှင့် ရွာသူကြီးက အကျိုးအကြောင်းရှင်းပြလေသည်။

"ဒီလိုကွဲ့၊ သမီးပုလဲနန္ဒာ၊ ဘဘတို့ဆီကို ဒီနေ့မနက်ပဲ ဘုရင်ကြီးဟာရာဇာက လူလွှတ်အကြောင်းကြားတယ်တဲ့။ ဒီနေ့မနက်မှာ ဘုရင့်သားတော်ကြီးများဖြစ်ကြတဲ့ နယ်စားကြီးများ ရွှေမြို့တော်ကို ဆိုက်ရောက်လာမယ့်အကြောင်း၊ ဆိုက်ရောက်လာတဲ့သားတော်ကြီးများနဲ့တကွ ဘုရင်မင်းမြတ်နဲ့ အိမ်ရှေ့စံကိုယ်တော်ကြီးတို့ကို မင်းသားလေးဗန္ဓုရာဇာက ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံမယ့်အကြောင်း၊ အဲဒီညစာစားပွဲမှာ ဖျော်ဖြေရေးအစီအစဉ်တစ်ခု ထည့်သွင်းမယ့်အကြောင်း၊ အဲဒီဖျော်ဖြေရေးအစီအစဉ်ကို သစ်အယ်ချောင်အဖွဲ့က တာဝန်ယူနိုင်၊ မယူနိုင်အကြောင်းပြန်စေလိုကြောင်း အစရှိတာတွေကို အကြောင်းကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပုလဲနန္ဒာသည် ရွာလူကြီး၏စကားများကို နားထောင်နေရင်း ဧည့်သည်တော်ဆောင်များ၏ခမ်းနားလှပမှုများကိုလည်း မျက်လုံးထဲ ကာ အကဲခတ်နေမိသည်။

"ပထမတော့ ဘဘလည်း ခေါင်းခဲသွားတာပေါ့ကွယ်၊ ညမှာ တာဝန် ယူရမယ့် ဖျော်ဖြေရေးအစီအစဉ်ကို မနက်ကျမှ သိရတယ်ဆိုတော့ ဘယ်လိုလုပ်တာဝန်ယူနိုင်ပါ့မလဲ၊ ဒါပေမယ့် ဘုရင်မင်းမြတ်ရဲ့ သဘော ထားကိုလည်း ဘဘရိပ်စားမိတယ်လေ။ သစ်အယ်ချောင်ရွာသူတစ် ယောက်ကို တော်ကောက်ထားပြီဆိုမှတော့ သစ်အယ်ချောင်ကို ပွဲထုတ် ချင်တာပေါ့ကွယ်၊ တာဝန်မယူနိုင်ဘူးဆိုရင်လည်း သူတို့ဟာသူတို့ စီစဉ် သွားမှာပါပဲ၊ ဒါပေမယ့်ဘဘက မငြင်းချင်ဘူး၊ တစ်နည်းနည်းနဲ့ ကြံ ဖန်ပြီးတာဝန်ယူချင်တယ်၊ ဒါနဲ့ သမီးရဲ့အဖေကို တိုင်ပင်ကြည့်တဲ့အခါ သူက ရဲရဲကြီးတာဝန်ယူလိုက်ဖို့ပြောတယ်၊ ဒီပွဲမှာ သမီးကိုအားကိုးလို့ ရတဲ့အကြောင်းလည်း ပြောတယ်ကွဲ့"

ပုလဲနန္ဒာ သဘောပေါက်ပါပြီ။ ဖခင်ဖြစ်သူသည် ပေါ်ပေါက်လာ သော အခွင့်အရေးကို လက်မလွှတ်စတမ်းဆုပ်ကိုင်လိုက်လေပြီ။ သူမ သည် ရွာသူကြီးနှင့် ယှဉ်တွဲထိုင်နေသော ဖခင်ဖြစ်သူ၏ မျက်နှာကို မော့ကြည့်မိ၏။

"တိုတိုပြောရရင် ဒီည ညစာစားပွဲမှာ သမီးဟာ သမီးရဲ့အဖေနဲ့အတူ ဖျော်ဖြေရေးတာဝန်ယူဖို့ပဲ၊ သမီးတို့သားအဖနှစ်ယောက် ပူးပေါင်းပြီး သစ်အယ်ချောင်ရွာတစ်ရွာလုံးရဲ့ကိုယ်စား တာဝန်ကို ကျေပွန်စွာ ထမ်း ဆောင်ဖို့ပါပဲ"

"ဟုတ်ကဲ့၊ ဘဘပြောတဲ့အတိုင်းဆိုရင် သမီးဟာတာဝန်တစ်ခုလေး အပ်ခြင်းခံလိုက်ရပြီဆိုတော့ သဘောပေါက်ပါပြီ၊ ဒါပေမယ့်. . ."



ပုလဲနန္ဒာသည် ဖခင်ကို စိုက်ကြည့်ရင်းမေးလိုက်၏။

"သမီးက ဘာတွေဘယ်လို ဖျော်ဖြေရမှာလဲ အဖေ"

ဖခင်ဖြစ်သူက ပြုံး၍ ခေါင်းညိတ်သည်။

"ဒီအတွက်တော့ မေးစရာမလိုပါဘူးသမီးရယ်၊ အဖေအားလုံးပြော ပြမှာပေါ့၊ သမီးကို ဖေဖေငယ်ငယ်ကလေးတည်းက သင်ပေးထားတဲ့ လက်လှည့်တွေ၊ မျက်လှည့်တွေ၊ မာယာအတတ်ပညာတွေကို အဖေနဲ့ ပူးပေါင်းပြီး တင်ဆက်ရမှာပေါ့ကွယ်"

ပုလဲနန္ဒာ ဆက်မမေးတော့။ ဖခင်ဖြစ်သူ၏စေတနာနှင့် မျှော်လင့် ချက်ကို နားလည်လေးစားသောအားဖြင့် ဖခင်၏အစီအစဉ်အတိုင်း သာ ဆောင်ရွက်ရုံရှိပေတော့သည်။ ထို့အပြင် မိမိကိုယ်၌ကလည်း ဖခင်၏ရည်မှန်းချက်နှင့် ထပ်တူထပ်မျှပင်ဖြစ်၏။ တောသူမဘဝနှင့် တစ်သက်လုံး အရိုးမထုတ်လို။ ရွှေမြို့တော်တွင် နေချင်၏။ မနေရလျှင် သော်မှ ဝင်ဆံ့ချင်၏။

သားအဖနှစ်ယောက်လုံး၏ ရည်မှန်းချက်သည် ယနေ့ညဖျော်ဖြေ ရေးအစီအစဉ် တင်ပြပုံကောင်းမကောင်းအပေါ် မူတည်နေပေသည်။ ထင်ပေါ်လျှင် စင်တော်ကကောက်မည်မှာသေချာ၏။

ရွာသူကြီးသည် ကျေနပ်အားရစွာ ထရပ်သည်။

"ဒါဆိုရင် ကျုပ်တော့ ပုလဲနန္ဒာ ရောက်တဲ့အကြောင်း ရွှေနန်းတော် ကို သတင်းသွားပို့လိုက်ဦးမယ်၊ သားအဖနှစ်ယောက်ကတော့ ဖျော်ဖြေ ရေးအစီအစဉ်ကို အသေးစိတ်တိုင်ပင် ညှိနှိုင်းကြပေဦး"

ရွာသူကြီးထွက်သွားသည်နှင့် ဖခင်ဖြစ်သူက ကျေနပ်အားရသော မျက်နှာနှင့် စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးပုလဲနန္ဒာ၊ အဖေ့မှာ ဒီအသက်အရွယ်အထိဖြတ်သန်းလာခဲ့တဲ့ ဘဝအတွေ့အကြုံအရ အခွင့်အလမ်းဆိုတာနဲ့ပတ်သက်လို့ သုံးသပ်ထားတဲ့ အယူအဆတစ်ခုရှိတယ်၊ သမီးမှတ်ထားနိုင်အောင် အဖေပြောပြမယ်၊ အခွင့်အလမ်းဆိုတာ တစ်ဘဝမှာ တစ်ကြိမ်သာ ပေါ်တာမဟုတ်ဘူး၊ အကြိမ်ကြိမ်ပေါ်တတ်တယ်ဆိုတာပဲ၊ ကိုယ်က သတိနဲ့ စောင့်ကြည့်တတ်ဖို့သာလိုတယ်၊ အခုလည်း ကြည့်လေ. . ပန်းကုံးစွပ်ပွဲလို အခွင့်အလမ်းမျိုးမှာ လွဲသွားပေမယ့် တခြားအခွင့်အလမ်းမျိုး ထပ်ပေါ်လာတယ်မဟုတ်လား"

"သမီးသဘောပေါက်ပါတယ်အဖေ"

"သဘောပေါက်ရမယ် သမီး၊ အဖေရည်မှန်းထားတာက သမီးကို မင်းသားတစ်ယောက်ရဲ့ ကြင်ယာတော်ဖြစ်စေရမယ်လို့ ရည်မှန်းထားတာမဟုတ်ဘူး၊ ရွှေမြို့တော်မှာ ဘဝတစ်ခုထူထောင်နိုင်ရေးပဲ၊ သမီးရဲ့ ဘဝကိုမြင့်တင်စေချင်တဲ့ ဆန္ဒကအဓိကပဲ၊ ဒီညဖျော်ဖြေရေးအစီအစဉ်မှာ တို့သားအဖနှစ်ယောက်ဖျော်ဖြေတာ အောင်မြင်ရင် အနိမ့်ဆုံးအားဖြင့် သမီးဟာ ရွှေမြို့တော်ရဲ့ ကချေသည်အဖွဲ့ထဲ ပါသွားမယ်၊ ဒါလဲကောင်းတာပဲလေ"

"ဟုတ်ပါတယ်အဖေ"

"အေး-မအောင်မြင်ရင်လည်း အရင်းပေါ့ကွယ်၊ အရှုံးမရှိပါဘူး၊ နောက်အခွင့်အလမ်းဟာ တိုတိုလေးဆိုပေမယ့် အခွင့်အလမ်းတော်တော်များများကို စောင့်နိုင်လောက်တဲ့အချိန်တော့ရပါသေးတယ်၊ ဒါကို သမီးသိထားရင် သမီးဟာ ဘယ်တော့မှ စိတ်ဓာတ်ကျမှာ မဟုတ်ဘူး၊ အမြဲတမ်းပဲ မျှော်လင့်ချက်နဲ့အတူ ရှင်သန်နိုးကြားနေလိမ့်မယ်၊ ကြားလားသမီး"



"အဖေ့မှာ သမီးရဲ့ဘဝကို အမြင့်ရောက်စေချင်တဲ့စိတ်ဆန္ဒပေါ်နေတာကတော့ ကြာပြီကွယ့်၊ သမီးမွေးပြီးလို့ ပေဒင်ဆရာများနဲ့ သမီးရဲ့ နက္ခတ်ကို စစ်ဆေးကြည့်ပြီးကတည်းကပဲ ဆိုပါစို့၊ သမီးနဲ့ပတ်သက်ပြီး ပေဒင်ဆရာတွေဟောထားတာက ဘဝအဆင့်အတန်းမြင့်မားပြီး ချမ်းသာကြွယ်ဝလိမ့်မယ်လို့ ဟောထားတယ်၊ မင်းပေါက်စိုးပေါက်လည်း ဖြစ်လိမ့်မယ်လို့ပါသကွဲ့၊ ဒါပေမဲ့ ပေဒင်က ဒီလိုဟောတိုင်း ကိုယ်က စိတ်ချလက်ချထိုင်နေလို့ ဖြစ်တာမျိုးမဟုတ်ဘူး"

"သူ့အလိုလိုဖြစ်မလာဘူးလားဖေဖေ"

"ကိုယ်ကြိုးစားမှုနဲ့ ပေါင်းစပ်ယူရတယ်သမီး၊ အဖေ့အတွေ့အကြုံအရ ပြောတာပါ။ ပေဒင်က သူဌေးဖြစ်လိမ့်မယ်ဟောထားလို့ ဘာမှမကြိုးစားတော့ဘဲ သုံးဖြုန်းနေတဲ့ လူတစ်ယောက် တွေ့ဖူးတယ်၊ သူသုံးဖြုန်းတာများလွန်းလို့ သုံးတာသူဌေးကျနေတာပဲလို့ ပတ်ဝန်းကျင်က ပြောရင်း သူ့ကို သူဌေး၊ သူဌေးနဲ့ခေါ်ကြတယ်၊ အဲဒီသူဌေးဘွဲ့ပဲရလိုက်ပြီး နောက်ဆုံးတော့ ရှိသမျှစည်းစိမ်ဥစ္စာကုန်ဆုံးပြီး လူမွဲဘဝနဲ့ နိဂုံးချုပ်သွားရတယ်၊ အဲဒါ ကံကိုယုံပြီး ဆူးပုံနင်းလို့ပဲ"

"သမီးကြိုးစားပါ့မယ်အဖေ"

"သမီးကို အဖေ စိတ်ချပါတယ်၊ အဖေစိတ်မချတာကသတ္တိဗလပဲ၊ ခုလည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေသလဲ မသိဘူး၊ ခိုင်းတာကို ရဲရဲလုပ်ရဲအောင် အဖေခြိမ်းခြောက်တာကိုသူကြောက်ပြီး ရှောင်နေတာနဲ့တူပါတယ်၊ အဖေအားမှ သူ့သတင်းစုံစမ်းရဦးမယ်၊ သမီးသတင်းကြားရင်လည်း အဖေ့ကိုပြောနော်"

"သမီးလည်း ဘာသတင်းမှ မကြားသေးဘူး၊ ကြားရင် ပြောမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး-အေး သမီးတို့မှာ ဒီမောင်နှမနှစ်ယောက်ပဲရှိတာ ချစ်ချစ်ခင်ခင်ရှိကြကွဲ့"

"စိတ်ချပါဖေဖေ၊ ဒါနဲ့ ဒီညသမီးဖျော်ဖြေရမှာတွေ ပြောထားပါဦး ပြီးတော့ ဝတ်ဖို့အဝတ်အစားတွေရော"

"မပူနဲ့သမီး၊ အစီအစဉ်တွေကို သမီးကျွမ်းပြီးသားတွေပဲ အဖေစီစဉ်မှာပါ၊ နီးမှကပ်ပြောလိုက်ရင်ပြီးတာပဲ၊ အဝတ်အစားနဲ့ အပြင်အဆင်အတွက် ရွှေနန်းတော်ဖျော်ဖြေရေးအဖွဲ့က တာဝန်ယူလိမ့်မယ်၊ သူတို့ဆီမှာ သမီးနဲ့လိုက်ဖက်မယ့် အဝတ်အစားတွေအများကြီးပါ"

"အဲဒီဧည့်ခံပွဲကို ဟေမာသီရိရော တက်မလားအဖေ"

ပုလဲနန္ဒာက ရုတ်တရက်သတိရပြီး မေးလိုက်၏။

"တက်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲသမီး"

"ဘာမှမဖြစ်ပါဘူးအဖေ၊ သမီးလည်း သူ့လို ထီးသုံးနန်းသုံးအဝတ်အစားမျိုးတွေဝတ်ပြီး ကချင်လို့ပါ၊ ဒီနေ့မနက် သူ့ကိုသမီးတွေ့လိုက်ရတယ်အဖေ၊ သူဝတ်စားထားတာ သိပ်လှတာပဲ"

ဖခင်ဖြစ်သူနေဝဗလသည် မျက်နှာညိုးသွား၏။ အကယ်၍ ပုလဲနန္ဒာသာပန်းကုံးအစွပ်ခံရလျှင် ထိုသို့ ပြောနေစရာမလိုတော့ပေ ရှိစေတော့၊ ပြီးပြီးသားကိစ္စကို ပြန်တွေးပြီး စိတ်မကောင်းဖြစ်နေ လျှင်လည်း အဓိပ္ပာယ်မရှိဟု နေဝဗလစိတ်တင်းလိုက်သည်။

"ဟေမာသီရိနဲ့ ပတ်သက်ပြီး သမီးကိုပြောထားရဦးမယ်၊ သူဟာ အရင်က သမီးနဲ့တစ်ရွာတည်းသားဖြစ်ပေမဲ့ အခု ဘဝခြားသွားပြီဆိုတာသဘောပေါက်နော်၊ တွေ့ရင်ကြုံရင် သခင်မတစ်ယောက်လိုဆက်ဆံ၊ ရိုရိုသေသေ၊ လေးလေးစားစားနဲ့ စကားပြော၊ သူ့ကို မနာလိုမဖြစ်နဲ့ ဖြစ်ရင်တောင် စိတ်ထဲကပဲဖြစ်၊ အမူအရာမပေါ်စေနဲ့၊ ကိုယ့်အတွက် အကျိုးမရှိဘူး"



"ဟုတ်ကဲ့အဖေ၊ သမီး လေးလေးစားစားဆက်ဆံပါ့မယ်၊ သမီး မနာလိုလည်းမဖြစ်ပါဘူး၊ အဖေက အဝတ်အစားလို့ပြောလိုက်လို့ ဒီနေ့မနက် သူ့ဝတ်စားဆင်ယင်ပုံကို သွားသတိရပြီး ပြောမိတာပါ"

"ရပါတယ်ကွယ်၊ ရွှေနန်းတော်ဖျော်ဖြေရေးအဖွဲ့မှာ အစုံအလင် ရှိပါတယ်၊ သမီးစိတ်ကြိုက်ရွေးခွင့်ရှိပါတယ်၊ ကဲ- သမီးလည်း နားလိုက်ဦး၊ အဖေ့အခန်းဘေးက အခန်းမှာဝင်နားလိုက်၊ အဖေတို့ သားအဖနှစ်ယောက် ရွှေနန်းတော်ကို ကြိုပြီးသွားနှင့်ရမယ်၊ ဒီကအဖွဲ့ကတော့ ဧည့်ခံပွဲအချိန်ကျမှသွားကြမှာ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

တပ်မှူး သူရစက္ကက သူနှင့်အတူ ညှော်ခံပွဲသို့လိုက်ပါမည်ဆိုသော အခါသတ္တိဗလလန့်သွား၏။ ရွှေနန်းတော်ကြီးတွင် ကျင်းပသော ညှော်ခံပွဲဖြစ်၍ ဖခင်ဖြစ်သူ နေဝဗလနှင့်တိုးမည်ကို စိုးရိမ်မိလေသည်။ ထိုသို့ စိုးရိမ်မိကြောင်း တပ်မှူးကို လျှောက်တင်သောအခါ တပ်မှူးကရယ်သည်။

"အဲဒီလို တွေ့စေချင်လို့ကိုခေါ်တာဖြစ်မှာပေါ့၊ ဒါငါ့အစီအစဉ်မဟုတ်ဘူးကွ၊ အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့အမိန့်၊ မောင်မင်းကို အပါခေါ်ခဲ့ဖို့ညွှန်ကြားလိုက်တယ်"

သတ္တိဗလ ခေါင်းကုတ်မိလေသည်။ တပ်မှူးသူရစက္က ရယ်ပြန်သည်။

"တွေ့တော့လည်း တွေ့ပါစေပေါ့၊ ညှော်ခံပွဲကြီးထဲမှာ မောင်မင်းရဲ့အဖေလည်း မောင်မင်းကို ရိုက်မောင်းပုတ်မောင်းမလုပ်နိုင်ပါဘူး၊ အခုအချိန်လောက်ဆို ဘယ်မှာတွေ့တွေ့ ရိုက်မယ်လည်းမထင်တော့ပါဘူး။ မောင်မင်း ဘယ်ရောက်နေပါလိမ့်ဆိုပြီး စိတ်ပူနေရတာမို့ တွေ့



တာနဲ့ ဝမ်းသာသွားမှာပါ၊ သားသမီးဘယ်လောက်ဆိုးဆိုး မိဘတွေကတော့ ခွင့်လွှတ်စမြဲပါကွာ"

"အဲဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲတပ်မှူး"

"ဘာပဲဖြစ်ဖြစ်လေ၊ အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့ အမိန့်ဆိုတော့ မောင်မင်း လိုက်ကိုလိုက်ရမှာပဲ၊ မောင်မင်းကံကောင်းတာပါ၊ တပ်ထဲရောက်တာမကြာသေးဘူး၊ တပ်မှူးနဲ့အတူ ညှော်ခံပွဲမှာ ပါဝင်ခွင့်ရတယ်ဆိုတာ နည်းတဲ့အခွင့် အရေးမှမဟုတ်ဘဲ၊ ပြီးတော့ရွှေ မြို့တော်ရောက်ကတည်းက မောင်မင်းဟာ ဘယ်ပျော်ပွဲရွှင်ပွဲကိုမှ သွားမကြည့်ဖူးသေးဘူး မဟုတ်လား၊ ဒီညနေတော့ လမ်းမှာဖြတ်သွားရင်းနဲ့ ပျော်ပွဲရွှင်ပွဲ တွေကိုကြည့်သွားရဦးမယ်၊ အကြာကြီးမကြည့်ရပေမယ့် မကြည့်ဖူးလိုက်ရ မရှိတော့ဘူးပေါ့ကွာ"

မှန်သည်၊ စစ်သားဘဝဖြစ်ပေရာ အရပ်သားများကဲ့သို့ လည်ချင်တိုင်းလည်၍မရတော့၊ ပိုဆိုးသည်က သတ္တိဗလသည် တပ်မှူး၏ ကိုယ်ရံတော်တပ်စိတ်ထဲရောက်နေခြင်းဖြစ်၏။ တပ်မှူးနှင့် မကွဲမကွာ အမြဲရှိနေရပေရာ တပ်မှူးမလည်လျှင် လည်ခွင့်ရရန် အကြောင်းမရှိတော့ချေ။

အခြေအနေတစ်ခုသည် အကောင်းဘက်ရော၊ အဆိုးဘက်ပါ ဒွန်တွဲ ၍ဝင်လာတတ်ပေသည်တကားဟု သာ သတ္တိဗလ ယူဆလိုက်ရပေ တော့သည်။

ညနေနေမဝင်မီမှာပင် တပ်မှူးသူရစက္ကနှင့်အတူ သတ္တိဗလ အပါအဝင် ကိုယ်ရံတော်တပ်စိတ်သည် မြို့စောင့်တပ်ဝင်းမှ ထွက်ခဲ့လေသည်။ တပ်မှူးသည် မြင်းမစီးတော့၊ ပျော်ပွဲရွှင်ပွဲတွေအကြား ဖြတ်သွားရမည်ဖြစ်၍ မြင်းကြီးနှင့်ဆိုလျှင်ရှုပ်သည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



လူနည်းနည်းနှင့်ခြေကျင်သွားကြသည်ဆိုသော်လည်း တပ်မှူးသည် သူနှင့် သူ့အဖွဲ့ကို စစ်တပ်ပုံစံပင် ချီတက်စေသည်ကို သတ္တိဗလ သတိပြုမိသည်။ အားလုံးဓားလွယ်ကိုယ်စီပါကြ၏။

ကိုယ်ရံတော်တပ်စိတ်မှူးနှင့် ရဲမက်တစ်ဦးက ရှေ့ဆုံးကသွားရသည်။ ထို့နောက် တပ်မှူး၊ တပ်မှူးနောက်က အနီးကပ်တွင် သတ္တိဗလကို လိုက်စေသည်။သတ္တိဗလနောက်က ရဲမက်များ၊ နောက်ဆုံးတွင် ဒု-တပ်စိတ်မှူးလိုက်၏။

တပ်မှူးအပါအဝင် လူ ၁၂ ယောက်မျှကိုပင် ဤသို့ စနစ်တကျ ချီတက်စေသည်ကိုပင် တွေ့ရသောသတ္တိဗလသည် စစ်တပ်၏ သဘောသဘာဝကို သဘောပေါက်သွားသည်။ အရာရာကို စည်းစနစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောကြောင့်လည်း မ,တစ်ရာသားများကို နိုင်နိုင်နင်းနင်းအုပ်ချုပ်ထားနိုင်ခြင်း ဖြစ်ပေမည်ဟု တွေးမိသည်။

သာမန်အရပ်သားများသာဆိုလျှင် ဤလူအင်အားလောက်ကို သွားချင်သလို သွားနေကြမည်ဖြစ်၏။ ထိုအခါ အန္တရာယ်တစ်ခုခုနှင့်တိုးလျှင် ဖြစ်ချင်သလိုဖြစ်သွားကြပေမည်။

ယခုချီတက်နေသည့်ပုံစံကား အန္တရာယ်တစ်ခုခုနှင့်တိုးလျှင် စနစ်တကျ ရင်ဆိုင်နိုင်သည့် သဘောရှိနေသည်ကို သတ္တိဗလရိပ်စားမိသည်။

တပ်မှူးသည် သတ္တိဗလ၏ အရေးပါမှုကို အခြားရဲမက်များ သဘောပေါက်စေရန် အနီးကပ်ထားလိုက်ခြင်းဖြစ်၏။ လမ်းတစ်လျှောက်လုံးလည်း တပ်မှူးသည် သတ္တိဗလထံ စောင်းငဲ့စောင်းငဲ့၍ စကားစမြည်ပြောလိုက်သေးသည်။



တပ်မှူးတွင် ကြင်ရာသက်ထားနှင့်သမီးတစ်ယောက်ရှိသည်ကို သတ္တိဗလသိပြီးဖြစ်၏။ သူတို့ကို ခေါ်မလာသည်ကိုထောက်၍ ဧည့်ခံပွဲတိုင်းတွင် ဇနီးမယားနှင့်သားသမီးများ ပါဖို့မလိုသော ရွှေမြို့တော်၏ သဘောသဘာဝကို အကဲခတ်မိပြန်သည်။

သတ္တိဗလသည် တစ်ယောက်တည်းကြိတ်၍ သဘောကျနေ၏။ သည်အတိုင်းဆိုလျှင် အချိန်တိုအတွင်းမှာပင် ရွှေမြို့တော်၏ သဘောသဘာဝများကို နားလည်သွားနိုင်သည်။ တောသား နတ်ဆရာတစ်ယောက်ဘဝမှ လူရည်လည်သော စစ်သားတစ်ယောက်ဘဝသို့ ကူးပြောင်းရောက်ရှိသွားပေတော့မည်တကား။

ပျော်ပွဲရွှင်ပွဲများသည် နေမဝင်မီကပင် စတင်နေပေပြီ။ နေဝင်သွားလျှင်လည်း မီးဖိုများဖို၍လည်းကောင်း၊ မီးတုတ်၊ မီးတိုင်များ ထွန်းညှိ၍လည်းကောင်း ကျင်းပမည်ဖြစ်၏။

ရွှေမြို့တော်၏ ဈေးတန်းနှင့် ကပ်လျက်တည်ရှိသော ကွင်းကြီးထဲတွင် ပွဲခင်းကြီးဖြစ်တည်နေ၏။ ရွှေပွဲလာဧည့်ပရိသတ်များနှင့် အုတ်အုတ်ကျက်ကျက် စည်ကားနေသည်။

နီးလာလေ တူရိယာသံများ ကျယ်လောင်လာလေဖြစ်၏။ ရွှေမြို့တော်ကြီးတွင် ပုံတို၊ စည်တို တီးခတ်မှုအတတ်ပညာထွန်းကား၏။ ပုံတို၊ စည်တိုများကို အရွယ်အစားအမျိုးမျိုးပြုလုပ်၍ အသံစုံအောင်တီးကြ၏။ သတ္တိဗလတို့ ရွာမှာကား ပုံတစ်လုံးတည်းကိုပင် တစ်ဒုံးဒုံးတီးကာ ဘဝုန်းဝုန်း ကခုန်ကြသည်ဖြစ်၏။ တောနှင့်မြို့သည် ဤကဲ့သို့ကွာဟမှုရှိ၍လည်း မြို့တွင် ပျော်ပွဲရွှင်ပွဲရှိသည်ဆိုလျှင် တောကလူတွေ ရှိန်းရှိန်းနှင့် ပွဲလာကြည့်ကြခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"သတ္တိဗလ၊ မောင်းမင်း ဘာများတီးတတ်ကတတ်သလဲကွဲ့"

တပ်မှူးက လှည့်မေးသည်။

"မှန်ပါ၊ ရိုးရာကပွဲတွေမှာ ခုန်ပေါက်တတ်ရုံပါဘုရား၊ ဖြစ်ဖြစ်မြောက် မြောက်မရှိပါ။ ကျွန်တော်မျိုးရဲ့အစ်မ ပုလဲနန္ဒာကတော့ လူကြည့် ကောင်းအောင် ကတတ်ပါတယ်"

"အမယ် တယ်ဟုတ်ပါလားကွဲ့၊ ဘယ်ဆရာနဲ့များ သင်ခဲ့ရလို့လဲ"

"မြင်ဆရာတွေနဲ့တူပါတယ်ဘုရား၊ ငယ်ငယ်ကတော့ အဖေသင်ပေးနေတာတွေ့ဖူးပါရဲ့"

ပြောရင်းနှင့် အစ်မဖြစ်သူပုလဲနန္ဒာကို မနက်ကတွေ့မိသည့်မြင်ကွင်းအား သတ္တိဗလသတိရသွားသည်။ ပျော်ပွဲရွှင်ပွဲများကို လာကြည့်ခြင်းဖြစ်နိုင်သည်။ ပွဲခင်းထဲတွင် ဆုံကောင်းဆုံနိုင်သည်ဟု တွေးမိသည်။

ပထမဆုံး စဝင်သည့်နေရာတွင် အမျိုးသမီးအဖွဲ့တစ်ဖွဲ့ ကနေသည်ကို လူတွေဝိုင်းအုံကြည့်နေကြ၏။ တပ်မှူးကိုမြင်သောအခါ လက်အုပ်ချီအရိုအသေပြုကြရင်း လူတွေရှဲပေးကြသဖြင့် သတ္တိဗလတို့ ထိပ်ဆုံးရောက်သွား၏။

လမ်းခရီးချီတက်စဉ်က စနစ်တကျ တန်းစီ၍သွားသကဲ့သို့ ယခုရပ်၍ ပွဲကြည့်စဉ်တွင်လည်း စနစ်တကျရပ်ကြသည်။ အဓိကအားဖြင့် တပ်မှူးကို အကာအကွယ်ပြုကာ ရပ်ကြခြင်းဖြစ်၏။ ကိုယ်ရံတော် တပ်စိတ်သည် တပ်မှူး၏နောက်ကျောမှ ပစောက်ပုံ ဝိုင်းပတ်ထားသေသည်။တပ်စိတ်မှူးသည် တပ်မှူး၏ ဘယ်ဘက်တွင်လည်းကောင်း၊ ဒုတပ်စိတ်မှူးသည် တပ်မှူး၏ ညာဘက်တွင်လည်းကောင်း နေရာယူကြ၏။ သတ္တိဗလကား တပ်မှူး၏နောက်တည့်တည့် နေမြဲနေရာအတိုင်း



တပ်မှူးကိုမြင်သောအခါ အမျိုးသမီး အကအဖွဲ့က ကရင်းနှင့်ပင် လက်အုပ်ချီကြ၏။ တပ်မှူးက ဆက်ကကြရန် လက်ဟန်ခြေဟန်နှင့် အမိန့်ပေးသည်။

ကချေသည်များသည် ရင်သားကိုသာ ပဝါဖြင့်စည်းထားကြပြီး အပေါ်အင်္ကျီမဝတ်ကြ။ ထို့ကြောင့် ဝမ်းဗိုက်သားများမှာဖွေးနေ၏။ အောက်ပိုင်း ခါးစွပ်ဝတ်စုံကား ခြေမျက်စိအထိရှည်သည်။ ပွ ယောင်းကြီးကားထွက်နေသဖြင့် ခြေအစုံသည် လွတ်လပ်စွာ ကခုန်နိုင်၏။

ဗုံတိုသံနှင့် ခြေကျတို့သည်ညီနေ၏။ သွက်လက်မြူးကြွစွာ ကနေကြသဖြင့် မြင်ရသူတို့ လန်းဆန်းဖွယ်ဖြစ်ပေသည်။

"တာဝန်သာမရှိဘူးဆိုရင် ဒီလိုအကမျိုးတွေကို ကျုပ်က ညလုံးပေါက်ထိုင်ကြည့်မှာသတ္တိဗလရဲ့။ ဝါသနာကအဲဒီလိုကြီးတာ"

တပ်မှူးက ရယ်သွမ်းသွေးရင်း လှည့်ပြောသည်။

"သူတို့က တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကကြမှာ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကလည်း အလှအပချင်း၊ ကနည်းကဟန်ချင်းတူကြတာမဟုတ်ဘူး။ ကြည့် ကောင်းကောင်းနဲ့ကြည့်နေလို့ကတော့ ရွှေနန်းတော်ရောက်မှာ မဟုတ်တော့ဘူး၊ သွားကြစို့"

ဆက်ထွက်ခဲ့သောအခါ အားလုံးက လက်အုပ်ချီနှုတ်ဆက်ကြသည်။

ကပွဲများသည် ဆက်နေ၏။ တပ်မှူးသည် ဝင်မကြည့်တော့။ ခရီးသွားဟန်လွဲစောင်းငဲ့ကြည့်ရင်း ဆက်လျှောက်နေ၏။ နပန်းပွဲများကို တွေ့ရသောအခါ တပ်မှူးက လှည့်မေးပြန်သည်။

"သတ္တိဗလ မောင်းမင်း နပန်းသတ်တတ်ရဲ့လား"

"အနည်းအကျဉ်းတော့ ရပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်အပေါက်ခံတတ်ရဲ့ပေါ့၊ ဟုတ်လား"

တပ်မှူး ရယ်စရာပြောမှန်းသိ၍ သတ္တိဗလလည်း ခပ်ရွှင်ရွှင်ပြန်ပြော လိုက်သည်။

"မှန်ပါ ခွေးကျကျတတ်ရဲ့ပါ ဘုရား"

တပ်မှူးက သဘောကျသွားပြီး အားရပါးရရယ်သည်။ ရွှေပွဲလာပရိ သတ်များပင် လှည့်ကြည့်ယူရ၏။ တပ်မှူးသည် စစ်သားပီပီ လုံးဝဟန် ဆောင်တတ်သူမဟုတ်ပေ။

တပ်မှူးနှင့် သတ္တိဗလတို့သည် ခေါင်းရည်ရောင်းသောဈေးတန်း တစ် ခုကိုဖြတ်လျှောက်ရ၏။ ဈေးသည်များက တပ်မှူးကို ခေါင်းရည်ကျည် တောက်များလှမ်းဆက်ကြသည်။ တပ်မှူးက လက်ကာသည်။

"မဖြစ်ဘူး၊ ဒီမှာသောက်သွားရင် ဧည့်ခံပွဲမှာမသောက်နိုင်ဘဲ ဖြစ် သွားမယ်"

တပ်မှူး၏ ပွင့်လင်းဖော်ရွေသောစကားကြောင့် ဈေးသည်များ ပြုံး၍ ကျန်ရစ်၏။

***

ပွဲခင်းကြီးကား ပျော်ပွဲရွှင်ပွဲအမျိုးအစားများ စုံလင်လှသည်။ လောင်း ကစားဝိုင်းများလည်းပါ၏။ ထိုနေရာတွင် တာဝန်ကျရဲမက်များ အထူး ဂရုစိုက် စောင့်ကြပ်လျက်ရှိသည်ကိုတွေ့ရသည်။

"လောင်းကစားဝိုင်းတွေ လာကြည့်ရင် လောကကြီးမှာ ကိုယ့်ထက် မိုက်တဲ့လူတွေ အများကြီးဆိုတာ သဘောပေါက်သွားမယ် သတ္တိဗလရဲ့၊ ကိုယ်ပင်ပင်ပန်းပန်း ရှာထားတဲ့ရွှေစတွေကို လာဖြုန်း နေကြတဲ့လူ တွေလေ၊ မောင်မင်းရော ဝါသနာပါသလား"



"ကျွန်တော်မျိုးတို့ တောသူတောင်သားတွေမှာ ရွှေစမရှိကြောင်း ပါဘုရား"

သတ္တိဗလတို့၏ တိုင်းနိုင်ငံတွင် ပစ္စည်းဖလှယ်သည့် စနစ် နှစ်မျိုးရှိ သည်။ ပစ္စည်းကို ပစ္စည်းနှင့်ဖလှယ်နိုင်သည်။ ရွှေမြို့တော်က သတ် မှတ်ထားသော အလေးချိန်နှင့် ကိုက်ညီသည့် ရွှေစများကိုလည်း 'ကြား ခံပစ္စည်း'အဖြစ် တန်ဖိုးသတ်မှတ်ကာဝယ်ယူခြင်း၊ ရောင်းချခြင်း ပြု လုပ်နိုင်သည်။ ကျေးလက်တောရွာတွင်ကား ရွှေစများကို ပိုင်ဆိုင်သူ အလွန်နည်းသည်။ ပစ္စည်းပစ္စည်းချင်းဖလှယ် သောစနစ်ကပို၍ခေတ် စားသည်။ ထို့ကြောင်း ကျေးလက်တွင် ဈေးမရှိ။ ဈေးသည် ရွှေမြို့တော် မှာ သာရှိသည်။ ထို့ကြောင့် ရွှေစများသည် ရွှေမြို့တော်၌သာ အသုံး ဝင်လေသည်။

"ဟုတ်ပါပြီလေ၊ မောင်မင်းက အခု ရွှေမြို့တော်မှာ စစ်သည် တော် တစ်ဦး လာဖြစ်နေပြီကော၊ နောင်မှာ ရွှေစအချို့ ပိုင်ဆိုင်လာလိမ့်မယ်။ အဲဒီအခါကျရင်ရော"

"ကျွန်တော်မျိုး လောင်းကစား ဝါသနာမပါကြောင်းပါဘုရား"

"ကောင်းပါလေ သတ္တိဗလရယ်"

ထိုအခိုက် တပ်မှူးအပါးသို့ တပ်ကြပ်အဆင့်ရှိ စစ်သည်တော်တစ်ဦး လာရောက်၍ လက်အုပ်ချီလျက်ရပ်သည်။ ပွဲခင်း၌ တာဝန်ကျနေ သည့် အကြပ်တစ်ဦးဖြစ်သည်ဟု သတ္တိဗလခန့်မှန်းမိသည်။

"လျှောက်တင်ရန် အကြောင်းထူးရှိပါတယ်ဘုရား"

အဆိုပါအကြပ်ထံမှ လျှောက်တင်သံကြားရသည်နှင့် ကိုယ်ရံတော် တပ်စိတ်သည် တပ်မှူးကို စက်ဝိုင်းပုံဝိုင်းပတ်ကာရံလိုက်သည်။ တပ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မှုံးက လက်ဆွဲခေါ်သွားသဖြင့် သတ္တိဗလလည်း ဝိုင်းပတ်သည့် အထဲပါသွားသည်။

ဤသို့ဖြင့် စက်ဝိုင်း၏အလယ်တွင် တပ်မှုံးနှင့်အကြပ်သာ ကျန် ခဲ့၏။ ပွဲခင်းအတွင်းရှိ အရပ်သားများသည် ထိုစက်ဝိုင်းပုံ ဝိုင်းပတ် ထားသော စစ်သည်များကိုမြင်သည်နှင့် သဘောပေါက်ပြီးသား ဖြစ် ပုံရသည်။ အနားသို့မကပ်တော့ဘဲ ဝေးဝေးမှကွင်း၍ သွားလာကြ သည်။

သတ္တိဗလသည် အကြပ်နှင့်တပ်မှုံး စကားပြောနေသည်ကို မြင်ရ သာမြင်ရပြီး မကြားရသဖြင့် အားမလိုအားမရဖြစ်နေသည်။ အတန် ကြာ အပြန်အလှန်စကားပြောပြီးနောက် တပ်မှုံးက လက်မြှောက်ပြ သဖြင့် ဆက်လက်ချီတက်ကြသည်။ အဆိုပါအကြပ်က ရှေ့မှနေ၍ လမ်းပြဦးဆောင်သွားလေသည်။

တော်သေးသည်။ ဘာအကြောင်းထူးပါလိမ့်ဟု သိချင်နေသော သတ္တိဗလကို တပ်မှုံးက လမ်းသွားရင်းဖောက်သည်ချသည်။

“မော်ဆရာလိုလို စုန်းထီးလို လိုလူထူးလူဆန်းကြီးတစ်ယောက် ပွဲခင်းထဲမှာ ရောက်နေတယ်ဆိုပဲ သတ္တိဗလရဲ့၊ သူက နွားတစ်ကောင် ရဲ့တန်ဖိုးနဲ့ညီမျှတဲ့ တန်ဖိုးနဲ့ ရွှေစပေးရင် ထူးဆန်းတဲ့မျက်လှည့်ပြမယ် လို့ ထိုင်ပြီးပြောနေသတဲ့။ သူ့ဟာက ဈေးကြီးလွန်းတော့ ဘယ်သူမှ မပေးရဲဘူးဖြစ်နေတယ်။ အခြားမျက်လှည့်ဆရာတွေက ထမင်းဖိုး ဟင်းဖိုးလောက်သာ ယူကြတာကိုး”

သတ္တိဗလလည်း စိတ်ဝင်စားသွား၏။ သူက တပ်မှုံးကို မေး လျှောက်ကြည့်၏။



“တပ်မှုံးက သွားကြည့်မလို့လား”

“သူ့ကို လေ့လာကြည့်မယ်လေ၊ သာမန်မျက်လှည့်ဆရာပဲလား၊ တိုင်း ပြည်နဲ့ မဟာရာဇာဘုရင်မင်းမြတ်ကို ဒုက္ခပေးနိုင်တဲ့လူလားဆိုတာ အကဲခတ်ကြည့်ရမှာပေါ့”

လူထူးလူဆန်းကြီးရှိရာသို့ ရောက်သောအခါ လူတွေအုံနေကြသည် ကို တွေ့ရ၏။ ထိုလူကြီးသည် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများနှင့်ဖြစ် ၏။ ထူထဲသောအင်္ကျီရှည်ကြီးဝတ်ဆင်ထားသည်။ ဝိုင်းအုံကြည့် နေ သော လူပုံအလယ်တွင် အေးအေးဆေးဆေးတင်ပလ္လင်ခွေ၍ထိုင် နေပြီး ဝါးတောင်ဝှေးတစ်ချောင်းကို ပခုံးတွင်မှီ၍ထောင်ထားသည်။ သူ့ရှေ့တွင် နွားသားရေနှင့်ချုပ်ထားသော အိတ်ကြီးတစ်လုံးချထား၏။

တပ်မှုံးနှင့် သတ္တိဗလတို့သည် သူ့ဘေးဘက် လူအုပ်နောက်မှ ကျော် ကြည့်နေကြခြင်းဖြစ်၏။ သူသည် လူအုပ်ကို သိမ်းကျုံးကြည့်ရင်း နှုတ်ကတတွတ်တွတ်ပြောနေသည်။

“နွားတစ်ကောင်ရဲ့တန်ဖိုးနဲ့ညီမျှတဲ့ ရွှေစပေးမယ်ဆိုရင် ထူးဆန်း တဲ့ မျက်လှည့်ပြမယ်။ တစ်ယောက်ချင်း တတ်နိုင်တတ်နိုင်၊ တစ် ယောက်ချင်း မတတ်နိုင်ရင်လည်း စုပေါင်းပြီးပေးပေး၊ ပေးမယ်ဆိုရင် အဲဒီရွှေစကို သားရေအိတ်ကြီးထဲလာထည့်၊ တစ်သက်လုံး မမြင်ဘူး သေးတဲ့ မျက်လှည့်မြင်ရမယ်”

သူသည် ထိုစကားလုံးများကို တတွတ်တွတ်နှင့် ထပ်ခါတလဲလဲ ပြော ပြီး ကြော်ငြာနေ၏။ လူအုပ်ကြီးလည်း ဝိုင်းအုံကြည့်နေကြ၏။ ရွှေစ ထည့်မည့်လူကို စောင့်ဆိုင်းနေကြခြင်းဖြစ်ပေသည်။ မစောင့်နိုင်သူ များလည်း ပြန်လှည့်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးသည် ခေတ္တအကဲခတ်ရင်း နေကိုကြည့်လိုက်၏။ နေသည် တောင်စောင်းတွင် မေးတင်နေပြီ။ အချိန်ကသိပ်မရ။ ညှိခံပွဲကရှိသေးသည်။

တပ်မှူးက တပ်စိတ်မှူးကို အမိန့်ပေးလိုက်သောအခါ တပ်စိတ်မှူးက လမ်းရှင်းပေးသဖြင့် လူအုပ်ကိုဖောက်ပြီး တစ်ဖွဲ့လုံးဝိုင်းထဲရောက်သွားသည်။

တပ်မှူးကိုမြင်သောအခါ လူထူးလူဆန်းကြီးသည် တင်ပလ္လင်ခွေထိုင်ရာမှ ကပျာကယာ ခြေပြင်ပြီးဒူးထောက်သည်။ ဦးညွှတ်ပြီး အရိုအသေပြုသည်။ လူအုပ်ကြီးကလည်း လက်အုပ်ချီနှုတ်ဆက်ကြသည်။

"သင့်နာမည် ဘယ်လိုခေါ်သလဲ မျက်လှည့်ဆရာကြီး"

တပ်မှူး၏အမေးကို သူက တည်တည်ငြိမ်ငြိမ်ပင်ပြန်ဖြေသည်။

"ဒေဝယက္ခလို့ ခေါ်ပါတယ်ဘုရား"

"ကျွန်ုပ် ဘယ်သူလဲဆိုတာသိသလား"

"ဘုရားကျွန်တော်မျိုးဟာ ခရီးဝေးက လာခဲ့တာမို့ အရှင့်ကိုမသိနိုင်တာ ခွင့်လွှတ်ပါဘုရား၊ မင်းစိုးရာဇာတစ်ဦးဖြစ်ကြောင်းတော့ ရိပ်စားမိပါတယ်"

"ကျွန်ုပ်ဟာ ရွှေမြို့တော် မြို့စောင့်တပ်ရဲ့တပ်မှူး သူရစက္ကဖြစ်တယ် ဆရာကြီး၊ ဆရာကြီးရဲ့ထူးဆန်းတယ်ဆိုတဲ့ မျက်လှည့်ကို အဖိုးသားနားမယူဘဲ မပြနိုင်ဘူးလား"

" မှန်လှပါ၊ အမိန့်တော်မှတ်ရင်ဖြင့် အမိန့်တော်နာခံရမည်ဖြစ်ကြောင်းပါဘုရား၊ သို့ပါသော်လည်း ကျွန်တော်မျိုးကြီး၏ ဝမ်းစာရေးကို ငဲ့ကွက်ခြင်းဖြင့်လည်းကောင်း၊ ပညာ၏တန်ဖိုးကို ငဲ့ကွက်ခြင်းဖြင့်လည်းကောင်း၊ အဖိုးအခကို အသနားခံအပ်ပါသည် တပ်မှူးမင်းဘုရား"



လူထူးလူဆန်းကြီး၏ နဖူးရေဒူးရေကိုကြည့်ရသည်မှာအသက် ၆၀ ပတ်ဝန်းကျင်ခန့် ရှိမည်ဟု သတ္တိဗလခန့်မှန်းမိသည်။ တုတ်ခိုင်သောသူ၏ လက်ချောင်းကြီးများသည် တုန်ယင်ခြင်းအလျဉ်းမရှိ၍ ကျန်းမာရေးကောင်းမွန်သေးကြောင်း ဖော်ပြနေသည်။

" သင့်အဖိုးအခက မမြင့်လွန်းဘူးလား ဆရာကြီးရဲ့ "

"မှန်လှပါ၊ ပြကွက်ကိုမြင်လိုက်ရလျှင် ထိုက်တန်လွန်းသဖြင့် နှစ်ဆတိုး၍ပင် ချီးမြှင့်ရန်စိတ်အကြံဖြစ်ပါလိမ့်မည်ဘုရား"

တပ်မှူးသူရစက္ကသည် လူထူးလူဆန်းကြီး၏စကားကြောင့် ပြုံးမိသွားလေသည်။

"ကိုင်း-ဒါဖြင့်လည်းပြစေဗျား"

"မှန်လှပါ၊ မျက်လှည့်ဝိုင်းတို့၏ ထုံးစံအတိုင်း အဖိုးအခကိုအရင်ယူရပါသည်ဘုရား "

"ကောင်းပြီလေ၊ ကျွန်ုပ်ပေးပါ့မယ်၊ ဆရာကြီးရဲ့ ရှေ့ကသားရေအိတ်ကြီးထဲထည့်ရမှာပေါ့၊ ဟုတ်လား"

"မှန်ပါဘုရား"

တပ်မှူးသည် သူ၏ခါးကြားမှ အဝတ်အိတ်ငယ်ကလေးကို ဆွဲ ထုတ်ပြီး အထဲမှာပါလာသော ရွှေစများထဲမှ အတန်ငယ်ကြီးသော ရွှေစတစ်စကိုရွေးချယ်လေသည်။ ထို့နောက် ထိုရွှေစကိုတပ်စိတ်မှူးထံ ကမ်းလှမ်းပေးပြီးသားရေအိတ်ထဲသွားထည့်ရန် ညွှန်ကြားလိုက်လေသည်။

ရွှေစ အိတ်ထဲရောက်သည်နှင့် လူထူးလူဆန်းကြီးသည် ကိုယ် [illegible] နေထားကို ပြင်ဆင်လိုက်သည်။ အကျႌရှည်ကြီးကြားမှ ပ[illegible]ွတစ်ချောင်းကိုဆွဲထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ မျက်လှည့်ပွဲ စတင်ပါတော့မယ်ဘုရား၊ ဂရုတစိုက်သာ ရှုစားတော်မူပါ"

မျက်လှည့်ပွဲစတော့မည်ဆို၍ သတ္တိဗလသည် အာရုံကိုနှိုးကာ ဂရုတစိုက်ကြည့်ရန် ပြင်ဆင်လိုက်လေသည်။ မျက်လှည့်ဆိုသည်မှာ ကြည့်ရှုသူကို လိမ်လည်မှု သို့မဟုတ် လှည့်စားမှုတစ်ခုသာဖြစ်ကြောင်း သတ္တိဗလ သဘောပေါက်ထားသည်။ လက်လှည့်ပညာ၊ မျက်လှည့်ပညာအချို့ကိုတတ်ထားသော သူ၏အဖေ နေဝဗလက သူ့ကိုပညာပေးထားဖူးသည်။

"မျက်လှည့်ကို မျက်လှည့်လို သဘောမထားဘဲ၊ ပျော်ချင်လို့ ကြည့်တာမဟုတ်ဘဲ ဘယ်လိုလိမ်သလဲဆိုတာ ဖော်ထုတ်မယ်ဆိုပြီး ဂရုတစိုက်ကြည့်တဲ့လူတွေရှေ့မှာဆိုရင် မျက်လှည့်ဆရာ ဒုက္ခရောက်တာပဲကွ"

အဖေ့စကားကိုသတိရပြီး သတ္တိဗလသည် ဂရုတစိုက်ကြည့်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ဧည့်ခံပွဲကျင်းပမည့်နေရာသို့ အစောကြီး ရောက်ရှိနေကြသူများကား အိမ်ရှေ့စံကိုယ်တော်ကြီး သတ္တရာဇာ၊ မင်းသားလေးဝန္ဒရာဇာ၊ သစ်အယ်ချောင်နတ်ဆရာကြီး နေဝဗလနှင့် သမီးဖြစ်သူပုလဲနန္ဒာ တို့ဖြစ်ကြလေသည်။

အိမ်ရှေ့စံကိုယ်တော်ကြီးနှင့် မင်းသားလေးဝန္ဒရာဇာတို့သည် ဧည့်ခံပွဲ ခင်းကျင်းပြင်ဆင်မှုများ စနစ်တကျရှိစေရန်နှင့် ဧည့်သည်များကို ကြိုဆိုနေရာချထားရန် ကြိုတင်ရောက်ရှိနေကြခြင်းဖြစ်၏။ နေဝဗလနှင့် ပုလဲနန္ဒာတို့သားအဖကလည်း ဧည့်ခံပွဲ၌မိမိတို့ဖျော် ဖြေကပြရမည့် နေရာအနေအထားများကို လေ့လာထားရန် ကြိုတင်ရောက်နေကြခြင်းဖြစ်၏။

ဤနည်းအားဖြင့် မင်းညီနောင်နှစ်ပါးသည် နေဝဗလနှင့် သမီး ပုလဲနန္ဒာတို့အား ဆုံတွေ့ရလေသည်။

အိမ်ရှေ့စံကိုယ်တော်ကြီးသည် အကျိုးအကြောင်းသိထားသူဖြစ် ရကား သမီးကို ပန်းကုံးစွပ်ခံချင်သောအဖေဖြစ်သူနှင့် အဖေ့အလိုကျ



ပန်းကုံးစွပ်ခံချင်သော သမီးဖြစ်သူတို့ကို မှတ်မှတ်ရရ ကြည့်ရှုလေ့လာ၏။

ဝန္ဒရာဇာကား ဧည့်သည်တော်အဖွဲ့တွင်ပါသော နေဝဗလ ကို သိကျွမ်းပြီးဖြစ်သော်လည်း သမီးပုလဲနန္ဒာဖြစ်ကြောင်း သိရသောအခါ သစ်အယ်ချောင်ရွာသူချင်းဟူသောအသိကြောင့် ဟေမာသီရိနှင့် အလှချင်းနှိုင်းယှဉ်လိုသဖြင့် စေ့စေ့စပ်စပ်ကြည့်၏။

ထိုအခါ ဟေမာသီရိ၏အလှကို မမီသော်လည်း ပုလဲနန္ဒာလည်း လှကြောင်း သူခံစားမိသည်။ အကယ်၍သာ ပုလဲနန္ဒာသာ ပန်းကုံးစွပ်ခံရသောမိန်းကလေး ဖြစ်ခဲ့လျှင်ဟုလည်း ဆက်တွေးမိပြန်သည်။

ပုလဲနန္ဒာသာဆိုလျှင် လွတ်လွတ်ကျွတ်ကျွတ် ဖြစ်ကောင်းဖြစ်မည်။ ဟေမာသီရိကမူ ကိုယ်ဝန်လွယ်လာသလိုလို မလွတ်မကျွတ်ဖြစ်နေသည်။ သို့သော် ဟေမာသီရိ၏အလှနှင့် မိမိအပေါ်စိုးမိုးနိုင်စွမ်းအားကား ကြီးမားလွန်းနေပြန်သည်။ ကိုယ်ဝန်ဆောင်လာသယောင်ယောင် ဟူသောစကားကြားရသည့်တိုင် ဟေမာသီရိအပေါ် တိမ်းညွတ်မှုစိတ်ဓာတ်ကလျော့မသွား၊ ပုလဲနန္ဒာကိုမူကား အလှကိုခံစားမိသော်လည်း မိမိနှလုံးသားကိုမထိုးဖောက်၊ တစ်နည်းအားဖြင့် ရင်မခုန်။ ဖူးစာသည် အံ့ဩဖွယ်ကောင်းစွတကားဟုသာ မင်းသားလေးခမျာ မှတ်ချက်ချရရှာလေသည်။

ပုလဲနန္ဒာကျတော့ တစ်မျိုး၊ မိမိကိုသာ သတ္တိဗလက ပန်းကုံးစွပ်ချနိုင်ခဲ့ပါလျှင် မိမိနှင့်လက်ဆက်ရမည့်ယောကျာ်းဟူသော အ[illegible]ဖြင့် ဝန္ဒရာဇာကို စေ့ငုစွာ ကြည့်ဖြစ်၏။ မနက်က နယ်စားကြီးများ ကြိုဆိုပွဲတွင် တစ်ကြိမ် မြင်ဖူးပြီးဖြစ်သော်လည်း အဝေးမြင်ကွင်းဖြစ်၍ မပြတ်

www.burmeseclassic.com

www.burmeseclassic.com



သား၊ ယခုအနီးကပ်တွေ့ရသောအခါ သေသေချာချာ လေ့လာမိလေသည်။

သူမသည် မင်းသားလေးဗန္ဓုရာဇာ၏ ရိုးသားသောမျက်လုံးများကို မြင်လိုက်ရ၏။ ထိုမျက်လုံးများမှတစ်ဆင့် မင်းသား၏ အဖြူရောင်နှလုံးသားကိုပါ ခန့်မှန်းမိလေသည်။ ဒီလိုယောကျ်ားမျိုးနှင့် လက်ဆက်ရသောမိန်းကလေးကား အမှန်ပင်ကံကောင်းပါလိမ့်မည်။

ယခုမှ သူမသည် ဟေမာသီရိကို မနာလိုစိတ်စလေသည်။ ဟေမာသီရိကား ကံကောင်းပေစွ၊ ယောကျ်ားအရတော်ပေစွ။ ပန်းကုံးစွပ်ပွဲ ညကပင် မဖြစ်ခဲ့သောခံစားမှုသည် ပုလဲနန္ဒာ၏ရင်တွင်းသို့ တိုးဝင်သည်။

နေဝဗလကား စိုးရိမ်နေ၏။ မင်းသားများသည် မောင်းမမိဿံအခြွေအရံများတတ်သည်ကို သူသိထားပြီးဖြစ်သည်။ သက္ကရာဇာနှင့် ဗန္ဓုရာဇာတို့ သမီးဖြစ်သူအား စေ့စေ့ကြည့်သည်ကို သူဘဝင်မကျ။ သမီးကို အငယ်အနှောင်းတော့ မဖြစ်စေချင်။ မိန်းမဘဝ၌ အငယ်အနှောင်းဖြစ်ရခြင်းသည် စိတ်ဓာတ်ကို များစွာနိမ့်ကျပျက်စီးစေသည်ဟု သူ သဘောပေါက်ထားသည်။ သမီးသည် နေထိုင်မှုဘဝမြင့်တက်သော်လည်း စိတ်ဓာတ်အရ ကျဆင်းပျက်ပြားသွားမည်ကိုမလိုလား။ ဤအချက်ကို သမီးဖြစ်သူအား ပွင့်ပွင့်လင်းလင်း ပညာပေးထားရန် သူဆုံးဖြတ်ဖြစ်သည်။ မဟုတ်လျှင် ယနေ့ညဧည့်ခံပွဲတွင် ဖော်ဖြေခိုင်းသော သူ့အစီအစဉ်သည် ချော်တောငေါ့သွားနိုင်၏။ ဧည့်ခံပွဲတွင် အမိကပါဝင်မည့်သူတွေကလည်း မောင်းမမိဿံထားရန်ဝန်မလေးတတ်သော မင်းညီမင်းသားများ မဟုတ်ပါလော။ သူမတွေးမိခဲ့သော အတွေးတစ်ကွက်ကို တွေးမိသွားသဖြင့် ပြုံးပြုံးကြည့်လိုက်ကြသော မင်းသားနှစ်ပါးကို ကျေးဇူးတင်သွား၏။ သူကိုယ်သူလည်း ကျေးဇူးတင်မိ၏။ အချိန်မလွန်ခင် သတိရလိုက်သဖြင့် ကြိုတင်ဟန့်တားနိုင်မည်မဟုတ်ပါလော။



ကြိုတင်ဟန့်တားနိုင်မည်ဟု သူယုံကြည်ခြင်းမှာ မဟာရာဇာမင်းဆက်၏ အစဉ်အလာကြောင့်ဖြစ်သည်။ မဟာရာဇာမင်းဆက်သည် တော်ဝင်ဇနီးမယား မိဖုရားတော်ကောက်ချိန်မှလွဲ၍ အစွယ်အပွားကိစ္စများတွင်'အမိန့်တော်စနစ်'ကိုမကျင့်သုံး။ တော်ကောက်ရာတွင် ကားသင့်မသင့်၊ လျော်မလျော်ကို ပေဒင်ဆရာကြီးများ နှင့်နတ်ဆရာကြီးများ၏ အတွက်အချက်နှင့် အဟောအပြောတို့အပေါ် လုံးဝပုံချထားသည်ဖြစ်ရာ နှစ်ဦးနှစ်ဖက်သည် မဟာသူရိယတိုင်းနိုင်ငံ၏ ထုံးတမ်းစဉ်လာကို လိုက်နာရခြင်းဖြစ်၏။ 'အမိန့်တော်' ပင်ဖြစ်၏။ အစွယ်အပွားကိစ္စကား တရားလည်းမဝင်၊ လူတင်ပါမှ နွားကျားကိုက်ခံရခြင်းဖြစ်၏။ ဤကဲ့သို့ တရားမျှတမှုကလေးများရှိနေ၍လည်း မဟာရာဇာမင်းဆက်၏ အုပ်ချုပ်မှုသက်တမ်း ရှည်ကြာခဲ့ခြင်းပေတည်း။

လေးဦးသား၏အတွေးများကို ကိုယ်စီထမ်းဆောင်ရမည့် ဝတ္တရားများက ဖြတ်တောက်ပစ်လိုက်သည်။

အိမ်ရှေ့စံကိုယ်တော်ကြီးသည် အခမ်းအနားအခင်းအကျင်းကိုလိုက်လံစစ်ဆေး၏။ ဗန္ဓုရာဇာသည် အကျွေးအမွေးအစီအစဉ်များ မလစ်ဟင်းရအောင်ခန့်ခွဲ၏။ နေဝဗလတို့သားအဖသည် ပူးတွဲပါဝင်ကူညီမည့် ရွှေနန်းတော်ဖျော်ဖြေရေးအဖွဲ့နှင့်အတူ တိုင်ပင်ညှိနှိုင်း၏။

အခြေခံကျကျ ဆောင်ရွက်နေရသော နန်းတွင်းသူနန်းတွင်းသားမင်းမှုထမ်းများကား ပျားပန်းခပ်မျှ လှုပ်ရှားဆောင်ရွက်နေကြရလေသည်။

ဤသို့ဖြင့် ဧည့်ခံပွဲကျင်းပမည့် အချိန်သို့ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ကြီးတွင် အဆောင်ဆောင်၊ အခန်းခန်း ခမ်းနားများ ပြားစွာရှိသည့်အနက်မှ ဧည့်ခံပွဲကို ပတ္တမြားခန်းမ၌ ကျင်းပရန် ပြင်ဆင်ထား၏။ ပတ္တမြားခန်းမသည် ဧည့်ပရိသတ်မနည်းမများကို ဧည့်ခံနိုင်သော အခန်းတစ်ခန်းဖြစ်၏။ နာမည်နှင့်လိုက်အောင် အခန်းပတ်လည်တွင် ပတ္တမြားကျောက်မျက်များကို စီခြယ်ထားသဖြင့် ဆီမီးထွန်းညှိလိုက်သည်နှင့် အနီရောင်သွေး ညို့ညို့ထ၍လင်းလက်လာလေရာ ညဧည့်ခံပွဲကျင်းပရန် အသင့်တော်ဆုံးအခန်းဖြစ်လေသည်။

အချိန်ရောက်လာသဖြင့် ခန်းမဆောင်မျက်နှာကြက်နှင့် နံရံများတွင် တပ်ဆင်ထားသော ပျားဖယောင်းတိုင်များ၊ သစ်ဆီတစ်မျိုး ထည့်ထွန်းထားသော ဆီမီးခွက်များကို ထွန်းညှိလိုက်ကြလေသည်။

ဧည့်ခံပွဲသို့ ရှေ့ဦးစွာကြွချီလာသည်မှာ မဟာရာဇာ ဘုရင်မင်းမြတ်နှင့် မယ်တော်မိဖုရားကြီးဖြစ်၏။

အိမ်ရှေ့စံကိုယ်တော်ကြီးနှင့် ဗန္ဓုရာဇာတို့က ဆီးကြိုနေရာချထားလေသည်။

“ဧည့်ခံပွဲအစီအစဉ်များ ချောမွေ့ရဲ့မဟုတ်လား သားတော်ကြီးနဲ့ သားတော်ငယ်”

“မှန်လှပါ ချောမွေ့ကြောင်းပါ ခမည်းတော်ဘုရား”

မဟာရာဇာဘုရင်မင်းမြတ်၏ ထိုင်ခုံနောက်မှီတွင် ကျားသစ်ရေကို လွှမ်းထား၏။ ကပ်လျက်ရှိသော မယ်တော်မိဖုရားကြီး၏ ထိုင်ခုံနောက်မှီတွင်ကား ဒေါင်းမြီးများနှင့်ချုပ်ထားသည့်ကမ္ဗလာကို လွှမ်းထားလေသည်။

ပတ္တမြားခန်းမ၏ စတုဂံပုံအနေအထား၌အလျားလိုက်နံရံများကို ကျောမှီ၍ ထိုင်ခုံများကို ခင်းကျင်းထား၏။ ထိုင်ခုံများရှေ့တွင် စားပွဲ



များကို စီတန်းချထား၏။ အလယ်တွင်ကား ကျယ်ဝန်းသော နေရာချန်ထားရာ နေဝဗလနှင့်သမ်းပုလဲနန္ဒာတို့ ဖျော်ဖြေကခုန်ရန် ဖြစ်လေသည်။ ထိုကခုန်ရန်နေရာဘက်တွင် ထိုင်ခုံများ ချမထားပေ။ ထို့ကြောင့် ဧည့်ခံပွဲတက်ရောက်သူများသည် အလျားလိုက်နံရံများကို ကျောပေးထိုင်ကာ စားသောက်ရင်း ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုနိုင်မည် ဖြစ်ပေသည်။

ပတ္တမြားခန်းမ၏ အနံတိုနံရံနှစ်ဖက်လုံးတွင် တံခါးပေါက်များရှိ၏။ တစ်ဖက်မှ ဧည့်သည်များဝင်ထွက်နိုင်ပြီး၊ အခြားတစ်ဖက်မှနေ၍ စားပွဲထိုး၊ နန်းတွင်းသူ၊ နန်းတော်သားများက ဝင်ထွက်နိုင်လေ သည်။

မဟာရာဇာ ထိုင်သည့်ဘက်၏လက်ယာဘက်ခြမ်းတွင် သားတော်များထိုင်ရန်ဖြစ်ပြီး လက်ဝဲဘက် မိဖုရားကြီးရှိရာအခြမ်းတွင် အရေးပါအရာရောက်သော မှူးမတ်အချို့နှင့် မြို့စောင့်တပ်တပ်မှူးတို့ ထိုင်ရန်ဖြစ်ပေသည်။

မျက်နှာချင်းဆိုင်နံရံဘက်တွင်ကား ဟေမာသီရိနှင့် သူမ၏ မိဘနှစ်ပါး၊ သစ်အယ်ချောင်ရွာသူကြီးနှင့်အဖွဲ့၊ အထူးဖိတ်ကြားထားသော ဗေဒင်ဆရာ၊ နက်ဆရာနှင့် သူကြွယ်အချို့ထိုင်ရန် စီစဉ်ထားလေ သည်။

မဟာရာဇာရောက်ရှိသည်နှင့် တစ်ဖက်ခန်းမှနေ၍ တီးမှုတ်လိုက်သော တူရိယာသံများကို စတင်ကြားရလေသည်။ တီးဝိုင်းကို တစ်ဖက်ခန်းမှာ ထားစေခြင်းသည် ဖျော်ဖြေရေးတာဝန်ယူထားသူ နေဝဗလ၏အစီအစဉ်ဖြစ်၏။ တီးမှုတ်သူကိုမမြင်ရသဖြင့် ပရိသတ်သည် အာရုံမပြန့်ပြားတော့ဘဲ မိမိတို့၏ပြကွက်များကိုသာ အာရုံစိုက်တော့မည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နယ်စားကြီးများဖြစ်သော သားတော်ရှစ်ဦးလည်း ရောက်ရှိလာ၏။ ဟေမာသီရိအပါအဝင် ဧည့်သည်များလည်း တဖွဲဖွဲရောက်ရှိလာ၏။ လူစုံသလောက်နီးပါးဖြစ်နေသည့်တိုင် မြို့စောင့်တပ်မှူး သူရစက္ကကား ရောက်မလာသေးပေ။

"သားတော်ကြီးသက္ကရာဇာ၊ လူစုံပြီထင်ပါရဲ့"

မဟာရာဇာ၏အမေးကို အိမ်ရှေ့စံကိုယ်တော်ကြီးက အမှန်အတိုင်း လျှောက်တင်လိုက်သည်။

"မှန်လှပါ။ တပ်မှူးသူရစက္ကကလွဲရင် စုံလင်ပြီဖြစ်ကြောင်းပါ ဘုရား"

"သူရစက္ကကို စောင့်ဦးမလားသားတော်ကြီး"

"မစောင့်လိုတော့ပါဘုရား၊ သူရစက္ကသည် ပျော်ပွဲရွှင်ပွဲများ အားလုံးကို တာဝန်ယူထားရပါ၍ အလွန်အရေးကိစ္စများပြားလှပါသည် ဘုရား၊ ယခုလည်း တစ်စုံတစ်ရာအကြောင်းရှိ၍ နောက်ကျနေခြင်း ဖြစ်ပါလိမ့်မည်၊ သူ့ကိုစောင့်လျှင် ဧည့်ခံပွဲအစီအစဉ်ပါ နောက်ကျသွားလိမ့်မည်ဟု ယူဆကြောင်းပါဘုရား"

"သင့်မြတ်ပေသည် သားတော်ကြီး၊ သို့သော် မည်သည့်အတွက် နောက်ကျရသည်ကို ရှင်းလင်းသွားစေရန်နှင့် အကြောင်းကိစ္စပြီး စီး... က ဧည့်ခံပွဲသို့ အချိန်နောက်ကျသည်ဖြစ်စေ၊ လာရောက်ပါဝင် ရန် သူရစက္ကထံ အထောက်တော် စေလွှတ်သင့်သည်သားတော်"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

အိမ်ရှေ့စံကိုယ်တော်ကြီးသည် မဟာရာဇာ၏ ညွှန်ကြားချက်... ဆောင်ရွက်ပြီးသည်နှင့် သူ့နေရာတွင် သူဝင်ယူသည်။ ထိုအခါ မင်း... သားလေးစန္ဒရာဇာသည် သူ့နေရာမှထရပ်ပြီး လက်အုပ်ချီလျက် ဧည့်...



...ခံပွဲစတင်ကြောင်း နှင့်ဖခမည်းတော်က လိုအပ်သလို အမိန့်ရှိဂုဏ်ပြု ပေးပါရန် လျှောက်ထားလေသည်။

မဟာရာဇာ ဘုရင်ကြီးကလည်း ရှည်ရှည်ဝေးဝေး မပြောမနေ။ နယ်...စားကြီးများဖြစ်ကြသော နောင်တော်ကြီးများကို ကြိုဆိုသောအထိမ်းအမှတ်နှင့် ညီတော်အငယ်ဆုံးက တည်ခင်းဧည့်ခံသော ညစာစားပွဲ...အား မိမိအပါအဝင် ဧည့်မြှောင်အားလုံးက ဝိုင်းဝန်းအားပေးသည့်အနေနှင့် တဝကြီးသုံးဆောင်ကြရန်လိုကြောင်း ရယ်သွမ်းသွေး၍ မိန့်ကြားတော်မူ၏။

ဘုရင်ကြီးအမိန့်ရှိပြီးသည်နှင့် ဧည့်ခံပွဲခန်းမတစ်ခုလုံးတွင် ပန်း...မိုးရွာလေသည်။

နန်းတွင်းဖျော်ဖြေရေးအဖွဲ့မှ လှပျိုဖြူနှစ်ဦးသည် ပန်းခြင်းတောင်း...ကြီးတစ်ခုကို တစ်ဖက်စီမှကိုင်၍ ရောင်စုံပန်းပွင့်များကို ကြပက်ရင်း ...အခန်းတွင်းသို့ ဝင်လာသည်။

ထို့နောက် ပန်းခြင်းတောင်းကြီးကို မဟာရာဇာဘုရင်ကြီး၏ ရှေ့...အခန်း အလယ်တည့်တည့်တွင်ချပြီး ဘုရင်ကြီးကို လက်အုပ်ချီ အရို...အသေပြုကြသည်။ သူတို့သည် ထိုပုံစံနှင့်ပင် ငြိမ်သက်စွာ ရပ်နေကြစဉ် ...နန်းတွင်းသူ ပျိုဖြူချောများသည် စားသောက်ဖွယ် ရာများတင်ဆောင်လာသော ဗန်းများကိုယ်စီကိုင်ကာ တန်းစီ၍ဝင်လာကြသည်။ တစ်...ဖက်ခန်းမှတေးသံသည်လည်း သာယာနာပျော်ဖွယ်ရာ ပျံ့လွင့်နေဆဲ။

စားပွဲတန်းကြီး နှစ်ခုလုံးတွင် စားသောက်ဖွယ်ရာများကို လိုလေ...သေးမရှိ တည်ခင်းသွားပြီးသောအခါ မိန်းကလေးများအားလုံး ပြန်...ထွက်သွားကြ၏။ ပန်းခြင်းတောင်းကြီးသာလျှင် အခန်းအလယ်တည့်...တည့်တွင် ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုံးတမ်းစဉ်လာအရ မဟာရာဇာဘုရင်ကြီးက ခေါင်းရည်တစ်ခွက်ကို စသောက်ပြခြင်းဖြင့် စားသောက်ပွဲ အစီအစဉ်ကို စတင်လိုက်ပေသည်။

အားလုံး စားသောက်နေစဉ်အတွင်းတွင်လည်း တစ်ဖက်ခန်းမှ တီးလုံးတူရိယာသံများသည် ဆက်လက်ပေါ်ထွက်နေ၏။

မဟာရာဇာဘုရင်ကြီးသည် သားတော်များနှင့် ရယ်မောပျော်ရွှင်စွာ စကားလှမ်းပြောရင်း စားသောက်၏။ ချွေးမတော်လောင်း ဟေမာသီ ကိုလည်းကောင်း၊ ဧည့်သည်များကိုလည်းကောင်း အလာပ သလ္လာ စကားများကို ပြောကြားတော်မူသည်။

စင်စစ် မဟာရာဇာသည် သားတော်များ စုံစုံလင်လင်နှင့် တွေ့ဆုံစားသောက်နေရ၍ ဝမ်းမြောက်ပျော်ရွှင်နေခြင်းဖြစ်ပေသည်။

ထိုအခိုက်အတန့်မှာပင် မဟာရာဇာသည် တစ်စုံတစ်ရာကို သတိ ဟန်နှင့်မေးတော်မူသည်။

"ဟဲ့ ဗန္ဓုရာဇာရဲ့ နင်တို့ရဲ့ပျော်ဖြေရေးအစီအစဉ်ကလည်း တီး မှုတ်နေတာနဲ့ပဲ ပြီးတော့မှာလား၊ အကအခုန်လေးများရော၊ မပါ လား"

"အရှင်မင်းကြီး အလိုရှိတော်မူရင် ယခုပင်ကခုန်ပါမည်ဘုရား"

အသံမှာမိန်းကလေးအသံဖြစ်၍ မဟာရာဇာသည် ဟေမာသီ ရှိရာဘက်သို့ လှမ်းကြည့်မိလေ၏။ သို့သော် ဟေမာသီရိ၏ လျှော တင်သံမဟုတ်။ ဟေမာသီရိသည် သူမ၏မိဘနှစ်ပါးနှင့်အတူ အစား သောက်များကို စားသောက်နေဆဲ။

သို့သော် မင်းကြီးမဟာရာဇာသည် လိမ္မာပြီး ပါးနပ်သော သ ကြားအိုကြီး ဖြစ်၏။ ဧည့်ခံပွဲတစ်ခုလုံးကို ဝေ့ဝိုက်အကဲခပ်ပြီးနော ချက်ချင်းရိပ်မိသွားလေသည်။



"ရောင်စုံပန်းခြင်းကြီးထဲမှာ နတ်မိမယ်လေးတစ်ပါး ရောက်နေတာကိုး။ ငါက ဧည့်ခံပွဲခန်းမထဲ အလှအပနဲ့ရန့်ကောင်းအောင် လာချထားတယ်လို့အောက်မေ့နေတာ။ ဟုတ်တယ် မဟုတ်လား သက္ကရာဇာ၊ ဒါဘယ်သူ့အစီအစဉ်လဲဟဲ့ "

"သစ်အယ်ချောင်နတ်ဆရာ ကြီးနေဝဗလရဲ့အစီအစဉ်ပါဘုရား။ ဒီညဧည့်ခံပွဲမှာ သူကဖျော်ဖြေရေးတာဝန်ယူထားပါတယ်"

အိမ်ရှေ့စံကိုယ်တော်ကြီးကဖြေဆိုအပြီး ဗန္ဓုရာဇာကပါ ဝင် ရောက်လျှောက်တင်သည်။

"အားလုံးစားသောက်ပြီးမှ အကအခုန်နဲ့ ဖျော်ဖြေရေးအစီအစဉ်စမယ်လို့ သားတော်မှာထားပါတယ် ခမည်းတော်ဘုရား"

မဟာရာဇာက ခေါင်းခါသည်။

"ဘယ်ဟုတ်မလဲကွယ်။ စားရင်းသောက်ရင်း ရှုစားကြတာပေါ့။ ကမယ့်သူက ပန်းခြင်းထဲဝင်ထိုင်နေရတာ မွန်းလှရောပေါ့ကွယ်။ ဘယ်လိုလဲ နယ်စားမင်းကြီးများ၊ ရှုစားကြမယ်မဟုတ်လား"

နယ်စားကြီးများဖြစ်ကြသော သားတော်များက ရှုစားမည်ဖြစ်ကြောင်း တစ်ယောက်တစ်ပေါက် ပြောကြားကြလေသည်။

"ကဲ ပန်းခြင်းထဲက ပန်းမင်းသမီးလေး။ အပြင်ထွက်ပြီး ကပြအသုံးတော်ခံပေတော့"

မင်းကြီးမဟာရာဇာ၏ အမိန့်သံကြားရသောအခါ တစ်ဖက်ခန်းမှ တီးမှုတ်နေသော သံစဉ်များသည် ပိုမိုသွက်လက်လာ၏။

ပန်းခြင်းထဲမှ ရောင်စုံပန်းပွင့်များသည် ဖွားခနဲလွင့်ထွက်သွား၏။ ထရပ်လိုက်သောမိန်းကလေးသဏ္ဌာန်ကို မဟူရာအဆင်းနှင့် ခေါင်းငုံ့ လက်အုပ်ချီလျက် တွေ့မြင်ရလေသည်။ သူမကား ပုလဲနန္ဒာဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အနက်ရောင်ကိုယ်ကျပ်ဝတ်စုံကို ရွေးချယ်ဝတ်ဆင်ခဲ့လေသည်။ ကျစ်လျစ်ဖွံ့ဖြိုးသော သူမ၏ခန္ဓာကိုယ်အလှကို ဝတ်စုံကြောင့် ပိုမိုပေါ်လွင်စေ၏။ ပုလဲဟူသောနာမည်နှင့် လိုက်အောင် ဖြူနှစ်သောအသားရောင်သည် အနက်ရောင်ဝတ်စုံ၏ ဇာပေါက်များမှ ထင်းနေအောင် ပေါ်လွင်နေရာ ဝတ်စုံတစ်ခုလုံး ပုလဲလုံးများစီထားသကဲ့သို့ပင်။

သူမသည် တီးကွက်၊ စည်းချက်များအတိုင်း လှုပ်ရှားရင်း ပန်းခြင်းတောင်းမှ ထွက်သည်။ နွဲ့နှောင်းခြင်း၊ မြူးကြွခြင်း၊ သွက်လက်ခြင်း၊ စည်းချက်ညီခြင်း စသော ဂုဏ်အင်္ဂါများနှင့် ညီညွတ်စွာ ခန်းမအလယ်တွင် လှည့်ပတ်ကခုန်ပါတော့သည်။

ပုလဲနန္ဒာ ဤမျှအကကောင်းသည်ကို ဟေမာသီရိပင်မသိခဲ့။ သစ်အယ်ချောင်တွင် အများနှင့် ရောရောနှောနှောကကြ၊ ခုန်ကြမို့ သာမန်ပင် ထင်ခဲ့သည်။ ယခုမှ ပုလဲနန္ဒာသည် အဆင့်မီပညာသည်တစ်ဦးဖြစ်ကြောင်းသဘော ပေါက်သွားသည်။

ဟေမာသီရိသည် ပန်းကုံးစွပ်ပွဲညကို ပြန်သတိရမိ၏။ ထိုညက ပုလဲနန္ဒာ အာမေဋိတ်ပြု အံ့သြခဲ့သည်ကို မြင်ခဲ့ရ၏။ မိမိအရွေးခံရသည်ကို သူမ အဘယ်ကြောင့်အံ့သြခဲ့ပါသနည်း။ ပုလဲနန္ဒာသည် သူမကိုယ်သူမ အရွေးခံရမည်ဟု တင်ထားနေလေသလော။ သို့တည်းမဟုတ် ဟေမာသီရိသည် အရွေးခံနိုင်လောက်သောက်မရှိဟု ထင်ခဲ့လေသလော။

မည်သို့ပင်ဖြစ်စေကာမူ ယခုအခါ မိမိကား အပေါ်စီးသို့ရောက်နေသူ။ သူမက မိမိအပါအဝင် ပရိသတ်ကြီးကို ဖျော်ဖြေနေရသူ။ အဆင့်အတန်းချင်း သိသိသာသာ ကွာဟသွားချေပြီ။ ရွာမှာတုန်းက သိပ်မတွဲဘဲ ခပ်တန်းတန်းနေခဲ့ကြသော်လည်း ယခုအချိန်တွင် ဖော်ရွေစွာဆက်ဆံမှုဖြစ်မည်ဟု ဟေမာသီရိတွေးမိသည်။



ဧည့်ခံပွဲရှိ ယောကျ်ားသားများအားလုံးပင် ပုလဲနန္ဒာ၏အလှနှင့် ပုလဲနန္ဒာ၏အကကို ခေါင်းရည်နှင့် မြည်းကြလေသည်။

မဟာရာဇာဘုရင်ကြီးနှင့် အိမ်ရှေ့စံကိုယ်တော်ကြီးတို့သာလျှင် ရာဇက္ကန္ဒြေကို ထိန်းသိမ်း၍ ရှုစားကြသော်လည်း ကျန်သူများမှာ ပတ်ဝန်းကျင်ကိုပင် သတိမထားမိအောင် နစ်မြုပ်သွားကြ၏။

ထိုအချက်ကို ကနေသူ ပုလဲနန္ဒာကိုယ်တိုင်ပင် သဘောပေါက်သောကြောင့် သူမဘာသာပီတိဖြစ်ကာ ပို၍သွက်လက်လာသည်။ လမိုင်းကပ်လာသည်။ သူမ၏မျက်နှာတွင် ကြည်နူးရိပ်များ ယှက်ဖြာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

အိမ်ရှေ့စံကိုယ်တော်ကြီးလွှတ်လိုက်သော အထောက်တော်သည် မြို့စောင့်တပ်မှူး သူရစက္ကရှိရာသို့ တစ်ဆင့်တစ်ဆင့်စုံ စမ်း၍လိုက်ရာ ပွဲခင်းတစ်နေရာရှိ ခေါင်ရည်ရောင်းသော ဆိုင်တစ်ဆိုင်တွင် တွေ့ရလေသည်။

သူရစက္ကသည် ခေါင်ရည်အပြည့်ပါသော ဝါးခွက်တစ်ခွက်ကိုကိုင်ပြီး ထိုင်နေ၏။ ပတ်ပတ်လည်တွင် ကိုယ်ရံတော်တပ်စိတ်မှ ရဲမက်များလည်းရှိ၏။

ပွဲခင်းတစ်ခုလုံး မီးတုတ်၊ မီးတိုင်များ ထွန်းညှိထား၍ လင်းထိန်နေသော်လည်း တပ်မှူးထိုင်နေသောနေရာမှာ မှောင်ရိပ်သန်းနေ၏။

အထောက်တော်က တပ်မှူးကို အရိုအသေပြုပြီး၊ အမိန့်ပြန်သော်လည်း တပ်မှူးကမလှုပ်၊ ထိုင်ရာကမထ။

"မြို့စောင့်တပ်မှူး ပွဲခင်းထဲမှာ စစ်ဆေးစရာရှိလို့ စစ်ဆေးနေတယ်လို့ ဘုရင်ကြီးမဟာရာဇာနဲ့ အိမ်ရှေ့စံကိုယ်တော်ကြီးတို့ကို လျှောက်တင်လိုက်၊ ညှော်ခံပွဲမီသည်ဖြစ်စေ၊ မမီသည်ဖြစ်စေ အကျိုးအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘဲ့တော့ မင်းနှစ်ပါးရဲ့ ရွှေနားတော်ရောက်အောင်ကိုယ်တိုင်လာရောက် အစီရင်ခံမယ့်အကြောင်းလျှောက်၊ ဟုတ်ပြီးလား"

အထောက်တော် ပြန်ထွက်သွားသောအခါ တပ်မှူးသူရစက္ကသည် ခေါင်ရည်ခွက်ကို တစ်ကြိုက်တည်းမော့ချလိုက်၏။ ထို့နောက်ဆိုင်ရှင်ကို ခေါင်ရည်ထပ်ဖြည့်ရန် လက်ဟန်ခြေဟန်နှင့်အမိန့်ပေးလိုက်သည်။

သတ္တိဗလသည် မလှမ်းမကမ်းတွင် ထိုင်လျက်ခစားနေ၏။ သူ့လက်ထဲတွင် တပ်မှူးကကိုင်ခိုင်းထား၍ လူထူးလူဆန်းမျက်လှည့်ဆရာကြီး၏ သားရေအိတ်ကြီးကိုကိုင်ထားရ၏။

တပ်မှူးသည် အဆိုပါလူထူးလူဆန်း မျက်လှည့်ဆရာကြီးကို လက်ရမဖမ်းလိုက်နိုင်သည့်အတွက် မကျေမနပ်ဖြစ်ကာ ထိုင်နေကြောင်း သတ္တိဗလရော၊ ကိုယ်ရံတော်တပ်စိတ်မှ ရဲမက်များပါ အားလုံးအသိပင်။

တကယ်တော့ တပ်မှူးသည် အဆိုပါလူထူးလူဆန်းကြီးကို ဖမ်းဆီးစစ်မေးလိုလျှင် တွေ့တွေ့ချင်းဖမ်းလိုက်ဖို့ကောင်းသည်ဟု သတ္တိဗလတွေးမိသည်။ ယခုတော့ ရွှေစတစ်စပေး၍ မျက်လှည့်ကြည့်မိသည့်အတွက် လက်လွတ်သွားရသည်။

မျက်လှည့်ဆိုသည်မှာ မျက်စိကိုလှည့်စားမှု၊ ထိုလှည့်စားမှုကို ပေါ်အောင်ကြည့်မည်ဟု သတ္တိဗလသည် ဂရုတစိုက်ကြည့်ခဲ့၏။ ထို့ကြောင့် လူထူးလူဆန်းကြီး၏ပြကွက်ကို သူကောင်းကောင်းကြီး မှတ်မိနေခဲ့လေသည်။

လူထူးလူဆန်းကြီးသည် ပြကွက်စသည်နှင့် ပလွေကိုမနားတမ်း မှုတ်ခဲ့သည်။ သူ့ပလွေသည် အတော်အတန်ရှည်ပြီး၊ ပလွေအရင်းပိုင်းကို ဘယ်ပုခုံးနှင့် မှေးကာ ပလွေအလယ်နားလောက်ရှိ လေမှုတ်ပေါက်မှ မှုတ်ရခြင်းဖြစ်၏။



သူသည် ထိုင်ရာမှထကာ ရွှေစထည့်ထားသော သားရေအိတ်ကြီးကို ဝိုင်းပတ်၍ပလွေမှုတ်၏။ သူ့ပလွေသံသည် သာယာနာပျော်ဖွယ်လည်းရှိ၏။ သားရေအိတ်ကြီးကို သုံးပတ်မျှပတ်မိသောအခါ သားရေအိတ်ကြီးထဲမှ ငေါက်ခနဲ ခေါင်းထောင်လာသော ပါးပျဉ်းခွက်ထားသည့် မြွေတစ်ကောင်ကိုတွေ့ရသည်။ မြွေ၏ပါးစပ်တွင်ကား ခုနထည့်ထားသော ရွှေစကိုကိုက်ချီထား၏။

"ကြည့်စမ်း၊ ခုန ကျွန်တော်မျိုး ရွှေစသွားထည့်တုန်းက မြွေရှိနေတာကို သတိမထားမိဘူး။ တော်တော်ဆိုးတဲ့လူကြီးဗျာ။ မြွေရှိနေတာပြောပြဖို့ကောင်းတယ်။ မတော်ပေါက်လိုက်ရင် ဘယ့်နှယ့်လုပ်မလဲ"

တပ်စိတ်မှူးရာ ပုခုံးတွန့်ရင်း တပ်မှူးကိုလှည့်ပြော၏။

ပရိသတ်ကြီးသည် မြွေကိုတွေ့လိုက်ရ၍ နောက်သို့အတန်ငယ်ဆုတ်လိုက်ကြသော်လည်း ထွက်ပြေးသူကား တစ်ယောက်မှမရှိ။ အားလုံးပင် မြွေအလမ္ပာယ်ပြကွက်များကို ကြည့်ဖူးထားကြသူများ ဖြစ်နိုင်သည်။

မြွေသည် ပလွေသံနှင့်လိုက်ဖက်စွာ ဦးခေါင်းကို ဘယ်ညာယိမ်းနွဲ့ရင်း သားရေအိတ်ကြီးထဲမှလျှောထွက်လာသည်။ ထို့နောက် လူထူးလူဆန်းကြီးရှိရာသို့သွားကာ ခြေထောက်မှစ၍ပတ်ပြီးတက်လေသည်။ သတ္တိဗလသည် သူ့အစား အူယားကာကြက်သီးထသွား၏။

"ဘာလဲ၊ သူဟာက မျက်လှည့်ဆိုပြီး မြွေအလမ္ပာယ်ပြမလို့လား"

တပ်မှူးက တစ်ကိုယ်တည်းရေရွတ်၏။

မြွေသည် သူ့ကိုယ်ကိုပတ်တက်ပြီး ပုခုံးပေါ်တိုင်ရောက်သွား၏။ ရွှေစကိုကိုက်ထားဆဲ။ ပါးပျဉ်းလည်းခွက်ထားဆဲ။ လူထူးလူဆန်းကြီးကား ပလွေမှုတ်မပျက်။ သားရေအိတ်ကြီးကိုဆက်၍ ဝိုင်းပတ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သားရေအိတ်ကြီးကိုကြည့်၍ ဝိုင်းပတ်ပလွေမှုတ်နေသောကြောင့် ပရိသတ်ကြီးသည် သားရေအိတ်ကြီးကို အာရုံစိုက်မိကြပြန်သည်။ ဘာများထွက်လာဦးမှာလဲ။ နောက်ထပ် မြွေတစ်ကောင်များလား။

ငေါက်ခနဲ မည်းခနဲ အိတ်ကြီးထဲက ထထောင်လာသည်ကို တွေ့ရပြန်၏။ မြွေတော့မဟုတ်။ သုံးလွှန်းတင်လျှော်ကြိုးတစ်ချောင်း၏ အစတစ်စ၊ မြွေမဟုတ်သော်လည်း မြွေတစ်ကောင်ကဲ့သို့ထောင်နေပြီး ပုလွေသံအတိုင်း ယိမ်းနွဲ့နေပြန်သည်။

ပရိသတ်ကြီးထံမှ အာမေဍိတ်သံများဆူညံသွား၏။ "ကြိုးဟ... ကြိုးဒါပေမဲ့ မြွေလိုပဲဟ" ဟူသော အသံများထွက်လာ၏။

သတ္တိဗလ အတွေးခက်သွား၏။ ဤသက်မဲ့ကြိုးကို သက်ရှိ မြွေတစ်ကောင်ကဲ့သို့ ထောင်နေအောင် သူမည်ကဲ့သို့ဖန်တီးထားသနည်း။ သာမန်မျက်လှည့်ပညာနှင့် မည်သို့မျှလုပ်မရသည့်အရာ။ ဤမျက်လှည့်ကား သာမန်မျက်လှည့်မဟုတ်တော့ပေ။

ထိုအချိန်တွင် ထောင်နေသော ကြိုးစသည် တစ်စတစ်စ မြင့်တက်လာ၏။ မည်သူကဆွဲတင်လေသနည်း။ ဆွဲတင်သူမရှိဘဲ ကြိုးစသည် လူးကာလွန့်ကာ ယိမ်းကာနွဲ့ကာ မြင့်တက်လာလေသည်။ မြင့်တက်ခြင်းသည် သာမန်မဟုတ်တော့။ မိုးကောင်းကင်သို့ ဦးတည်ကာ တစ်ရှိန်ထိုး မြင့်တက်သွားလေသည်။ ကြိုးစ၏ထိပ်ဖျားကိုပင် မမြင်ရတော့ပေ။ သဘာဝအားဖြင့်ဆိုလျှင် ဤမျှရှည်လျားသောကြိုးကို ခွေ၍ထည့်ထားရလောက်အောင် ဤသားရေအိတ်သည် မကြီးပေ။ ပြက္ခက်အနေနှင့် ထူးဆန်းသည်ကားအမှန်ဖြစ်ပါ၏။



ရုတ်တရက် ပလွေသံရပ်သွား၏။ လူထူးလူဆန်းကြီးသည် ပလွေကို လက်တစ်ဖက်က ကိုင်ရင်း ပွဲစစဉ်က အောက်ချထားသော ဝါးတောင်ဝှေးကြီးကို ပြန်ကောက်ယူသည်။

သူသည် တောင်ဝှေးကို ကျောပေါ်မှနေ၍ မြွေပတ်ထားသောအခွေထဲ ထိုးထည့်သည်။ ပုလွေကို ဝတ်ရုံကြီးထဲထိုးထည့်သည်။ လွတ်လပ်သွားသော လက်နှစ်ဘက်ကို ဝှေ့ရမ်းရင်း ပရိသတ်ကိုစကားပြော၏။

"လေးစားအပ်သော တပ်မှူးမင်းနှင့်တကွ ပရိသတ်ကြီးခင်ဗျား။ ကောင်းကင်ကို တက်သွားတဲ့ဒီကြိုးဟာ နတ်ဒေဝတာတို့ရဲ့ ဘုံဗိမာန်တစ်ခုမှာ သွားချိတ်နေပါပြီ။ အဲဒီလိုချိတ်မိနေတာ ခိုင်မခိုင် ကျွန်ုပ်စမ်းသပ်ကြည့်လိုက်ပါဦးမယ် "

သူသည် ကြိုးကို လက်နှစ်ဖက်နှင့်ဆုပ်ပြီးဆွဲ၏။ ကြိုးသည် တင်းပြီးတောင့်ခံနေသည်။ သူသည် ကြိုးကိုခိုစီးကြည့်၏။ ကြိုးကား အခိုင်ခံ၏။ ဘာမှမမြင်ရသော ကောင်းကင်လဟာတစ်နေရာတွင် ရစ်ပတ်မိနေသည်မှာ သေချာသကဲ့သို့ရှိ၏။

သူသည် ခိုစီးနေရင်းက ကြိုးကိုဆွဲ၍တက်လေ၏။ လူတစ်ရပ်ကျော် အမြင့်ခန့် ခိုတက်မိသောအခါ သူကအောက်ဘက်သို့လှမ်းပြောသည်။

"မဆိုးပါဘူး။ ကြိုးဟာ တော်တော်ခိုင်ပါတယ်။ ဒီအတိုင်းဆွဲတက်သွားရင် နတ်ဘုံနတ်နန်းတစ်ခုကို အလည်ရောက်သွားမှာ သေချာနေတယ် "

ပြောပြောဆိုဆို သူသည် ကြိုးကို ဆွဲတက်၏။ ဆွဲတက်သည့် နှုန်းမှာ မြန်ဆန်လှသည်။ ခဏအတွင်းမှာပင် သူသည် အမြင့်သို့ရောက်ကာ သေးငယ်သော အစက်ကလေးတစ်စက်နှယ်ဖြစ်သွား၏။ ထို့နောက် ပျောက်ကွယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤထူးဆန်းသောပြကွက်ကို ပွဲကြည့်ပရိသတ်ကြီးသည် အံ့သြငေးမောကြည့်ရှုရင်း မင်တက်မိသွားကြ၏။ လူထူးလူဆန်းကြီး တစ်ယောက် မိုးကောင်းကင်တိမ်တိုက်များအကြား တိုးဝင်ပျောက်ကွယ်သွားသည်နှင့် တစ်ချိန်တည်း တောင်စွယ်တွင်နေကွယ်သွားလေရာ အလင်းရောင်ပျောက်ပြီး ညို့ခနဲဖြစ်သွားလေသည်။

ပထမဦးဆုံး သတိပြန်ဝင်လာသူကား တပ်မှူးသူရစက္ကဖြစ်၏။ သူသည် မည်သူ့ကိုမှညွှန်ကြားမနေတော့ဘဲ ဝိုင်းအလယ်သို့ ကိုယ်တိုင်ခုန်ဝင်သွားလေသည်။ လူထူးလူဆန်းကြီး တွယ်တက်သွားသော ကြိုးကိုဖမ်းဆွဲလိုက်၏။ နောက်ကျသွားချေပြီ။ ကြိုးစကိုဆွဲ၍မရတော့။ သူ့လက်အစုံသည် လေကိုသာဆုပ်ကိုင်မိတော့သည်။ စင်စစ်ကြိုးစသည် ထိုလူကြီးပျောက်ကွယ်သွားသည် နှင့်တစ်ပြိုင်နက် ပျောက်ကွယ်သွား ပြီဖြစ်၏။ သို့သော် တပ်မှူး၏အမြင်အာရုံထဲတွင် ကြိုးစကို စွဲမြဲနေသေးသည်ဖြစ်ရာ ရှိသေးသည်ထင်၍ ထွက်ဆွဲခြင်းဖြစ်၏။

တပ်မှူးသည် သူ့ခြေထောက်ဘက်ကို ငုံ့ကြည့်လိုက်၏။ သားရေအိတ်ကြီးကို တွေ့ရ၏။အိတ်ကြီးကား ပျောက်ကွယ်မသွား။ သူသည် ဒေါသဖြစ်ဖြစ်နှင့် အိတ်ကြီးကို ပိတ်ကန်လိုက်သည်။ အိတ်ကြီးသည် ဖုန်းခနဲ မြည်၍ လွင့်ထွက်သွားသည်။ တစ်ဖက်မှာ ရပ်နေသောလူများထဲမှ တစ်ယောက်ကဆီးဖမ်းထားလိုက်ရသည်။

"သတ္တိဗလ အိတ်ကြီးကိုသွားယူထားလိုက်"

သတ္တိဗလသည် အမိန့်အတိုင်း သားရေအိတ်ကြီးကို သွားယူထားလိုက်ရ၏။ အိတ်ကြီးထဲတွင်ဘာမှမရှိ။ ဗလာနတ္ထိ။

"ဒါရိုးရိုးမျက်လှည့်မဟုတ်ဘူး။ ဒီကောင်ကြီးဟာ မှော်ဆရာကြီးပဲဖြစ်ရမယ်။ တောက် မမိလိုက်တာနာသကွာ"



တပ်မှူးက တက်ခေါက်သည်။ ဒေါသဖြင့်ဆူဝေနေသော တပ်မှူးသည် စိတ်ကိုတည်ငြိမ်သွားသည်အထိ ဆောက်တည်ရန်အလို့ငှာ ခေါင်ရည်ဆိုင်တစ်ဆိုင်တွင် အနားယူရန်ဆုံးဖြတ်လိုက်၏။

ဆုံးဖြတ်ချက်အတိုင်း အနားယူနေစဉ် အိမ်ရှေ့စံကိုယ်တော်ကြီး လွှတ်လိုက်သောအထောက် တော်ရောက်လာခြင်းပင်တည်း။ စင်စစ်တပ်မှူးသည် ပွဲခင်းအားစစ်ဆေးစရာမလိုတော့ပေ။ လူထူးလူဆန်းကြီးသည်လည်း ထူးဆန်းစွာပျောက်ကွယ်သွားချေပြီချက်ချင်းထမလိုက်လိုသေး၍သာ ပရိယာယ်စကားနှင့် အထောက်တော်ကိုအရင်ပြန်လွှတ်လိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

တပ်မှူးသူရစက္ကနှင့် သားရေအိတ်ကြီးကို ချိုင်းကြားညှပ်ထားသော သတ္တိဗလတို့နှစ်ဦးသားဧည့်ခံပွဲခန်းမအတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် လက်ခုပ်သံများ ဝေါခနဲထွက်လာ၏။ သူတို့နှစ်ဦးလည်း တုံ့ခနဲရပ်မိပြီး ခန်းမတွင်းကိုဂရုတစိုက်ကြည့်မိလေသည်။

ခန်းမအလယ်တွင် မဟူရာရောင်ဇာပေါက်ဝတ်စုံဝတ်ဆင်ထားသည့် ပုလဲနှစ်ရောင်အသားအရေရှိသော မိန်းမငယ်တစ်ဦးသည် လက်အုပ်ချီ ဦးညွှတ်အရို အသေပြုလျက်ရှိပေသည်။ သူမအရိုအသေပြုရာအရပ်၌ မင်းကြီးမဟာရာဇာထိုင်နေသည်။ မဟာရာဇာသည် လက်ခုပ်တီးသြဘာပေးခြင်းကို ရပ်ဆိုင်းပြီးနောက် မေးမြန်းတော်မူသည်။

“ချစ်သမီး၏ အမည်နာမအားပြောကြားဦးလော့”

“မှန်လှပါ ပုလဲနန္ဒာပါဘုရား”

ပုလဲနန္ဒာဆို၍ သတ္တိဗလအသေအချာကြည့်မိသည်။ သူ့အစ်မပုလဲနန္ဒာဖြစ်ကြောင်း မှတ်မိသွားလေသည်။ အစ်မသည် ဧည့်ခံပွဲ၌ ကခြေသည်အဖြစ် ဝင်ရောက်ဖျော်ဖြေနေပါပကော။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခံပွဲကို လှည့်ပတ်အကဲခတ်ရင်း သတ္တိဗလသည် ဟေမာသီရိကို ပါမြင်လိုက်ရ၏။ သတ္တိဗလ၏ရင်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်သွား၏။ မိမိချစ်ခဲ့ရသူ ဟေမာသီရိက ဧည့်ခံပွဲ၏ဧည့်သည်တော်၊ ဘုရင့်ချွေးမ တော်လောင်း။ အစ်မဖြစ်သူ ပုလဲနန္ဒာက ဧည့်သည်တော်များကို လာရောက်ဖျော်ဖြေသူ။ ကွာဟမှုကြီးမားပုံကို မျက်မြင်ခံစားလိုက်ရလေ၏။

"တင်ဆက်စရာဖျော်ဖြေစရာ အစီအစဉ်များရှိသေးသလား"

"ဘုန်းတော်ကြောင့် ရှိပါသေးသည်ဘုရား"

"ကောင်းပြီ၊ ရှိသေးလျှင်နားဦးလော့၊ သမီးငယ်မောလှပြီ"

ပုလဲနန္ဒာ အပြေးကလေးထွက်သွားသောအခါ တပ်မှူးနှင့် သတ္တိဗလတို့ ဆက်လျှောက်ခဲ့၏။ နှစ်ဦးသားလက်အုပ်ကိုယ်စီချီထားကြသည်။

"မှန်လှပါ၊ မြို့စောင့်တပ်မှူး ရောက်ရှိလာပါပြီဘုရား"

အစွန်ဆုံးမှာထိုင်နေသော မင်းသားလေးပန္နရာဇာက မဟာရာဇာကိုလှမ်း၍ လျှောက်တင်သည်။

"ကျွန်ုပ်တို့ကတော့ မောင်မင်းကိုမမျှော်၊ စားသောက်ဖွယ်ရာများကတော့ မောင်မင်းကိုမျှော်နေကြပြီ တပ်မှူးမင်းရဲ့"

ဘုရင်ကြီးက ပျော်ပျော်ရွှင်ရွှင် နှုတ်ခွန်းဆက်ရင်း တစ်ဆက်တည်း မေးခွန်းထုတ်၏။

"နောက်တော်ပါးက ဘယ်သူများလဲဟဲ့"

သတ္တိဗလက ဖြေရန်နှုတ်ပြင် လိုက်စဉ်မှာပင် အိမ်ရှေ့စံကိုယ်တော်ကြီး၏ အသံကိုကြားလိုက်ရ၏။

"သတ္တိဗလဆိုတာ သူပါပဲဘုရား။ ညီတော်ပန္နရာဇာရဲ့ ပန်းကုံးစွပ်ကြင်ရာရွေးပွဲမှာ ပန်းကုံးကိုကိုင်ပြီး စွပ်ခွင့်ရခဲ့သူမို့ ဧည့်ခံပွဲ တက်ရောက်ရန် သားတော်ကြီး စီစဉ်ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်းပါဘုရား"



ဟေမာသီရိ မျက်လုံးပြူးသွား၏။ သတ္တိဗလကို သူလုံးဝမမှတ်မိ။ တပ်မှူး၏ နောက်တော်ပါး ရဲမက်တစ်ဦးဟုသာထင်ထားခဲ့၏။ ကိုယ်တော်ကြီး ထုတ်ဖော်ပြောပြမှသိရတော့သည်။ ယခုလည်း သူ့မျက်နှာကိုမမြင်ရသေး။ နောက်ကျောကသာ ကြည့်နေရသည်။ သူတို့နေရာသူတို့ဝင်ထိုင်တော့မှ မျက်နှာကိုမြင်ရပေလိမ့်မည်။

"သတ္တိဗလရဲ့အဖေဟာ ယနေ့ည ဖျော်ဖြေရေးအစီအစဉ်ကို တာဝန်ယူသူ သစ်အယ်ချောင်နတ်ဆရာကြီး နေဝဗလဖြစ်ပါတယ်၊ ခုန ကပြဖျော်ဖြေသွားတဲ့ ပုလဲနန္ဒာဟာ နေဝဗလရဲ့သမီး၊ သတ္တိဗလရဲ့အစ်မဖြစ်ကြောင်းပါဘုရား"

ကိုယ်တော်ကြီးက ဆက်လက်ရှင်းလင်းတင်ပြသည်။ မဟာရာဇာသည် ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။

"ကောင်းလှပေ၏။ သင်းတို့ မိသားစုကား ကျွန်ုပ်တို့နှင့်များစွာ ကံစပ်၍ များစွာချီးမြှောက်သင့်ပေသည်။ တပ်မှူးသူရစက္က. . . လျှောက်တင်ရန် ထူးခြားလျှင်လည်း ယခုပင်လျှောက်တင်လော့။ စားသောက်ဖွယ်ရာများက စောင့်ဆိုင်းရလွန်း၍ ပျင်းရိနေကြရော့မည်"

"မှန်လှပါ လျှောက်တင်ရန်ထူးခြား၍ ယခုပင်လျှောက်တင်ပါမည်ဘုရား"

တပ်မှူးသူရစက္ကသည် လူထူးလူဆန်း၏ မျက်လှည့်ပြပွဲအကြောင်းကို အစအဆုံးလျှောက်တင်လိုက်လေသည်။ အားလုံး စိတ်ဝင်တစားနားထောင်ကြလေသည်။ သက်သေခံပစ္စည်းအဖြစ် လူထူးလူဆန်းကြီးထားခဲ့သော သားရေအိတ်ကြီးကို သတ္တိဗလထံမှယူ၍ ဘုရင်ကြီးအားဆက်သလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးသည် အိတ်ကြီးကိုကိုင်၍ လှည့်ပတ်ကြည့်ရှုရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

" ဒီအိတ်ကြီးကို ငါကိုယ်တော် အလိုမရှိပေဘူး။ မောင်မင်းသာ ပြန်ယူသွားပေတော့ သူရစက္က၊ ညှော်ခံပွဲကအပြန် စားသောက်ဖွယ်ရာများထည့်ယူသွားနိုင်တာပ"

မဟာရာဇာသည် အိတ်ကို တပ်မှူးထံပြန်လှမ်းပေးရင်း ဆက်လက်အမိန့်ရှိလေသည်။

"အဲဒီလို မျက်လှည့်မျိုးဟာ တကယ်အဆင့်အတန်းမြင့်တဲ့မျက်လှည့်ပဲကွယ့်၊ မောင်မင်းရဲ့ရွှေစင်တစ်စ ပေးခဲ့ရတာ မနှမျောနဲ့ တန်ပါတယ်။ ဒီလိုမျက်လှည့်မျိုးကို ငါကိုယ်တော်ငယ်စဉ်က တစ်ကြိမ်သာ ကြည့်ဖူးခဲ့တယ်။ အခု မောင်မင်းတို့အသက်အရွယ်တွေနဲ့ ငါ့သားတော်များတော့ ဘယ်မြင်ဖူးလိမ့်မလဲ၊ မျက်လှည့်ဆရာအတွက် အင်မတန် အသက်အေးနိုးသကွယ်၊ ထူးဆန်းလွန်းတော့ မှော်ပညာပဲ၊ မှော်ဆရာကြီးပဲ၊ စုန်းကောင်ကြီးပဲဆိုပြီး ဖမ်းပြီးသတ်ပစ်တာခံရတတ်တယ်"

သူရစက္က အံ့ဩသွား၏။ သူက ဝန်ခံစကားကို လျှောက်တင်လိုက်သည်။

"မှန်လှပါ၊ ကျွန်တော်မျိုးလဲ ဖမ်းချင်တာ တစ်ပိုင်းကို သေသွားတာပဲဘုရား၊ သူသာမိုးပေါ်တက်ပြေးမသွားဘူးဆိုရင် ဖမ်းပြီး နှောင်ကြိုးတည်းလိုက်မှာ အမှန်ပါပဲ၊ အခုလဲ မဖမ်းလိုက်ရလို့ မကျေမနပ်ဖြစ်နေတုန်းပါဘုရား"

"သဘောတရားနားမလည်တော့ ဖြစ်မှာပေါ့ကွယ်၊ ကိုင်း-ညှော်ခံပွဲတက်လာပြီး ထိုင်လည်းမထိုင်ရ၊ စားလည်းမစားရ ဖြစ်နေသေးတာကသိပ်ဟန်မကျလှဘူး၊ ဝင်ထိုင်ကြဦး၊ စားရင်း သောက်ရင်း စကားပြော



ကြတာပေါ့၊ ဒီညှော်ခံပွဲမှာတော့ ညီလာခံလို သဘောမထားကြဘဲ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ပြောဆိုကြနော်"

သူရစက္ကနှင့် သတ္တိဗလတို့နှစ်ဦးသည် သူတို့အတွက် လွတ်နေသော နေရာများတွင် ဝင်ထိုင်ကြသည်။ သူရစက္ကက ပွဲမဝင်ဖူးသေးသည့် သတ္တိဗလ ရှက်နေမည်စိုး၍ စားသောက်ဖွယ်ရာများကို ယူပြီး ပန်းကန်ထဲ ထည့်ပေးသည်။

"မှူးတော်မတ်တော်များနဲ့ ပေဒင်ဆရာကြီးများ၊ နတ်ဆရာကြီးများအထဲကရော ဒီလိုမျက်လှည့်မျိုး မြင်ဖူးကြည့်ဖူးသူများ ရှိကြသလား"

မဟာရာဇာကမေးသဖြင့် အမတ်ချုပ်ကြီး နန္ဒသူရက ပြန်လည်လျှောက်တင်လေသည်။

"မှန်လှပါ၊ ကျွန်တော်မျိုးငယ်စဉ်က တစ်ကြိမ်ကြည့်ဖူးပါတယ်ဘုရား"

နတ်ဆရာကြီးများ၏အကြီးအကဲဖြစ်သူ သိဂ်ီဒေဝက မကြည့်ဖူးသော်လည်း ကြားဖူးနားဝရှိကြောင်း လျှောက်တင်သည်။

ကျန်သူများက ဆိတ်ဆိတ်နေခြင်းဖြင့် မကြည့်ဖူးကြောင်း ဖော်ပြကြလေသည်။

"အမတ်ချုပ်ကြီးနဲ့ နတ်ဆရာချုပ်ကြီးတို့က ကျွန်ုပ်နဲ့အသက်အရွယ်မကွာလှတော့ မကြည့်ဖူးရင်တောင် ကြားဖူးကြမှာပဲ၊ ဒီလို မျက်လှည့်မျိုးရဲ့သဘောတရားကိုရော သိကြသလား"

နှစ်ဦးစလုံးပင် မသိကြောင်းဖြေကြ၏။

သားတော်ကြီးများကား စိတ်ဝင်စားနေကြသဖြင့် တစ်ဦးနဲ့တစ်ဦး ထမေးရန်တိုက်တွန်းကြသည်။ ဝန္ဓုရာဇာက ဝင်ရောက်တာဝန်ယူလိုက်၏။ သူက ဖခမည်းတော်ကို လျှောက်တင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ ခမည်းတော်သိရင် ရှင်းပြသင့်ကြောင်းပါဘုရား၊ သားတော်တို့ကြားနာလိုလှပါတယ်"

"သဘောတရားကတော့ စိတ်ရဲ့တန်ခိုးသတ္တိပဲကွဲ့၊ စိတ်တန်ခိုးနဲ့ ဖန်ဆင်းပြသတဲ့ မျက်လှည့်ပဲ၊ အဲဒီ မျက်လှည့်ကိုပြတဲ့ စိတ်တန်ခိုးရှင်ဟာ အဲဒီမျက်လှည့်ပွဲမှာ မရှိဘူး။ အခြား တစ်နေရာရာမှာရှိတယ်။ လူထူးလူဆန်းကြီးဟာ မျက်လှည့်ဆရာမဟုတ်ဘူး၊ ပြောရရင် လူအစစ်မဟုတ်ဘူး။ မြွေကလည်း မြွေအစစ်မဟုတ်ဘူး။ စိတ်တန်ခိုးနဲ့ ဖန်ဆင်းထားတဲ့ အဆင်းသဏ္ဌာန်တွေပဲဖြစ်တယ်။ ကြိုးဟာလည်း အဆင်းသဏ္ဌာန်ပဲ၊ အိတ်ကြီးကတော့အစစ်ပေါ့၊ စိတ်တန်ခိုးရှင်ဟာ သူဖန်ဆင်းလိုက်တဲ့ လူထူးလူဆန်းကြီးကို အိတ်အစစ်တစ်လုံး ကိုင်ခိုင်းလိုက်တာပဲ၊ ဒါဟာလည်း လှည့်ကွက်တစ်ခုပေါ့၊ အိတ်အစစ်ကြီးကို တွေ့လိုက်ရတဲ့လူဟာ ခုနလူထူးလူဆန်းကြီးကိုလည်း လူအစစ်လို့ထင်သွားတာပေါ့"

မဟာရာဇာ၏စကားကို အားလုံးပင် တအံ့တသြ နားထောင်ကြ၏။

"အဲဒီလို ဖန်ဆင်းထားတဲ့လူတွေဟာ တကယ့်လူတွေလိုပဲ တကယ့်ပစ္စည်းပစ္စယတွေကို ကိုင်တွယ်သုံးစွဲ ယူဆောင်လို့ရတယ်၊ တကယ့်လူတွေကို ရိုက်နှက်တိုက်ခိုက်လို့လဲရတယ်၊ သူရစက္ကတို့ကြည့်ခဲ့တဲ့ပြကွက်မှာ ဖန်ဆင်းထားတဲ့မြွေက တကယ့်ရွှေစကို ကိုက်ချီသွားတာကြည့်ပေါ့။ အခုလောက်ဆိုရင် အဲဒီရွှေစဟာ စိတ်တန်ခိုးရှင်ရဲ့ လက်ထဲမှာရောက်နေပြီ"

အားလုံးငြိမ်နေကြသည်။ မဟာရာဇာကသာ ဆက်ပြော၏။

"ခုန ကျွန်ုပ်ပြောခဲ့သလို ဒီလိုမျက်လှည့်မျိုးပြတဲ့လူဟာ အသက်ဘေးနီးလေတော့ ဒီလိုမျက်လှည့်မျိုးစီစဉ်ပြသသူမျက်လှည့်ဆရာ စိတ်



တန်ခိုးရှင်ဟာ ဘယ်တော့မှ လူလုံးထွက်မပြဘူး။ သူရစက္ကဟာ မျက်လှည့်ဆရာကြီးကို ဖမ်းဖို့ကြိုးစားပြီး ဖမ်းမိရင်တောင် အဲဒါမျက်လှည့်ဆရာအစစ်မှမဟုတ်ဘဲ။ သူရစက္ကကတော့ လူအစစ်ထင်ပြီး နှောင်ကြိုးတဲလိမ့်မယ်။ ဘာရမလဲ၊ စိတ်တန်ခိုးရှင်က သူ့လူကို အချိန်မရွေး မှုန်ဝါးပျောက်ကွယ်သွားအောင် လုပ်လို့ရတယ်။ စိတ်တန်ခိုးရှင်ဟာ ဆက်ပြီးလှည့်စားချင်သေးရင် သူရစက္ကက သတ်ပစ်လိုက်တဲ့အထိ သူ့လူကို ဖန်ဆင်းထားလို့ရတယ်။ သူပိုင်နေတဲ့အရုပ်သူ့သဘောပေါ့"

မဟာရာဇာက စကားကိုရပ်ထားလိုက်၏။ အားလုံးငြိမ်သက်နေသည့်ကြားက အိမ်ရှေ့စံကိုယ်တော်ကြီးသက္ကရာဇာက မေးမြန်းလေသည်။

"မှန်လှပါ၊ ခမည်းတော် မိန့်တော်မူတဲ့အတိုင်းဆိုရင် အတော်ကြောက်စရာကောင်းတဲ့တန်ခိုးပါလားဘုရား၊ အဲဒီစိတ်တန်ခိုးရှင်ဟာ မှော်ဆရာ မဟုတ်ဘူးလားဘုရား၊ သားတော်ကြီး ကြားဖူးတာက မှော်ဆရာကြီးတွေလည်း အဲဒီလို တန်ခိုးတွေရှိပြီး လူတွေကို မကောင်းကြံတတ်တယ်လို့ ကြားဖူးပါတယ်"

"စိတ်တန်ခိုးရှင်နဲ့ မှော်ဆရာဆိုတာ မတူဘူးသားတော်ကြီးရဲ့။ ပြသနိုင်တဲ့တန်ခိုးချင်းဟာ တစ်ခါတစ်ရံ တူသယောင်ရှိပေမဲ့ တကယ့်တကယ် ယှဉ်ပြိုင်မယ်ဆိုရင် မှော်ဆရာကနိမ့်တယ်။ အဓိကကွာခြားတာက စိတ်တန်ခိုးရှင်ဟာ စိတ်ကိုအထူးထက်မြက်အောင်လေ့ကျင့် ထားလို့ တန်ခိုးတွေကို ဖော်ထုတ်နိုင်တာဖြစ်တယ်။ မှော်ဆရာဆိုတာ စိတ်ထက်မြက်မှု အနည်းအကျဉ်းလောက်သာရှိပြီး အစီအရင်တွေ၊ ပညာစခန်းတွေကိုအားကိုးပြီး တန်ခိုးတွေကို ဖော်ထုတ်ရတာကွဲ့။ ပြီးတော့ စိတ်တန်ခိုးရှင်တွေဟာ စိတ်ကောင်းရှိကြတယ်။ လူသားတွေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ကြင်နာသနားတတ်တယ်၊ မော်ဆရာတွေကတော့ တစ်ကိုယ်ကောင်းဆန်ပြီး စိတ်ယုတ်မာရှိလေတော့ သူနဲ့မတူတဲ့လူတွေအပေါ် မကောင်းကြံလေ့ရှိကြတယ်"

သားတော်ကြီးသက္ကရာဇာသည် အိမ်ရှေ့စံမင်းအဖြစ် တာဝန်ယူနေရသူပီပီ စိတ်ဓာတ်အတွေးအခေါ်အင်အား မြင့်မားသူဖြစ်လေရာ သူ့ခေါင်းထဲတွင် မေးသင့်မေးထိုက်သော မေးခွန်းများ အစီအရီပေါ်လာလေသည်။

"မကောင်းကြံတတ်တဲ့လူတွေကို ဒီလိုတန်ခိုးမျိုးတွေရအောင် ဘယ်သူကပေးတာလဲ ဖခမည်းတော်"

"တစ်ဦးတစ်ယောက်ပေးတယ်ဆိုရင် အဲဒီတစ်ဦးတစ်ယောက်မှာ အပြစ်ရှိသွားတာပေါ့။ ဒါပေမဲ့ ဘယ်သူကမှပေးတာ မဟုတ်ဘူးကွဲ့၊ သဘာဝတရားက တန်ခိုးတွေကိုဖော်ထုတ်ယူတာဆိုတော့ ဖော်နိုင်တဲ့လူကရသွားတာပါပဲ။ အနီးစပ်ဆုံးဥပမာပေးရမယ်ဆိုရင် သားတော်မောင်ကိုင်တဲ့ဓားနဲ့ လူဆိုးသူခိုးတွေကိုင်တဲ့ဓားဟာ အကျိုးပြုပုံချင်းမတူညီသလိုပေါ့၊ ဓားဆိုတဲ့ဓားကတော့အတူတူပဲ မဟုတ်လား"

"ဒီလိုစိတ်ယုတ်မာရှိတဲ့ မော်ဆရာမျိုးကြီးတွေကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းလို့ သဘောမထားသင့်ဘူးလား ခမည်းတော်၊ သားတော်စဉ်းစားမိတာက သူတို့အန္တရာယ်ဟာ ပေါ့သေးသေးမှမဟုတ်ဘဲ၊ တကယ်လို့များ စစ်တပ်ကြီးတစ်တပ်ကိုဖန်ဆင်းပြီး သားတော်တို့ရဲ့ ရွှေမြို့တော်ကို လာဝိုင်းမယ်ဆိုရင် ဒုက္ခမများနိုင်ဘူးလား ဖခမည်းတော်"

သူရစက္ကသည် စားရင်းသောက်ရင်းနားထောင်နေရာမှ အိမ်ရှေ့စံကိုယ်တော်ကြီး၏ မေးခွန်းကိုသဘောကျသွား၏။ သူ့စိတ်ထဲတွင်မေးချင်နေသည်မှာလည်း ဤအတိုင်းဖြစ်၏။



"ဘာမှမလုပ်တဲ့ မော်ဆရာကိုတော့ မသတ်သင့်ပါဘူးကွယ်၊ မော်ဆရာလည်းဖြစ်မယ်၊ မကောင်းကြံမှုအတိုင်းအတာလဲ ကြီးတယ်ဆိုရင် သူကျူးလွန်တဲ့ပြစ်မှုအလိုက် အပြစ်ပေးရမှာပဲသားတော်၊ သူဟာ ပြစ်မှုကျူးလွန်တဲ့ လူဆိုးသူခိုး စာရင်းဝင်သွားပြီ၊ စစ်တပ်ကြီးတစ်တပ်ကို ဖန်ဆင်းပြီး ရွှေမြို့တော်ကိုလာဝိုင်းမယ်ဆိုရင်လည်း အမှန်ပဲ ဒုက္ခများနိုင်တာပဲ၊ သို့သော် ဖခမည်းတော်သိသလောက်က မော်ဆရာကြီးတွေရဲ့ဖန်ဆင်းနိုင်မှုတန်ခိုးဟာ အကန့်အသတ်ရှိလေတော့ အဲဒီလောက်များတဲ့အရေအတွက်ကိုဖန်ဆင်းနိုင်ဖို့ လွယ်မယ်မထင်ဘူးကွဲ့"

ဤတွင် နတ်ဆရာချုပ်ကြီး သိင်္ဂါဒေဝကလည်း ဝင်ရောက်လျှောက်တင်၏။

"မှန်လှပါ၊ ကျွန်တော်မျိုးကြားဖူးတာလဲ မော်ဆရာတွေဟာ အဆင်းသဏ္ဍာန်ဖန်ဆင်းမှု အမျိုးလေးဆယ်လောက်ပဲတတ်နိုင်တယ်လို့ ကြားဖူးပါတယ်ဘုရား"

"အဲဒီအမျိုးလေးဆယ်က တစ်ပြိုင်နက်ဖန်ဆင်းနိုင်သလား နတ်ဆရာချုပ်ကြီး"

အိမ်ရှေ့စံကိုယ်တော်ကြီးက လှမ်းမေးလိုက်သည်။

"မှန်ပါ၊ တချို့မော်ဆရာတွေက တစ်ခါဖန်ဆင်းရင်တစ်မျိုးပဲထွက်ပြီး တချို့ အဆင့်မြင့်မော်ဆရာတွေကတော့ တစ်ပြိုင်နက်တည်း အမျိုးလေးဆယ် ဖန်ဆင်းနိုင်တယ်လို့ ကြားဖူးပါတယ်ကိုယ်တော်ကြီး"

"ကျွန်ုပ်မေးတာ အဓိပ္ပာယ်ရှိတယ် နတ်ဆရာချုပ်ကြီး၊ ဥပမာ မော်ဆရာတစ်ဦးက စစ်သားအယောက်လေးဆယ်ဖန်ဆင်းပြီး နန်းတော်ထဲ ဝင်ရောက်စီးနင်းရင်ဘယ်လိုလုပ်မလဲ၊ သူတို့က ဖန်ဆင်းထားတဲ့စစ်သားတွေဆိုတော့ ကျွန်ုပ်တို့ကဓားနဲ့ခုတ်လို့ သေကြေပျက်စီးနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



" သာမန်ဓားတွေနဲ့ ထိုးခုတ်ရင်တော့ သေကြေပျက်စီးခြင်း မရှိဘူးလို့ သိရပါတယ် ကိုယ်တော်ကြီး၊ ဒါကြောင့်လည်း ကျွန်တော်မျိုးတို့ ရွှေမြို့တော်ကထုတ်လုပ်တဲ့ဓားတိုင်းမှာ ဓားဦးနားမှာဖြစ်စေ၊ ဓားအရင်းပိုင်းမှာဖြစ်စေ၊ ဓားအရွက်တစ်နေရာရာမှာ ကြေးသတ္တုအပြားဝိုင်းကလေးတွေမြှုပ်နှံထားကြောင်းပါဘုရား။ ဒါဟာ ဒီလိုနာနာ ဘာဝ*၁ တွေနဲ့ တိုက်ပွဲဝင်ရာမှာ သူတို့ကိုသေကြေပျက်စီးစေနိုင်တဲ့ အစီအရင်*၂ဖြစ်ပါတယ်ကိုယ်တော်ကြီး"

သက္ကရာဇာ အံ့သြသွားသည်။

" ကြည့်စမ်း၊ ဒါကို ကျုပ်အခုမှသိတော့တယ်၊ အိမ်ရှေ့မင်းလုပ်ပြီး ညံ့ဖျင်းလှပါကလား၊ ဒါဆိုရင် ဒီလိုအကောင်တွေဟာ ကြေးသတ္တုကို ကြောက်တယ်ပေါ့၊ မတည့်တဲ့သဘောရှိတာပေါ့ ဟုတ်သလား"

"မှန်ပါ. . . ကိုယ်တော်ကြီးဘုရား"

"ဒီလိုဆိုတော်သေးတာပေါ့ နတ်ဆရာချုပ်ကြီးရယ်၊ မဟုတ်ရင် ကျုပ်တို့မှာ မှော်ဆရာတွေပြုသမျှနုရမယ့်သဘောရှိနေလေရဲ့"

မဟာရာဇာဘုရင်ကြီးသည် သားတော်ကြီး၏စကားကို သဘောကျပြီး ဟက်ဟက်ပက်ပက်ရယ်မောလေသည်။

"မဆိုးပါဘူး၊ သားတော်ကြီးကနိုင်ငံတော်ကာကွယ်ရေးအမြင်နဲ့ သတိတရားတော့ အမြဲတမ်းရှိပေသားပဲ၊ ဒါပေမဲ့ သားတော်ကြီးက ကိုယ့်ကိုယ်ကို ညံ့ဖျင်းလှကြောင်း အပြစ်တင်တာကတော့ ဖခမည်းတော်ကို အပြစ်တင်သလိုဖြစ်နေတယ်၊ ခမည်းတော်စကားမစပ်မိလို့ ဒီအကြောင်းတွေ မပြောဖြစ်တာပါ။ ခုတော့ အကြောင်းတိုက်ဆိုင်လာလို့ ပညာပေးဖြစ်သွားပြီ။ သားတော်အားလုံး အသိဉာဏ်ဗဟုသုတ တိုးသွားတာပေါ့လေ။ သူရစက္ကကိုမျက်လှည့်ပြခဲ့တဲ့ စိတ်တန်ခိုးရှင်ကိုပဲ ကျေးဇူးတင်ရတော့မှာပဲ"



"မှန်ပါ၊ သားတော်ကြီးရဲ့စကားမှာ အမှားပါရင် ခွင့်လွှတ်တော်မူပါဘုရား၊ သားတော်ကြီးထပ်မေးချင်တာက အခု မျက်လှည့်ပြခဲ့တာ စိတ်တန်ခိုးရှင်လား၊ မှော်ဆရာလားဆိုတာကို ဖခမည်းတော် ဘယ်လို ခွဲခြားလိုက်ပါသလဲဘုရား"

"သားတော်ကြီးမေးတာ မေးသင့်တဲ့မေးခွန်းပဲ၊ မှော်ပညာတစ်ကွက်နှစ်ကွက်တတ်ပြီး ရွှေစလိုချင်လို့ မျက်လှည့်ပြစားတဲ့ မှော်ဆရာမျိုးတွေလဲ ဒီလိုပြကွက်မျိုးလောက်တော့ လုပ်ပြတတ်ပါတယ်။ သို့သော် အခုဟာက သာမန်ရွှေစလိုချင်ရုံမဟုတ်ဘဲ တပ်မှူးသူရစက္ကကိုသာ ပြချင်လို့ တပ်မှူးအဆင့်ရှိ မင်းစိုးရာဇာအဆင့်ရှိသူတွေလောက်မှ ထုတ်ပေးနိုင်မယ့် နွားတစ်ကောင်လောက် တန်ဖိုးရှိတဲ့ရွှေစကို တောင်းနေတာလို့ ခမည်းတော်ယူဆတယ်။ တပ်မှူးကိုယ်တိုင် ကြည့်လိုက်ရမှ ဒီပြကွက်အကြောင်း အသေးစိတ်ခမည်းတော်ရဲ့နားကိုပေါက်မှာကိုး၊ ဒီတော့မှလည်း စိတ်တန်ခိုးရှင်တစ်ဦးပြခဲ့တဲ့ ဒီလိုပြကွက်မျိုးကို မြင်ဖူးထားတဲ့ ဖခမည်းတော်က စိတ်တန်ခိုးရှင်တစ်ဦးတော့ပေါ် ထွန်းနေပြန်ပြီလို့ သုံးသပ်မိစေချင်တဲ့သဘော ဖြစ်ဟန်တူတယ်၊ ခမည်းတော်က ဒီလို ဆင်ခြင်ပြီး ခွဲခြားလိုက်တာပါ၊ မှားချင်လည်းမှားမှာပေါ့၊ ဘယ့်နှယ့်လဲ နတ်ဆရာချုပ်ကြီး အသင်ရော ဘယ်လိုသဘောရသလဲ"

မဟာရာဇာက လှမ်းမေးလိုက်၍ နတ်ဆရာချုပ်ကြီးသိဂ်ါဒေဝက ပြန်၍ လျှောက်လေသည်။

"မှန်လှပါ၊ အရှင်မင်းကြီး သုံးသပ်တာဖြစ်နိုင်ခြေရှိပါတယ်ဘုရား၊ ပိုပြီးသေချာစေချင်ရင်တော့ ပွဲခင်းတစ်ဝိုက်မှာရှိနေတဲ့ ကွင်းပိုင်နတ်ကို နတ်ဝင်သည်တစ်ဦးဆီ ဝင်ပူးခိုင်းပြီး မေးကြည့်ရမှာပဲဘုရား၊ ဒီဖန်ဆင်းထားတဲ့ နာနာရုပ်တွေရဲ့သခင်ဟာ ဘယ်သူလဲဆိုတာ ကွင်းပိုင် နတ်က

www.burmeseclassic.com

www.burmeseclassic.com



တော့ ခွဲခွဲခြားခြားသိမှာပါပဲ၊ သို့သော် ယခုညတော့ ခေါ်မမေးသင့်တော့ပါဘူး၊ မနက်ဖြန်ကျမှ စီစဉ်ပြီးမေးကြည့်သင့်ကြောင်းပါဘုရား”

နတ်ပူးနတ်ဝင်မှုများကို မယုံကြည်သော သတ္တိဗလသည် နတ်ဆရာချုပ်ကြီး၏စကားကို စိတ်ဝင်စားသွား၏။ တကယ်မေးမည်ဆိုလျှင် သူလေ့လာချင်သေးသည်။

မဟာရာဇာကအမိန့်ချ၏။

“ကောင်းပြီလေ၊ ဒီကိစ္စတွေကို မနက်ဖြန်ကျမှ ဆက်ဆွေးနွေးပြီး စီစဉ်ဆောင်ရွက်ကြတာပေါ့။ မနက်ဖြန်မှာ နယ်စားသားတော်ကြီးများနဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နေ့လယ်ခင်းကျမှလုပ်မှာဆိုတော့ မနက်ဖြန်မှာ ဆောင်ရွက်ချိန်ရပါတယ်၊ ကိုင်း-ဧည့်ခံပွဲသိပ်ညဥ့်နက်သွားဦးမယ်၊ ဗန္ဓုရာဇာ- နေဝဗလရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ ပြန်ဆက်ပေတော့”

ဗန္ဓုရာဇာက လက်ခုပ်တီးလိုက်သည်။ ထိုအခါ တစ်ဖက်ခန်းတွင် အသင့်စောင့်ဆိုင်းနေသော သစ်အယ်ချောင်နတ်ဆရာကြီး နေဝဗလသည် ဧည့်ခံပွဲခန်းမထဲသို့ ကူးဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

နေဝဗလသည် မဟာရာဇာဘုရင်ကြီးအား လက်အုပ်ချီအရိုအသေ ပြု၍ လျှောက်တင်သည်။

" ဘုရားကျွန်တော်မျိုး တစ်ဖက်ခန်းတွင် စောင့်ဆိုင်းနေစဉ် အရှင်မင်းကြီးတို့ မိန့်ကြားနေသော မျက်လှည့်အကြောင်း ကြားရပါသည်ဘုရား။ ခိုးယူနားထောင်ခြင်းမပြုဘဲ ကြားနာရသည့်အကြောင်း လျှောက်တင်အပ်ပါသည်။ ထိုသို့ကြားနာပြီးသောအခါ ဘုရားကျွန်တော်မျိုးတင်ဆက်ရန်စီစဉ်ထားသော လက်လှည့် မျက်လှည့်အချို့ကို တင်ဆက်ရန် ရှက်ရွံ့သွားရပါသည်။ အကြောင်းမှာ 'ထိပ်တန်းမျက်လှည့်ကြီး' တစ်ခုကိုကြားသိပြီးသော ဧည့်ပရိသတ်ကြီးကို ကျွန်တော်မျိုး၏ အညံ့စားမျက်လှည့်များ မပြဝံ့တော့သောကြောင့် ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ကျွန်တော်မျိုး၏သမီး ပုလဲနန္ဒာ၏ မာယာအကကိုသာ ပွဲသိမ်းအကအဖြစ်နှင့် တင်ဆက်လိုကြောင်းပါဘုရား"

မဟာရာဇာဘုရင်ကြီးက နေဝဗလကို နှစ်သိမ့်တော်မူသည်။

" သည်လိုတော့လဲ ဘယ်ဟုတ်မလဲ နေဝဗလရယ်၊ အညံ့စားပဲဖြစ်



ဖြစ်၊ အကောင်းစားပဲဖြစ်ဖြစ် ရည်ရွယ်ချက်ကတော့ ပရိသတ်ကို အံ့သြစေတဲ့ရသပေးဖို့ပဲ မဟုတ်လား၊ သင့်အစီအစဉ်များအတိုင်း ပြစေဗျား"

" မှန်လှပါဘုရား၊ အမိန့်တော်ရှိသည့်အတွက် ကျွန်တော်မျိုးနှင့် သမီးဖြစ်သူ ပုလဲနန္ဒာတို့က လက်လှည့်၊ မျက်လှည့်ပြကွက်တစ်ကွက်နှစ်ကွက်ခန့်ပြပြီး သမီးဖြစ်သူ၏မာယာအကနှင့် နှုတ်ဆက်ပွဲသိမ်းပါမည်ဘုရား"

နေဝဗလသည် လက်ခုပ်တီးလိုက်၏။ ခန်းမထဲသို့ ပုလဲနန္ဒာ ပြေးဝင်လာသည်။ သူမ၏ဝတ်စုံသည် ပြောင်းလဲသွားပြီ၊ ပွယောင်းသောဝတ်ရုံအဖြူကြီးကို ဝတ်ဆင်လာ၏။ သူမ၏လက်ထဲတွင် ဝါးလက်ကိုင်တပ်ထားသော ခြင်းတောင်းသဏ္ဌာန်ရက်လုပ်ထားသည့် ပိုက်ကွန်တစ်ခု ကိုင်လာသည်။

သူမသည် ထိုပိုက်ကွန်ကို နေဝဗလအားလှမ်းပေးလေသည်။

"အဖေ၊ ဒီပိုက်ကွန်နဲ့ သမီးကိုခိုဖမ်းပေးပါ"

" ညကြီးမင်းကြီး ဖမ်းလို့ဖြစ်ပါ့မလားသမီးရယ်"

" ဖြစ်ပါတယ်အဖေ၊ သမီးတို့ သစ်အယ်ချောင်ရွာကလူတွေ ဘယ်လိုခိုဖမ်းကြတယ်ဆိုတာ ဘုရင်မင်းမြတ်နှင့်တကွသားတော်တွေ၊ ဧည့်သည်တော်တွေကို မြင်စေချင်လို့ပါ"

" ဒါဆိုလဲ ကြိုးစားကြည့်သေးတာပ"

နေဝဗလသည် ပိုက်ကွန်ကို ဝါးရိုးလက်ကိုင်မှကိုင်၍ ဝေ့ရမ်းပြီးခန်းမအလယ်တွင် လှည့်ပတ်ပြေးလွှားသည်။ ဘာမှမရှိသော လေထဲတွင် လိုက်ဖမ်းနေလေသည်။ တစ်ခဏအတွင်း ဘာမှမရှိသော လေထဲမှခိုဖြူတစ်ကောင်ကိုဖမ်းမိ၏။ ပိုက်ကွန်ထဲတွင် ခိုသည် တောင်ပံတဖျတ်ဖျတ်ခတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇာက လက်ခုပ်တီးသဖြင့် အားလုံးလိုက်၍ လက်ခုပ်တီးကြသည်။

နေဝဗလသည် ဖမ်းမိသောခိုကို ပုလဲနန္ဒာ၏လက်တွင်ထည့်ပြီး ထပ်ဖမ်းပြန်သည်။ ထပ်မိပြန်၏။ ပုလဲနန္ဒာ၏လက်ထဲတွင် ခို ငါးကောင်ခန့်ရောက်သွားသောအခါ နေဝဗလကပြော၏။

" တစ်ကောင်ချင်းဖမ်းနေရတာ ကြာတယ်သမီးရယ်၊ ဒီတစ်ခါ များများဖမ်းကြည့်မယ်"

ပြောပြောဆိုဆို ပိုက်ကွန်ကိုဝှေ့ရမ်းလိုက်ရာ ပိုက်ကွန်ထဲတွင် တောင်ပံတဖျတ်ဖျတ်ခတ်နေသော ခိုဖြူငါးကောင်ပါလာလေသည်။

နေဝဗလသည် ဘုရင်ကြီးကိုဦးညွှတ်အရိုအသေပြုလိုက်သည်။ အားလုံးက လက်ခုပ်တီးသြဘာပေးကြ၏။

" ကျွန်တော်မျိုးက ခိုအတုတွေ မဖန်ဆင်းတတ်တော့ ဒီခိုဖမ်းပွဲပြဖို့ ရွှေနန်းတော်ကခိုတွေကို တစ်ညနေလုံး ကြိုးစားပြီးဖမ်းခဲ့ရပါတယ် ဘုရား"

အားလုံးဝိုင်း၍ ရယ်မောကြသည်။

" ဒီခိုတွေက ဘယ်ကနေဘယ်လိုထွက်လာတာလဲ နေဝဗလရဲ့"

အိမ်ရှေ့စံကိုယ်တော်ကြီးကမေး၍ နေဝဗလပြန်ဖြေသည်။

" ကျွန်တော်မျိုး၏ ဝတ်ရုံထဲဝှက်၍ယူလာခဲ့ခြင်းဖြစ်ကြောင်းပါဘုရား"

" သင့်ဝတ်ရုံထဲမှာ ဒီခိုဆယ်ကောင်ဆံ့သလား"

ကိုယ်တော်ကြီးက တအံ့တသြမေးသည်။

" တောင်ပံဖြန့်လို့သာ ခိုက ကြီးတယ်ထင်ရတာပါဘုရား၊ တောင်ပံအုပ်ပြီး စုစုစည်းစည်းထည့်ထားလို့ရပါတယ်"



ပုလဲနန္ဒာက ပိုက်ကွန်နှင့်ခိုများကိုယူသွားပြီး အခန်းဝကစောင့်နေသော နန်းတွင်းသူတစ်ဦး၏လက်ထဲထည့်သည်။ ပုလဲနန္ဒာ ပြန်ဝင်လာသောအခါ နေဝဗလက  အစီအစဉ်ကိုကြေညာသည်။

" ဒုတိယအစီအစဉ်ကတော့ ပုလဲနန္ဒာက ခေါင်ရည်ကျည်တောက်ဆယ်လုံးကို မနားတမ်းသောက်ပြမယ့်အစီအစဉ်ပါပဲ"

နေဝဗလ၏ ကြေညာချက်ကိုကြားရသောအခါ အားလုံးရွှင်ပျရယ်မောကြသည်။ နယ်စားကြီးများဖြစ်သော သားတော်ကြီးများအုပ်စုကပို၍မြူးထူးကြသည်။ သူတို့အချင်းချင်း တီးတိုးပြောဆိုပြီး ရယ်မောကြသည်။

" တစ်ထွာလောက်ရှိတဲ့ ခေါင်ရည်ကျည်တောက်ဆယ်လုံးဖြစ်မှာပေါ့"

" ဘာပဲဖြစ်ဖြစ် မူးလဲရင်ပြဿနာပဲ"

ထိုအချိန်တွင် နန်းတွင်းသူဆယ်ယောက်သည် တစ်တောင်ကျော်ခန့်ရှည်လျားသောဝါးကျည်တောက်တစ်လုံးစီကိုင်ပြီး ဝင်လာကြသည်။ ဝါးကျည်တောက်များ၌ ခေါင်ရည်အပြည့်ပါလေသည်။

" ရေတွေဆိုရင်တောင် ကုန်အောင်သောက်ဖို့မလွယ်ပါဘူး"

သားတော်တစ်ပါးကရေရွတ်သည်။

ပုလဲနန္ဒာသည် မုဆိုးဒူးထောက်ထိုင်ပြီး လက်ခုပ်နှစ်ခုကိုပါးစပ်နားတွင် ခံပြီးမော့ပေးသည်။

ဝါးကျည်တောက်ကိုင်ထားသောနန်းတွင်းသူက ခေါင်ရည်ကို ပုလဲနန္ဒာ၏ပါးစပ်ထဲ လောင်းထည့်ပေးသည်။ အဖိတ်အစင်ရှိသော်လည်း ခေါင်ရည်တစ်ကျည်တောက်လုံး ပုလဲနန္ဒာ၏ပါးစပ်ထဲ ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျည်တောက်ကုန်သွားသောအခါ ပုလဲနန္ဒာသည် အ သက်ကို ပြင်းပြင်းရှူပြီး ဝမ်းဗိုက်ကိုပွတ်၏။ ထို့နောက် နောက်တစ်ကျည်တောက် လောင်းထည့်နိုင်ရန် အသင့်ပြင်ပြန်သည်။

ဤသို့ဖြင့် ကျည်တောက်ခုနစ်လုံးခန့်ကုန်သောအခါ ပုလဲနန္ဒာ၏ဝမ်းဗိုက်သည် အဆမတန် ကားထွက်လာ၏။ ကိုယ်ခန္ဓာသည် ယိုင်တိယိုင်တိုင် ဖြစ်လာ၏။ မူးယစ်ဝေဟန် ပေါ်လာ၏။

မျက်လှည့်ပါဟုကြေညာထားသည့်ကြားကပင် အားလုံး၏ရင်ထဲ၌ ပုလဲနန္ဒာအတွက်စိတ်ပူလာ၏။ သတ္တိဗလတစ်ယောက်သာ ဤပြကွက်အကြောင်း သိပြီးသားဖြစ်နေ၍ အေးအေးလူလူပင် ကြည့်နေ၏။ တပ်မှူးသူရစက္ကက သူ့ကို လက်ကုတ်ပြီး မေးသည်။

“ ဘယ်လိုလဲဟ၊ မင်းအစ်မတကယ်သောက်နေတာလား၊ မျက်လှည့်ပြနေတာလား”

“ တကယ်သောက်နေတာလို့ထင်ရင် တကယ်သောက်နေတာပဲပေါ့ တပ်မှူး၊ ပြီးရင်တပ်မှူးသိသွားပါလိမ့်မယ်၊ သူတို့ရှင်းပြမှာပါ”

ပုလဲနန္ဒာ၏ပြကွက် ပိရိသေသပ်ပုံကိုကြည့်ပြီး သတ္တိဗလ သဘောကျနေ၏။ ပြောရင်းဆိုရင်းပင် ခေါင်ရည်ကျည်တောက်ကိုးလုံး ကုန်သွားပြီ။ ပုလဲနန္ဒာသည် မုဆိုးဒူးထောက်အနေအထားမှ ယိုင်လဲကျသွားသဖြင့် လက်တစ်ဖက်ဖြင့် ထောက်ထားလိုက်ရသည်။

မိဖုရားခေါင်ကြီးက လန့်အော်၏။ ညဉ့်ခံပွဲတစ်ချိန်လုံး ရာဇက္ကဒြေနှင့်နေတော်မူခဲ့သော မိဖုရားခေါင်ကြီးသည် သည်တစ်ပွဲတော့မနေနိုင်တော့ပေ။

“ ဟဲ့---ကလေးမရဲ့၊ နင့်ဟာကဖြစ်ပါ့မလား၊ ကြည့်လုပ်ပါဦး”

နေဝဗလက အလျင်အမြန်လျှောက်တင်ရသည်။



“ စိုးရိမ်တော်မမူပါနဲ့ဘုရား၊ ပြီးခါနီးပါပြီ၊ ခေါင်ရည်ကျည်တောက်တစ်လုံးသာ လိုပါတော့တယ်”

“ တော်ပြီ၊ တော်ပြီ ဆက်မတိုက်နဲ့တော့၊ ကလေးမမူးလဲကျသွားတာငါမကြည့်ချင်တော့ဘူး”

“ အမိန့်တော်မြတ်အတိုင်းပါဘုရား”

နေဝဗလသည် ခေါင်ရည်တိုက်ခြင်းကို ရပ်ဆိုင်းလိုက်ပြီး ပုလဲနန္ဒာကို တွဲထူလိုက်သည်။

“ကဲ-သမီးပုလဲနန္ဒာ ဒီလောက်များလှတဲ့ခေါင်ရည်တွေကို သမီးဘာဖြစ်လို့ သောက်နိုင်သလဲဆိုတာပြလိုက်ပါဦး”

ပုလဲနန္ဒာသည် ဘုရင့်နှင့်မိဖုရားဘက်သို့လှည့်၍ လက်အုပ်ချီသည်။ ထို့နောက် အဖြူရောင်အပေါ်ဝတ်ရုံရှည်ကြီးကို ချွတ်လိုက်၏။ အတွင်းက ကိုယ်ကြပ်ဝတ်စုံအဖြူနှင့်ကပ်လျက် ရင်ဘတ်နှင့်ဝမ်းဗိုက်တစ်လျှောက်တွင် သားရေပျော့နှင့်ချုပ်ထားသော အိတ်ကြီးတစ်လုံးကို တွေ့ရ၏။ အိတ်ကြီးကား ခေါင်ရည်များနှင့် ဖောင်းကားနေလေသည်။

“ ပုလဲနန္ဒာမှာ နောက်ထပ် ဝမ်းဗိုက်တစ်လုံး အပိုပါပါတယ်ဘုရား”

မဟာရာဇာက သဘောကျလွန်း၍ လက်ခုပ်လည်းတီး၊ ရယ်လည်းရယ်၏။ ညဉ့်ခံပွဲတစ်ခုလုံး လက်ခုပ်သံများနှင့် ဖုံးလွှမ်းသွားလေသည်။

ခေါင်ရည်များနှင့်ဖောင်းကားနေသော အိတ်ကြီးကို နေဝဗလက ဖြုတ်ယူလိုက်သည်။ အပေါ်ရုံဝတ်ရုံရှည်ကြီးနှင့် အိတ်ကြီးကို နန်းတွင်းသူများလက်သို့အပ်လိုက်၏။ နန်းတွင်းသူများပြန်ထွက်သွားသောအခါ နေဝဗလက ဆက်လက်တင်ဆက်မည့် အစီအစဉ်ကိုမိတ်ဆက်သည်။

“ ယခု ပွဲသိမ်းတင်ဆက်မယ့် အစီအစဉ်က ‘မာယာအတ’ ဖြစ်ပါတယ်၊ ပုလဲနန္ဒာဟာ အချစ်ဇာတ်လမ်းဇာတ်ကွက်တစ်ခုကို အပြောအ

www.burmeseclassic.com

www.burmeseclassic.com



ဆိုမပါဘဲ အကနဲ့သာသရုပ်ဖော်သွားမှာဖြစ်လို့ 'မာယာအက'လို့ နာမည်ပေးထားတာဖြစ်ပါတယ်၊ မာယာအကဆိုတဲ့ နာမည်နဲ့လိုက်ဖက်ခြင်း ရှိမရှိ ကြည့်ရှုအားပေးတော်မူကြပါဘုရား"

နေဝဇလပြန်ထွက်သွားသည်နှင့် တစ်ဖက်ခန်းမှ တီးလုံးစသည်။ တီးလုံးသံအကြားတွင် ပုလဲနန္ဒာသည် သိမ်မွေ့ညက်ညောစွာ ကလေသည်။

ပုလဲနန္ဒာသည် သူမတစ်ဦးတည်းကရင်းနှင့် ဘေးမှယောကျ်ားရုပ်တစ်ဦးပါလာသယောင် သရုပ်ဖော်လေသည်။ မမြင်ရသော ဇာတ်ဆောင်တစ်ဦးကို အကနှင့်ဖန်ဆင်းခြင်းပင်တည်း။ လှည့်စားသောသဘောပါသောကြောင့် မာယာအကဟု အမည်ပေးထားခြင်းဖြစ်၏။

ချစ်သူနှင့်ချိန်းတွေ့ခြင်းကို သရုပ်ဖော်ရာတွင် ပုလဲနန္ဒာ၏အကသည် သရုပ်ပေါ်လွန်းလှ၏။ ယောကျ်ားပျို၏ပွေ့ဖက်မှုကို ရုန်းကန်ခြင်း၊ ရှောင်တိမ်းထွက်ပြေးခြင်း၊ လက်တစ်ဖက်ကိုဆွဲထားသည့်တိုင်ဆက်လက်ရုန်းကန်နေခြင်း၊ ယောကျ်ားပျို၏အနမ်းများကို ရှောင်ရှားခြင်း၊ ထို့နောက် ချစ်သူ၏အလိုကိုလိုက်ခြင်း၊ ပြန်လည်ပွေ့ဖက်ခြင်း၊ ချစ်သူ၏ပခုံးတွင်မှီကာ ကြည်ကြည်နူးနူး တွဲဖက်လမ်းလျှောက်ခြင်း စသည့်အမူအရာများ၏ သရုပ်ပါလွန်းမှုကြောင့် သူမအနီးမှ ယောကျ်ားပျိုကို ကြည့်သူတိုင်း၏မျက်လုံးထဲတွင် ထင်ယောင်မြင်ယောင်ဖြစ်လာ၏။

မဟာရာဇာသည် ဘေးမှ မိဖုရားခေါင်ကြီးကို တီးတိုးပြောပြီး ပုလဲနန္ဒာကို ချီးကျူးလေသည်။

" တောသူမသာဆိုတယ်၊ အနုပညာမှာ အတော်ထက်ပေတာပဲ မိဖုရားကြီးရဲ့"



" မှန်လှပါ၊ ထက်မြက်လွန်းတာမှ ကြောက်စရာတောင် ကောင်းနေပါတယ်အရှင်မင်းကြီး"

မိဖုရားကြီးကလည်း အကကိုကြည့်ရှုရင်း နှစ်ကိုယ်ကြားပြန်လျှောက်၏။

" ဘယ်လို ကြောက်စရာကောင်းတာတုန်း၊ ရှင်းအောင် ပြောစမ်းပါဦး မိဖုရားကြီးရယ်"

" ဖန်ဆင်းနိုင်တဲ့တန်ခိုးနဲ့ပတ်သက်လို့ ခုန အရှင်မင်းကြီးပေးခဲ့တဲ့ ဥပမာမျိုးလိုပေါ့၊ ဓားနဲ့တူတယ်ဆိုတဲ့ ဥပမာလေ၊ လူကောင်းက ဓားကိုင်တဲ့အခါ အကျိုးသက်ရောက်မှုကတစ်မျိုး၊ လူဆိုးကဓားကိုင်တဲ့ အခါ အကျိုးသက်ရောက်မှုကတစ်မျိုး ဆိုသလိုပဲ၊ ဒီကလေးမရဲ့ပညာဟာလည်း ဓားတစ်လက်ပဲ၊ သူ့ကို မိန်းမကောင်းဖြစ်အောင် မွေးနိုင်ရင်တော်ပါရဲ့၊ မိန်းမလည်သာ ဖြစ်သွားရင်တော့ ယောကျ်ားအတော်များများကို ဒုက္ခပေးပစ်လိုက်နိုင်တယ်"

မဟာရာဇာက ခေါင်းညိတ်သဘောတူသည်။

" မှန်ပေတယ် မိဖုရားကြီး၊ ပုလဲနန္ဒာရဲ့အနုပညာဟာ ဓားတစ်လက်ပေပဲ၊ အထိန်းအကွပ်ရှိဖို့ အမှန်ပဲလိုတယ်"

အားလုံးပင် ပုလဲနန္ဒာ၏ 'မာယာအက'၌ နစ်မျောကြသည်။ ဤကဲ့သို့ ယောကျ်ားအဖော်မပါသော မိန်းကလေးတစ်ဦးတည်းကသည့် စုံတွဲအကမျိုးကို သူတို့မကြည့်ဖူးကြသေးချေ။

သတ္တိဗလသည်ပင် အစ်မဖြစ်သူ၏ အနုပညာကိုအံ့သြရသည်။ ပုလဲနန္ဒာသည် စိတ်ပါလက်ပါကနေခြင်း ဖြစ်၏။ သူမသည် ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေသည်။ သူမ အာရုံစိုက်သည်မှာ တေးသွားတီးကွက်နှင့် သူမ တွဲကနေသည့် မမြင်ရသည့်ယောကျ်ားပျိုသာလည်း။ အကပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသည့်အခါမှပင် မိမိညှော်ခံပွဲတွင် ကပြဖျော်ဖြေနေကြောင်း၊ ဘုရင်မင်းမြတ်ကို အရှိအသေပြုရမည့်အကြောင်း ပြန်သတိရလာတော့သည်။

အားလုံးသြဘာပေးကြသည်။ နယ်စားကြီးတစ်ဦးဖြစ်သူ ပံသုရာဇာဆိုလျှင် ထိုင်ရာမှထ၍ပင် သြဘာပေး၏။

ပုလဲနန္ဒာ ပြန်ထွက်သွားသောအခါ မင်းသားလေးဗန္ဓုရာဇာက ညှော်ခံပွဲအစီအစဉ်ပြီးဆုံးကြောင်း ကြေညာသည်။ အားလုံးကိုယ်စား ဘုရင်ကြီးမဟာရာဇာကပင် ကျေးဇူးတင်စကားပြော၏။

မဟာရာဇာနှင့် မိဖုရားခေါင်ကြီးတို့ ခန်းမမှ အလျှင်ထွက်၏။ ထို့နောက် အိမ်ရှေ့စံကိုယ်တော်ကြီး၊ နယ်စားကြီးများ၊ မှူးကြီးမတ်ကြီးများစသဖြင့် အဆင့်နေရာတာဝန်အရ ကြီးစဉ်ငယ်လိုက် ထွက်ကြသည်။

ဗန္ဓုရာဇာသည် ဟေမာသီရိကို အဆောင်တော်အထိ လိုက်ပို့သည်။ နှုတ်ဆက်ခွဲခွာခါနီးတွင် ဗန္ဓုရာဇာက ဟေမာသီရိကို သူ စဉ်းစားနေသည့် အချက်တစ်ချက်အား ဖွင့်ပြောလိုက်၏။

" ဖခမည်းတော်ပြောတဲ့ စိတ်တန်ခိုးရှင်ဆိုတာ နှမတော်ပြောခဲ့တဲ့ ကဣဒ္ဓိပါဒရသေ့ပျိုများ ဖြစ်နေမလားလို့ မောင်တော်စဉ်းစားမိတယ် နှမတော်"

ဟေမာသီရိသည် ဗန္ဓုရာဇာအား တအံ့တသြမော့ကြည့်မိ၏။

" ကြည့်စမ်း နှမတော်လဲ အဲဒါစဉ်းစားနေတာ၊ ဒါပေမဲ့ မောင်တော်ရယ် ဟုတ်ချင်မှလဲဟုတ်မှာပါ၊ သူ နှမတော်နဲ့ ခွဲခွာပြီးထွက်သွားတာ ဘယ်နှရက်ရှိသေးလို့လဲ၊ ငါးရက်လောက်ပဲရှိသေးတာ၊ ဒီလောက်အချိန်တိုအတွင်းမှာ သူရည်မှန်းထားတဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေရဖို့ လွယ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

စိတ်သည် လွန်စွာမှ ဆန်းကျယ်လှပေသည်။

မဟာရာဇာသည် ယတိပြတ်မပြောနိုင်သည့်တိုင် စိတ်တန်ခိုးရှင်တစ်ဦး ပေါ်ထွန်းနေပြီဟု ခန့်မှန်းလိုက်၏။ ဗန္ဓုရာဇာနှင့်ဟေမာသီရိတို့ကလည်း ထိုစိတ်တန်ခိုးရှင်သည် ဣဒ္ဓိပါဒရသေ့ပျိုများလားဟု ဝါးတားတား စဉ်းစားမိကြ၏။ ဤသည်ပင် စိတ်၏ဆန်းကြယ်မှု ဖြစ်၏။ စင်စစ်မဟာရာဇာ၏ခန့်မှန်းချက်သည် မှန်၏။ ဗန္ဓုရာဇာနှင့် ဟေမာသီရိတို့၏ ဝိုးတဝါးစဉ်းစားမှုမှာလည်း မှန်၏။ ထိုစိတ်တန်ခိုးရှင်သည် ဣဒ္ဓိပါဒရသေ့ပျိုပင် ဖြစ်လေသည်။

ဣဒ္ဓိပါဒရသေ့ပျိုသည် ဟေမာသီရိနှင့်တွေ့ဆုံပြီး ခွဲခွာသွားသည့်နေ့မှာပင် ဆရာအရှင်တစ်ဦးဖြစ်သော ဝဏ္ဏသိဒ္ဓိအမည်ရှိသောရသေ့ကြီးတစ်ပါးနှင့် ဆုံစည်းရ၏။

ရသေ့ကြီးသည် ဣဒ္ဓိပါဒရသေ့ပျိုလာရာလမ်းမှ ဆီးကြို၍စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ သူတို့နှစ်ဦး ဆုံစည်းမိသည့်အချိန်မှာ နေဝင်ရီတရော ဖြစ်နေလေပြီ။



ခရီးလမ်း၏ နံဘေးမြက်ခင်းပေါ်တွင် တင့်တယ်စွာထိုင်နေသည့် ရသေ့ကြီးကိုမြင်သောအခါ ရသေ့ပျိုသည် ဝင်ရောက်ဦးခိုက်လိုက်သည်။

"ပင်ပန်းနွမ်းနယ်နေပြီလား ဣဒ္ဓိပါဒရသေ့လေး"

အမည်နာမကို ထုတ်ဖော်၍ မေးမြန်းခြင်းခံရသောအခါ ရသေ့ပျိုသည် အံ့သြသွားသည်။

ထက်မြက်သောရသေ့ကြီးတစ်ပါးနှင့် ဆုံစည်းရလေပြီဟု တွေးမိကာဝမ်းသာသွား၏။

"မှန်ပါ၊ အထိုက်အလျောက် ပင်ပန်းနွမ်းနယ်မှုရှိပါသည်ဘုရား"

"ကောင်းပြီ၊ ဤနေရာကား အနားယူညအိပ်စခန်းချရန် အသင့်တော်ဆုံးနေရာပင်တည်း၊ ရေလည်းနီး၍ လေလည်းကွယ်၏၊ မီးမွှေးရန် ထင်းပေါက်ထင်းခြောက်များလည်း ပေါသည်၊ ဤနေရာ၌ပင် နားလော့"

" မှန်ပါဘုရား၊ အရှင်ဘုရားကော ဘယ်ကလာပြီး ဘယ်ကို ကြွမှာလဲဘုရား"

" ကျွန်ုပ်သည် ဟိမဝန္တာတောင်ပေါ်တွင်နေ၏၊ ထိုနေရာမှလာ၏။ ဤနေရာအထိပင် ကြွလာခြင်းဖြစ်၏၊ အဓိကမှာ သင့်ကို လာစောင့်နေခြင်းဖြစ်သည် ရသေ့လေး"

"အကျွန်ုပ်လာမည်ကို ကြိုသိပါသလား ဘုရား၊ အဘယ်အကြောင်းကိစ္စရှိလို့ အကျွန်ုပ်ကို လာစောင့်နေပါသလဲဘုရား"

"အသင်လာမည်ကို ကျွန်ုပ်အပါအဝင် ကျွန်ုပ်တို့ ဟိမဝန္တာဆရာအရှင်အားလုံး ကြိုသိပါသည်၊ အသင်လာရခြင်း ရည်ရွယ်ချက်ကိုသိ၍ ကူညီရန် လာစောင့်ခြင်းဖြစ်သည်၊ အသင်သည်တန်ခိုးဣဒ္ဓိပါဒ်များ

www.burmeseclassic.com

www.burmeseclassic.com



ရအောင် ကျင့်ကြံအားထုတ်မည်ဟူသော ရည်ရွယ်ချက်နှင့်လာခဲ့သည် မဟုတ်လော၊ ဤရည်ရွယ်ချက်ကို ကူညီဖြည့်ဆည်းပေးရန် လာရောက် စောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်ပေသည်”

ရသေ့ပျိုသည် ဝမ်းမြောက်မှုကြောင့် ကြက်သီးမွေးညင်းများ ထ,သွား၏။ သူမျှော်လင့်တောင့်တနေခဲ့သော တကယ့်ဆရာတစ်ဦးကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရလေပြီ။

ထိုနေ့ညနေက ထိုနေရာ၌ပင် ဆရာတပည့်နှစ်ဦး ထိုင်စကားပြောကြသည်မှာ သန်းခေါင်ယံသို့တိုင်၏။ စင်စစ် ဆရာရသေ့ကြီးကသာလျှင် ဩဝါဒစကားများ ပြောကြားခဲ့ခြင်းဖြစ်ပြီး သူက နားထောင်သမား သက်သက်ဖြစ်လေသည်။

ဆရာရသေ့ကြီး၏ ပြောကြားချက်အရ ဤနေရာမှရှေ့ဆက်၍ ခရီးဆက်လျှင် လမ်းခရီး၏ကြမ်းတမ်းခြင်း၊ ရာသီဥတုဆိုးဝါးခြင်းနှင့် သားရဲတိရစ္ဆာန်များ ပေါများလှခြင်းတို့ကြောင့် တော်ရုံတန်ခိုး ဣဒ္ဓိပါဒ်မျှနှင့်ပင် ခရီးဆက်ရန်မလွယ်ဟုဆို၏။ သာမန်လူများကား အသက်ဆုံးရှုံးဖို့သာ ရှိသည်ဟု ပြော၏။

ဣဒ္ဓိပါဒရသေ့ပျိုသည် ယခုအခါ ရသေ့ဝတ်ခါစမျှပင် ပြန်ဖြစ်နေသဖြင့် ဤခရီးကြမ်းကို ဖြတ်သန်းရန် မစွမ်းသာတော့ပေ။ ထိုအခြေအနေကိုထောက်ထားသောအားဖြင့် ဆရာရသေ့ကြီးက ကြို၍ စောင့်ဆိုင်းနေခြင်း ဖြစ်သည်ဆို၏။

နောက်ထပ်အချက်တစ်ချက်မှာ ရသေ့ပျို၏ တန်ခိုးဣဒ္ဓိပါဒ်များဖြစ်ပေါ်ရန် ဘူမိနက်သန်နေရာမှန်သည် ဤနေရာပင်ဖြစ်သည်ဟူ၏။ လူတစ်ယောက်သည်လည်းကောင်း၊ ရသေ့တစ်ဦးသည်လည်းကောင်း၊



မွေးဖွားရာနေရာမတူကြသကဲ့သို့ သေဆုံးရာနေရာလည်း မတူနိုင်။ တစ်မြေတည်း၌နေပြီး တစ်မြေတည်း၌သေကာ တစ်သချိုင်းတည်းမြှုပ်ခြင်းခံရသည့်တိုင် တစ်ကျင်းတည်း မဖြစ်နိုင်။ တစ်ကျင်းတည်းဖြစ်သည့်တိုင် အပေါ်နှင့်အောက် ကွာဦးမည်။

ဆိုလိုသည်မှာ ‘လူသားကိုယ်ခန္ဓာ’၏ နေရာယူမှုသည် သီးခြားဆန်မှု၊ မတူခြားနားမှုကို ပေါ်လွင်စေလိုရင်းဖြစ်သည်။

မတူမှုများကို သဘောပေါက်မှ တူမှုများကို သဘောပေါက်နိုင်မည်ဖြစ်၏။ ရသေ့ပျိုသည် ထိုအချက်ကိုချဲ့ထွင်တွေးတောကာ အကျယ်စဉ်းစားလာမိ၏။ တန်ခိုးဣဒ္ဓိပါဒ်ကို လိုလားတောင့်တမှုသည် မိမိတစ်ဦးတည်းပိုင်မဟုတ်။ အခြားလိုလားတောင့်တသူများလည်း အများအပြားရှိနိုင်ပေသည်။ အနည်းဆုံး နောက်တစ်ဦးရှိနေနိုင်သည်။ ထိုနောက်တစ်ဦးနှင့် သူသည် တောင့်တမှုဆန္ဒအတူတူဖြစ်သော်လည်း ဆန္ဒပြည့်ဝမည့် ‘အချိန်နှင့်နေရာ’ ကား မတူခြားနားပေလိမ့်မည်။

“အသင့်ဆန္ဒကား နက်ဖြန်သန်ဘက်မှာပင် ပြည့်ဝပေလိမ့်မည်၊ သို့သော် တန်ခိုး ဣဒ္ဓိပါဒ်အရာ၌ ပြည့်စုံခြင်းဖြစ်၏၊ ထို့ကြောင့် သင့်ဆန္ဒအလုံးစုံ၏တစ်ဝက်ပြည့်ပြီဟုဆိုရမည်၊ သင်သည် တန်ခိုးဣဒ္ဓိပါဒ်များ ရရှိပြီးနောက် လောက၏ အနှစ်သာရများကို ဆက်လက်ရှာဖွေလိုသူ မဟုတ်လော”

ဆရာရသေ့ကြီး၏ မိန့်ကြားချက်သည် သွေးထွက်အောင်မှန်နေပြန်သည်။ ရသေ့ပျိုသည် မနက်ဖြန်တန်ခိုးဣဒ္ဓိပါဒ်များရလိမ့်မည်ဟူသော ရသေ့ကြီး၏နိမိတ်စကားကြောင့် အားရဝမ်းသာဖြစ်သွား၏။

“အဘယ်ကြောင့် မနက်ဖြန်သန်ဘက်တွင် အသင် တန်ခိုးဣဒ္ဓိပါဒ်များ ရရှိလိမ့်မည်ဟု ကျွန်ုပ်ကြိုတင်ပြောနိုင်သနည်း၊ အကြောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် ဆုံစည်းရ၍ဖြစ်၏၊ တန်ခိုးဣဒ္ဓိပါဒ်များရအောင် အားထုတ်နိုင်ရန်မှာ ဆရာလိုပေသည်။ ဆရာမရှိဘဲ စမ်းတဝါးဝါးအားထုတ်လျှင်ကား သင့်ဘဝသက်တမ်းကုန်ဆုံးသည့်တိုင် ရရှိနိုင်လိမ့်မည်မဟုတ်ပေ၊ အဘယ့်ကြောင့် ကျွန်ုပ်နှင့်ဆုံဆည်းခွင့်ရသနည်း၊ သင့်အတွက် 'အချိန်'ကျရောက်လာပြီ ဖြစ်သောကြောင့်တည်း၊ အချိန်ဟုဆိုရာ၌ နေ့နှင့်ညတို့ တစ်လှည့်စီဖြစ်ပေါ်ရာမှ လူသားတို့ သတ်မှတ်ထားသော အချိန်ကို မဆိုလို၊ တစ်ရက်၊ နှစ်ရက်စသော ရေတွက်ခြင်းဆိုင်ရာ ပညတ်တရားကို မဆိုလို၊ သင့်ဘဝသက်တမ်းကို အမှတ်အသားပြုထားသော တစ်နှစ်၊ နှစ်နှစ်၊ အသက်နှစ်ဆယ် စသောရေတွက်ခြင်းဆိုင်ရာ ပညတ်တရားကို မဆိုလို၊ သင်လုပ်ဆောင်ရမည့် လောကဝတ်များ သို့တည်းမဟုတ် လုပ်ငန်းတာဝန်များ၊ သို့တည်းမဟုတ် အလုပ်များကို ထိုက်သင့်သလောက် ပြုလုပ်ပြီးသောအချိန်ကိုသာ ဆိုလိုခြင်းဖြစ်၏၊ ရသေ့လေး-သင်သည် အချိန်ကျရောက်လျှင် အလိုလို ဖြစ်လာလိမ့်မည်ဟူသော စကားကို အမှတ်မမှားလင့်။ နေနှင့်လတို့ စောင့်ကြည့်ရင်း အချိန်ကို စောင့်နေပါက သင်တောင့်တသောအရာသည် ဖြစ်ပေါ်လာလိမ့်မည်မဟုတ်၊ သင့်ရှေ့တွင် ပေါ်လာသောအလုပ်များကို ဝေဖန်ဆန်းစစ်မှုရှိရှိဖြင့် ပြီးဆုံးအောင် လုပ်ဆောင်ခြင်းဖြင့်သာ အချိန်ကိုမျှော်လင့်နေရာ၏။ ယခုအခါ သင်သည် ဤသို့လုပ်ခဲ့၏၊ ဤသို့လုပ်ခဲ့ခြင်းကြောင့် သင့်၌ ဝတ္တရားကျေပွန်ခဲ့၏၊ ထိုအခါ ကျွန်ုပ်နှင့် ဆုံစည်းခွင့်ရသောအချိန်သည် ပေါ်ထွန်းလာရပေသည်"

ရသေ့ပျိုသည် ထိုဆုံးမစကား၌ စိတ်ဓာတ်အာဟာရဖြစ်ကာ မိမိကိုယ်မိမိ စိတ်ချယုံကြည်မှုများ တိုးပွားလာလေသည်။



"ဆိုရိုးစကားတစ်ခုကို မှတ်လော့၊ တပည့် အဆင်သင့်ဖြစ်သောအခါ ဆရာရောက်လာလိမ့်မည် ဟူသော စကားတည်း"

"မှန်ပါ၊ မှတ်သားထားပါမည် ဘုရား"

"ရသေ့လေး-သင်သည် ယနေ့ပင် ဖခင်လောင်းဘဝကို ခံယူခဲ့၏၊ ထိုအချက်သည် သင့်အတွက် ပြည့်စုံရမည့်အချက်တစ်ချက် ဖြစ်၏၊ သင်သည် ရာဂတဏှာကို ကျော်လွန်နိုင်ခဲ့ပြီ၊ အသင် ယနေ့ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်သည် ဝတ္တရားလည်းဖြစ်၏၊ စစ်ဆေးမှုလည်းဖြစ်၏၊ သင်သည် ရာဂကို ကြုံခဲ့ရ၏၊ အချစ်ကို ပေါက်ဖွားခဲ့၏၊ ထိုအရာတို့ကို သင်စွန့်လွှတ်နိုင်၏၊ ရသေ့လေး-လူ့လောကတွင် ဤအရာတို့သည် စွန့်လွှတ်နိုင်ခဲသော အရာများဖြစ်ပေသည်၊ ထိုအရာများကို မစွန့်လွှတ်နိုင်ဘဲ သင်တောင့်တသော တန်ခိုးဣဒ္ဓိပါဒ်များကို ရရှိလိမ့်မည်မဟုတ်"

ဆရာရသေ့ကြီးက ထိုအကြောင်းကို ပြန်လည်ဝေဖန်ပြသောအခါ ရသေ့ပျို၏ခေါင်းထဲတွင် မေးခွန်းတစ်ခုပေါ်လာ၏။ ထိုမေးခွန်းကား ရုက္ခစိုးကြီး၏ စကားအတိုင်း ဟေမာသီရိ၌ ကိုယ်ဝန်ရှိ မရှိဟူသော မေးခွန်းဖြစ်၏။ လွန်ကျူးခြင်းမရှိဘဲ သန္ဓေတည်သည်ဆိုခြင်းမှာ လူ့လောကတွင် မဖြစ်နိုင်စကောင်းသောအရာ မဟုတ်ပါလော။

ရသေ့ပျိုသည် ထိုအကြောင်းကို ထုတ်ဖော်မေးရန် သင့် မသင့် စဉ်းစားစဉ်တွင် ရသေ့ကြီးက ဖြေလေသည်။

"ရသေ့လေး-ယုံမှားသံသယ မရှိလင့်၊ ဟေမာသီရိ၌ သန္ဓေစွဲကပ်သွားလေပြီ၊ အသင်၏ အရှက်အကြောက်ကြီးမှုကိုထောက်ထား၍ နတ်တို့က ကူညီခြင်းဖြစ်၏၊ ဤနည်းဖြင့်ရအပ်သော သန္ဓေသားကို မေထုန်မဲ့မျိုးဆက်ခြင်းဖြင့်ရအပ်သော သန္ဓေဟုခေါ်၏၊ ဤနည်းကို နောင်နှစ်ပေါင်းများစွာကြာသောအခါ လူသားတို့ပင် ဆောင်ရွက်နိုင်လိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်၏၊ ကျူးလွန်စရာမလိုဘဲ ယောက်ျားတစ်ဦး၏ ဗီဇပိုးကို မိန်းမတစ်ဦး၏ဗီဇဥထံ ပို့ပေးခြင်းတည်းဟူသော မေထုန်မဲ့မျိုးဆက်နည်းကို လူသားတို့ သိရှိလာလိမ့်မည်၊ ယခုအခါ၌ကား လူတို့အကြား နားလည်ရ ခက်ခဲပေလိမ့်မည်၊ မည်သို့ပင်ဖြစ်စေ ထိုသန္ဓေသားသည် သင်၏သား ဖြစ်၏။ သင်သည် တန်ခိုးဣဒ္ဓိပါဒ်ရှင်ဖြစ်သွားသည်ဖြစ်စေ၊ သင်၏သားကို ဘဝတစ်ခုအတွက် အဝေးမှစောင့်ရှောက်ရန် တာဝန်ရှိနေပေသည်"

"ဖခင်အရင်းမဟုတ်သည့်တိုင် ထိုသူငယ်၌ မိစုံဖစုံဖြစ်မည်ဖြစ်ရာ အကျွန် စောင့်ရှောက်ရန်လိုအပ်ပါမည်လားဘုရား"

"လိုပေသည်၊ ထိုသူငယ်၏ ကမ္မတရားအရ သင်ကဲ့သို့သော ဖခင်အရင်း တန်ခိုးဣဒ္ဓိပါဒ်ရှင်တစ်ဦး၏ စောင့်ရှောက်မှုကို တောင်းဆိုထားသည်၊ မလွှဲမရှောင်သာ အသင်ထိန်းသိမ်းစောင့်ရှောက်ရမည်၊ သို့သော်ဓမ္မတာပင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းသာဖြစ်၏၊ ထိုသူငယ်၏ကံကို ဝင်ရောက်ခြယ်လှယ်၍မရပေ"

ထို့နောက် ရသေ့ကြီးသည် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပတ်သက်သော အကြောင်းအရာများကို ဆက်လက်ရှင်းပြလေသည်။

တန်ခိုးဣဒ္ဓိပါဒ်မှာ သဘာဝစွမ်းအင်ဖြစ်၍ ထူးဆန်းသည် မဆိုသာသော်လည်း လူသားတိုင်း ရနိုင်ခဲ့ကြသဖြင့် ထူးဆန်းသည့်စာရင်းထဲဝင်နေခြင်းဖြစ်၏။

ရသေ့ဝတ်တိုင်းလည်း ရနိုင်သည်မဟုတ်။ ပို၍ဆိုးသည်မှာ ရသေ့တို့တွင် 'ရသေ့သာသနာ' ဟူ၍မရှိဘဲ ဂိုဏ်းအသီးသီး၊ အုပ်စုအသီးသီး၊ တစ်သီးပုဂ္ဂလ စသဖြင့်ကွဲပြားနေရာ တူညီသောရည်မှန်းချက်ပန်းတိုင်မရှိကြချေ။ ထို့ကြောင့် ရသေ့ဝတ်တိုင်း၌ အဆင့်မြင့် ရည်မှန်းချက်မရှိ။



အဆင့်လည်းမမြင့်ကြ။ အဆင့်မြင့်ရန် ပါရမီပါလာသူမှသာ မြင့်လာကြခြင်းဖြစ်၏။ တန်ခိုးဣဒ္ဓိပါဒ်ကို မလိုချင်မတောင့်တသူသည် ရမည်မဟုတ်။ ဣဒ္ဓိပါဒရသေ့ပျို ကား စွဲစွဲလမ်းလမ်း လိုချင်ဆန္ဒပြင်းပြခဲ့သဖြင့် သူ့ဆန္ဒနှင့် ကြိုးပမ်းမှုများ ပြည့်စုံလာခြင်းဖြစ်၏။

တန်ခိုးဣဒ္ဓိပါဒ်ရရန် သမာဓိကို ထူထောင်ရမည်ဖြစ်၏။ သမာဓိဆိုသည်မှာ စိတ်ကိုတည်ငြိမ်စေခြင်းဖြစ်၏။ စိတ်တွင် သဘောသဘာဝနှစ်မျိုးရှိ၏။ တစ်မျိုးမှာ ပျံ့လွင့်ခြင်းဖြစ်၏။ စိတ်ပျံ့လွင့်ခြင်းကို အခြားမည်သည့်အရာကမှ မနှိုင်းယှဉ်နိုင်။ ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်၏။ တစ်မျိုးမှာ တည်ငြိမ်ခြင်းဖြစ်၏။ စိတ်တည်ငြိမ်ခြင်းကိုလည်း အခြားမည်သည့်အရာကမှ မနှိုင်းယှဉ်နိုင်ချေ။ ကြောက်စရာ ကောင်းလောက်အောင်တည်ငြိမ်၏။ တည်ငြိမ်သောစိတ်မှ တန်ခိုးဣဒ္ဓိပါဒ်များ ပေါ်ထွက်လာခြင်းဖြစ်ပေသည်။

အခြေခံ သဘောတရားများကို ရှင်းပြပြီးသောအခါ ဆရာတပည့်နှစ်ဦးအိပ်စက်အနားယူကြ၏။

နောက်တစ်နေ့မနက်အစောကြီးတွင် ရသေ့ကြီးက ရသေ့ပျိုကို နှိုး၏။ ရသေ့ပျိုသည် နိုးကြားစွာ ထ၏။

"ရသေ့ပျို- ပတ်ဝန်းကျင်ကို ကြည့်လော့၊ အရုဏ်မတက်မီ မှောင်နေခြင်းဖြစ်၍ မကြာမီပင် အရုဏ်တက်လိမ့်မည်၊ ထိုအခါ အရှေ့အရပ်တောင်ကြားဘက်သို့ မျက်နှာမူကာ ထက်ဝယ်ဖွဲ့ခွေထိုင်လော့၊ အထက်ပိုင်းကိုယ်ခန္ဓာကို မတ်မတ်ထားကာ သက်သောင့်သက်သာအနေအထားဖြစ်အောင် ကြိုးစားရင်း ထွက်ပေါ်လာမည့်နေကို စောင့်စားလော့၊ ထိုနေသည် တစ်စတစ်စ ထွက်ပေါ်လာလိမ့်မည်၊ မိုးကုပ်စက်ဝိုင်းမှ လွတ်ကျွတ်သည်နှင့် ထိုနေအဝန်းအဝိုင်းကိုကြည့်လော့ သေချာစွာ

www.burmeseclassic.com



မှတ်သားလေလော့၊ ထိုနေအဝန်းအဝိုင်းသည် မြင့်တက်လေ သေးငယ်လေ ဖြစ်လိမ့်မည်၊ မည်သို့ဖြစ်စေ ထိုနေသည် သင့်စိတ်ကူးအာရုံတွင် ထိန်းသိမ်းရမည့်နိမိတ် ဖြစ်၏။ ထိုနိမိတ်ကို အခြေခံကာ ဈာန်ရအောင် ကြိုးစားရမည်၊ သင့်အနီးတွင် ကျွန်ုပ်ထိုင်ပြီး သင့်ကိုစောင့်ရှောက်မည် ဖြစ်၏၊ စိတ်ချလက်ချ အလုပ်လုပ်လေ”

ရသေ့ပျိုသည် ပတ်ဝန်းကျင်ကို ဝိုးတဝါးသာမြင်ရသည့် အလင်းရောင်တွင် စမ်းပေါက်မှကျသောရေကို ဖက်ရွက်ဖြင့်ခတ်ဆောင်၍ ရသေ့ကြီးအား ကပ်၏။ ကိုယ်တိုင်မှု စမ်းပေါက်ဝတွင် မျက်နှာသစ်၊ လက်ခြေဆေး ခြေဆေး၏။

သင့်တော်ရာ အရပ်တွင် အလေးအပေ့ါ စွန့်ကြ၏။ အရုဏ်တက်သည်နှင့် စတင်ထိုင်ကြသည်။

တောင်တန်းဒေသ၏သဘာဝအတိုင်း နှင်းမြူထူထပ်စွာကျနေသဖြင့် ထွက်ပေါ်လာသောနေမင်းကြီးအား ရှေ့မှမြူဇာပုဝါခံ၍ မြင်ရ၏။ နေမင်းကြီးသည် ပန်းသီးတစ်လုံး၏နီရဲခြင်းမျိုးဖြင့် ကြီးမားဝန်းဝိုင်းစွာ ပေါ်ထွက်လာလေသည်။

ရသေ့ပျိုသည် ယုံကြည်စိတ်ချမှုအပြည့်နှင့် ထိုနေမင်းကြီးကို အာရုံစိုက်ကာ ကြည့်သည်။ ထက်သန်လွန်းသော ဆန္ဒနှင့် ဝီရိယတို့ကြောင့် တစ်ခဏအတွင်းမှာပင် ထိုအာရုံ၌ စူးစိုက်မိလေသည်။ ရသေ့ပျိုသည် မျက်တောင်ခတ်မိသည်မခတ်မိသည်ကိုပင် သတိမထားမိတော့ဘဲ စူးစူးရဲရဲ ကြည့်လေ၏။

“ရသေ့ပျို-သင့်မျက်စိကို မှိတ်စမ်းကြည့်လော့၊ မျက်စိမှိတ်လျက် ထိုနေကိုပြန်အာရုံပြုကြည့်လော့၊ စိတ်ကူးအာရုံထဲတွင် ထိုနေကို မြင်ရလျှင် သင့်အာရုံတွင် နိမိတ်ထင်ပေပြီ၊ ထိုထင်သောနိမိတ် မည်မျှကြာကြာ



ခံသနည်း၊ စမ်းသပ်လော့၊ ပျောက်သွားလျှင် မျက်လုံးပြန်ဖွင့်ပြီးပြန်ကြည့်လော့၊ စွဲလောက်ပြီထင်လျှင်၊ မျက်စိ ပြန်မှိတ်၍ စမ်းလော့၊ ထိုနိမိတ်ကို စွဲမြဲစွာ စိတ်ကူးအာရုံပြုနိုင်လျှင် သင့်၌ဈာန်အကျိုးပေါ်အံ့”

ရသေ့ပျိုသည် ဆရာအရှင်၏ ညွှန်ကြားချက်အတိုင်း ကြိုးစား၏။ ကြိုးစားသည့်အတိုင်းလည်း ခရီးပေါက်၏။ နေရောင်မရင့်၊ နှင်းမကွဲခင်မှာပင် နေသည် အာရုံထဲ၌ နိမိတ်အဖြစ် စွဲထင်လေသည်။ စွဲထင်နေသော နေဝန်းသည် အပြင်က နေဝန်းထက်ပင် ကြည့်ကောင်းလှသောကြောင့် ရသေ့ပျို၏စိတ်သည် ပြင်ပသို့ လုံးဝမပျံ့လွင့်တော့။ ကြည့်ရင်းကြည့်ရင်းနှစ်ခြိုက်လာ၏။ သာယာလာ၏။ ပီတိဖြစ်လာ၏။ ပီတိအဟုန်နှင့် ရသေ့ပျို၏စိတ်သည် ပေါ့ပါးလာသည်။ စိတ်လက်ပေါ့ပါးခြင်းနှင့်အတူ ခန္ဓာကိုယ်ပါ ကြွတက်လာသည်။

သူ့ကိုယ်သူ မသိသော်လည်း ခန္ဓာကိုယ်သည် မြေပြင်မှတစ်တောင်ခန့် ကြွတက်နေ၏။ ဤကဲ့သို့ ကောင်းမွန်နေသော အခြေအနေကိုဆုပ်ကိုင်ကာ ဆရာအရှင်သည် လိုအပ်သော ညွှန်ကြားချက်များ ဆက်ပေးသည်။ ဤသို့ဖြင့် တစ်မနက်အတွင်းမှာပင် ရသေ့ပျိုသည် ပထမဈာန်ကို ဆွတ်ခူးအောင်မြင်သွားခဲ့သည်။

ပထမဈာန်ရခြင်းသည် စတုတ္ထဈာန်အတွက် အခြေခံဖြစ်ပေရာ ဆရာအရှင်ဝဏ္ဏသိဒ္ဓိ၏ ကြပ်မတ်ညွှန်ပြမှုအောက်တွင် ဣန္ဒိပါဒ ရသေ့ပျိုသည် မွန်းတည့်ခါနီးအချိန်၌ စတုတ္ထဈာန်အထိ ပေါက်မြောက်အောင်မြင်ခဲ့၏။

ဆရာရှိခြင်းနှင့် ဆရာမရှိခြင်းသည် မည်သည့်ပညာရပ်၌မဆို အလွန် ကွာခြားလှသည်။ ဆရာမရှိသူက စမ်းတဝါးဝါးဖြစ်နေသလောက် ဆရာရှိသူက ခရီးပေါက်၏။ အချိန်မကုန်၊ လူလည်း မပင်ပန်းပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာအရှင်ဝဏ္ဏသိဒ္ဓိသည် ဉာဏ်ကောင်းပြီး ကြိုးစားမှုရှိသော ရသေ့ပျိုအတွက် အထူးပင် ဝါယမစိုက်ထုတ်ပေးခဲ့သည်။ ရသေ့ပျို၏ စားဝတ်နေရေးကို လုံးဝ တာဝန်ယူပေးခဲ့သည်။ မည်သည့်ကိစ္စကိုမှ ရသေ့ပျို ပူစရာမလိုပေ။ အနှောင့်အယှက်အဖျက်အဆီးတို့၏အန္တရာယ်မှ ကင်းဝေးစေရန်လည်း ဆရာအရှင်ကပင် ပြင်ဆင်ပေးထား၏။ သူသည် တန်ခိုးဣဒ္ဓိပါဒ်တို့နှင့် ပြီးပြည့်စုံပြီးဖြစ်သောကြောင့်လည်း အစစအရာရာကို တစ်ဦးတည်းနှင့် တာဝန်ယူနိုင်ခြင်းဖြစ်ပေသည်။

ဆရာကောင်းသမားကောင်းတစ်ဦး၏ စောင့်ရှောက်မှုအောက်တွင် ရသေ့ပျို၏ ကျင့်ကြံအားထုတ်မှုသည် တိုးတက်မှုနှုန်း အလွန်မြန်လှ၏။ စတုတ္ထစျာန်ရပြီး နောက်တစ်ရက်တွင် ကျန်သော အထက်စျာန်လေးပါးကိုပါ ဆက်တိုက်ရရှိခဲ့ရာ စျာန်ရှစ်ပါးစလုံး ပြီးမြောက်အောင်မြင်သွားတော့၏။

ထို့ကြောင့် နောက်တစ်ရက်သို့ ရောက်သောအခါ ဆရာအရှင် ဝဏ္ဏသိဒ္ဓိက ရသေ့ပျိုအား ရပြီးသမျှစျာန်များကို ဝသီဘော်နိုင်နင်းအောင် လေ့ကျင့်ခိုင်း၏။ စျာန်များကို အချိန်ကန့်သတ်၍ဝင်စားနိုင်ခြင်း၊ စျာန်သို့ အမြန်ရောက်နိုင်ခြင်း၊ စျာန်မှအမြန်ထနိုင်ခြင်းစသော စွမ်းရည်သတ္တိတို့ကို ပိုင်ဆိုင်နိုင်အောင် လေ့ကျင့်ရခြင်း ဖြစ်ပေသည်။

တစ်ရက်တည်းနှင့်ပင် ဝသီဘော်နိုင်နင်းသွားသော ရသေ့ပျိုအား နောက်တစ်ရက်တွင် ဆရာအရှင်က စျာန်လှိုင်းစီးခိုင်းတော့သည်။ ဆင့်ကဲဆင့်ကဲလာနေသော လှိုင်းလုံးကြီးများကို ကြိုတင်ပြင်ဆင်ပြီး လှိုင်းစီးသူများကဲ့သို့ ဆင့်ကဲဆင့်ကဲလာနေသော စျာန်လှိုင်းများကို နိုင်နိုင်နင်းနင်း စီးနိုင်အောင် လေ့ကျင့်ခိုင်းခြင်းဖြစ်၏။ ဤသို့လေ့ကျင့်ရာတွင် လေ့ကျင့်သူသည် စျာန်တစ်ပါးချင်းအား အစဉ်လိုက် ဝင်စားရ၏။



ပြောင်းပြန်ပြန်လှန်၍လည်း ဝင်စားရ၏။ စျာန်တစ်ခုခြားစီလည်း ဝင်စားရ၏။ နှစ်ခုခြားစီ ဝင်စားခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်၏။ နောက်ဆုံးတော့ စျာန်ရှစ်ပါးလုံးကို ထုံးလိုချေရေလိုနှောက် ဝင်စားချင်သလိုဝင်စားနိုင်အောင် လေ့ကျင့်ခိုင်းခြင်း ဖြစ်ပေသည်။ ဉာဏ်ကောင်းသော ရသေ့ပျိုသည် ဤကဲ့သို့စျာန်လှိုင်းစီးသည့်အဆင့်ကိုလည်း နေမွန်းမတည့်မီမှာပင် ပေါက်မြောက်အောင်မြင်သွားပြန်သည်။

ထို့ကြောင့် ဆရာအရှင်က ရသေ့ပျိုအား အောက်ပါအတိုင်း မေးမြန်းလိုက်၏။

"ငါ့ရှင် ဣဒ္ဓိပါဒ၊ သင်သည် ယခုအခါ သင်အလိုရှိတောင့်တနေသော တန်ခိုးဣဒ္ဓိပါဒ်တို့ရရန် ခြေတစ်လှမ်းမျှသာ လိုတော့၏၊ သင်သည် စျာန်လှိုင်းစီးတတ်သွားပြီဖြစ်သောကြောင့် စျာန်လှိုင်းစီးခြင်း၏ အရှိန်အဟုန်ကို အသုံးချ၍ အဓိဋ္ဌာန်လျှင် အဓိဋ္ဌာန်သည့်အတိုင်းဖြစ်၊ စိတ်ကြံလျှင်စိတ်ကြံသည့်အတိုင်းဖြစ်သော၊ အဘိညာဉ်တန်ခိုးတို့ ဖော်ထုတ်နိုင်အောင် လေ့ကျင့်ရတော့မည်၊ ပထဦးဆုံးအနေနှင့် သင်သည် မည်ကဲ့သို့သော တန်ခိုးမျိုးကို ရယူလိုပါသနည်း"

ရသေ့ပျိုကလည်း တုံ့ဆိုင်းခြင်းမရှိဘဲ ပြန်လည်ဖြေကြားခဲ့သည်။

"မှန်လှပါ၊ ကိုယ်ပွားတစ်ထောင် ဖန်ဆင်းနိုင်သော တန်ခိုးကို ဦးစွာရယူပိုင်ဆိုင်လိုပါသည်ဘုရား"

ဆရာအရှင်က ဦးခေါင်းကို ခါရမ်းလိုက်သည်။

"မဖြစ်သေးဘူး ရသေ့လေး၊ သင့်စျာန်လှိုင်းစီးခြင်းအရှိန်အဟုန်သည် နုနယ်သေး၏။ ထို့ကြောင့် ကိုယ်ပွားတစ်ထောင်ကို မစဉ်းစားနှင့်ဦး၊ တစ်ကိုယ်တည်းကိုသာ အရင်ပွားကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာအရှင်က ဈာန်မဝင်စားမီ ကိုယ်တစ်ကိုယ်ပွားစေနိုင်သည့် အဓိဋ္ဌာန်ပုံ အဓိဋ္ဌာန်နည်းကို အသေးစိတ်သင်ပေးသည်။ ဓိဋ္ဌာန်ပြီးနောက် ဝင်စားရမည့်ဈာန်တို့ကို နံပါတ်စဉ်အလိုက် ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးလိုက်သည်။

ရသေ့ပျိုသည် ပညာဉာဏ် ပါရမီကြီးသူဖြစ်၍ ဆရာအရှင် သင်ပြသည့်အတိုင်း အဆင့်တစ်ဆင့်ချင်းစီကို ပီပီပြင်ပြင် ဆောင်ရွက်ခဲ့၏။ ဤသို့ဖြင့် ဈာန်ဝင်စားခြင်းမှ နိုးထလာသော ရသေ့ပျို၏ရှေ့မှောက်တွင် သူနှင့်ရုပ်ဆင်းသဏ္ဍာန် တစ်ထေရာတည်းတူသော ရသေ့ပျိုတစ်ပါး မျက်နှာချင်းဆိုင် ထိုင်လျက်သားရောက်ရှိနေသည်ကို တွေ့ရလေသည်။

ရသေ့ပျိုသည် အံ့ဩသွားသော ခံစားမှုကို ဦးစွာရရှိသည်။ ထို့နောက် စိတ်ကထင်နေသလား၊ တကယ်ဖြစ်ပေါ်နေသလား ကွဲပြားလိုသဖြင့် သူ့ရှေ့က ကိုယ်ပွားကို လက်နှင့်ကိုင်ကြည့်လိုက်သည်။ တကယ့်အသား၊ တကယ့် ရုပ်ဒြပ်တို့ကို ကိုင်မိ၏။ အသက်ရှူနေသည်ကိုလည်း တွေ့ရ၏။ မျက်တောင်များလည်း ခတ်၏။ မလှုပ်မရှားငြိမ်သက်နေသည့်ကလွဲ၍ သက်ရှိထင်ရှား လူသားတစ်ဦးဖြစ်နေပေသည်။

ရသေ့ပျိုသည် ပါးစပ်အဟောင်းသားနှင့်ပင် ခပ်လှမ်းလှမ်းမှာ ထိုင်နေသော ဆရာအရှင်အား လှမ်းကြည့်ဖြစ်သည်။ ဆရာအရှင်က တပည့်ဖြစ်သူ၏ခံစားချက်ကို နားလည်ပါသည်ဟူသောသဘောနှင့် ပြုံးပြုံးပြန်ကြည့်နေလေသည်။ စကားတော့မပြော။ တပည့်ဖြစ်သူကို လွတ်လပ်စွာ ခံစားခိုင်းထားသည့်သဘော ဖြစ်၏။ သို့သော် ဥပေက္ခာပြုထားသည်တော့မဟုတ်။ မိမိ၏ သမထတန်ခိုးစွမ်းအားများနှင့် ရသေ့ပျို၏ စိတ်လှိုင်း၊ အတွေးလှိုင်းများကို လွတ်မသွားအောင် ဖမ်းယူပုံဖော် အတဲ ခတ်လျက်ရှိပေသည်။



ဣဒ္ဓိပါဒရသေ့ပျိုသည် မိမိဘာသာ ဖန်တီးလိုက်နိုင်သော ကိုယ်ပွားတစ်ခုအတွက် အလွန်ဝမ်းမြောက်ပီတိဖြစ်မိ၏။ အဆိုပါဝမ်းမြောက်မှုပီတိကို ခံစားနေရင်းနှင့် ဟောမာသီရိကို ချက်ချင်းသတိရသည်။ ဟောမာသီရိကို သိစေချင်စမ်းပါဘိ။

ရသေ့ပျို၏အတွေး၊ ရသေ့ပျို၏ဆန္ဒတို့ကို စောင့်ကြည့်အကဲခတ်နေသော ဆရာအရှင်သည် ခေါင်းတစ်ဆတ်ဆတ်ညိတ်ဖြစ်သည်။ ဤအတွေး ဤဆန္ဒတို့ကို လမ်းချော်မသွားစေရန် မိမိ ပဲ့ကိုင်ပေးရပေလိမ့်မည်။

"ရသေ့လေး. . .၊ အသင့်ရှေ့မှ အသင်ဖန်ဆင်းထားသော ကိုယ်ပွားကို လှုပ်ရှားသွားလာပြီး သက်ရှိလူတစ်ယောက်ကဲ့သို့ ပြုမူကျင့်ကြံစေသည့်နည်းကို မသိလိုပါသလော"

ဆရာအရှင် လမ်းကြောင်းပေးမှ ရသေ့ပျိုလည်း ထိုသို့တွေးမိလေသည်။

"မှန်ပါ၊ သိလိုပါသည်ဘုရား"

"ရသေ့လေး၊ အသင့်ရှေ့မှ သင့်ကိုယ်ပွားသည် သင်နှင့်တစ်ထေရာတည်းတူနေရာမှ အခြားသူတစ်ဦး၏ အသွင်သဏ္ဍာန်မျိုးဖြစ်သွားအောင် ရုပ်ပြောင်းရုပ်လွှဲလုပ်နည်းကို မသိလိုပါသလော"

"သိလိုပါသည်ဘုရား"

ဆရာအရှင်သည် ထိုနည်းများကို လက်ထပ်သင်ပေးခဲ့ရာ ရသေ့ပျိုသည် တစ်ခဏအတွင်းမှာပင် သင်ယူတတ်မြောက်ခဲ့၏။ ဤသို့ဖြင့် သူ့ကိုယ်ပွားသည် ပကတိလူတစ်ယောက်ကဲ့သို့ သွားလာနိုင်ရုံမက ရုပ်ဆင်းအင်္ဂါမှာလည်း အသက် ၆၀ အရွယ်ခန့်ရှိ တုတ်တုတ်ခိုင်ခိုင် လူကြီးတစ်ယောက် အသွင်သို့ပြောင်းလဲသွားအောင် သူ့ဘာသာ စွမ်းဆောင်နိုင်ခဲ့လေသည်။

"သင့်ကိုယ်ပွားကို ဒီနေ့ပဲ ရွှေမြို့တော်သို့လွှတ်ရလိမ့်မည် အသင်ရသေ့လေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အတွက်ပါလဲဘုရား"

"အသင် တန်ခိုးဣဒ္ဓိပါဒ်များ စတင်ရရှိသည့်အကြောင်း ဟေမာသီရိ သိစေလို၍ဖြစ်ပေသည်၊ ဟေမာသီရိကို သင်ကိုယ်တိုင် တိုက်ရိုက်သွားပြောရန်လည်း မသင့်တော်၊ ထို့ကြောင့် သင်နှင့် ရုပ်ချင်းမတူတော့သော သင့်ကိုယ်ပွားကိုလွှတ်၍ မင်းပေါက်စိုးပေါက်ဖြစ်စေမည့် လုပ်ရပ်တစ်ခု ဖန်တီးကာ မင်းစိုးရာဇာတို့ကို အသိပေးလိုက်လျှင် ဟေမာသီရိ အလိုလိုသိသွားပေလိမ့်မည်"

"ဖြစ်နိုင်ပါ့မလား ဆရာအရှင် ဘုရား၊ တပည့်၏ကိုယ်ပွားက ဘယ်ပုံသွား၍ ဘယ်သို့ဆောင်ရွက်ရပါမလဲ"

"ကောင်းကင်ခရီးမှ သွားနိုင်အောင် စီစဉ်ရပေမည်၊ ဆောင်ရွက်ရမည့် အသေးစိတ်အစီအစဉ်ကို ကျွန်ုပ်ကိုယ်တိုင် မှာကြားလိုက်ပါအံ့"

ဆရာအရှင်ဝဏ္ဏသိဒ္ဓိ၏ အစီအစဉ်သည် မြို့စောင့်တပ်မှူး သူရစက္ကတို့ကြုံတွေ့လိုက်ရသော 'ထူးဆန်းသောမျက်လှည့်' အစီအစဉ်ပင် ဖြစ်ပါ၏။ ထိုအစီအစဉ်သည် ရည်မှန်းသည်ထက်ပင် အောင်မြင်ခဲ့၏။ ဟေမာသီရိသာမက မင်းသားလေးကပင် ဣဒ္ဓိပါဒရသေ့ပျို့ဖြစ်နိုင်သည်ဟု မှန်းဆခဲ့သည်။ မင်းစိုးရာဇာ အဝန်းအဝိုင်းကြီးတစ်ခုလုံး စိတ်ဝင်တစားဖြစ်ကာ မည်သူမည်ဝါ၏လက်ချက်ဖြစ်ကြောင်း နုတ်မေးပွဲပြုလုပ် ဖော်ထုတ်မည်ဟု မဟာရာဇာဘုရင်ကြီးကိုယ်တိုင် အမိန့်ချမှတ်ခဲ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ကံကောင်းချင်တော့ သတ္တိဗလသည် တပ်မှူးနှင့်အတူ နတ်မေးပွဲသို့ တက်ရောက်ခွင့်ရသည်။ ရွှေမြို့တော်မှ နတ်ဆရာချုပ်ကြီး သိင်္ဂါဒေဝ၏ နေအိမ်တွင် ကျင်းပပြီး မဟာရာဇာမင်းကြီးနှင့်တကွ မိဖုရားကြီး၊ သားတော်များ၊ ချွေးမတော်များပါ တက်ရောက်ရှုစားတော်မူသော နတ်မေးပွဲဖြစ်သောကြောင့်သတ္တိဗလအဖို့ အိပ်မက်ထဲမှာပင်ထည့်မမက်ဖူးသော နတ်မေးပွဲဖြစ်၏။ သစ်အယ်ချောင်ရွာတွင် သူဖခင် ဦးစီးကျင်းပသော နတ်ပူဇော်ပွဲများ၊ နတ်မေးပွဲများနှင့် ဂုဏ်ဒြပ်ချင်းမယှဉ်နိုင်ပေ။ ဤသို့ အရှိန်အဝါကြီးမားလှသောနတ်မေးပွဲကို ကြုံကြိုက်ရခြင်းအတွက် သတ္တိဗလ အလွန်ဝမ်းသာသည်။ ဤနတ်မေးပွဲသည် နတ်မယုံကြည်သော မိမိအား တစ်ဆစ်ချိုးလှည့်ပြောင်းသွားအောင်များ လုပ်ပေးနိုင်မလား ဟုလည်း စဉ်းစားမိသေးသည်။

နတ်မေးပွဲသို့လာစဉ်က သတ္တိဗလသည် ယခင်ဧည့်ခံဖျော်ဖြေပွဲတက်စဉ်ကလိုပင် ဖခင်ဖြစ်သူနှင့်တွေ့ဆုံမည့်အရေးအတွက် ရင်တုန်နေသေး



သည်။ ရင်တုန်သည်ဆိုသော်လည်း သိပ်အတုန်ကြီး မဟုတ်တော့။ အဖေ စိတ်ပြေလောက်ပါပြီဟုလည်း တွေးမိထားသောကြောင့် ဖြစ်သည်။ စိတ်မပြေသေးသည့်တိုင်အောင် ရဲမက်ဝတ်စုံဝတ်ပြီး တာဝန်ထမ်းဆောင်နေသောမိမိအား လက်လွတ်စပယ်တော့ လုပ်လိမ့်မည် မဟုတ်ဟုလည်း တွက်ဆခဲ့၏။

သတ္တိဗလသည် တပ်မှူးသူရစက္ကနှင့်အတူ နတ်ဆရာချုပ်ကြီး၏အိမ်သို့ မိုးမလင်းမီကပင် ရောက်ခဲ့သည်။ ကံကောင်းချင်တော့ သူ့အဖေကို ခပ်လှမ်းလှမ်းကပင် တွေ့ရသည်။ နတ်များကို ပူဇော်ပသသည့် ပြင်ဆင်မှုများနှင့် အလုပ်ရှုပ်နေသော သူ့အဖေသည် သူ့ကို သတိမထားမိ။ ဤသို့ သတိမထားမိခြင်းအား သတ္တိဗလ သဘောကျနေသည်။ လောလောဆယ်အားဖြင့် သားအဖနှစ်ဦး မဆုံဖြစ်သေးခြင်းသည် နှစ်ဦးနှစ်ဖက်လုံးအတွက်ကောင်းသည်ဟု သူထင်သည်။

နတ်များကို ပူဇော်ပသသည့် ပြင်ဆင်မှုများမှာမူ မိမိတို့ရွာမှာတုန်းက ပြင်ဆင်မှုများနှင့် သိပ်မကွာကြောင်း သတ္တိဗလတွေ့ရသည်။ ကွာခြားသည်မှာ ပရိသတ်အနေအထားဖြစ်၏။ ဘုရင်မင်းမြတ် ကိုယ်တော်တိုင်တက်ရောက်ရှုစားတော်မူသည်ဖြစ်၍ ပရိသတ်တို့သည် စနစ်တကျ ထိုင်ရ၏။ ကျေးလက်တောရွာနတ်ပွဲများလို တရုန်းရုန်းနှင့်မဟုတ်ပေ။

မဟာရာဇာမင်းကြီး၊ မိဖုရားကြီးနှင့် သားတော်များ၊ ချွေးမတော်များ၊ အမတ်ချုပ်ကြီးနှင့် လက်ရွေးစင် မှူးကြီးမတ်ရာများ ကြွရောက်မလာမီကပင် နတ်မေးပွဲလုံခြုံရေးကိစ္စများ၊ နေရာထိုင်ခင်း ကိစ္စများကို မြို့စောင့်တပ်မှူး သူရစက္ကက သူဦးဆောင်လာသော တပ်ခွဲတစ်ခွဲအင်အားနှင့် စေ့စေ့အောင် စီမံပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်မေးပွဲအခမ်းအနားကို နတ်ဆရာချုပ်ကြီး၏ ခြံဝင်းကျယ်ကြီး အတွင်းမှာပင် ခမ်းနား ထည်ဝါစွာ ပြင်ဆင်ထား၏။ ခြံဝင်းပတ်ပတ် လည်တွင် အမွေးတိုင်များ ထွန်းညှိထားသောကြောင့် မွှေးကြိုင်သင်းပျံ့ လျက်ရှိ၏။ မဟာရာဇာမင်းကြီးနှင့် မိဖုရားကြီးတို့က အမြင့်နှစ်တောင် ခန့် သလွန်များနှင့် အရှေ့အရပ်မျက်နှာတွင် ထိုင်သည်။ မင်းနှစ်ပါး၏ ညာဘက်တွင် သားတော်များ၊ ဘယ်ဘက်တွင် ချွေးမတော်များက အတန်ငယ်နိမ့်သော သလွန်များနှင့်ထိုင်ရ၏။ ချွေးမတော်အစုထဲတွင် ချွေးမလောင်းလျာ ဟေမာသီရိလည်း တက်ရောက်ခွင့်ရသည်။

မင်းနှစ်ပါးနှင့် သားတော်၊ ချွေးမတော်တို့ရှေ့တွင် အမတ်ချုပ်ကြီး ဦးဆောင်သော မှူးကြီးမတ်ရာများက တစ်တောင်ခန့်မြင့်သည့် သလွန် များနှင့်ထိုင်သည်။ သူတို့ရှေ့တွင် မြို့စောင့်တပ်မှူး သူရစက္ကသည် တပ်စု တစ်စုအင်အားနှင့် မြေကြီးပေါ်မှာပင် ထိုင်သည်။ မြေကြီးဆိုသော်လည်း မြက်ခင်းရှိသဖြင့် မြကမ္ဗလာပေါ် ထိုင်ရသလိုပင် ညက်ညက်ညောညော ရှိသည်ဟု သူရစက္ကဘေးမှာ ထိုင်နေရသော သတ္တိဗလက အတွေးရ သည်။

စင်စစ် တပ်မှူးနှင့် တပ်စုတစ်စုသည် ဘုရင်မင်းမြတ်ရှေ့မှ အကွယ် အကာအဖြစ် ထိုင်နေကြခြင်းဖြစ်သည်။ နတ်ဝင်မည့် နတ်ဝင်သည် များထံမှ အန္တရာယ်တစ်စုံတစ်ရာ ထွက်ပေါ်လာလျှင် ခုခံကာကွယ်ရ မည်ဖြစ်၏။ ပြင်ပအန္တရာယ်အတွက်ကား ခြံဝင်းအပြင်တွင် တပ်စုတစ်စု၊ ခြံဝင်းအတွင်းတွင် တပ်စုတစ်စု ဖြန့်ခွဲချထားပြီးလေပြီ။

နတ်ဝင်မည့် နတ်ဝင်သည်အုပ်စုသည် နတ်ဆရာချုပ်ကြီး ဦးဆောင် သော နတ်ဆရာများ စက်ဝိုင်းပုံဝိုင်းပတ်ထိုင်ထားသည့် အလယ်တွင် မဟာရာဇာမင်းကြီးဘက်မျက်နှာမူကာ ဒူးထောက်ခစားလျက်ရှိကြ



သည်။ နတ်ဆရာချုပ်ကြီးနှင့် နတ်ဆရာများသည် မြေကြီးပေါ်မှာပင် တင်ပျဉ်ခွေထိုင်ကြကာ တစ်ယောက်နှင့်တစ်ယောက် လက်ဖဝါးချင်း ဆုပ်ကိုင်ထားကြသဖြင့် ကြိုးဝိုင်းတစ်ဝိုင်းလို ဖြစ်နေ၏။ နတ်ဆရာ ချုပ်ကြီးသည် ဘုရင်ကြီးနှင့် တည့်တည့်တွင် ကျောပေးထိုင်ထားသဖြင့် နတ်ဝင်သည်များနှင့် မျက်နှာမူပြီး ဖြစ်ပေသည်။ သို့မှလည်း နတ်ဝင် သည်များကို သူကအကဲခတ်နိုင်ပြီး လိုအပ်သလို ညွှန်ကြားနိုင်မည်ဖြစ် သည်။

နတ်ဝင်သည်များထဲတွင် နတ်ဆရာများလည်းပါ၏။ နတ်ဆရာ မ ဟုတ်သူများလည်းပါ၏။ ယောက်ျားတွေချည်းမဟုတ်၊ မိန်းမများလည်း ပါ၏။ သူတို့သည် နတ်ဝင်နိုင်သည့် အရည်အချင်းရှိသူများဖြစ်၍ နတ် ဆရာချုပ်ကြီးကိုယ်တိုင် ရွေးချယ်ထားခြင်းဖြစ်သည်။ အရေအတွက် အားဖြင့် ဆယ့်နှစ်ယောက်ရှိပြီး နတ်ဆရာချုပ်ကြီးက သူတို့ကို သုံးတန်း တန်းပေးထားသည်။ မိန်းမနှင့်ယောက်ျားကို တစ်ယောက်ခြားစီဖြစ် အောင် စီထားသည်။ ဤသို့ ဖိုဓာတ်၊ မဓာတ်ကို ညီမျှအောင်စီစဉ်ထား မှ နတ်ဝင်သည်များထံ ပူးဝင်မည့်နတ်တို့အတွက် သင့်တင့်လျောက် ပတ်သော ဓာတ်စက်ကွင်းကို ပေါ်ပေါက်စေသည်ဟု နတ်ဆရာအစဉ် အဆက် အသိအမှတ်ပြုခဲ့ကြသည်။

နတ်မေးပွဲအခမ်းအနား၌ အားလုံးနေရာယူပြီးကြသောအခါ "နတ် မေးပွဲစတင်ပါပြီ" ဟု နတ်ဆရာချုပ်ကြီးက ကြေညာသည်။ ထို့နောက် နတ်ဆရာချုပ်ကြီးကပင် လက်တွဲထားသောနတ်ဆရာများနှင့် ကြိုတင် စီစဉ်ထားသည့် 'နတ်ချော့တေးသီချင်းညည်းချင်း' ကို စတင်လိုက် သည်။ နတ်ဆရာချုပ်ကြီးတစ်ဦးတည်းသာ နတ်ချော့တေးကို စာသား နှင့်တကွ ပီပီသသဆိုသည်။ ကျန်နတ်ဆရာများက နှုတ်မှတေးသံထွက်

www.burmeseclassic.com

www.burmeseclassic.com



မဆိုဘဲ ပါးစပ်ပိတ်၍ ဆိုညည်းသမှုပြုသည်။ အဆိုပါညည်းသံသည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ဟိန်းထွက်လာ၏။ ပျားပိတုန်းသံများကဲ့သို့ စီစီလှုပ်ခတ်လျက်ရှိ၏။

နတ်ဆရာချုပ်ကြီးသည် နတ်ချော့တေးကို စိတ်အေးလက်အေးနှင့်ပင် ရွတ်ဆိုလျက်ရှိသည်။ သူသည် နတ်မေးပွဲအတွက် ဆောင်ရွက်ဖွယ်ရှိသည့်အခမ်းအနားပြင်ဆင်ခြင်း၊ ပူဇော်ပသမှုများ ပြုလုပ်ခြင်း၊ ဓာတ်ဆင်ခြင်း စသည်တို့ကို ရှေးရိုးအစဉ်အလာအတိုင်း ပြုလုပ်ပြီးဖြစ်သည်။ နတ်ဝင်သည်များကိုလည်း ရွေးချယ်နေရာချထားပြီး ဖြစ်သည်။ ထို့ကြောင့် နတ်မေးပွဲအစီအစဉ်များကို တစ်ခုပြီးတစ်ခု ဆက်လုပ်ခြင်းဖြင့် ဘုရင်မင်းမြတ်ပင့်လိုသော ကွင်းပိုင်နတ်ကို ပင့်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ကွင်းပိုင်နတ်ဝင်လာလျှင် မိမိကပင် ဦးဆောင်ပြီး မေးမြန်းပေးရုံသာ ဖြစ်၏။ အကယ်၍ ကွင်းပိုင်နတ်ဝင်မလာလျှင်လည်း ကိစ္စမရှိ။ မတတ်သာ၍ သူအရိပ်အကဲပြသည်နှင့်တစ်ပြိုင်နက် ကြိုတင်မှာကြားထားသောနတ်ဝင်သည်တစ်ဦးက ကွင်းပိုင်နတ်ဝင်ချင်ယောင် ဆောင်မည်ဖြစ်သည်။ ထိုအခါ မိမိက မေးသမျှကို ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်း ဖြေကြားလိမ့်မည်ဖြစ်သည်။ အဓိကအားဖြင့် ဘုရင်ကြီးစိတ်မပူရလေအောင် တန်ခိုးပြသူသည် မှော်ဆရာမဟုတ်ကြောင်း၊ စိတ်တန်ခိုးရှင်တစ်ဦး ပေါ်ထွန်းလာသည်ကို တိုင်းသိပြည်သိ ကြေညာလို၍ တန်ခိုးပြခြင်းသာဖြစ်ကြောင်း စသဖြင့် အလိုက်အထိုက် ဖြေကြားမည်ဖြစ်၏။

ထို့ကြောင့် နတ်ဆရာချုပ်ကြီးအဖို့ ပင့်မရ၍ ဖျက်သိမ်းလိုက်ရသည့် နတ်ပွဲဟူ၍ မရှိခဲ့။ နာမည်ပျက် မရှိခဲ့။ အတွေ့အကြုံလည်း များလှပြီဖြစ်၍ ဟိုကွေ့ဆို ဟိုတက်နှင့်လှော်တတ်ပြီး သည်ကွေ့ဆို သည်တက်နှင့်



လှော်တတ်သည်။ ဤအရည်အချင်းကြောင့်လည်း မည်သည့်နတ်ဆရာမှ သူ့ကိုမယှဉ်နိုင်ဘဲ နတ်ဆရာချုပ်ကြီး ဖြစ်နေခြင်းပင်တည်း။

စင်စစ်လူ့လောကနှင့် နတ်လောကဆိုသည်မှာ သဘာဝချင်း မတူသောလောကနှစ်ခု ဖြစ်သည်။ ဤလောကနှစ်ခုကို ဆက်စပ်ပေးချင်တိုင်းပေး၍မရပေ။ လုံးဝမရသည်လည်းမဟုတ်။ နတ်လောကရှိသည်ကို သိထားပြီး နတ်လောကနှင့် ဆက်စပ်ဆက်သွယ်လိုသော လူသားများ၏ဆန္ဒ၊ ထိုဆန္ဒကို ဖြည့်ဆည်းပေးလိုသော နတ်လောကသားတို့၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် လောကနှစ်ရပ် ဆက်စပ်ဆက်သွယ်နိုင်၏။ သို့သော် ထိုဆန္ဒ၊ ထိုကြိုးပမ်းအားထုတ်မှုတို့သည် အခါခပ်သိမ်း မအောင်မြင်နိုင်ပေ။ ထို့သို့ အခါခပ်သိမ်း မအောင်မြင်သောအခါ အတုနှင့်အစားထိုးနိုင်ရန် နတ်ဆရာချုပ်ကြီးက စီစဉ်ထားရခြင်း ဖြစ်သည်။ ထို့ကြောင့် နတ်ဆရာချုပ်ကြီးသည် အစစ်နှင့်လည်း ကြုံဖူးသကဲ့သို့ အတုနှင့်လည်း မကြာခဏ အလုပ်ဖြစ်အောင်လုပ်ရ၏။

နတ်ချော့တေးသီချင်းညည်းသည့်အစီအစဉ်ပြီးဆုံးသောအခါ နတ်ဆရာချုပ်ကြီးသည် သူဆုပ်ကိုင်ထားသော ဘေးတစ်ဖက်တစ်ချက်စီမှ နတ်ဆရာများ၏လက်များကိုလွှတ်လိုက်ပြီး ထရပ်လိုက်သည်။ ထို့နောက် နတ်ဝင်သည်များထံ လျှောက်သွားလိုက်၏။ သူ့နေရာသည် ကွက်လပ်ဖြစ်သွားသော်လည်း ဘေးတစ်ဖက်တစ်ချက်ရှိ နတ်ဆရာများက လက်ချင်းပြန်ဆက်လိုက်ကြသောကြောင့် လူစည်းဝိုင်းကြီးသည် ကွင်းဆက် ပြတ်မသွားပေ။

နတ်ဆရာချုပ်ကြီးသည် ရှေ့ဆုံးနတ်ဝင်သည်လေးဦးထဲက လက်ဝဲဘက်အစွန်ဆုံးတစ်ဦးကို ဒူးထောက်နေရာမှ ထရပ်စေလိုက်သည်။ထို နတ်ဝင်သည်မှာ ယောက်ျားဖြစ်၏။ ထိုနတ်ဝင်သည်ကို မျက်စိမှိတ်၍

www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ချီခိုင်းထားပြီး ထိုလက်အုပ်ကို သူက လက်ဖဝါးနှစ်ဖက်နှင့် ဆုပ်ကိုင်ထားလိုက်သည်။ ထိုအချိန်မှာပင် နတ်ဆရာချုပ်ကြီးသည် ကျောထဲမှ စိမ့်ခနဲ ဖြစ်သွား၏။

သူ့အတွေ့အကြုံအရဆိုလျှင် တကယ့်နတ်မေးပွဲတစ်ခု ပေါ်ပေါက်တော့မည်ကို ကြိုတင်ခံစားသိရှိလိုက်ခြင်း ဖြစ်၏။ ပတ်ဝန်းကျင်သည်လည်း ညို့ခနဲ ဖြစ်သွားသည်။

ဘုရင်မင်းကြီးအပါအဝင် နတ်မေးပွဲရှိ ပရိသတ်အားလုံးပင် မိုးကောင်းကင်၏အပြောင်းအလဲကို ချက်ချင်းသတိပြုမိကြသည်။ မိုးရွာတော့မည့်အလား ကောင်းကင်ယံတွင် မိုးတိမ်များ ပြည့်နှက်အုပ်ဆိုင်းသွား၏။ ထို့ကြောင့် နံနက်ခင်းသည် နံနက်ခင်းနှင့်မတူတော့ဘဲ နေဝင်၍ မိုးချုပ်တော့မည့်အခြေအနေမျိုး ဖြစ်နေသည်။

" အင်း. . ဟင်း. . ဟင်း. . ဟင်း"

ထိုအခိုက်အတန့်မှာပင် နတ်ဆရာချုပ်ကြီး ထိန်းချုပ်ထားသော နတ်ဝင်သည်ယောကျ်ားသည် နှုတ်မှ အော်ညည်းသံပြုရင်း ခန္ဓာကိုယ်ကြီးတစ်ခုလုံး နတ်ဆရာချုပ်ကြီးဘက်သို့ ယိမ်းထိုးကျလာ၏။ အတွေ့အကြုံများသော နတ်ဆရာချုပ်ကြီးက နတ်ဝင်သည်၏လက်အုပ်ကို သူ့လက်ဖဝါးနှစ်ဖက်နှင့် ဆက်လက်ဆုပ်ကိုင်ထားရင်း တောင့်ခံပေးထားလိုက်၏။ အဆိုပါ နတ်ဝင်သည်အား ပူးဝင်တော့မည့်နတ်က နတ်ဝင်သည်၏ ဝိညာဉ်ကိုယ်ထည်ကို တွန်းထုတ်လိုက်လေရာ ဝိညာဉ်ကိုယ်ထည်မရှိတော့သော ရုပ်ခန္ဓာကြီးအနေနှင့် ဆက်၍ရပ်တည်မနေနိုင်သောကြောင့် မိမိဘက် ယိမ်းကျလာခြင်းဖြစ်သည်ကို နတ်ဆရာချုပ်ကြီး သိသည်။



နတ်ဆရာချုပ်ကြီးက သူ့အတွေ့အကြုံအရ သိခြင်းဖြစ်သော်လည်း ဘေးကကြည့်နေသူများ မည်သူမှမသိနိုင်ပေ။ နတ်ဝင်သည် ယိုင်ကျသွားသည်ကို ယိုင်ကျသွားသည့်အတိုင်းပင် မြင်ကြရပေသည်။

ထိုသို့ ယိုင်ကျခြင်းသည် တစ်ခဏသာဖြစ်သည်။ ပြန်မတ်သွား၏။ ပြန်ရပ်တည်နိုင်သွား၏။ သေချာသည်။ ဤတဒင်္ဂအတွင်းမှာပင် နတ်ဝင်သည်၏ဝိညာဉ်ကိုယ်ထည်အစား နတ်၏ဝိညာဉ်ကိုယ်ထည်က ဝင်ရောက်နေရာ ယူလိုက်ပေပြီ။ ပို၍သေချာအောင် နတ်ဆရာချုပ်ကြီးက သူဆုပ်ကိုင်ထားသော လက်တို့ကိုလွှတ်ပေးလိုက်၏။ နတ်ဝင်သည်ယောကျ်ားသည် တုန်တုန်ယင်ယင်နှင့် လက်အုပ်ချီကာ သူ့ဘာသာရပ်တည်နေသည်။ မျက်လုံးများကား ပိတ်လျက်။ ပါးစပ်တို့က တစ်ခုခုပြောထွက်ရန် ကြိုးစားနေသကဲ့သို့ တလှုပ်လှုပ်နှင့်။

" အသင်ဘယ်သူလဲ၊ မဟာရာဇာမင်းကြီး၏ ရှေ့မှောက်၌ သင်ရောက်နေသည်ကို သင်သိသလော၊ သင့်၏အမည်နာမကို လျှောက်တင်လော့"

နတ်ဝင်သည်ယောကျ်ားသည် လက်အုပ်ချီလျက်နှင့် သူ့ပါးစပ်တို့ကို အနိုင်နိုင်ဖွင့်ဟကာ ကြိုးစားပမ်းစား လျှောက်တင်ပြောကြားလိုက်၏။

" ကျွန်ုပ်သည်. . . ကျွန်ုပ်သည် သင်တို့ဆင့်ခေါ်သော ကွင်းပိုင်နတ်ဖြစ်သည်၊ အမည်နာမမှာ ပေတလူဖြစ်၏"

အသံသည် မူလနတ်ဝင်သည် ယောကျ်ား၏အသံမဟုတ်တော့မှန်း နတ်ဆရာချုပ်ကြီး သိသည်။ သူနှင့်ရင်းနှီးသော နတ်ဆရာများကလည်း သိသည်။ ထို့ကြောင့် အမှန်တကယ် ကွင်းပိုင်နတ်ပူးဝင်နေပြီဟု သူတို့ ယုံကြည်ကြသည်။ အထူးသဖြင့် နတ်ဆရာချုပ်ကြီးက ယုံသည်။ ဤသူသည် သူဖာတ်တိုက်ထားသူ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဗလကမူ ဤပုံးဝင်မှုကို သေသေချာချာ လေ့လာနေသည်။ လှည့်စားမှုဆိုလျှင် ဟာကွက်ရှိမည်ဖြစ်သောကြောင့် ဟာကွက်ကို မြင်နိုင်အောင် ဂရုတစိုက်ကြည့်ရှုနေ၏။

မဟာရာဇာမင်းကြီးသည် လည်းကောင်း၊ အိမ်ရှေ့စံကိုယ်တော်ကြီးသည်လည်းကောင်း၊ သားတော်များသည်လည်းကောင်း နတ်မေးပွဲအတွေ့အကြုံများ ရှိထားပြီးဖြစ်သောကြောင့် ဣန္ဒြေမပျက် ဆက်လက်ရှုစားနေကြသည်။ မိဖုရားကြီးနှင့် ချွေးမတော်များသည်လည်း ဟောမာသီရိမှအပ မြင်ဖူးဖန်များကြ၍ အေးအေးဆေးဆေးပင် ကြည့်နေကြ၏။ ဟောမာသီရိအဖို့မူကား တအံ့တသြနှင့် စိတ်စောနေရှာသည်။ နတ်ဆရာများအကြား အများနည်းတူထိုင်ပေးနေရသော သစ်အယ်ချောင်နတ်ဆရာကြီး နေဝဗလမှာမူ နတ်ဆရာချုပ်ကြီး နတ်သွင်းလိုက်ပုံကို အထင်ကြီးအားကျစွာ ကြည့်လျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ နတ်မေးပွဲတက်ရောက်နေသော ပရိသတ်ကြီးသည် တုတ်တုတ်မျှမလှုပ်ဘဲ စိတ်ဝင်တစား ကြည့်ရှုနားထောင်နေကြသည်မှာ အမှန်ဖြစ်၏။

“ အသင့်ကို မည်သူဆင့်ခေါ်သည်ဟု သင်သိသလော”

“ သိပါသည်၊ မဟာရာဇာမင်းကြီး၏အမိန့်နှင့် အသင်သိင်္ဂါဒေဝ က ဆင့်ခေါ်ခြင်းဖြစ်သည်”

“ ကျေးဇူးတင်သည် အသင်ပေတလူ၊ ကျွန်ုပ်၏ ဆင့်ခေါ်ပုံ ပင့်ဖိတ်ပုံ နည်းစနစ်များ၌ ချို့ယွင်းအားနည်းချက်များ ရှိပါသလား၊ ရှိလျှင်လည်း ကျွန်ုပ်အား သင်ကြားပြသသွားနိုင်သည်”

“ ရှိသည်အသင်သိင်္ဂါဒေဝ၊ အကြီးမားဆုံး ချို့ယွင်းချက်မှာ ကျွန်ုပ်တို့အား ဆင့်ခေါ်သည့်အချိန် မှားယွင်းနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့လာ



ရောက်ရန် အသင့်တော်ဆုံးအချိန်သည် ညဘက်ဖြစ်သည်။ သင်က မနက်ဘက်မှာ စီစဉ်ခဲ့သည်။ ကျွန်ုပ်တစ်ဦးတည်း အစွမ်းသတ္တိနှင့်ဆိုလျှင် လာနိုင်မည်မဟုတ်။ ယခုကိစ္စ၌ တောစောင့်နတ်၊ မြို့စောင့်နတ်တို့ကပါ ကူညီကြသောကြောင့် အရောက်လာနိုင်ခြင်းဖြစ်သည်”

“ နတ်ဒေဝတာအပေါင်းတို့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပေးပါ အသင်ပေတလူ၊ ညဘက်ဆိုလျှင် အနှောင့်အယှက်တွေများပြီး မထိန်းသိမ်းနိုင်မှာ စိုးတာကတစ်ကြောင်း၊ မဟာရာဇာမင်းကြီးကိုယ်တော်တိုင် ကြည့်ရှုမည့်ပွဲဖြစ်တာကတစ်ကြောင်း မနက်ခင်းမှာပဲ စီစဉ်ခဲ့တာပါ၊ ဒါကြောင့်လဲ နတ်ဒေဝတာအပေါင်းတို့ ဝိုင်းဝန်းကူညီကြစေဖို့ ပူဇော်ပသမှုတွေ အထူးလုပ်ပေးခဲ့တာပါပဲ”

“ အသင် သိင်္ဂါဒေဝ၊ ယခုပွဲသည် မဟာရာဇာမင်းကြီးအမိန့် ချမှတ်တော်မူသောပွဲဖြစ်ကြောင်း ကျွန်ုပ်တို့သိသည်၊ မဟာရာဇာမင်းကြီးက တိုက်ရိုက်မေးမည်လော၊ အသင်က မေးမည်လော”

“ ကျွန်ုပ်က ဦးစွာမေးမည်၊ ထို့နောက် မင်းကြီးအလိုရှိတော်မူလျှင် ကိုယ်တော်တိုင် မေးလိမ့်မည်၊ ထို့ကြောင့် အသင်အလျင်စလို ပြန်ထွက်မသွားစေလိုပါ”

“ ကောင်းပြီ အသင်သိင်္ဂါဒေဝ၊ သို့သော် အချိန်မဆွဲစေချင်ပါ။ ကျွန်ုပ်တစ်ဦးတည်းနှင့် ဤပုံးဝင်စကားပြောခြင်း ပြုလုပ်နေသည်မဟုတ်၊ ကျွန်ုပ်တို့အစုအဝေးကြီး၏အားထုတ်မှု၌ အကန့်အသတ်ရှိ၏။ မေးစရာရှိသည်ကို အမြန်မေးလော့”

“ ကျွန်ုပ်ပထမဦးဆုံး မေးလိုသည်မှာ အသင့်ကို ဘာမေးလို၍ ဆင့်ခေါ်ရသည်ကို အသင်သိပါသလော”

www.burmeseclassic.com

www.burmeseclassic.com



" သိပါသည်အသင်သိဂ်ါဒေဝ မြို့စောင့်တပ်မှူးသူရစက္ကအား ထူးဆန်းသော မျက်လှည့်ပြသွားသည့် လူထူးလူဆန်းကြီးအကြောင်း သိလို၍ ခေါ်ယူမေးမြန်းခြင်း ဖြစ်ပါသည်"

ပရိသတ်တို့ အတန်ငယ် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ကွင်းပိုင်နတ်၏စကားသည် ကွက်တိမှန်နေသောကြောင့် ဖြစ်သည်။ သတ္တိဗလကမူ ဤမျှနှင့် မကျေနပ်။ ဤအချက်သည် နန်းတွင်းမှလူအတော်များများ သိထားပြီးဖြစ်သည်။ ဤအချက်မျှနှင့် နတ်တကယ်ဝင်ပြီဟု သူမယုံနိုင်ပေ။

" အသင်ပေတလူ ဖြေကြားနိုင်ပါသလော"

" ဖြေကြားနိုင်ပါသည်၊ ဤလူထူးလူဆန်းကြီးသည် လူအစစ်မဟုတ်၊ ပေါ်ထွန်းခါစ စိတ်တန်ခိုးရှင်တစ်ဦးက ဖန်ဆင်းထားသော နာနာရုပ်ဖြစ်၏၊ ထိုစိတ်တန်ခိုးရှင်၏ဆရာအရှင်က ထပ်ဆင့်မွမ်းမံစီစဉ်ကာ လာရောက်သရုပ်ဆောင်တင်ဆက်သွားခြင်း ဖြစ်၏"

" သူတို့၏ အမည်နာမ၊ နေရပ်ဒေသများကို ပြောပြနိုင်ပါသလော"

နတ်ဆရာချုပ်ကြီး၏မေးခွန်းသည် အခြားသူများအတွက် ထိခိုက်မှုရှိချင်မှရှိမည်ဖြစ်သော်လည်း ဟေမာသီရိနှင့် မင်းသားလေးဝန္နရာဇာတို့ကိုကား ပြင်းထန်စွာရိုက်ခတ်လေသည်။ သူတို့နှစ်ဦးလုံးပင် ဤမေးခွန်းကို အလိုရှိနေကြပေသည်။

"သူတို့သည် ယခုအခါ ဟိမဝန္တာတောင်ကို အမှီပြုသီတင်းသုံးသော ရသေ့များဖြစ်နေကြပြီ၊ ပေါ်ထွန်းခါစ စိတ်တန်ခိုးရှင်၏အမည်မှာ ကက္ကဒ္ဒိပါဒဖြစ်ပြီး ဆရာအရှင်၏အမည်မှာ ဝဏ္ဏသိဒ္ဓိဖြစ်ပါ၏"

ဟေမာသီရိက ဝန္နရာဇာရှိရာဘက် လှည့်ကြည့်မိသလို ဝန္နရာဇာသည်လည်း ဟေမာသီရိရှိရာသို့ လှည့်ကြည့်ဖြစ်လေသည်။ သူတို့နှစ်ဦး၏အကြည့်ကို သူတို့နှစ်ဦးသာ နားလည်ကြပေသည်။



နတ်ဆရာချုပ်ကြီးသည် မဟာရာဇာမင်းကြီးဘက်လှည့်၍ လက်အုပ်ချီပြီး လျှောက်တင်လိုက်သည်။

" မှန်လှပါ ဘုန်းတော်ကြောင့် အရှင်မင်းကြီးကြားတော်မူသည့်အတိုင်းဖြစ်ပါသည်ဘုရား၊ အရှင်မင်းကြီး တိုက်ရိုက်မေးလိုသည်များရှိက မေးနိုင်ကြောင်းပါဘုရား"

" ကောင်းလှပေသည် သိဂ်ါဒေဝ၊ ငါကိုယ်တော် မေးတော်မူမည်၊ အသင်ပေတလူ-အသင်ပြောသော စိတ်တန်ခိုးရှင်များသည် သူတော်ကောင်းများဟုတ်ကြပါ၏လော၊ မှော်ဆရာများဖြစ်နေမည်ကို ကျွန်ုပ်စိုးရိမ်မိသည်"

ပေတလူအမည်ရှိ ကွင်းပိုင်နတ်ဝင်ပူးနေသော နတ်ဝင်သည်ယောကျ်ားသည် တုန်တုန်ယင်ယင်နှင့်လက်အုပ်ချီရပ်တည်ရင်း ပီပီသသပင် ပြန်လည်လျှောက်တင်ခဲ့၏။

" မှော်ဆရာများ မဟုတ်ကြပါဘုရား။ ဆရာအရှင် ဝဏ္ဏသိဒ္ဓိသည် ဟိမဝန္တာရှိ သူတော်စင်ရပ်ဝန်းမှာ မီတင်းနေထိုင်လျက်ရှိသည့် ဝါရင့်သူတော်စင်ကြီးတစ်ဦးဖြစ်ပါသည်၊ ကက္ကဒ္ဒိပါဒမှာ ထိုသူတော်စင်ရပ်ဝန်းသို့ လိုက်ပါတော့မည့် ပေါ်ထွန်းခါစ စိတ်တန်ခိုးရှင်တစ်ဦးဖြစ်ပါသည်။ သူတို့သည် မည်သူ့ကိုမှ ထိခိုက်နစ်နာအောင် လုပ်ကြမည်မဟုတ်ကြောင်းပါ အရှင်မင်းကြီး"

သတ္တိဗလသည် ကွင်းပိုင်နတ်အား သင်ပြောသောစကားကို မည်သည့်သက်သေအထောက်အထားနှင့် ပြမည်နည်းဟု မေးလိုစိတ်များ တဖွားဖွားပေါ်နေ၏။ ခက်သည်က ဤနတ်မေးပွဲတွင် သူသည် အနေမပါသောအောက်ဆုံးအဆင့်က မင်းမှုထမ်းတစ်ဦးဖြစ်နေ၏။ ဤသို့ မေး

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ခွင့်မရှိခြင်းကပင်လျှင် အများအတွက် ခပ်ကောင်းကောင်းဖြစ်နိုင်သည်ဟုလည်း သတ္တိဗလတွေးမိသည်။ မဟုတ်ပါက ပွဲဖျက်သလိုဖြစ်သွားပြီး ကောင်းမွန်သောရည်ရွယ်ချက်များ ပျက်ပြယ်သွားနိုင်ပေသည်။

ကွင်းပိုင်နတ်၏စကားကိုကြားရသော ဟေမာသီရိ၏ရင်ထဲတွင် ကြည်နူးဝမ်းမြောက်သည့်စိတ်များ ယိုဖိတ်လာသည်။ မိမိသည် ဤသူတော်ကောင်းတစ်ဦးနှင့် ချစ်ခွင့်ကြုံခဲ့သည်။ အကြောင်းမဆက်၍ ပေါင်းဖက်နိုင်သည့်တိုင် တစ်သက်တာ မေ့ပျောက်ဖွယ်မရှိတော့ပေ။

ဟေမာသီရိ၏အရိပ်အကဲကို လှမ်း၍ကြည့်နေသော ဗန္ဓုရာဇာ မင်းသားလေးအဖို့လည်း ကွင်းပိုင်နတ်၏စကားကြောင့် စိတ်အေးချမ်းမှုရခဲ့သည်။ မည်သူ့ကိုမှ ထိခိုက်နစ်နာအောင်လုပ်မည်မဟုတ်ဟုဆိုသောကြောင့် မိမိကိုလည်း ထိခိုက်နစ်နာအောင် လုပ်လိမ့်မည်မဟုတ်ဟု သူတွေးမိသည်။ တစ်နည်းအားဖြင့် မိမိ၏ဇနီးမယားဖြစ်တော့မည့် ဟေမာသီရိအား လာရောက်နှောင့်ယှက်လိမ့်မည် မဟုတ်ဟုခံယူမိသည်။ ထို့ကြောင့် ကွင်းပိုင်နတ်ပြောသည့်အတိုင်း အမှန်ဖြစ်ပါစေဟု ဆုတောင်းနေမိလေသည်။

" ဤသို့ဆိုလျှင် ဤစိတ်တန်ခိုးရှင်နှစ်ဦးက ကျွန်ုပ်၏ ရွှေနားတော်ပေါက်ကြားအောင် အဘယ့်ကြောင့် ထူးဆန်းသောမျက်လှည့်ပွဲတစ်ရပ်ကို ဖန်တီးခဲ့ကြပါသနည်း၊ ဤအချက်ကို အသင်ပေတလူ လျှောက်တင်နိုင်ပါသလော"

မဟာရာဇာမင်းကြီး၏ အမေးကို ကွင်းပိုင်နတ်က ချက်ချင်းတုံ့ပြန်ဖြေကြားခဲ့၏။

" လျှောက်တင်နိုင်ပါသည် အရှင်မင်းကြီး။ သူတို့စေလွှတ်လိုက်သော နာနာရုပ်က ကျွန်ုပ်ထံလာရောက်ခွင့်ပန်ရင်း စိတ်တန်ခိုးရှင်နှစ်ဦး၏



အမှာစကားကို ပြောကြားခဲ့ပါသည်။ စိတ်တန်ခိုးရှင်တို့သည် ဤမျက်လှည့်ပွဲကြောင့် ကွင်းပိုင်နတ်ဖြစ်သော ကျွန်ုပ်အား မင်းကြီးက ဆင့်ခေါ်မေးမြန်းလိမ့်မည်ဟု ကြိုတင်ခန့်မှန်းခဲ့ကြပါသည်။ ထိုသို့မေးလျှင် သူတို့ကိုယ်စားပြောကြားပေးပါရန် အမှာစကားပါးလိုက်ခြင်းဖြစ်ပါသည်။ သူတို့သည် ဤပြကွက်ကိုပြရာ၌ ရည်ရွယ်ချက်နှစ်ခုရှိကြောင်း၊ ပထမရည်ရွယ်ချက်မှာ မင်းသားလေးဗန္ဓုရာဇာနှင့် ဟေမာသီရိတို့၏ လက်ထပ်မင်္ဂလာပွဲကို ကြိုဆိုဂုဏ်ပြုလို၍ဖြစ်ကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ မဟာရာဇာမင်းကြီး၏ တိုင်းပြည်အပေါ် ထားရှိသော စေတနာ၊ မိမိနတ်ရွာစံသည့်အခါ မိမိ၏ မဟာရာဇာမင်းဆက်အနေနှင့် တရားနှင့်အညီ ဆက်လက်အုပ်ချုပ်နိုင်စိမ့်သောငှာ ဥပဒေများ ပြဋ္ဌာန်းတော့မည့် အစီအစဉ်တို့ကို ကြိုဆိုဂုဏ်ပြုလို၍ ဖြစ်ပါကြောင်း မှာကြားခဲ့ပါသည်။ အရှင်မင်းကြီး၊ ထို့ပြင် သူတို့နှစ်ဦးလုံးသည် အရှင်မင်းကြီး၏ တိုင်းနိုင်ငံအတွင်း ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ အလှူခံစားသောက်ခဲ့ဖူးသည်ဖြစ်၍ အရှင်မင်းကြီး၏ တိုင်းနိုင်ငံ သာယာဝပြောရေးအတွက် အစဉ်အမြဲ မေတ္တာပို့သနေမည်ဖြစ်ကြောင်းကိုလည်း မှာကြားလိုက်ပါသေးသည် အရှင်မင်းကြီး"

မဟာရာဇာမင်းကြီး ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ခဏမျှ စဉ်းစားပြီးပြန်လည်မိန့်ကြားလိုက်၏။

" ကောင်းလှပေသည် အသင်ပေတလူ၊ အသင်ပေတလူ၏ စွမ်းဆောင်ချက်တို့ကို ကျွန်ုပ်မှတ်သားထားပါမည်၊ အသင်အလိုရှိရာကို ကျွန်ုပ်ထံ တောင်းဆိုနိုင်ပါသည်။ ကျွန်ုပ် တတ်စွမ်းသမျှ ဖြည့်ဆည်းပေးပါမည်"

www.burmeseclassic.com

www.burmeseclassic.com



" အရှင်မင်းကြီး ကျွန်ုပ်၌ အစစပြည့်စုံပါသည်၊ ယခုအခါ ကျွန်ုပ်တို့လည်း ပင်ပန်းလှပြီ၊ ကျွန်ုပ်တို့ထိန်းချုပ်ထားသော ဤနတ်ဝင်သည်ယောကျ်ားလည်း ပင်ပန်းလှပြီ၊ ကျွန်ုပ်တို့အား အနားယူခွင့်ပြုပါလော့"

" ကောင်းလှပေသည် အသင် ပေတလူ၊ သင်တို့အားလုံး၏ စွမ်းဆောင်မှုကို ကျွန်ုပ်မှတ်သားထားပါအံ့၊ သင်တို့အားလုံး အနားယူကြပါလော့"

မင်းကြီး၏စကားအဆုံးတွင် နတ်ဝင်သည်ယောကျ်ားသည် အရှုပ်ကြီးပြတ် လဲကျလေ၏။ သတိရှိစွာ အသင့်စောင့်ဆိုင်းနေသော နတ်ဆရာချုပ်ကြီးက အချိန်မီဆီးပွေ့နိုင်သောကြောင့်သာ မြေကြီးပေါ် ကျမသွားခြင်းဖြစ်၏။

နတ်ဆရာချုပ်ကြီးသည် နတ်ဝင်သည်ယောကျ်ားအား ပြုစုရန် နတ်ဝင်သည်များလက်သို့ လွှဲပြောင်းပေးအပ်လိုက်သည်။ နတ်ဝင်သည်တို့သည် ကွင်းပိုင်နတ်ဝင်ပူးခဲ့သူအား ယပ်ခတ်ပေးခြင်း၊ ရေတိုက်ခြင်းတို့ဖြင့် အလုပ်ရှုပ်ကုန်ကြလေသည်။

သတ္တိဗလသည် နတ်မေးပွဲနှင့်ပတ်သက်၍ ကျေနပ်အားရမှုရှိသော်လည်း ယုံယုံကြည်ကြည် ဖြစ်သွားသည်တော့မဟုတ်။ ပိပိယိယိဇာတ်တိုက်ထားသော အစီအစဉ်လည်း ဖြစ်နိုင်သည်ဟူသော အတွေးက လွှင့်မသွားပေ။

နတ်ဆရာချုပ်ကြီးသည် နတ်မေးပွဲအခမ်းအနားပြီးဆုံးကြောင်း ကြေညာလိုက်၏။ထူးဆန်းသည်မှာ နတ်မေးပွဲပြီးဆုံးသည်နှင့် မိုးကောင်းကင်ပေါ်မှ အမည်းရောင်မိုးတိမ်များ တစ်မုဟုတ်ချင်း လွင့်စဉ် ပပျောက်သွားခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

နတ်မေးပွဲအပြီး ထိုနေ့နေ့လယ်ခင်းတွင် မဟာရာဇာမင်းကြီး၊ မိဖုရားခေါင်ကြီးနှင့် သားတော်ဆယ်ပါးတို့သည် "တော်ဝင်မိသားစုညှိနှိုင်းဆွေးနွေးပွဲ"ကို ကျင်းပခဲ့ကြသည်။ လျှို့ဝှက်ဆောင်တွင် ကျင်းပခြင်းဖြစ်ပြီး မည်သူ့ကိုမှ တက်ရောက်ခွင့်မပြုပေ။ ခမည်းတော်၊ မယ်တော်၊ သားတော်တွေချည်းဖြစ်သောကြောင့် ဟန်တွေပန်တွေလည်း မရှိကြတော့။ လွတ်လပ်စွာပင် ဆွေးနွေးခဲ့ကြသည်။

မိသားစု မျက်နှာစုံညီထိုင်မိသည်နှင့်စတင်၍ စကားစသူမှာ အိမ်ရှေ့စံသားတော်ကြီး သက္ကရာဇာဖြစ်၏။

"မနက်ကနတ်မေးပွဲကို ခမည်းတော်ကျေနပ်မှုရှိရဲ့လားဘုရား၊ ကွင်းပိုင်နတ် တကယ်ရောက်လာတာရော ဟုတ်ရဲ့လား"

သားတော်ကြီး၏မေးခွန်းကို မဟာရာဇာက မေးခွန်းနှင့်ပင် တုံ့ပြန်ခဲ့သည်။

"သားတော်ကြီးကရော ဘယ်လိုထင်မြင်ယူဆသလဲကွဲ့"



"ကွင်းပိုင်နတ် တကယ်မဝင်ဘဲနဲ့ ဇာတ်တိုက်ထားတာများဖြစ်နေမလားလို့၊ ကွင်းပိုင်နတ်ပြောတဲ့အထဲမှာ စိတ်တန်ခိုးရှင်က တစ်ယောက်တည်းမဟုတ်ဘဲ ဆရာတပည့်နှစ်ယောက်ဖြစ်နေတာရယ်၊ အမည်နာမတွေကို အတိအကျ ထုတ်ပြောခဲ့တာရယ်ကလွဲရင် ကျန်တာတွေက ဧည့်ခံပွဲမှာ ခမည်းတော်ခန့်မှန်းထားတဲ့အတိုင်းပဲဖြစ်နေလို့ပါဘုရား။ ခမည်းတော်ရဲ့ ခန့်မှန်းချက်တွေကို မွမ်းမံပြီး နတ်ဆရာချုပ်ကြီးက သူ့နတ်ဝင်သည်တွေနဲ့ ဇာတ်တိုက်ထားတာရော မဖြစ်နိုင်ဘူးလားလို့ တွေးမိပါတယ်ဘုရား"

"ကျန်တဲ့ သားတော်တွေကရော ဘယ်လိုယူဆကြသလဲဆိုတာ လျှောက်တင်ကြပါဦးကွဲ့"

နယ်စားသားတော်ရှစ်ဦးက မဝေခွဲတတ်ကြောင်း တစ်ယောက် တစ်ပေါက် တင်လျှောက်ကြသည်။ သူတို့သည် ဤကဲ့သို့သော ကိစ္စမျိုးတွင် နောင်တော်ကြီးကဲ့သို့ ရဲရဲမတွေးရဲကြချေ။ ရဲရဲလည်းမပြောရဲကြ။ ပြောမှားဆိုမှားရှိ၍ နတ်နှင့် မသင့်မမြတ်ဖြစ်ရခြင်းမျိုးကို မလိုလားကြပေ။

သားတော်ငယ်ဗန္ဓုရာဇာကမူ ကွင်းပိုင်နတ်တကယ်ဝင်ခြင်းဖြစ်နိုင်ကြောင်း လွတ်ခနဲလျှောက်တင်လိုက်၏။ ကွင်းပိုင်နတ်၏စကားထဲတွင် ဣန္ဒိပါဒဟူသော အမည်ပါလာကတည်းက နတ်အသိ နတ်စကားဖြစ်ကြောင်း သူယုံကြည်ပြီးဖြစ်သည်။ ဤနာမည်နှင့်ဤဇာတ်လမ်းကို သိသူဆို၍ ဤနန်းတော်အတွင်း၌ မိမိနှင့်ဟေမာသီရိ နှစ်ဦးသာရှိသည်။ မည်သူမှမသိ၍ နတ်ဆရာချုပ်ကြီးလည်း မသိနိုင်။ ထို့ကြောင့် ဇာတ်တိုက်ထားသော အစီအစဉ်မဟုတ်ဟု သူခံယူသည်။

"ဘာဖြစ်လို့ တကယ်ဝင်တယ်လို့ ထင်တာလဲဆိုတာ ပြောပြပါလား သားတော်"

www.burmeseclassic.com

www.burmeseclassic.com



ဖခမည်းတော်၏အမေးကို ဖြေဆိုရန် အခက်အခဲတွေ့သည့်အခါမှ မိမိအလျှောက်မှားသွားပြီဟု တွေးမိလေသည်။ ဤကိစ္စ ဤဇာတ်လမ်းကို သူမည်သည့်နည်းနှင့်မှ ပြောမပြနိုင်ပေ။ ကဒ္ဒိပါဒနှင့် ဟေမာသီရိတို့ဇာတ်လမ်းကို ပြောပြလိုက်လျှင် မလိုလားအပ်သောရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်သည်။ အထူးသဖြင့် ဟေမာသီရိ၏ဂုဏ်သိက္ခာကို အထိခိုက် မခံနိုင်ပေ။ ဟေမာသီရိကို မိမိချစ်သည်။ မိမိ၏ချစ်သူကို မိမိတန်ဖိုးထားရမည်။ ချစ်သူ၏ဂုဏ်သိက္ခာကို တစ်ပြားသားမှ အပွန်းအပဲ့ မခံနိုင်။

ဗန္ဓုရာဇာသည် ခေါင်းကုတ်ပြီးနောက် လှည့်ပတ်ဖြေဆိုလိုက်သည်။

" မှန်လှပါ၊ နတ်ဝင်သည်ရဲ့အမူအရာကိုကြည့်ရတာ တကယ် ဝင်နေတာနဲ့ တူလို့ပါဘုရား"

သားတော်အငယ်ဆုံးကို ကလေးတစ်ယောက်လိုသာ သဘောထားဆဲဖြစ်သော မဟာရာဇာမင်းကြီးက ရယ်လိုက်သည်။ မင်းကြီးရယ်တော့ မိဖုရားခေါင်ကြီးနှင့် ကျန်သားတော်များပါ လိုက်ရယ်ကြသည်။ ရယ်၍အားရတော့မှ မိဖုရားခေါင်ကြီးက သားတော်ငယ် ရှက်သွားမည်စိုး၍ ဖေးမ ပြောဆိုလိုက်၏။

" ငါ့သားတော်ကို ဝိုင်းမရယ်ကြပါနဲ့ကွယ်၊ သားတော်က အသက်ငယ်သေးတော့ ဒီဓာတ်တွေ၊ နတ်တွေအကြောင်း ဘယ်လိုလုပ်ပြီး ပြောပြတတ်မှာလဲ၊ မရှက်ရဘူးနော်. . သားတော်-ကြားလား"

ဗန္ဓုရာဇာ မရှက်ပါ။ တစ်ခုသာ စိတ်ထဲက တွေးမိသည်။ အဖြစ်မှန်ကို တကယ်သိထားသူအား အဖြစ်မှန်ကိုမသိသူများက ဝိုင်း၍ရယ်နေကြသည်။



"ကိုင်း-ရှိစေတော့၊ ရှိစေတော့၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဖခမည်းတော်ရဲ့ အမြင်ကို ပြောပြမယ်ကွဲ့"

မဟာရာဇာမင်းကြီးက ဝင်ရောက်ဟန့်တားလိုက်၍ အားလုံးက နားစွင့်လိုက်ကြသည်။

"နတ်တကယ်ဝင်သလား၊ မဝင်ဘူးလားဆိုတာ တစ်ခဏနဲ့ စိစစ်ဖို့ မလွယ်လေတော့ ဒီနေ့မနက် နတ်မေးပွဲနဲ့ပတ်သက်ရင် ဘယ်သူမဆို အထင်လောက်အမြင်လောက်ပဲ ပြောပြနိုင်မှာပါပဲ၊ သားတော်ကြီး ထင်မြင်ယူဆတာလည်း ဖြစ်နိုင်သလို သားတော်ငယ်ခန့်မှန်းတာလည်း ဖြစ်နိုင်တာပါပဲ၊ ဖခမည်းတော်ကတော့ သားတော်ငယ် ခန့်မှန်းတဲ့ဘက်ကို နည်းနည်းပါတယ်၊ ထူးခြားချက်ကလေးတွေ သတိထားမိလို့ပါ၊ ပထမဦးဆုံးထူးခြားချက်က နတ်မေးပွဲလုပ်တဲ့အချိန်မှာ မိုးမှောင်ကြီးကျလာတာပဲ၊ လူသားတွေနဲ့နီးစပ်တဲ့ နတ်လောကသားတွေဟာ အမှောင်ကို ပိုကြိုက်တယ်လို့ ခမည်းတော်ကြားဖူးတယ်။ ဒီတော့ မိုးမှောင်ကျအောင် သူတို့ဖန်တီးယူတယ်လို့ ခမည်းတော်ထင်တယ်၊ နတ်ဆရာချုပ်ကြီးမှာ ဒီလိုမိုးမှောင်ကျအောင် လုပ်နိုင်တဲ့အစွမ်းမရှိဘူးဆိုတာတော့ ခမည်းတော်သိပါတယ်"

သားတော်ကြီးသက္ကရာဇာသည် ခေါင်းညိတ်ရင်း နားစိုက်ထောင်နေ၏။

"နောက်ပြီးတော့ ဇာတ်တိုက်ထားတယ်ဆိုရင် ဇာတ်တိုက်ထားတဲ့လူအချင်းချင်းပဲ ပြောလို့ဆိုလို့ကောင်းတယ်၊ ဘေးလူဝင်မေးရင်က မောက်ကမတွေ ဖြစ်ကုန်တတ်တယ်၊ ဒီနေ့ ခမည်းတော်ဝင်မေးတဲ့အခါ နတ်ဝင်သည်ပြန်ဖြေနေတာ သားတော်တို့လည်းအမြင်ပဲ မိုးခနဲ၊ ဒေါက်ခနဲဖြေတယ်၊ သူဖြေတာတွေကလည်း သဘာဝကျတယ်၊ အင်းအင်းအဲ

www.burmeseclassic.com

www.burmeseclassic.com



အဲနဲ့ စဉ်းစားနေရတာမျိုးလည်း မတွေ့ရဘူး၊ ဒါကြောင့် သားတော်ငယ်ပြောသလို နတ်တကယ်ဝင်နေတာနဲ့တူနေတယ်”

မဟာရာဇာမင်းကြီး၏စကားဆုံးသောအခါ မိဖုရားကြီးကလည်း ဝင်ရောက်ထောက်ခံပြောဆိုပြန်သည်။

“မယ်တော်လည်း မင်းတို့ရဲ့ ဖခမည်းတော်လိုပဲ တကယ့်ကွင်းပိုင်နတ်ရောက်လာတယ်လို့ ထင်တယ်၊ ပထမဆုံး မယ်တော်စဉ်းစားမိတာက မြို့စောင့်တပ်မှူးကြီး ကြိုက်ခဲ့တဲ့မျက်လှည့်ပွဲဟာ အစစ်ဆိုရင် ဒီနတ်မေးပွဲက ကွင်းပိုင်ဟာလည်းအစစ်ပဲပေါ့၊ ဒီမျက်လှည့်ပွဲပြခဲ့တဲ့ စိတ်တန်ခိုးရှင်ဟာ မယ်တော်တို့ကို သိစေချင်လွန်းလို့လုပ်တာဆိုတော့ ကွင်းပိုင်နတ် ဒီကိုလာဖို့အရေးမှာ သူတောင် ပံ့ပိုးလိမ့်ဦးမယ်ထင်တယ်၊ ကွင်းပိုင်နတ်ပြောတဲ့စကားထဲမှာ ကြည့်ပါလား၊ သူက မယ်တော်တို့ဆီကို စကားတောင် ပါးလိုက်သေးတယ်လေ”

အိမ်ရှေ့မင်းသားလည်း ခမည်းတော်နှင့် မယ်တော်တို့စကားကို မလွန်ဆန်သာတော့ချေ။ ထို့ကြောင့် တစ်ယောက်တည်း ပြောသလိုနှင့် ညည်းညူလိုက်၏။

“ခက်တယ်နော်၊ ဒီကိစ္စတွေအကြောင်းပြောရရင် သိပ်ပြီးဆုပ်ဆုပ်ကိုင်ကိုင် မရှိလှဘူး။ ဟိုဘက်ကလှည့် စဉ်းစားရ ဒီဘက်ကလှည့် စဉ်းစားရနဲ့”

“အဲဒီလို လှည့်ပတ်စဉ်းစားရင်း၊ စဉ်းစားရင်းနဲ့အတွေးအခေါ်ရင့်ကျက်လာတာပေါ့ကွယ်။ သားတော်ဟာ အိမ်ရှေ့မင်းသားဘဝနဲ့ အဲဒီလိုလေ့ကျင့်ထားမှ ခမည်းတော်ရဲ့အရိုက်အရာကို ဆက်ခံတဲ့အခါ အတော်ဖြစ်သွားမှာပေါ့”

သားတော်ကြီးအား မဟာရာဇာမင်းကြီးက အားပေးလိုက်၏။



“ကဲ-ဒီတော့ ဒီကိစ္စကို အသာထားပြီး သားတော်ငယ်ရဲ့မင်္ဂလာပွဲကိစ္စ ဆက်ပြီးစဉ်းစားရအောင်၊ သားတော်ငယ်ဟာ မနက်ဖြန်မင်္ဂလာပွဲမှာ ရာထူးရာခံနဲ့တကွ မင်္ဂလာဆောင်နိုင်အောင် ဖခမည်းတော်က ဒီနေ့ပဲ ရာထူးချီးမြှင့်မယ်လို့ စဉ်းစားထားတယ်၊ သားတော်တို့ ဘယ်လိုသဘောရကြသလဲ”

အားလုံးက သင့်တော်ကြောင်း လျှောက်တင်ကြ၏။ သူတို့တုန်းကလည်း ဤသို့ပင် ရာထူးရာခံများလက်ခံပြီးမှ မင်္ဂလာဆောင်ခဲ့ကြခြင်းဖြစ်၏။

“သားတော်ငယ်ကိုပေးအပ်မယ့် ရာထူးတာဝန်ကတော့ ဘုရင့်အတိုင်ပင်ခံ ဥပဒေပြုအမတ်ပဲ၊ လက်ရှိတရားဥပဒေရေးရာအမတ်ရဲ့အထက်ကနေ တာဝန်ယူရမယ်၊ သားတော်ဟာ ဖခမည်းတော်၊ အိမ်ရှေ့စံနောင်တော်ကြီးတို့နဲ့အတူ ဖခမည်းတော်စဉ်းစားထားတဲ့ ဥပဒေအသစ်တွေကို ရေးဆွဲပြုစုရလိမ့်မယ်”

“ဘုန်းတော်ကြောင့် ဖခမည်းတော်ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါမည်ဘုရား”

နောင်တော်ကြီးများသည် တစ်ညီတစ်ညွတ်တည်း ထောက်ခံကြ၏။ ညီတော်ဗန္ဓုရာဇာသည် သမာသမတ်ရှိသောကြောင့် ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု သူတို့ယုံကြည်ကြသည်။

ထို့နောက် တော်ဝင်မိသားစုသည် ဗန္ဓုရာဇာ၏မင်္ဂလာဧည့်ခံပွဲကို ခြိမ့်ခြိမ့်သဲကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ လိုအပ်သည့် ကုန်ကျစရိတ်ကို ရွှေမြို့တော်ဘဏ္ဍာတိုက်မှ ထုတ်ယူသုံးစွဲမည်သာမက နယ်စားမင်းသားတော်များကလည်း ထပ်မံပံ့ပိုးကြဦးမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏စဉ်းစားထားချက်များသည် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ပေါ်လာသောကြောင့် မဟာရာဇာမင်းကြီး၏မျက်နှာသည် ပီတိအဟုန်နှင့် ဝင်းပလျက်ရှိသည်။ မိမိ၏တိုင်းနိုင်ငံသည် ပိုမိုပြည့်စုံသောတရားဥပဒေများနှင့် ဆက်လက်ထွန်းကားသွားပေဦးမည်။

ထိုအချိန်တွင် မိဖုရားခေါင်ကြီးက ကိစ္စတစ်ခုကို တင်ပြတောင်းဆိုလာ၏။ သစ်အယ်ချောင်နတ်ဆရာကြီး၏သမီးပုလဲနန္ဒာအား မိမိ၏ထံပါး ခစားမည့်အပျိုတော်အဖြစ် သိမ်းသွင်းခွင့်ပြုရန်ဖြစ်သည်။ မင်းကြီးအံ့သြသွားသောကြောင့် ချက်ချင်းပင် အကျိုးအကြောင်းကို မေးမြန်းဖြစ်သည်။

“နှမတော်က ဘယ်လိုစဉ်းစားပြီး အနားမှာခေါ်ထားချင်ရတာလဲ၊ ရွှေနန်းတော်အကအဖွဲ့မှာ ထားလိုက်ရင်ရော မကောင်းဘူးလား”

“ မှန်လှပါ၊ သူ့အရည်အချင်းနဲ့ သူ့အလှဟာ အကအဖွဲ့နဲ့ မတန်ပါဘုရား၊ ဘုရားကျွန်မ လျှောက်တင်ဖူးသလို ကြောက်စရာကောင်းလှတဲ့ အရည်အချင်းရှိနေတာမို့ ဘုရားကျွန်မရဲ့အနီးအနားမှာထားပြီး ဘုရားကျွန်မကိုယ်တိုင် သင့်တော်သူတစ်ဦးဦးနဲ့ လက်ဆက်ပေးလိုပါတယ်ဘုရား”

“ အလို-လက်ဆက်တဲ့အထိတောင် စဉ်းစားနေပါရော့လား”

“ မှန်လှပါ၊ ဘုရားကျွန်မကတော့ သင်းကလေး အိမ်ထောင်ကျသွားမှ အေးသွားမယ်လို့ ယူဆကြောင်းပါဘုရား”

မဟာရာဇာမင်းကြီးသည် ရာဇဣန္ဒြေဆည်ရင်း ပြုံးတော်မူလိုက်သည်။ ဤကိစ္စမျိုးတွင် မိန်းမများသည် ယောကျာ်းများထက် ပါးနပ်ပေသည်။ ပုလဲနန္ဒာ၏အလှတွင် ယစ်မူးတော့မည့်သားကောင်များကို ဟန့်တားလိုသောသဘော ဖြစ်ပေသည်။



“တန်တော့ ပုလဲနန္ဒာ ကတဲ့နေ့က သားတော်ကြီးများ အားပေးခဲ့တာကိုကြည့်ပြီး မယ်တော်က စိစဉ်ဟန်တူသဗျား”

မင်းကြီးက ပြုံးပြုံးကြီး မိန့်တော်မူလိုက်သည်။ သားတော် အားလုံး ရယ်ရယ်မောမော ဖြစ်သွားကြသည်။

“ မယ်တော်က သားတော်တို့ကို မယုံလို့လားဘုရာ့”

သားတော် ပံသုရာဇာက ကျီစယ်လျှောက်တင်သည်။ မိဖုရားကြီးက အေးအေးသက်သာပင် အဖြေပေးသည်။

“ သားတော်တို့ကို ယုံပါတယ်။ ဖြစ်တတ်တဲ့သဘာဝကိုသာ မယ်တော်က မယုံတာပါ”

မဟာရာဇာမင်းကြီးက အိမ်ရှေ့စံသားတော်ကြီး၏သဘောထားကို မေးမြန်းရင်း နောက်ကြောင်းကိုပါ အစဖော်ပေးလိုက်သည်။

“ သားတော်ကြီး သက္ကရာဇာ၊ သားတော်ကြီးရဲ့သဘောထားကို လျှောက်တင်ပါဦး၊ ပုလဲနန္ဒာရဲ့ဖခင် နေဝဗလရဲ့ စိတ်နေသဘောထားကိုရော သုံးသပ်လို့ရပြီလားကွဲ့”

“ မှန်လှပါ၊ နေဝဗလဟာ ရိုးသားသူဖြစ်ကြောင်း စုံစမ်းသိရှိရပါတယ်ဘုရား၊ မည်သည့်အရှုပ်အရှင်းမှမရှိတဲ့ သာမန်နတ်ဆရာကြီးတစ်ဦးသာ ဖြစ်ပါတယ်ဘုရား၊ ဒါ့ကြောင့် ပုလဲနန္ဒာကို မယ်တော်ခေါ်ထားမယ်ဆိုရင် ကန့်ကွက်စရာမရှိပါဘုရား”

မဟာရာဇာမင်းကြီးသည် သားတော်ကြီး၏ဆုံးဖြတ်ချက်ကို ကျေနပ်မိသည်။ မိမိ၏သမီးအား ဘုရင့်ချွေးမတော်ဖြစ်စေလိုသောဆန္ဒထားခဲ့သည့် နေဝဗလအပေါ် သားတော်ကြီး အပြစ်မမြင်တော့ပေ။ သားတော်ကြီးသည် လူတစ်ဦးတစ်ယောက်နှင့်ပတ်သက်လျှင် အချိန်တစ်

www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် ပေါ်ပေါက်တတ်သောစိတ်အကန့်တစ်ကန့်မျှနှင့် မှတ်ချက် မချတော့။ ထိုသူ၏ဘဝတစ်လျှောက်လုံးကိုလေ့လာပြီးမှ သုံးသပ်ဆုံး ဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် မင်းကြီးသည် မိဖုရားကြီး၏တောင်းဆိုချက်ကို သဘော တူခွင့်ပြုလိုက်၏။ တစ်ဆက်တည်း အိမ်ရှေ့စံသားတော်ကြီးအား ဆက် ၍ အမိန့်ချလိုက်သည်။

" အခုအခါ ပုလဲနန္ဒာဟာ မယ်တော်ရဲ့အပျိုတော် ဖြစ်သွားသလို မောင်ဖြစ်သူသတ္တိဗလကလည်း မြို့စောင့်တပ်သားတစ်ဦး ဖြစ်နေပြီ၊ ဒီတော့ နတ်ဆရာကြီး နေဝဗလဟာ မင်းမှုထမ်းသားသမီးတွေရဲ့ ဖခင် ဖြစ်သွားပြီ၊ သူကိုယ်တိုင်ကလည်း သားတော်ငယ် ဗန္ဓုရာဇာရဲ့ ကြင်ရာ တော်ရွေးပွဲကို ဦးဆောင်ဦးရွက်ပြု ရွေးချယ်ပေးခဲ့သူဆိုတော့ သူတို့ မိသားစုကို ဖခမည်းတော်တို့ အသိအမှတ်ပြုရမယ်ကွဲ့၊ ဒါကြောင့် မနက်ဖန် မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှာ သူတို့မိသားစုကို ဖိတ်ကြားရ မယ့်အပြင် စားပွဲဝိုင်းတစ်ဝိုင်း သီးသန့်စီစဉ်ပေးလိုက်စေဗျား"



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

မင်းသားလေး ဝန္နရာဇာ၏မင်္ဂလာပွဲအတွက် လူပင်ပန်း စိတ်ပင်ပန်း လုံးပန်းနေရသူကို ညွှန်ပြပါဆိုလျှင် မြို့စောင့်တပ်မှူး သူရစက္ကကို လက်ညှိုးထိုးပြရမည်ဖြစ်သည်။ မင်္ဂလာပွဲ၏ လုံခြုံရေးကို ထိထိရောက်ရောက် ဆောင်ရွက်ရန် အိမ်ရှေ့စံကိုယ်တော်ကြီးက အမိန့်ချထားသောကြောင့် တပ်မှူးသည် မြို့တွင်း၊ မြို့ပြင် နန်းတွင်း၊ နန်းပြင် အရေးပါသော နေရာများတွင် ပြောင်ကင်းများရော၊ ကင်းပုန်းများပါချထားရ၏။ မိမိ၏ ရဲမက်များအတွင်းမှလက်ရွေးစင်များရွေးထုတ်ပြီး အရပ်ဝတ်များနှင့် လုံခြုံရေးတာဝန် ဆောင်ရွက်ခိုင်းထားရ၏။

နတ်မေးပွဲအရသော်လည်းကောင်း၊ ဗေဒင်ဆရာကြီးများ၏တွက်ချက်ပေးမှုများအရသော်လည်းကောင်း မင်းသားလေး၏ မင်္ဂလာပွဲသည် အနှောင့်အယှက်များပေါ်မည့်ပုံ မရှိပေ။ သို့သော် ခန့်မှန်းခြင်းသည် ခန့် မှန်းခြင်းသာဖြစ်ပြီး လက်တွေ့မဟုတ်သောကြောင့် အိမ်ရှေ့စံကိုယ်တော်ကြီးသည် ပေါ့လျော့ခြင်းမရှိပေ။ မြို့စောင့်တပ်မှူးကို တာဝန်ပေးစေခိုင်းရုံသာမက မျက်နှာလွှဲခဲပစ်မထားဘဲ ကိုယ်တိုင်လည်း စိစစ်ကြပ်မတ်ပေသည်။



မင်္ဂလာပွဲတွင် အရေးပါအရာရောက်နေသူကား နတ်ဆရာကြီးပင်တည်း။ သူသည် နတ်မေးပွဲတွင် နာမည်ကောင်းရခဲ့သောကြောင့် ယနေ့ပွဲတွင်ရင်ကော့လျက်ရှိသည်။ ထို့ပြင် ဓလေ့ထုံးစံနားလည်သူတစ်ဦးအဖြစ်နှင့် ဤမင်္ဂလာပွဲကို ဦးစီးပေးရမည်ဖြစ်သောကြောင့်ပို၍ပင်မာန်တက်နေလေသည်။ သူသည် မင်္ဂလာအခမ်းအနားကျင်းပရာ နန်းရင်ပြင်တွင်-ဝတ်ရုံကြီးတဖားဖားနှင့် ဟိုသွားလိုက်၊ သည်လာလိုက် ဖြစ်နေ၏။ အခမ်းအနားအစီအစဉ် စနစ်ကျရေးအတွက် ဟိုလူ့ကို ညွှန်ကြားပေးလိုက်၊ သည်လူ့ကို ညွှန်ကြားပေးလိုက်လုပ်နေ၏။

နန်းရင်ပြင်သည် မင်္ဂလာပွဲသို့ တက်ရောက်လာမည့် ဧည့်သည်တော်များအတွက် ခင်းကျင်းထားသော စားပွဲဝိုင်းများနှင့်ပြည့်နေ၏။ နန်းတော်အဆောင်နှင့် နန်းရင်ပြင်တို့အကြားတွင် မင်္ဂလာစင်မြင့်တစ်ခုထိုးထားသည်။ မင်္ဂလာစင်မြင့်ပေါ်တွင် သတို့သား၏မိဘများနှင့် သတို့သမီး၏မိဘများထိုင်ရန် သလွန်များရှိသကဲ့သို့ သတို့သားနှင့်သတို့ သမီးနေရာယူရန် ကော်ဇောများလည်း ခင်းထား၏။ စင်မြင့်၏ရှေ့မှာရော နောက်မှာပါ လှေကားများရှိသောကြောင့် နောက်ဘက်မှတက်ပြီး ရှေ့ဘက်မှ ဆင်းနိုင်၏။

နန်းရင်ပြင်သို့ဝင်မည့် လမ်းမကြီးကို သဲဖြူခင်း၍ ရာဇမတ်ကာထားကာ ငှက်ပျောပင်များလည်းစိုက်ထားသောကြောင့် သပ်ရပ်သားနားလျက် ရှိသည်။ နန်းရင်ပြင်အဝင်ဝတွင်ကား ဧည့်ကြိုအဖွဲ့သည် အုပ်စုလိုက် စောင့်ဆိုင်းလျက် ရှိသည်။

ဧည့်ကြိုအဖွဲ့ကို အမတ်ချုပ်ကြီးနန္ဒသူရကိုယ်တိုင် ဦးစီးသည်။ ကြွရောက်လာမည့်ဧည့်သည်တော်များမှာ ဂုဏ်သရေရှိသူဌေးကြီးများ၊ ကုန်သည်ကြီးများဖြစ်သောကြောင့် အမတ်ချုပ်ကြီးကိုယ်တိုင် အလေး

www.burmeseclassic.com

www.burmeseclassic.com



ထား၍ ကြိုဆိုခြင်းဖြစ်သည်။ အမတ်ချုပ်ကြီးနံဘေးတွင် မြို့စောင့်တပ်မှူးသူရစက္ကလည်း ရှိသည်။ သူက လုံခြုံရေးအတွက် တွဲထားခြင်းဖြစ်သည်။ ဧည့်ကြိုအဖွဲ့တွင် ပါဝင်တာဝန်ထမ်းဆောင်နေသော နောက်တော်ပါတို့သည် ရဲမက်ဝတ်စုံဝတ်မထားသောရဲမက်များ ဖြစ်ကြသည်။ သူတို့သည် မင်္ဂလာပွဲအား နှောင့်ယှက်သူများ၏ရန်မှ အကာအကွယ်ပေးရန် အသင့်ရှိနေကြ၏။

ဧည့်ကြိုအဖွဲ့တွင် စာရေးအဖွဲ့လည်း ပါ၏။ သူတို့သည် တက်ရောက်လာသည့်ဧည့်သည်တော်များ၏အမည်နာမများကိုမှတ်သားရန် ပိတ်လိပ်များ၊ စုတ်တံများ၊ မင်ခွက်များနှင့် အသင့်စောင့်ဆိုင်းနေကြ၏။ ထိုအချိန်က စက္ကူမပေါ်သေး။ စာကိုပိတ်ပေါ်တွင် မင်အသုံးပြု၍ စုတ်တံနှင့် ရေးရသည်။ ရေးသည့်စာမှာလည်း အဆင့်မမြင့်လှသေး။ အရုပ်စာများ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မင်းသားလေး၏မင်္ဂလာပွဲအား အောင်မြင်စွာကျင်းပနိုင်ရန် အားလုံးက တက်တက်ကြွကြွ ဝိုင်းဝန်းကြိုးပမ်းနေကြသည်။ သူတို့အားလုံးပင် သမာသမတ်ရှိသောမင်းသားလေးကို လေးစားချစ်ခင်ကြသည်။ သည်ကြားထဲ ကျေးတောသူတစ်ဦးနှင့် လက်ဆက်ရဦးမည်ဖြစ်၍ သနားစိတ်ပါပိုနေကြသည်။

မြို့စောင့်တပ်မှူးနှင့်အတူ ပင်ပန်းကြီးစွာ လှုပ်ရှားနေသူတစ်ဦး ရှိသေး၏။ သတ္တိဗလ ဖြစ်သည်။ သတ္တိဗလသည် မင်္ဂလာအခမ်းအနားပြင်ဆင်ရာတွင် တပ်မှူးခိုင်းသမျှ မညည်းမညူ လုပ်သည်။ တပ်မှူးခိုင်းခြင်းသည် မင်္ဂလာအခမ်းအနားကောင်းဖို့ ဖြစ်သည်။ မင်္ဂလာအခမ်းအနားကောင်းခြင်းသည် ဟေမာသီရိကောင်းဖို့ ဖြစ်သည်။ ဟေမာသီရိအား ကောင်းစေချင်ခြင်းသည် မိမိ၏ဆန္ဒ ဖြစ်ပေသည်။



ဧည့်ကြိုအဖွဲ့တွင်ကား သတ္တိဗလ မပါတော့ပေ။ မဟာရာဇာမင်းကြီး၏ အမိန့်တော်အရ သတ္တိဗလသည် အထူးဖိတ်ကြားခြင်းခံထားရသော ဧည့်သည်တော်ဖြစ်၏။ ဧည့်သည်လက်ခံချိန်မှစ၍ သူသည် ဘာမှလုပ်စရာမလိုတော့ဘဲ ဧည့်သည်သွားလုပ်ရမည်ဟု တပ်မှူးက အမိန့်ချထားသည်။ ဧည့်သည်လုပ်စဉ် ဝတ်ဆင်ရန် ဝတ်စုံတစ်စုံကိုလည်း ပေးသနားခဲ့သည်။

သတ္တိဗလသည် ပြိုးပြက်ဝင်းလက်လျက်ရှိသော နန်းရင်ပြင် မင်္ဂလာအခမ်းအနားကြီးကို ကြည့်ရင်း ဟေမာသီရိအတွက် မိမိ၏ပေးဆပ်မှုကို ကျေနပ်အားရလျက်ရှိသည်။ မိမိနေရာတွင် မိမိမဟုတ်သော အခြားလူတစ်ယောက်သည် မိမိကဲ့သို့ လုပ်နိုင်လိမ့်မည်မထင်။ အချစ်ဆိုသည်မှာ ရယူခြင်းဟု ခံစားနားလည်ထားသူတို့က စွန့်လွှတ်ခြင်းနှင့် ချစ်နိုင်သည့် မိမိ၏အချစ်ကို လက်ခံနိုင်ကြလိမ့်မည်မဟုတ်ပေ။

နန်းတော်ဆောင်မုခ်တံခါးကို စောင့်ကြပ်လျက်ရှိသည့် ကင်းတပ်ဖွဲ့ထံမှ တံပိုးမှုတ်သံသည် နန်းရင်ပြင်တစ်ခုလုံးအား လွှမ်းမိုးသွား၏။ ဧည့်သည်များလက်ခံနိုင်ပြီဖြစ်ကြောင်း အချက်ပေးလိုက်ခြင်း ဖြစ်ပေသည်။

သတ္တိဗလ နန်းရင်ပြင်အဝင်ဝဘက် လှည့်ကြည့်ဖြစ်၏။ ဧည့်သည်တို့ စဝင်နေပြီ။ လက်ဆောင်ထုပ်များကို ကိုယ်တိုင်ပွေ့လာကြသူများ ရှိသကဲ့သို့ အထမ်းသမားများနှင့် ထမ်းပိုးလျှိုပြီး ထမ်းလာခိုင်းသူများလည်း ပါသည်။ မိမိမှာတော့ ဘာလက်ဆောင်မှ မပါ။ သို့သော် သည်အတွက် သတ္တိဗလ စိတ်အားငယ်ခြင်းမရှိ။ ဘုရင့်သားတော်တစ်ပါး၏ကြင်ရာတော်အဖြစ် မိမိဖန်တီးပေးလိုက်ခြင်းသည်ပင်လျှင် အကြီးမားဆုံး လက်ဆောင်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေသည်။ သူ့ရင်သည်ပင် ကော့မတ်လာသလို ရှိ၏။ သူသည် ဝင့်ဝင့်ကြွားကြွားနှင့်ပင် သူတို့ မိသားစုအတွက် သတ်မှတ်ထားသော စားပွဲဝိုင်းရှိရာသို့ လှမ်းခဲ့သည်။ စားပွဲဝိုင်းတွင် ဖခင်ဖြစ်သူနေဝဇလပင် ရောက်နှင့်ထိုင်နှင့်နေပေပြီ။ သူသည်လည်း နတ်ဆရာချုပ်ကြီးအား အကူအညီပေးနေရာမှ ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

သည်နေ့တော့ အဖေနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ပေပြီ။ သတ္တိဗလသည် ဖခင်ဖြစ်သူကို သွားကျဲကလေးနှင့် ပြုံးပြပြီး စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ ဝုန်းခနဲ ထရိုက်လိုက်လျှင်တော့ အမြန်ဆုံးရှောင်တိမ်းပြီး တပ်မှူးထံ ပြန်ပြေးမည်ဟုလည်း စိတ်ကူးထား၏။

သူ့အဖေသည် သူ့ကို တည်တည်ငြိမ်ငြိမ်ပင် ကြည့်သည်။ ထို့နောက် အေးအေးဆေးဆေးပင် မေးလိုက်သည်။

"မင်းတပ်ထဲမှာနေရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် အဖေ"

"အဆင်မပြေလို့ထွက်ချင်တယ်ဆိုရင်ပြော၊ မင်းတို့တပ်မှူးကို အဖေ လိုက်ပြောပေးမယ်၊ အဖေနဲ့ပြန်လိုက်ခဲ့ရင်လဲ ရတယ်"

အဖေ တယ်သဘောကောင်းနေပါလားဟု သတ္တိဗလတွေးမိသည်။

"နေပါစေတော့အဖေ၊ ကျွန်တော်တပ်ထဲမှာပျော်နေပါပြီ၊ တစ်ခုပဲ ရှိတယ်၊ အစ်မပုလဲနန္ဒာကလဲ နန်းတော်ထဲရောက်လာပြီဆိုတော့ အဖေ တစ်ယောက်တည်း ဖြစ်ပုံမလား"

"ဒီအတွက်တော့ မပူပါနဲ့ကွာ၊ သစ်အယ်ချောင်တစ်ရွာလုံးက ရပ်ဆွေရပ်မျိုးတွေပဲဥစ္စာ၊ အဖေတစ်ယောက်တည်း နေလို့ရပါတယ်"



သတ္တိဗလတို့၏မိခင်သည် သူတို့ငယ်စဉ်ကပင် ကွယ်လွန်သွားပြီးဖြစ်၏။ မောင်နှမနှစ်ယောက် အဖေ့အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းခဲ့ကြရသည်။ ထို့ကြောင့်လည်း သတ္တိဗလသည် အအုပ်အထိန်း ကြမ်းသော အဖေကို သေမလောက်ကြောက်ခဲ့ခြင်းဖြစ်၏။

"ကျွန်တော် အဖေ့ကိုမတိုင်ပင်ဘဲ တပ်ထဲဝင်လိုက်တာကို ခွင့်လွှတ်ပါအဖေ"

"ခွင့်လွှတ်ပါတယ်ကွာ၊ မင်း ငါ့ကိုကြောက်ပြီး ပြေးတာမဟုတ်လား၊ မင်းအစ်မကတော့ မင်းဘာဖြစ်လို့ ပျောက်သွားသလဲဆိုတာ စဉ်းစားတတ်မှာမဟုတ်ဘူး၊ အဖေကတော့ သိတာပေါ့၊ အဖေမှာထားတဲ့အတိုင်း ဖြစ်မလာလို့ မင်းပြေးပြီဆိုတာ၊ တပ်ထဲဝင်မယ်တော့ မထင်မိဘူး၊ ကောင်းပါတယ်၊ တပ်ထဲဝင်တာ၊ အဖေကြိုက်ပါတယ်"

အဖေနှင့် ဤမျှစကားပြောအဆင်ပြေလိမ့်မည်ဟု သတ္တိဗလ တွေးမထား။ သူက စားပွဲမှကျော်၍ လက်လှမ်းကာ သူ့အဖေ၏လက်မောင်းကိုဆိတ်လိုက်သည်။

"အဖေ-နာလား"

"နာတာပေါ့ကွ၊ ဘာဖြစ်လို့လဲ"

"မသိပါဘူး၊ ကျွန်တော်က အိပ်မက်များမက်နေသလားလို့၊ နာတယ်ဆိုရင် အိပ်မက်မဟုတ်တော့ဘူး"

"နောက်တီးနောက်တောက်ကွာ၊ အိပ်မက်မက်နေတယ်ထင်ရင်လဲ ကိုယ့်ကိုယ်ကို ဆိတ်ကြည့်ရမှာပေါ့ကွ၊ ဘယ်နဲ့ ငါ့လာဆိတ်နေရတာလဲ"

သတ္တိဗလသည် ဘာဝင်မကျသေး။ သူ့အဖေကို ဆက်၍မေးခွန်းထုတ်လိုက်သည်။

"အဖေ၊ ကျွန်တော့်ကို မမေးတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးရမှာလဲ"

"ကျွန်တော် ဘာဖြစ်လို့ အစ်မ ပုလဲနန္ဒာကို ပန်းကုံးမစွပ်လိုက်တာလဲ ဆိုတာ"

"မေးနေစရာ လိုသေးလားကွာ၊ မင်းက တစ်ခါတစ်လေ စိတ်ရှုထ, ရင် ကိုယ်လုပ်ချင်တာလုပ်တဲ့ကောင်ပဲ၊ ဘာလဲ၊ မင်းက မင်းအစ်မကို အိမ်ထောင်မပြုစေချင်သေးလို့လား"

"အင်း. . . ဒါလဲ တစ်ချက်ပါတယ်၊ နောက်တစ်ချက်က ကိုယ့်အစ်မကို ကိုယ်ပန်းကုံးစွပ်ပြီး မင်းသားယောက်ဖတော်လိုက်တာလို့ အပြောခံရမှာစိုးလို့၊ နောက်ဆုံးတစ်ချက်ကတော့ မင်းသားလေးကို ကျွန်တော်တို့ရွာက အလှဆုံးကောင်မလေးနဲ့ရစေချင်လို့"

ဟေမာသီရိကို ကောင်းစားစေချင်လို့ဆိုသည့်အချက်ကိုကား သူထည့်မပြောခဲ့ပါ။

"အေးလေ၊ ဘာပဲဖြစ်ဖြစ် အဖေ့စကားကို နားမထောင်ဘဲ မင်းလုပ်ချင်တာလုပ်လိုက်တာကတော့ အမှန်ပဲ"

"စိတ်မဆိုးပါနဲ့ အဖေရယ်၊ သား နောက်မလုပ်တော့ပါဘူး"

"ဘာလုပ်စရာလိုတော့လို့လဲကွ၊ ငါလဲ မင်းကို နောက်ဘာမှခိုင်းတော့မှာမှ မဟုတ်တာ"

နေဝဗလလေသံမာလာသဖြင့် သတ္တိဗလသွားကျဲကလေးနှင့် ဖြစ်သွားပြန်သည်။ ထို့နောက် မျက်လုံးကို ပေကလပ်ပေကလပ်လုပ်ကာ စကား ဆက်၏။

"ကျွန်တော် တစ်ခုလောက် မေးချင်တယ်အဖေ"

"မေးလေ"



"ပန်းကုံးစွပ်ပွဲမှာ ပန်းကုံးကြီးက ဆွဲခေါ်သွားတဲ့နောက်ကို ကျွန်တော်က မထိန်းနိုင်မသိမ်းနိုင်ပါသွားပြီး ဟေမာသီရိကို စွပ်ချလိုက်တာလို့ အဖေ မထင်ဘူးလား"

"ဘာဖြစ်လို့ထင်ရမှာလဲ၊ အဲဒီလိုမဖြစ်အောင် တမင်တကာ မင်းကိုမှ ရွေးပြီး တာဝန်ပေးတာပဲ၊ ခါတ်တွေ၊ နတ်တွေအစီရင်ကိစ္စတွေမှာ စိတ်ခိုင်တဲ့လူတွေ လုပ်လို့မရဘူးကွ၊ မင်း ဘယ်လောက်စိတ်ခိုင်တယ်ဆိုတာ ငါ့ထက်သိတဲ့လူရှိဦးမလား။ ဒါကြောင့်အစီအရင်တွေ လုပ်ထားတဲ့ ဒီပန်းကုံးကြီးက မင်းလက်ထဲမှာဆိုရင် အစွမ်းမပြနိုင်တော့ဘူးဆိုတာ ငါ အပိုင်သိပြီးသားပဲလေ၊ မင်းဘာပြောချင်သေးလဲ"

သတ္တိဗလ ဇက်ပုသွားသည်။ အဖေ့ထက် သားတစ်လကြီး၍ မရချေတကား။ တော်သေးသည်။ ဖခင်ဖြစ်သူ၏အမေးကို အမှန်အတိုင်း မဖြေမိဘဲ ဖြီးဖြန်း၍ဖြေမိလျှင် ထရိုက်ကောင်းရိုက်လာနိုင်သည်။

"ဟော-ဟိုမှာ၊ မင်းအစ်မလာနေပြီ၊ မင်းအစ်မရှေ့မှာ အဲဒီအကြောင်းတွေ ဘာမှမပြောနဲ့တော့"

သတ္တိဗလသည် ဆက်ပြောဦးမည့်စကားများကို အလျင်အမြန် အရှိန်သတ်ရသည်။ နန်းတွင်းသူဖြစ်သွားသော ပုလဲနန္ဒာသည် လှပကျော့ရှင်းစွာ ဝတ်စားလာသည်။ ဖခင်ဖြစ်သူကို လက်အုပ်ချီ အရိုအသေပြုပြီးမှ စားပွဲဝိုင်းတွင် ဝင်ထိုင်သည်။

နန်းရင်ပြင်၏ စားပွဲဝိုင်းများတွင် ဧည့်သည်များစုံလင်စပြုလာပြီ။ သူတို့သည် မိမိတို့အတွက် သတ်မှတ်ပေးထားသောနေရာများတွင် ဝင်ထိုင်နေကြပြီး ကိုယ့်အုပ်စုနှင့်ကိုယ် စကားစမြည်ပြောဆိုနေကြသည်။

ပုလဲနန္ဒာသည် ထိုင်မိသည်နှင့် တစ်ပြိုင်နက် သူ့မောင်ကို စကားနာထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





"နေနိုင်တယ်သတ္တိဗလရယ်၊ မြို့စောင့်တပ်ထဲရောက်နေတာတောင် အစ်မလုပ်တဲ့လူကို လာရှာဖော်မရဘူး"

"ဘယ်လိုလုပ်ရှာမလဲအစ်မရယ်၊ တာဝန်တွေနဲ့ပိနေတဲ့ဥစ္စာ"

ပုလဲနန္ဒာက သူ့မောင်၏စကားကို သဘောကျစွာရယ်မောလိုက်၏။

"အမယ်-ငါ့မောင်တောင် စကားကြီးစကားကျယ်တွေ ပြောတတ်နေပြီပဲ"

"တကယ်ပြောတာပါ အစ်မရယ်၊ တပ်မှူးက ခိုင်းတဲ့နေရာတော့ နှစ်ယောက်မရှိဘူး အစ်မရဲ့၊ တစ်နေ့တစ်နေ့ ဘယ်သူ့ကို ဘာတွေခိုင်းရမလဲဆိုတာကိုပဲ ထိုင်စဉ်းစားနေသလားလို့အောက်မေ့ရတယ်။ အခုတောင် မင်းကြီးအမိန့်နဲ့ ဧည့်သည်လာလုပ်နေရလို့၊ မဟုတ်ရင် ဘာတွေခိုင်းထားဦးမလဲမသိဘူး"

နေဝဗလသည် နန်းတွင်းအဝတ်အစားများနှင့် လိုက်ဖက်လှသော သမီးဖြစ်သူကို ဝမ်းသာအားရကြည့်ရင်း ပီတိဖြစ်နေသည်။

"သမီးကို နန်းတော်ထဲရောက်လာစေချင်တဲ့ အဖေ့ဆန္ဒတော့ ပြည့်ဝသွားပြီကွယ်၊ တမလွန်ရောက်နေတဲ့ မင်းအမေသိရင်လဲ ဝမ်းသာမှာပါပဲ၊ မှန်းစမ်း - သမီး လက်ဝါးလေးတွေကို ကြည့်ရအောင်၊ ဖြန့်ပြစမ်းပါဦး "

ပုလဲနန္ဒာက သူမ၏လက်ဖဝါးနှစ်ဖက်ကို စားပွဲပေါ်တွင်ဖြန့်ပြသည်။ လက်ဖဝါးနှစ်ဖက်သည် ဖြူနုပြီး ပန်းဆီရောင်ပြေးနေသည်။

"နန်းတော်ထဲရောက်တာ ဘာမှမကြာသေးဘူး၊ လက်ကလေးတွေ တောင်နုလာသလိုပဲ၊ ဒါပေမဲ့ကြည့်၊ ရွာမှာနေတုန်းက ထင်းခုတ်လို့ရထားတဲ့ အသားမာကလေးတွေရှိတုန်းပဲ၊ ဒါလဲ တစ်လ၊ နှစ်လဆိုရင် ပျောက်သွားတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ၏ စကားကြောင့် သတ္တိဗလက ပခုံးတွန့်ဖြစ်သည်။

"အစ်မက ထင်းမခုတ်ရတော့ပေမဲ့ ကျွန်တော်ကတော့ ခုတ်ရဦးမှာဗျ၊ မကြာခင်ရောက်တော့မယ့် ထင်းခုတ်ရာသီမှာ ထင်းတွေခုတ်ရောင်းပြီး မြို့စောင့်တပ်ရဲ့ဘဏ္ဍာတိုက်ကိုဖြည့်မယ်လို့ တပ်မှူးက ပြောနေတယ်"

"ဒါတော့ လုပ်ရမှာပေါ့ကွ၊ နန်းတွင်းအပျိုတော်နဲ့ ရဲမက်နဲ့ကတော့ ဘယ်တူပါ့မလဲ၊ ဒါက မင်းရွေးချယ်ထားတဲ့လမ်းပဲလေ"

"ဟုတ်ပါတယ်၊ ကျွန်တော်က စကားအဖြစ်ပြောတာပါ"

ပုလဲနန္ဒာသည် လက်ဖဝါးနှစ်ဖက်ကို ပြန်ရုပ်သိမ်းလိုက်ရင်း သတ္တိဗလကို မေးခွန်းထုတ်လိုက်သည်။

"ရဲမက်ကြီး သတ္တိဗလကို မေးရဦးမယ်၊ မင်းစိတ်ထဲမှာ ဘာမှ မခံစားရဘူးလား"

သူ့အစ်မ ဘာကိုဆိုလိုသည်ကို သူသိပါသည်။ သို့သော် စကားကို လွှဲပြောကြည့်လိုက်၏။

"အစ်မ အပျိုတော်ဖြစ်သွားတာကို ပြောတာလား၊ ဝမ်းသာပါတယ် အစ်မရယ်၊ မိဖုရားခေါင်ကြီးအနားမှာ ခစားရတာဆိုတော့ ပိုပြီးဂုဏ်ယူပါတယ်"

"ဒါကိုပြောတာမဟုတ်ဘူး သတ္တိဗလရဲ့၊ ဟေမာသီရိ သူများနဲ့ လက်ထပ်သွားတာကို နင်မခံစားရဘူးလားလို့ပြောတာ"

သတ္တိဗလက ပါးစပ်တွင် လက်ညှိုးထောင်ပြလိုက်၏။

"ရှူး...၊ ဟာ...၊ အစ်မကလဲ သူများတွေ ကြားသွားပါဦးမယ်"

နေဝဗလကပါ အလန့်တကြား ဝင်မေးသည်။

"ဘာဖြစ်လို့လဲ၊ ဟေမာသီရိနဲ့သတ္တိဗလက ဘာဖြစ်နေလို့လဲ"



"ဘာမှမဖြစ်ပါဘူး။ အဖေ့သားက တစ်ဖက်သတ်ကြိုက်နေတာလေ၊ ဒါကြောင့် မေးကြည့်ရတာ"

"အင်း. . .၊ ထင်တော့ထင်သားပဲ၊ ဒီကောင် ဒီလောက်အစွမ်းအစ မရှိပါဘူးလို့ တော်ပြီသမီး၊ ဒီစကား ဒီမှာတင်ရပ်၊ မပြောသင့်မပြောအပ် မပြောကောင်းတဲ့ စကားတွေကို မပြောတာဘဲကောင်းတယ်သမီးရေ"

ပုလဲနန္ဒာက မျက်နှာပိုးသတ်လိုက်သည်။

"ခံစားချက်ဖြစ်နေရင်လဲ အားပေးမလို့ပါဟယ်၊ လောကကြီးမှာ အချောအလှမရှားပါဘူးလို့၊ အခုဆို ရွှေမြို့တော်က ရဲမက်ကြီးတောင် ဖြစ်နေပြီပဲ၊ တော်ကြာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေဦးမယ်"

သတ္တိဗလက သူ့အစ်မ၏စကားကို ပြုံးပြုံးကလေးပင် ခံယူလိုက်သည်၊ ဘာမှမပြောလိုတော့။ သူ့အစ်မ၏စကားတစ်ခွန်းက သူ့အတွက် အတော်ခံလိုက်ရသည်။ တစ်ဖက်သတ်ဆိုသောစကား။ ထိုစကားကို သူ မုန်းသည်၊ ထိုစကားလုံးသည် အရာဝတ္ထုတစ်ခုသာဆိုလျှင် အစိတ်စိတ်အမြွှာမြွှာ ချေခွဲပစ်လိုက်ချင်သည်။

ထိုအခိုက် တီးလုံးသံများကို ကြားလိုက်ရ၏။ ပုလဲနန္ဒာက မင်္ဂလာစင်မြင့်ဆီ လှည့်ကြည့်လိုက်သဖြင့် သားအဖနှစ်ယောက်စလုံး လိုက်ကြည့်ဖြစ်သည်။ မင်္ဂလာစင်မြင့်၏ရှေ့ဘက်တွင် ခင်းကျင်းနေရာယူထားသော ရွှေနန်းတော်ဖျော်ဖြေရေးအဖွဲ့သည် သာယာနာပျော်ဖွယ် တေးဂီတများကို စတင်တီးမှုတ်လေပြီ။

"မင်္ဂလာအခမ်းအနား စတော့မယ်အဖေ"

www.burmeseclassic.com

www.burmeseclassic.com



## (၂၃)

တေးဂီတသံသည် နန်းရင်ပြင်ရှိ ဧည့်ပရိသတ်အားလုံးကို မင်္ဂလာစင်မြင့်ရှိရာသို့ လှည့်ကြည့်ကြစေရန် လှုံ့ဆော်လိုက်လေသည်။ ဤတွင် အားလုံးမြင်လိုက်ကြရသည်မှာ ဝတ်ရုံတာဖားဖား နှင့်စင်မြင့်ပေါ်သို့တက်သွားသော နတ်ဆရာချုပ်ကြီး သိင်္ဂါဒေဝဖြစ်ပေသည်။ နတ်ဆရာချုပ်ကြီးသည် အစီအစဉ်ကို ဦးစီးကျင်းပရသူဖြစ်ရာ အစီအစဉ်များကို ပရိသတ်အားလုံး သိရှိအောင်ကြေညာပေးလိုက်၏။

ပထမဆုံးအစီအစဉ်အရ ဗန္ဓုရာဇာသတို့သား၏ ခမည်းတော်နှင့် မယ်တော်တို့ မင်္ဂလာစင်မြင့်ပေါ်သို့ ကြွရောက်ဂါရဝပြုခံရန်ဖြစ်သည်။ နတ်ဆရာချုပ်ကြီး အချက်ပေးလိုက်သည်နှင့် နန်းတွင်းဖျော်ဖြေရေး အဖွဲ့သည် ထွက်စည်သံပေးတော့သည်။ နန်းတော်ဆောင်တံခါးဝမှ ထွက်လာခဲ့ကြသော မင်းကြီးနှင့် မိဖုရားကြီးသည် အခြွေအရံတို့နှင့်အတူ မင်္ဂလာစင်မြင့်ပေါ်သို့ နောက်ဘက်လှေကားမှ တက်ကြသည်။

မင်းနှစ်ပါးထွက်လာသည်ကို မြင်လိုက်ရသူတိုင်း မြေပြင်တွင် မှုဆိုးဒူးထောက်ထိုင်၍ လက်ယာလက်နှင့် မြေပြင်ကိုထိကာ ဦးညွှတ်

www.burmeseclassic.com

www.burmeseclassic.com



အရိုအသေပြုကြသည်။ နှုတ်မှလည်း မဟာရာဇာမင်းကြီး သက်တော်ရာကျော်ရှည်ပါစေ၊ မိဖုရားခေါင်ကြီး သက်တော်ရာကျော်ရှည်ပါစေ၊ မဟာရာဇာမင်းဆက် အစွန့်ရှည်ပါစေဟု ကြွေးကြော် နှုတ်ဆက်ကြလေသည်။

မင်းကြီးသည် မိဖုရားကြီးနှင့်အတူ မင်္ဂလာစင်မြင့်၌ အသင့်ခင်းကျင်းထားသောသလွန်ပေါ်တွင် ဝင်ထိုင်ရင်းလက်မြှောက်၍ အချက်ပြသည်။ နတ်ဆရာချုပ်ကြီးက အားလုံးမတ်တပ်ရပ်နိုင်ပါပြီဟု သူ့အသံဝါကြီးနှင့် ကြေညာပေးခဲ့၏။

ထို့နောက် နန်းတော်ဆောင်အတွင်းမှ အိမ်ရှေ့စံကိုယ်တော်ကြီးနှင့် ညီတော်ရှစ်ပါးတို့သည် ကြင်ရာတော်များ၊ အခြွေအရံများနှင့်အတူ ထွက်လာကြပြန်သည်။ ပရိသတ်ကြီးသည် ဒုတိယအကြိမ် မုဆိုးဒူးထောက် ဦးညွှတ်အရိုအသေပြုကြရပြန်သည်။ အိမ်ရှေ့စံကိုယ်တော်ကြီး ကျန်းမာပါစေ၊ သားတော်ကြီးများ ကျန်းမာပါစေဟု ကြွေးကြော်နှုတ်ဆက်ကြသည်။ ကိုယ်တော်ကြီးက လက်ပြရင်း မင်္ဂလာစင်မြင့်ကိုကွေ့ကျော်ကာ ဧည့်ပရိသတ်များအတွင်း ဆင်းသက်ခဲ့၏။ သူတို့အတွက် စားပွဲဝိုင်းများသီးသန့်ရှိပေသည်။

ပရိသတ်အားလုံး မတ်တပ်ရပ်မိချိန်တွင် နန်းတော်ဆောင်အတွင်းမှနေ၍ ဟေမာသီရိ၏ မိဘနှစ်ပါးသည် အထိန်းတော်များ ခြံရံလျက် ထွက်လာကြပြန်သည်။ အားလုံး လက်ခုပ်တီး၍ ကြိုဆိုကြသည်။ မင်းကြီးနှင့် မိဖုရားကြီးတို့လည်း လက်ခုပ်တီးကြသည်။ ဟေမာသီရိ၏ ဖခင်နှင့် မိခင်သည် မင်္ဂလာစင်မြင့်သို့ နောက်ဘက်မှတက်၍ သူတို့အတွက် ပြင်ဆင်ပေးထားသော သလွန်ရှိရာသွားကြ၏။ သူတို့သည် မင်းကြီးနှင့် မိဖုရားကြီးတို့ကို လက်အုပ်ချီဦးညွှတ် အရိုအသေပြုပြီးမှ ထိုင်ကြ၏။



ယခု သတို့သားနှင့်သတို့သမီးတို့ ထွက်လာမည့်အလှည့်ရောက်ပါပြီ။ နတ်ဆရာချုပ်ကြီး၏ ကြေညာသံနှင့်အတူ နန်းတွင်းဖျော်ဖြေရေးအဖွဲ့မှ ငြိမ့်အေးသောတေးသံတို့ ထွက်ပေါ်လာသည်။ ရှေ့ဆုံးက ထွက်လာသောအပျိုတော်ဆယ်ဦးသည် ငွေဖလားများ ကိုယ်စီကိုင်လျက် ဖလားအတွင်းမှ ပန်းမျိုးစုံတို့၏ပွင့်ဖတ်ရောင်စုံတို့ကို ကြဲပက်ရင်း ထွက်လာကြသည်။ ပွင့်ဖတ်ရောင်စုံတို့သည် နန်းရင်ပြင် ဧည့်ပရိသတ်ကြီးရှိရာသို့ ဝဲလွင့်ကျလာကြသည်။ သင်းပျံ့သော ပန်းပေါင်းစုံရနံ့သည် လေထုထဲ၌ ထုံသင်းသွား၏။

ပရိသတ်ကြီးသည် သတို့သားနှင့်သတို့သမီးထွက်အလာကို စောင့်စားကြည့်ရှုနေခဲ့ကြသည်။ သတ္တိဗလဆိုလျှင် ရင်တွေတဒိန်းဒိန်း ခုန်နေသည်။ ကြည့်မည်။ သူအားတင်းထားသည်။ သူကြည့်ဖြစ်အောင်ကြည့်မည်။ ကြည့်ရဲရမည်။ ကြည့်ကိုကြည့်ရဲရမည်။ ဘာဖြစ်လို့ မကြည့်ရဲရမှာလဲ။ ဤမင်္ဂလာပွဲကို သူပဲ တွန်းပို့ခဲ့သည်မဟုတ်ပါလော။

ဝင်းလက်တောက်ပသော သတို့သား၊ သတို့သမီးဝတ်စုံများကြောင့် ကြွေရုပ်ကလေးများသဖွယ် ဖြစ်နေကြသောဗန္ဓုရာဇာနှင့် ဟေမာသီရိတို့သည် ရွှေလက်တွဲ၍ ထွက်လာခဲ့ကြသည်။ နေနှင့်လ၊ ရွှေနှင့်မြအလား လိုက်ဖက်ညီကြ၏။ ကြည့်ကောင်းကြ၏။ လေတွင်ဝဲလွင့်နေသော ပန်းပွင့်ပန်းဖတ်များနှင့်အတူ သူတို့နှစ်ဦး၏မျက်နှာကလေးများသည် နုဖတ်ရွှန်းအိနေကြ၏။

ဟေမာသီရိသည် သူ့ညာဘက်လက်ဖဝါးကို ဖွဖွကလေးဆုပ်ထားသော ဗန္ဓုရာဇာမင်းသားလေး၏ဘယ်လက်ဖဝါးကိုအားပြုရင်း အိပ်မက်ထဲမှာ လမ်းလျှောက်သလို လမ်းလျှောက်နေခြင်းဖြစ်သည်။ နင်းမိမှန်း မသိ။ ထိမိမှန်း မသိ။ ပရိသတ်များကိုလည်း ခပ်ဝါးဝါးသာ မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှခမ်းနားသောပွဲ၊ ဤမျှများပြားသော လူပုံအလယ်တွင် မင်္ဂလာဆောင်ခွင့်ရရှိခဲ့ခြင်းသည် သူမကဲ့သို့သော ကျေးတောသူတစ်ဦးအဖို့ ရင်တုန်လှိုက်မောဖြစ်ရခြင်းမှာလည်း အဆန်းတော့မဟုတ်။

ဟေမာသီရိ၏ အသိမဲ့စွာလှုပ်ရှားနေသောလှုပ်ရှားဟန်ကိုသတ္တိဗလ ခံစားနားလည်နိုင်သည်။ သို့သော် သူမသည် ကျေနပ်နေလိမ့်မည်ဟု သူထင်သည်။ ဂုဏ်ယူနေလိမ့်မည်ဟုလည်း သူယူဆသည်။ ဤအထင်ဤယူဆချက်တို့ဖြင့် သတ္တိဗလ၏ရင်ထဲတွင် ကြည်နူးစိတ်တို့ ဖိတ်လျှံတက်လာသည်။ မျက်ဝန်းများ၌ မျက်ရည်တို့စို့လာသည်။

ဗန္ဓုရာဇာသည် ဟေမာသီရိ၏နူထွေးသောလက်ကလေးကိုဆွဲကာ မာလိန်မှူးတစ်ယောက်အလား ပဲ့ကိုင်ပေးခဲ့သည်။ အခမ်းအနားတို့၏ အရှိန်အဝါဆိုသည်မှာ တော်ရုံလူတို့မခံနိုင်ပေ။ မိမိကဲ့သို့ နန်းတွင်းမှာမွေး၍ နန်းတွင်းမှာကြီးပြင်းခဲ့သော မင်းသားတစ်ပါးပင်လျှင် ဤအခမ်းအနား၌ စိတ်ကိုတင်းထားရသေးသည်။ ထို့ကြောင့် ဟေမာသီရိ၏ လက်ဖဝါးကလေးများ အေးစက်နေခြင်းအတွက် သူ မအံ့သြပေ။ တုန်လှုပ်ခြင်း၏အရသာကို သူမ ခံစားနေရပြီဟု သူတွက်ဆသည်။

သူသည် သူမကိုတွဲခေါ်ရင်း သူမမျက်နှာကလေးကိုခိုး၍ခိုး၍ ကြည့်သည်။ ပရိသတ်ကြီး၏လက်ခုပ်သံနှင့် မင်းသားလေးကျန်းမာပါစေ၊ ကြင်ရာတော်လေး ကျန်းမာပါစေ၊ မင်းသားလေးနဲ့ကြင်ရာတော်တို့ထံ မင်္ဂလာအပေါင်းခညောင်းပါစေ စသောကြွေးကြော်နှုတ်ဆက်သံများအပေါ် ဤမိန်းကလေး၏တုံ့ပြန်မှုကို သူသိလိုသည်။ သူ့စိတ်ထဲတွင် ဤမိန်းကလေး၏ပါးတို့ ရဲခနဲ ရဲခနဲ ဖြစ်သွားသည်ဟုထင်မိ၏။

သို့သော် သူမသည်သူ့ကိုမကြည့်ပေ။ ပရိသတ်ကြီးဆီသို့လည်း မကြည့်ပေ။ ရှေ့တူရူသို့သာ ကြည့်နေ၏။ ကြည့်လျက်နှင့် မမြင်သော



မျက်လုံးမျိုးဖြစ်နေ၏။ သူမ ဘာတွေတွေးနေပါသနည်း။ တွေးချင်စရာတွေးပါစေလေ။ အတွေးဆိုသည်မှာ လွတ်လပ်သည်။ ဗန္ဓုရာဇာသည် မြင်မြင်ချင်း ချစ်မိခဲ့သောဟေမာသီရိအား လွတ်လပ်စွာတွေးတောခွင့်ပေးလိုပါသည်။ ချစ်သူကိုမချုပ်ခြယ်လိုပါ။

သူတို့နှစ်ဦးသည် ဤသို့ဖြင့် မင်္ဂလာစင်မြင့်ပေါ် ရောက်သွားသည်။ သူတို့နှစ်ဦးရပ်ရမည့်နေရာတွင် ယှဉ်တွဲရပ်ကာ နတ်ဆရာချုပ်ကြီး၏ ညွှန်ကြားချက်ကို စောင့်ဆိုင်းကြသည်။ နတ်ဆရာချုပ်ကြီးက သူတို့နှစ်ဦးကို လက်အုပ်ချီခိုင်းပြီး နေမင်းကြီးအား အာရုံပြုခိုင်းသည်။ ထို့နောက် နေနတ်မင်းကြီးအား တိုင်တည်ခွင့်ပန်သော စကားများကို သူက တိုင်ပေးကာ မင်းသားလေးနှင့် ဟေမာသီရိတို့က လိုက်ဆိုရသည်။ ထို့နောက် ကမ္ဘာစောင့်နတ်၊ လစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့မှစ၍ နတ်အပေါင်းတို့အား မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်း စကားတို့ကိုလည်း တိုင်ပေး၏။

ပြီးလျှင် သူတို့နှစ်ဦးအား မိဘများကို ဦးညွှတ်အရိုအသေပြုခိုင်း၏။ ထို့နောက် မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ဦးနှင့်တစ်ဦး ဦးညွှတ်အရိုအသေပြုရပြန်သည်။ နောက်ဆုံးတွင် ပရိသတ်ကြီးကို ဦးညွှတ်ရ၏။

"ယခုအချိန်မှစ၍ ရာသက်ပန်အိမ်ထောင်ဖက်များဖြစ်သွားကြသော မင်းသားလေးဗန္ဓုရာဇာနှင့် ကြင်ရာတော်ဟေမာသီရိတို့သည် တစ်ဦးနှင့်တစ်ဦး မင်္ဂလာဦးခေါင်းရည် တိုက်ကြပါလိမ့်မည်"

နတ်ဆရာချုပ်ကြီး၏အသံဝါကြီးဆုံးသည်နှင့် ခေါင်းရည်ထည့်ထားသည့် ငွေဖလားငယ်များကို ငွေလင်ပန်းတွင်တင်၍ မ, လာသောရွှေတော်နှစ်ဦး အနားသို့ကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"နှမတော်ဟေမာသီရိက မောင်တော့်ကို အရင်တိုက်ရမှာ၊ ခွက်ယူပြီးတိုက်"

ဗန္ဓုရာဇာ၏တီးတိုးသတိပေးသံကြောင့် ဟေမာသီရိက ခေါင်ရည်တစ်ခွက်ကို လှမ်းယူလိုက်သည်။ ဗန္ဓုရာဇာ၏နှုတ်ခမ်းကို တေ့ပေးလိုက်သည့်အချိန်မှာပင် ကဏ္ဍပါဒလုလင်ပျိုကိုသတိရသည်။ ကဏ္ဍပါဒလုလင်ပျို၏နှုတ်မှထွက်လာသော ရုက္ခစိုးကြီး၏ပြောကြားချက်ဆိုသည့်စကားသံများကိုလည်း ပြန်လည်ကြားယောင်လာသည်။

ဤအနာဂတ်ဟောပြောချက်များသည် မိမိအတွက် တစ်ဆင့်ပြီးတစ်ဆင့် တစ်ရစ်ပြီးတစ်ရစ် မှန်နေခဲ့ချေပြီ။ မိမိဘာများတတ်နိုင်ပါမည်နည်း။ ကံကြမ္မာက ပေးအပ်လာသောတာဝန်များကို မိမိကျေပွန်အောင် ထမ်းဆောင်ရပေလိမ့်မည်။

ဗန္ဓုရာဇာကလည်း ဟေမာသီရိကို မင်္ဂလာခေါင်ရည်တိုက်၏။ ဟေမာသီရိ ကျေကျေနပ်နပ်သောက်၏။ ဤယောက်ျားသည် အလွန်သဘောထားပြည့်ဝသော ယောက်ျားဖြစ်၏။ ဤယောက်ျားမျိုးနှင့် ကံစပ်ရခြင်းအား မကျေနပ်စရာဘာမှမရှိ။

"ငါ့မောင်ကလဲဟယ်၊ မျက်တောင်လေးဘာလေးများ ခတ်စမ်းပါဦး"

ပုလဲနန္ဒာသည် မောင်ဖြစ်သူသတ္တိဗလ၏ပခုံးကိုပုတ်၍ ကျီစယ်လိုက်သည်။ သတ္တိဗလကား တုတ်တုတ်မှမလှုပ်။ ဤမြင်ကွင်းသည် မိမိ၏လျှပ်တစ်ပြက်ဆုံးဖြတ်ချက်မှ ပေါက်ဖွားလာခြင်းဖြစ်၏။ တစ်နည်းအားဖြင့် မိမိစိုက်ပျိုးလိုက်သောအသီးအပွင့် ဖြစ်သည်။ ဤမြင်ကွင်းကိုကြည့်၍ ရင်မှာနာကျင်သည်ဆိုလျှင်လည်း နာကျင်ထိုက်၏။ မိမိစိုက်ပျိုးသောအသီးအပွင့်ကို မိမိဆွတ်ခူးစားသောက်ရခြင်းပင် မဟုတ်ပါလော။



မင်းသားလေးနှင့်ဟေမာသီရိတို့ မင်္ဂလာခေါင်ရည် အပြန်အလှန်တိုက်နေကြချိန်တွင် မင်းမှုထမ်းတို့သည် နန်းရင်ပြင်ဧည့်ပရိသတ်ကြီးအတွက် ခေါင်ရည်အိုးများနှင့်တကွသော စားသောက်ဖွယ်ရာများကို လိုက်လံချပေးနေပြီ ဖြစ်၏။ မဟာရာဇာမင်းကြီး၊ မိဖုရားကြီးနှင့် ဟေမာသီရိ၏မိဘနှစ်ပါးတို့သည် မင်္ဂလာစင်မြင့်ပေါ်မှာပင် စားကြသောက်ကြမည်ဖြစ်သည်။ မင်းသားလေးနှင့်ဟေမာသီရိတို့သည် ထိုဝိုင်းမှစ၍ မင်္ဂလာခေါင်ရည်အတူသောက်ခြင်းတည်းဟူသော အစဉ်အလာဂါရဝပြုမှုကို စတင်ရမည်ဖြစ်၏။ ထို့နောက် နန်းရင်ပြင်ဧည့်ပရိသတ်များထံ မောင်နှံစုံဆင်းသက်ကာ စားပွဲတစ်ဝိုင်းပြီးတစ်ဝိုင်း မင်္ဂလာခေါင်ရည်အတူ သောက်ရပေဦးမည်။

"မင်းသားလေး၏မင်္ဂလာပွဲကို ကြွရောက်အားပေးချီးမြှင့်ကြသော ဧည့်ပရိသတ်အပေါင်း မိမိတို့၏ဝိုင်းအလိုက် မြိန်ယှက်စွာ စားသောက်နိုင်ကြပါပြီ၊ မင်းသားလေးတို့မင်္ဂလာမောင်နှံက မင်္ဂလာခေါင်ရည်အတူ သောက်ရခြင်းအစီအစဉ်ကို တစ်ဝိုင်းပြီးတစ်ဝိုင်းလိုက်လံ၍ တစ်ဦးချင်းစီနှင့် ခွက်တိုက်ဂုဏ်ပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်၊ စားရင်းသောက်ရင်း စောင့်ဆိုင်းနေကြရန် ပန်ကြားအပ်ပါသည်"

မင်္ဂလာပွဲကိုဦးစီးသည့်နတ်ဆရာချုပ်ကြီးသည် မင်္ဂလာစင်မြင့်ပေါ်ရှိ မဟာရာဇာမင်းကြီး၊ မိဖုရားကြီး၊ ဟေမာသီရိ၏မိဘနှစ်ပါးတို့အတွက် ပြင်ပေးထားသောဝိုင်းတွင် ဝင်ထိုင်ခွင့်ရ၏။ ထိုဝိုင်းကို သွားရောက်ဂါဝရပြုရင်း မင်္ဂလာခေါင်ရည်အတူသောက်သည့် မင်းသားလေးတို့ဇနီးမောင်နှံအား မဟာရာဇာမင်းကြီးက သတိပေးစကားကို ရယ်စရာရောညှပ်၍ ပြောခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"သတို့သားနဲ့သတို့သမီးဆိုတာ မင်္ဂလာပွဲမစခင်ကတည်းက ကြို ပြီးစားထားရတယ်၊ မင်္ဂလာပွဲထဲမှာ သူတို့ကို ဘယ်သူကမှ မကျွေးဘူး။ ခေါင်ရည်ပဲ တိုက်ကြတာ၊ သနားစရာပဲနော်၊ ဘယ်လောက်စားချင် စားချင် အောင့်ထားကြရတာ၊ ဟဲ့ -ဟေမာသီရိ၊ နင်ရော ကြိုပြီး စား ထားရဲ့လား"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် အတန်အသင့်စားထားပါတယ်ဘုရား"

"အေးကောင်းတယ်၊ ပြီးတော့နင့်ကိုမှာထားရဦးမယ်၊ ဧည့်သည် တွေနဲ့ ခွက်တိုက်မင်္ဂလာခေါင်ရည်သောက်တဲ့အခါ ကိုယ်ကနှုတ်ခမ်း ဆွတ်မိရုံလေးတင် သောက်သလိုလို ဟန်ပြသောက်ရမှာနော်၊ တကယ် သွားမသောက်နဲ့၊ တကယ်သွားသောက်ချင်ရင် ဟိုတစ်နေ့က ပုလဲနန္ဒာ မျက်လှည့်ပြသလို ဗိုက်အပိုတစ်ခုဆောင်သွားမှ ဖြစ်မှာ"

ဟေမာသီရိပြုံး၍ ခေါင်းညိတ်လိုက်ရသည်။ သူမသည် အတန်ငယ် အသားကျသွားပေပြီ။ ပွဲထဲသို့ စတင်ဝင်ရောက်ခါစလောက် ထူထူပူပူ ဖြစ်ခြင်း မရှိတော့၊ ကိုယ်နှင့်စိတ် ပြန်ကပ်လာပြီဖြစ်၏။ ဝန္နရာဇာ၏ အပါးမှနေ၍ အလိုက်အထိုက် လိုက်လုပ်နိုင်ပေပြီ။

နောင်တော်ကြီးတို့ဝိုင်းတွင် အကျီစယ်အခံရဆုံး ဖြစ်ခဲ့သည်။ သူတို့ က ဟေမာသီရိကို တကယ်သောက်ခိုင်းနေကြသည်။ ခွက်မှောက် သောက်ရမည်ဟု ပြောကြသည်။ သောက်ပြီးသည်နှင့် ခွက်ထဲမှာ ခေါင် ရည်မကျန်တော့ကြောင်း မှောက်ပြရမည်ဆို၏။ မတတ်နိုင်။ လက်လှည့် လည်း မလုပ်တတ်၊ မျက်လှည့်လည်း မပြတတ်သော ဟေမာသီရိသည် ထိုဝိုင်းတွင် ကိုးခွက်တိတိ တကယ်တမ်း ခွက်မှောက်သောက်ခဲ့ရလေ သည်။



တစ်ခုတော့ကောင်းသည်။ ခေါင်ရည်တန်ခိုးကြောင့် ဟေမာသီရိ ပို၍ရဲတင်းသွားသည်။ ပွဲတိုးသွားသည်။ မိမိတစ်ခါမှ မသိကျွမ်းဖူးသေး သော ဧည့်ပရိသတ်ကြီးအတွင်းသို့ ရဲရဲရင့်ရင့်တိုးဝင်သွားလာနိုင်ခဲ့လေ သည်။ မျက်နှာသိဝိုင်းဆို၍ တစ်ဝိုင်းသာရှိသည်။ နေဝဗလ၊ သတ္တိဗလ နှင့် ပုလဲနန္ဒာတို့ဝိုင်းဖြစ်၏။ မျက်နှာသိဝိုင်းဆိုသော်လည်း ထူးတော့သိပ် မထူးလှ၊ ဂုဏ်သိက္ခာထိန်းနေရသောပတ်ဝန်းကျင်ဖြစ်သောကြောင့် တရင်းတနှီးမပြောသာ။ ပြောရမည်ဆိုလျှင် ဟေမာသီရိသည် သတ္တိဗလ တို့မိသားစုကို အားနာနေသည်။ အထူးသဖြင့် သတ္တိဗလကို အားနာ နေသည်။ မိမိကို တစ်ဖက်သတ်ချစ်နေခဲ့သူက သူတစ်ပါးလက်ထဲ ထိုး အပ်လိုက်ရတော့မည့်ပန်းကုံးကိုမှ စွပ်ခဲ့ရသည့်အဖြစ်။ မစွပ်ခင်က စွပ် ချင်မည်မဟုတ်သကဲ့သို့ စွပ်ပြီးပြန်တော့လည်း ရင်နာနေလိမ့်မည်ဟု သူမ ယူဆနေမိသည်။ တစ်ဖက်သတ်အချစ်နှင့် အစွဲအလမ်းကြီးနေ သော သတ္တိဗလသည် မိမိကိုမြင်နေရလျှင်တော်ပြီဟူသောခံစားချက် နှင့် မိမိကိုမြင်ခွင့်ရကောင်းရနိုင်သည့်မြို့တော်တပ်ထဲသို့ အပြေးလာ ဝင်ခြင်းဖြစ်လိမ့်မည်ဟုလည်း ခန့်မှန်းနေမိသည်။

သူမ ဤသို့ခန့်မှန်းမည်ဆိုလျှင်လည်း ခန့်မှန်းချင်စရာဖြစ်သည်။ သူမကိုမြင်တွေ့ခွင့်ရပြီး မင်္ဂလာခေါင်ရည်ခွက်ချင်း တိုက်ခွင့်ရသွားသော သတ္တိဗလ၏မျက်နှာသည် ဝင်းပလျက်ရှိသည်။

သတ္တိဗလ၏မျက်နှာ ဘာကြောင့်ဝင်းပရသည်ဆိုသည့်အကြောင်း ရင်းမှန်ကိုကား သတ္တိဗလကိုယ်တိုင်မှတစ်ပါး မည်သူကမှ တိကျမှန်ကန် စွာ ခန့်မှန်းနိုင်လိမ့်မည်မဟုတ်ပေ။

မင်္ဂလာဧည့်ခံပွဲအခမ်းအနားသည် မွန်းလွဲခါမှ ပြီးဆုံးသွားသည်။ ထိုအခါမှ မင်္ဂလာမောင်မယ်တို့ နားခွင့်စားခွင့်ရတော့သည်။ သူတို့စား

www.burmeseclassic.com

www.burmeseclassic.com



နေစဉ် မိဘများနှင့်နောင်တော်ကြီးများက ဝန်းရံ၍ စကားပြောနေကြသည်။ ရဲမွှေတော်များက လက်ဆောင်ပစ္စည်းများကို စစ်ဆေးသိမ်းဆည်းနေကြသည်။

နတ်ဆရာချုပ်ကြီးလည်း မဟာရာဇာမင်းကြီးထံ ခွင့်ပန်၍ပြန်သွားသည်။ နန်းရင်ပြင်ရှိ ပြန့်ကျဲကျန်ခဲ့သည့် စားပွဲများ၊ ထိုင်ခုံများ၊ မွှန်းမံတန်ဆာဆင်ထားသည့် အဆောင်အယောင်များကို သိမ်းဆည်းရန်မှာ အမတ်ချုပ်ကြီးနှင့် မြို့စောင့်တပ်မှူးတို့၏တာဝန်ပင် ပြန်ဖြစ်သွားလေသည်။

စားသောက်ပြီးစီးသွားသော မင်္ဂလာမောင်မယ်အား မဟာရာဇာမင်းကြီးနှင့်တကွသော တော်ဝင်မိသားစုက ဟေမာသီရိ၏မိဘများကိုပါခေါ်၍ မင်္ဂလာအိမ်တော်သို့ လိုက်ပို့သည်။ မင်းသားလေးဗန္ဓုရာဇာနှင့် ဟေမာသီရိတို့အတွက် ရက်ပိုင်းအတွင်း အပြီးဆောက်ထားသော စံအိမ်တော်အသစ်စက်စက် ဖြစ်ပေသည်။

မိဘများနှင့်နောင်တော်ကြီးများ ပြန်သွားကြသောအခါ ဗန္ဓုရာဇာသည် ဟေမာသီရိကိုခေါ်၍ အတွင်းခန်းသို့ ဝင်သည်။ ထို့နောက် အရေးတကြီးအမူအရာနှင့် ပြော၏။

" ဒီနေ့တစ်နေ့လုံး ပြောမယ်ပြောမယ်နဲ့ဟာ၊ လူမရှင်းလို့မပြောရဘူး၊ အခုမပြောလိုက်ရင် တော်ကြာပြန်မေ့သွားမှာစိုးရတယ်"

ဗန္ဓုရာဇာ၏အမူအရာကြောင့် ဟေမာသီရိလည်း အာရုံစိုက်နားထောင်လိုက်သည်။

"ဒီနေ့ကစလို့ တစ်လပြည့်တဲ့နေ့မှာ နန်းတွင်းသမားတော်ကြီးကိုခေါ် ပြီးစစ်ဆေးမှာနော်၊ အဲဒါမမေ့နဲ့"

"ကြည့်ပါဦး၊ နှမတော်က ဘာကိစ္စများလဲလို့၊ မောင်တော်နော်"

ဟေမာသီရိက ဗန္ဓုရာဇာ၏ လက်မောင်းကိုထုသည်။

(၂၄)

ထိုနေ့မနက်က မဟာရာဇာမင်းကြီး အိပ်ရာထ အတန်ငယ် နောက်ကျသည်။ အိပ်စက်ရာခုတင်မှ ထထိုင်မိချိန်တွင် ခေါင်းရင်းဘက်နံရံ၌ အလှဆင်ကာ အမြှတ်တနိုးချိတ်ဆွဲထားသော ဘိုးတော်ဘေးတော်တို့၏ဓားလှံများ ပြုတ်ကျသည့်အသံ ကြားလိုက်ရသည်။ လှမ်းကြည့်လိုက်တော့လည်း တကယ်ပင် ပြုတ်ကျနေကြ၏။

မင်းကြီးသည် ခုတင်မှ လျှင်မြန်စွာထ၍ သွားရောက်စစ်ဆေးကြည့်လိုက်သည်။ ချိတ်ဆွဲထားသောကြိုးများ ဆွေးမြည့်ပြီး ပြုတ်ကျကုန်ကြခြင်းဖြစ်သည်။ အချိန်ကြာမြင့်စွာ မစစ်ဆေးမိဘဲ ပစ်ထားခဲ့သောကြောင့်သာ ဤသို့ဖြစ်ရသည်ဟု တွေးမိပြီး မင်းကြီးသည် မိမိ၏ပေါ့ဆမှုကို စိတ်ထဲက အပြစ်တင်နေမိသည်။

ဘိုးတော်ဘေးတော်တို့၏ဓားလှံများမှ အသံထွက်ခဲ့လျှင် စစ်မက်ထူပြောမည့်နိမိတ်ဖြစ်သည်ဟု သူကြားဖူးသည်။ ဤကိစ္စကို နတ်ဆရာကြီးများနှင့်ပေဒင်ဆရာကြီးများအား ပြောပြတိုင်ပင်မှ ဖြစ်ပေလိမ့်မည်။ စစ်ရိပ်စစ်နိမိတ်တို့ရှိသလော။ ရှိသည်ဆိုလျှင် မည်သည့်အချိန်အခါတွင် ဖြစ်လာနိုင်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် ဒေးလုံများကို နံရံတွင် စနစ်တကျ စီတန်းထောင်ထားလိုက်သည်။ ကြိုးအသစ်များတပ်ဆင်ပြီးမှ ပြန်လည်၍ အလှဆင်ချိတ်ဆွဲထားရပေမည်။

ထိုအခိုက် အိပ်ခန်းတံခါးမှနေ၍ အိပ်ဖန်စောင့်ရဲမက်တစ်ဦး၏ အသံပေါ်ထွက်လာသည်။

"မိဖုရားခေါင်ကြီး အခစား ဝင်ရောက်လာကြောင်းပါဘုရား"

မင်းကြီးသည် မိဖုရားခေါင်ကြီးကို စူးစမ်းသောအကြည့်နှင့် ကြည့်ရှုမိသည်။ ဤမျှ စောစီးစွာ မလာစဖူး အလာထူးပါတိ။ မိဖုရားကြီးသည် မင်းကြီးအား လက်အုပ်ချီဦးညွှတ်၍ အရိုအသေပေးပြီးနောက် သလွန်တစ်ခုပေါ်တွင် ဝင်ထိုင်၏။ ထို့နောက် သူ့ရင်ဘတ်ကိုသူ လက်နှင့်ဖိထားလိုက်သည်။

"နှမတော် အတော်မောလာတယ်ထင်တယ်။ ရေကြည်တော်များ သောက်လိုက်ပါဦး"

မင်းကြီးက ရေတကောင်းမှ ရေကြည်တော်တစ်ခွက် ငှဲ့ပေးလိုက်သည်။ မိဖုရားကြီးက လှမ်းယူလိုက်သော်လည်း မသောက်သေး။

"မောလွန်းလို့ ရေကိုတောင် ချက်ချင်းသောက်နိုင်ဖို့ မလွယ်သေးဘူး မောင်တော်ဘုရား"

မင်းကြီးသည် မျက်နှာချင်းဆိုင်မှ သလွန်ပေါ် ဝင်ထိုင်ရင်း မိဖုရားကြီးကို ငုံ့လင့်သည်။ မိဖုရားကြီးသည် ရေကို တစ်ငုံချင်း ဂရုတစိုက်သောက်သည်။ ထို့နောက် ရေမကုန်သေးသောရေခွက်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားရင်း သူမ လျှောက်တင်လိုသည့်စကားများကို လျှောက်တင်တော့သည်။



"မှန်လှပါ။ နှမတော် အိပ်မက်အထူးအဆန်းတစ်ခု မက်တာမို့ မောင်တော့်ကို လျှောက်တင်မယ်ဆိုပြီး ပြေးလာခဲ့တာပါဘုရား"

"ဒါဆို နှမတော်လဲ အခုမှ နိုးလာတာပေ့ါ။ မျက်နှာတော်များရော သစ်ခဲ့ရရဲ့လား"

"နှမတော် မျက်နှာမသစ် မဖြီးမလိမ်းဘဲ ဘယ်တုန်းက မောင်တော့်ဆီ လာဖူးလို့လဲဘုရာ့"

"ဟုတ်ပါပြီ နှမတော်ရယ်၊ ကျီစယ်တော်မူတာပါ။ မောင်တော်ဖြင့် မျက်နှာတောင်မသစ်ရသေးဘူး၊ ကဲ-အိပ်မက်ကိုလျှောက်တင်စမ်းပါဦး၊ ပြီးမှပဲ မျက်နှာသစ်ပါတော့မယ်"

"မှန်လှပါဘုရား၊ အိပ်မက်ထဲမှာ နန်းတော်ထဲကို ဆင်ပေါက်တစ်ကောင်ဝင်လာပြီး နန်းတော်တိုင်တစ်တိုင်မှာ ကျောနဲ့ဝင်ထောက်ထားတယ်လို့ မက်ပါတယ်ဘုရား၊ ဆင်ပေါက်ကလည်း တင့်တင့်တယ်တယ် ချစ်စဖွယ်ပါဘုရား၊ နန်းတော်တိုင်ကို မလဲမပြိုရလေအောင် ဝင်ထမ်းလိုက်သလိုပါပဲ၊ ထင်ထင်ရှားရှားကြီးမက်ပြီး မျက်စိထဲစွဲနေတာမို့ ထူးခြားတာအမှန်ပါပဲဘုရား၊ ဒါကြောင့်မောင်တော့်ထံ အမြန်ဆုံးလာရောက် သံတော်ဦးတင်ခြင်းဖြစ်ကြောင်းပါ"

"အေး- မောင်တော်လည်း ဒီမှာအတိတ်နိမိတ်ထူးတွေ တွေ့နေလို့ နတ်ဆရာချုပ်ကြီးကို ဆင့်ခေါ် ပြောပြမယ်ဆိုပြီး စိတ်ကူးနေတုန်း နှမတော် ရောက်လာတာပဲ၊ ဒီတော့ နှမတော် အနားယူရင်းစောင့်လိုက်၊ မောင်တော် နတ်ဆရာချုပ်ကြီးကို ခေါ်ခိုင်းလိုက်မယ်"

မင်းကြီးသည် အိပ်ဖန်စောင့်ရဲမက်များအား နတ်ဆရာချုပ်ကြီးထံ အခေါ်တော် လွှတ်လိုက်သည်။ ထို့နောက် ရံရွေတော်တစ်ဦး လာဆက်သော ရေခွက်၊ ရေအင်တုံနှင့် မျက်နှာသုတ်ပဝါတို့ကိုယူကာ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တော်သစ်ခြင်း၊ သွားတိုက်ခြင်းအမှုတို့ကို ပြု၏။ ထို့နောက် ရေအိမ်ဝင်၍ ကိုယ်လက်သန့်စင်သည်။ ဝတ်လဲတော်များ လဲလှယ်ဝတ်ဆင်ပြီးနောက် မိဖုရားကြီးကိုခေါ်၍ ဧည့်သည်ဆောင်သို့ ထွက်ခဲ့ကြသည်။

မင်းကြီးသည် နံနက်စောစောစာကို ဧည့်သည်ဆောင်မှာပင် ပြင်ဆင်ခိုင်းလိုက်သည်။ နတ်ဆရာချုပ်ကြီးကိုစောင့်ရင်း မိဖုရားကြီးနှင့် အတူ ပွဲတော်တည်ကြသည်။ ပွဲတော်တည်နေသည့်အချိန်တွင် မင်းကြီးသည် တမင်တကာပင် မိဖုရားကြီးနှင့် စကားမပြောဘဲနေသည်။ မိမိတွေ့ရသော အတိတ်နိမိတ်၊ မိဖုရားကြီးမက်သော အိပ်မက်တို့ကို ဆက်စပ်စဉ်းစားရင်း အဖြေထွက်သလိုလိုရှိလာသော်လည်း မင်းကြီးသည် နှုတ်ကိုစောင့်စည်းထား၏။ ဤကိစ္စမျိုးသည် လက်လွတ်စပယ် ပြောဆိုဆွေးနွေးရန် မသင့်ပေ။ ကျွမ်းကျင်သူတို့သာ နိမိတ်ကောက် နိမိတ်ဖတ်သင့်သောအရာဖြစ်၏။

မည်သည့်စကားမှမဆိုဘဲ ပွဲတော်တည်နေသောမင်းကြီးကို မိဖုရားကြီး နားလည်သည်။ အလိုက်သိစွာနှင့်ပင် ပွဲတော်တည်နေလိုက်သည်။ မင်းနှစ်ပါး ပွဲတော်တည်ပြီးချိန်တွင် နတ်ဆရာချုပ်ကြီး အခစားဝင်ရောက်လာ၏။

မုဆိုးဒူးထောက် အရိုအသေပေး နှုတ်ခွန်းဆက်သောနတ်ဆရာချုပ်ကြီးအား မင်းကြီးက နေရာထိုင်ခင်းများပေးပြီးနောက် မိမိကြုံတွေ့ခဲ့ရသော အတိတ်နိမိတ်ကို ဦးစွာ ပြောပြသည်။ ထို့နောက်မှ မိဖုရားကြီးမက်သော အိပ်မက်အား သူမဘာသာ ပြောပြစေသည်။ ဤအတိတ်နိမိတ်ထူး၊ အိပ်မက်ထူးတို့အား နိမိတ်ကောက်၊ နိမိတ်ဖတ်ဟောပြောပေးရန် မင်းကြီးက နတ်ဆရာချုပ်ကြီးကို အမိန့်တော်ချမှတ်လိုက်သည်။



နတ်ဆရာချုပ်ကြီးကလည်း ချက်ချင်းပင် ပြန်လည် သံတော်ဦးတင်လေသည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘိုးတော်ဘေးတော်တို့၏ ဓားလှံများ အသံမြည်အောင် ပြုတ်ကျခြင်းသည် စစ်မက်ထူပြောမည့် နိမိတ်ဖြစ်ပါသည်၊ အချိန်အခါနှင့်ပတ်သက်၍ကား ဗေဒင်ဆရာကြီးများနှင့် ညှိနှိုင်းတိုင်ပင်တွက်ချက်ပြီးမှ အကြောင်းပြန်ပေးပါမည်ဘုရား"

"ဟုတ်ပြီ အသင်သိင်္ဂါဒေဝ၊ မိဖုရားကြီးရဲ့အိပ်မက်ကရော"

"မှန်လှပါ၊ မဟာရာဇာမင်းဆက်၏ အသွေးအသားအဖြစ် ထူးခြားသောပါရမီရှင်သားယောကျ်ားလေးတစ်ဦး ဝင်စားရောက်ရှိလာခြင်းကို ဖော်ပြသောအိပ်မက်ဖြစ်ပါသည်ဘုရား၊ ထိုပါရမီရှင်သားယောကျ်ားလေးသည် စစ်မက်ရေးရာ၌ ကျွမ်းကျင်ပြီး မင်းဆက်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့်သဘော ရှိပါသည်ဘုရား"

မင်းကြီးနှင့် မိဖုရားကြီးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြ၏။ ဤဝင်စားရောက်ရှိမှုသည် လွန်ခဲ့သောတစ်လက မင်္ဂလာဆောင်ခဲ့သည့် သားတော်ဗန္ဓုရာဇာနှင့် ပတ်သက်နေလိမ့်မည်ဟု နှစ်ဦးစလုံး တွေးမိကြသည်။ မင်းကြီးသည် နတ်ဆရာချုပ်ကြီးအား ဆက်လက်မေးမြန်းလိုက်၏။

"ဟေမာသီရိမှာ ကိုယ်ဝန်ရှိတာများ ဖြစ်နေမလားဟဲ့"

"မှန်လှပါ၊ အဖြစ်နိုင်ဆုံးပါပဲဘုရား၊ သေချာအောင်တော့ စစ်ဆေးရဦးမှာပါ"

မိဖုရားကြီးသည် ထိုင်ရာမှထ၏။

"ဒါဆို နန်းတွင်းသမားတော်ကြီးကိုခေါ်၊ အခုပဲ သားတော်နဲ့ ချွေးမတော်ဆီ သွားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီး၏အမိန့်ကြောင့် နတ်ဆရာချုပ်ကြီးသည် မင်းကြီးအား မော်ဖူးလိုက်၏။ မင်းကြီးလည်း ခေါင်းညိတ်ပြလိုက်သောကြောင့် နတ်ဆရာချုပ်ကြီး ထရပ်ရရှာသည်။

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

ဤသို့ဖြင့် မင်းကြီး၊ မိဖုရားကြီး၊ နတ်ဆရာချုပ်ကြီးနှင့် နန်းတွင်းသမားတော်ကြီးတို့သည် အခြွေအရံများနှင့်အတူ မင်းသားလေး ဗန္ဓုရာဇာ၏စံနန်းဆောင်သို့ ရောက်သွားကြလေသည်။ စင်စစ် မင်းသားလေး ဗန္ဓုရာဇာသည် ဤနေ့ကိုပင် လက်ချိုးရေတွက် စောင့်စားနေခဲ့သူ ဖြစ်၏။ နံနက်စာပွဲတော်တည်ပြီး အေးအေးဆေးဆေးမှ နန်းတွင်းသမားတော်ကြီးကို သွားပင့်မည်ဟု စိတ်ကူးနေဆဲဖြစ်၏။ ယခုတော့ ပင့်စရာမလိုဘဲ သမားတော်ကြီး ရောက်လာလေပြီ။ ခမည်းတော်၊ မယ်တော်တို့ ဦးဆောင်လာခြင်းဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ ခမည်းတော်နှင့်မယ်တော်သည် မိမိတို့အပေါ် ဤမျှဂရုစိုက်ရှာပေသည်တကား။

ဟေမာသီရိအား သလွန်ပေါ် လဲလျောင်းစေကာ သမားတော်ကြီး သွေးစမ်းစစ်ဆေးနေစဉ် မင်းကြီး၊ မိဖုရားကြီး၊ ဗန္ဓုရာဇာနှင့် နတ်ဆရာချုပ်ကြီးတို့သည် အတွေးကိုယ်စီနှင့် ဝန်းရံစောင့်စားနေကြသည်။

မင်းကြီးသည် ကံကြမ္မာ၏ထူးဆန်းမှုများကို စဉ်းစားတွေးတောနေမိသည်။ မိမိနန်းတက်ချိန်မှစ၍ စစ်မက်မရှိခဲ့ချေ။ မိမိ၏ဘိုးတော် ဘေးတော်များ လက်ထက်မှစ၍ ဖခမည်းတော်၏ လက်ထက်တိုင်အောင် စစ်မက်များ ထူပြောခဲ့သည်ဆို၏။ နောက်ဆုံး ဖခမည်းတော်၏ လက်ထက်ရောက်မှ တစ်ဗိုလ်တစ်မင်း ထောင်ထားခြားနားနေမှုများကို အပြတ်နှိမ်ကာ တစ်စုတစ်စည်းတည်းသော မဟာသူရိယတိုင်းနိုင်ငံကြီးကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။



မိမိသည် ဖခမည်းတော်၏ ငြိမ်းချမ်းသာယာသော ထီးမွေနန်းမွေကို ဆက်ခံခဲ့ရ၏။ နောက်ဆုံးတွင် သားတော်များကို နယ်စားမင်းများခန့်ထားကာ အန်တုမည့်သူမရှိဘဲ နိုင်နင်းစွာအုပ်ချုပ်နိုင်ခဲ့၏။ ယခုမိမိအရွယ်တော် တစ်ဆိတ်ဟိုင်းကာမှ စစ်ရိပ်စစ်ငွေ့တို့ကိုရှုရှိုက်ရဦးမည်လော။ သို့တည်းမဟုတ် မိမိလက်ထက်မဟုတ်တော့ဘဲ မိမိနတ်ရွာစံခါမှ ကျရောက်လာမည့် စစ်အန္တရာယ်ပေလော။

မိဖုရားကြီးကမူ ဟေမာသီရိတွင် မိမိ၏မြေးကလေးကို လွယ်ထားပြီဆိုသည့် အဖြေကိုကြားချင်နေသည်။ မိမိကိုယ်တိုင်အိပ်မက်မက်ထားသည်မို့ ထူးခြားသည့်ကလေး အမှန်ဖြစ်ပေလိမ့်မည်။ မိဖုရားကြီးကဲ့သို့ပင် နတ်ဆရာချုပ်ကြီးကလည်း ပဋိသန္ဓေရှိနေပြီဟူသော အဖြေထွက်စေချင်သည်။ သို့မှသာ သူ့နိမိတ်အဟောအပေါ် မင်းနှစ်ပါးတို့ အထင်ကြီးလေးစားသွားပေလိမ့်မည်။

ဗန္ဓုရာဇာသည် ရင်ခုန်သံ အနည်းငယ်မြန်နေသည်။ သူ့အတွက်မူ မည်သည့်အဖြေပဲ ထွက်ထွက် အရေးမကြီးတော့။ ဟေမာသီရိမှ ဟေမာသီရိဟူသောစိတ်က ကြီးစိုးသွားပြီဖြစ်သောကြောင့် ဟေမာသီရိနှင့်ပတ်သက်သမျှ တာဝန်ယူရန်အသင့်ရှိသည်။ တစ်ခုတော့ရှိသည်။ ပဋိသန္ဓေမရှိသေးဟူသောအဖြေထွက်လျှင်ကား အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဖြစ်ပေသည်။ ငါ့ဟဲ့ယောကျ်ား၊ တစ်ကောင်ဖွားဟု လက်ခမောင်းထခတ်ပြီး အော်ဟစ်ကြွေးကြော်လိုက်မိမည် ထင်သည်။

ဟေမာသီရိလည်း ရင်ခုန်နေသည်သာ ဖြစ်၏။ သူမကတော့ ကိုယ်ဝန်ရှိနေပြီဟူသောအဖြေကို ကြားချင်သည်။ ဣဒ္ဒိပါဒကို မပိုင်ဆိုင်လိုက်ရသည့်တိုင် သူ့သွေးသူ့သားသူ့မျိုးဆက်ကလေးကို မွေးမြူစောင့်ရှောက်ပေးလိုသည်။ အကယ်၍များ ပဋိသန္ဓေမရှိပါဟူသည့် အဖြေထွက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



လျှင် သူမ အတော်ခံစားရမည်။ ဣဒ္ဒိပါဒ၏စကားတို့သည် လိမ်ညာလှည့်ဖြားခဲ့မှုများ ဖြစ်သွားလိမ့်မည်။ သူမ၏အနှောင့်အယှက်ပေးမှုကို ဥပါယ်တံမျဉ်ဖြင့် ရှောင်ရှားသွားခြင်းဖြစ်သည်ဟု ခံယူရတော့မည်။ ဤသို့ အလိမ်ခံရခြင်းသာဖြစ်ခဲ့ပါလျှင် မည်မျှနာကြည်းဖွယ်ရာ ကောင်းလိုက်ပါသနည်း။ သူမကို လွတ်အောင်ရှောင်သွားပြီးမှ လွတ်အောင်ရှောင်လာခဲ့သော ရလဒ်အဖြစ် တန်ခိုးဣဒ္ဒိပါဒ်များရခဲ့ပြီဟူ၍ 'ထူးဆန်းသောမျက်လှည့်' ပြကာ ကြွားဝါလိုက်သေးသည်။ ကွင်းပိုင်နတ်မှ တစ်ဆင့် အမည်နာမထုတ်ဖော်ဝင့်ဝါလိုက်သေးသည်။ ဤအတိုင်းဆိုပါက ဣဒ္ဒိပါဒသည် မိမိ၏ကမ္ဘာရန် ဖြစ်လိမ့်မည်။ သူ့ဘာသာ ဘာတန်ခိုးတွေရနေနေ မိမိက မှုလိမ့်မည်မဟုတ်။

နန်းတွင်းသမားတော်ကြီးသည် အားလုံးက မိမိထံမှ အဖြေကို ငံ့လင့်နေကြောင်း သိ၏။ သို့သော် သေချာအောင် စမ်းသပ်နေရ၏။ မှား၍ မဖြစ်။ ဘုရင့်သားတော်၏ကြင်ရာတော် ဖြစ်သည်။ တစ်ချက်လွဲသည်နှင့် အရှက်ကွဲကာ နန်းထဲက ထွက်ရပေလိမ့်မည်။

သမားတော်ကြီးသည် သွေးစမ်းနေသောလက်ကို ရုပ်လိုက်၏။ အားလုံးက သူ့မျက်နှာကို ကြည့်နေကြသည်။ သမားတော်ကြီးသည် ကျေနပ်စွာ ပြုံးလိုက်သည်။ မဟာရာဇာမင်းကြီးရှိရာသို့ ဖြည်းညင်းစွာ လှည့်လိုက်ကာ တည်ငြိမ်စွာ လက်အုပ်ချီလိုက်၏။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် အရှင်မင်းကြီး၌ မျိုးဆက်သစ် မြေးတော်ကလေးတစ်ပါး တိုးလာပါတော့မည်ဘုရား"

မင်းကြီးက ပြုံး၍ခေါင်းညိတ်သည်။ အားလုံး၏မျက်နှာများ ဝင်းပသွားသည်။ ဟေမာသီရိ၏မျက်နှာကား အဝင်းပဆုံးဖြစ်သည်။ သူမသည် ဣဒ္ဒိပါဒနှင့် ကမ္ဘာရန် ဖြစ်စရာမလိုတော့ပေ။



"သေချာတယ်နော် သမားတော်ကြီး၊ ယောကျ်ားလေး၊ မိန်းမလေး ခွဲလို့မရဘူးလား" မိဖုရားကြီးက ဝင်မေးသည်။

"အသေအချာလျှောက်တင်ရန် စောလွန်းနေပါသည်ဘုရား၊ သို့သော် အဖိုဓာတ်များနေသည်ကို စမ်းသပ်တွေ့ရှိရသောကြောင့် သားတော်လေးဖြစ်ဖို့ များနေပါသည်"

သမားတော်ကြီး၏အဖြေကြောင့် နတ်ဆရာချုပ်ကြီးသည် ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်သည်။ သူ၏နိမိတ်အဟောတို့ကို သမားတော်ကြီးက ထောက်ခံပြောဆိုရာ ရောက်နေ၍ဖြစ်၏။

မဟာရာဇာမင်းကြီးသည် ကျေနပ်အားရစွာထရပ်ကာ နတ်ဆရာချုပ်ကြီးအား အမိန့်ချမှတ်တော်မူလေသည်။

"အသင်သိဂ်ါဒေဝ၊ အခုဆိုရင် အကြောင်းအရာအားလုံး ရှင်းရှင်းလင်းလင်းဖြစ်သွားပေပြီ၊ ဤမင်းဆီမင်းသွေးကလေးငယ်နှင့် ပတ်သတ်၍ သင်သည် နန်းတွင်းဗေဒင်ဆရာကြီးများနှင့် ညှိနှိုင်းကာ ဖွားမြင်လာမည့်အချိန်ကို ကြိုတင်ခန့်မှန်းတွက်ချက်ထားရမည်"

BURMESE CLASSIC .com

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

ထို့နောက် မင်းကြီးသည် နန်းတွင်းသမားတော်ကြီးအား ချွေးမတော်ဟေမာသီရိကို စောင့်ရှောက်ရန် တာဝန်ပေးလိုက်၏။ မိဖုရားကြီးနှင့် ဗန္ဓုရာဇာတို့အားလည်း ဟေမာသီရိကို အလေးထားရန် မင်းကြီးက သတိပေးသည်။ ထို့နောက် မင်းနှစ်ပါးလုံးက ဟေမာသီရိအား ကျန်းမာရေးဂရုစိုက်ရန် မှာကြားကြပြီး ပြန်လည်ကြွချီတော်မူကြသည်။ မင်းနှစ်ပါးနှင့်အတူ နတ်ဆရာချုပ်ကြီးနှင့် သမားတော်ကြီးတို့ ပြန်လိုက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အိပ်ခန်းဆောင်ထဲတွင် မင်းသားလေးဗန္ဓုရာဇာနှင့် ကြင်ရာတော်ဟေမာသီရိတို့နှစ်ဦးသာ ကျန်ရစ်ခဲ့တော့သည်။ မင်းသားလေးက ဟေမာသီရိကို တွဲထူဖေးမ၍ ထိုင်ခိုင်းလိုက်သည်။ ဟေမာသီရိ၏ကိုယ်လုံးကလေးသည် ဗန္ဓုရာဇာ၏ရင်ခွင်ထဲ ရောက်နေ၏။

ဟေမာသီရိသည် ဗန္ဓုရာဇာ၏မျက်လုံးများကို စိုက်ကြည့်လိုက်၏။ သူ၏မျက်လုံးများမှနေ၍ သူ၏ရင်တွင်းမှ ခံစားချက်ကို လာရောက်ရှာဖွေနေခြင်းဖြစ်ကြောင်းသိထားသော ဗန္ဓုရာဇာသည် ဟေမာသီရိကို တည့်တည့်ပင် ပြန်ကြည့်လိုက်လေသည်။

BURMESE CLASSIC .com

"မောင်တော် ကျေနပ်ပါတယ်နော်"

ဟေမာသီရိက မပွင့်တပွင့် မေးလိုက်သည်။ ဗန္ဓုရာဇာက ခေါင်းညိတ်ပြလိုက်၏။ ဟေမာသီရိ ဆက်မေးပြန်သည်။

"မောင်တော် ဘာပြောစရာရှိသေးလဲဟင်"

ဗန္ဓုရာဇာက တိုးညင်းတည်ငြိမ်သောလေသံနှင့် ပြန်ပြောလိုက်၏။

"ထူးထူးထွေထွေတော့ ပြောစရာမရှိပါဘူး နှမတော်၊ ဒီနေ့မှ မောင်တော်တို့နှစ်ယောက် တကယ်မင်္ဂလာဆောင်ကြတဲ့နေ့ဆိုတာကိုပဲ"

ဗန္ဓုရာဇာ၏စကားမဆုံးမီ ဟေမာသီရိ၏လက်ဖဝါးလေးက သူ့ပါးစပ်ကို လာပိတ်သည်။ ဗန္ဓုရာဇာသည် ဟေမာသီရိ၏လက်ကလေးကို ဆွဲယူလိုက်ပြီး လက်ခုံကလေးကို ငုံ့နမ်းလိုက်လေသည်။

အောင်အေး(ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com